
www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၄၀၁၀၅၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၁၀၂၀၃၀၅၀၈ |


BURMESE CLASSIC .com


| | | |
|---|---|---|
| မျက်နှာဖုံးပန်းချီ | - | ဒဂုဏ် |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းနိုင် (မြ - ၀၁၉၀၀) |
| | | ၇၇/၁၈ ၃၁လမ်း ကျောက်တံတားမြို့နယ် |
| မျက်နှာဖုံးနှင့် | - | ဦးထွန်းလင်း (ဒီမိုနီအိုက်) |
| အတွင်းပုံနှိပ်သူ | | အမှတ်(၁၄၀)၊ (၄၅)လမ်း |
| | | ဗိုလ်တထောင်မြို့နယ် |
| အတွင်းဖလင် | - | ကိုဦးနှင်း ဦးဗျား |
| စာအုပ်ချုပ် | - | မြဝတီစာပေ |
| ထုတ်ဝေခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၁ခုနှစ် ဇန်နဝါရီလ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၈၀၀ ကျပ် |


www.burmeseclassic.com

www.burmeseclassic.com

'မစကြီးရေ'

'မစငယ်'

'မ မ ကြီး'

'မ မ ငယ်'

မျိုးကျော်ဇော် အသံလာရာဘက်ကို နားစွင့်မိသည်။ မိန်းကလေး တစ် ယောက်၏ တုန်ယင်နေသော မတိုးမကျယ်အသံ။ ထိတ်ဆိတ်နေသော ဤလိုဏ်ဂူထဲမှာအနည်းငယ်ဟိန်းနေသည်။ ဖြတ်သွားသောမီးကိုမျိုးကျော်ဇော် အမြန် တင်မိသည်။ ထိုအသံကြားရာဘက်သို့ သူ စမ်းစမ်း စမ်းစမ်းမြန်မြန်လျှောက် မိသည်။ မီးဖြတ်သွားသဖြင့် မှောင်မည်းနေသော လိုဏ်ဂူထဲမှာ သူမ၏ အသံက ကြောက်လန့်မှုကြောင့် အဖျားခတ် တုန်ယင်နေသည်။

'ဟေ့ မင်းဘယ်မှာလဲ'

' '

- - - - - - - - - - -

မျိုးကျော်ဇော်၏ မတိုးမကျယ်အသံကို တစ်ဖက်မှ ပြန်မေး၏။

'မကြောက်နဲ့ သီလာ၊ သူတို့ မီးဖက်ဖို့ ချိန်းထားမယ်'

' '

- - - - - - - - - - -

www.burmeseclassic.com

www.burmeseclassic.com



ခြေပြင်ရသော်လည်း ထိုမိန်းကလေးရှိမည့်နေရာကို မှန်းကာ အားပေးနေမိသည်။ သူတသာ အားပေးနေသော်လည်း တစ်ဖက်မှ ဘာတုံ့ပြန်သံမှ မလာ။

'ရှင် မီးမလာခင် မသွားသေးနဲ့ဦးနော်၊ ကျွန်မကြောက်လို့'

တော ထွက်လာပါပြီ၊ ဘယ့်နှယ် စကားပြောရမှာကိုများ အကြောက်ကြီး ကြောက်နေသေးသည်။

'ကျွန်မ ပြောတာ ကြားလား'

'အေး ကြားပါတယ်'

သူမတ မကြားဘူး (သို့) လူမရှိဘူးအထင်ဖြင့် မေးဟန်တူသည်။ အသံတ ခပ်တုန်တုန်၊ မိုးကျော်မော် ပြန်ထူးအပြီးမှာပင် လျှပ်စစ်မီးက ဖျတ်ခနဲ ထိန်သွားသည်။

မိုးကျော်မော် အသံရှိရာဘက်သို့ မှန်းဆကာ ဝင်ခဲ့သည်။

'ဝုန်း'

'အင့်'

'အမလေး'

ထောင့်ချိုးတစ်ခုမှာ လူတစ်ယောက်ဖြင့် တိုးမိသည်။

'Sorry ဗျာ၊ ဟာ'

သူနှင့် တိုက်မိသူမှာ သူနှင့်ရွယ်တူ ကောင်မလေး၊ ချောလိုက်တာ လွန်ရောဟု ပြောရမလောက်ကို ချောသည်။ အဲဒါက ကိစ္စမရှိ၊ မမြင်မကန်း နှင့်တိုက်မိပြီး သူမတ လန့်သွားသည်ထင်သည်။ ပျော့ခွေပြီး သတိလစ်ကာ ထိုင်ပြီး သူ့ပေါ် ပိကျလာသည်။

'ဟာ ဟေ့ဟေ့၊ ဒီမှာ ဟေ့'

ရင်ခွင်ထဲမှတစ်ဆင့် လဲပြိုကာ ကျလုလုခင် သူမတို့ သိုင်းဖက်ကာ မြေပြင်ပေါ် အသာလှဲချပြီး သူမ၏ မေးစေ့ကို ကိုင်လှုပ်ကာ ခေါ်ရသည်။ နူးညံ့သော သူမ၏ မေးစေ့ကို ကိုင်ရင်း မိုးကျော်မော် ရင်အခုန်ကြီး ခုန်နေသည်။ စောစောက ရင်ခွင်ထဲ အမှီလိုက် လဲကျတုန်းကလည်း ရင်က 'တဒုန်းဒုန်း' ခုန်နေခဲ့သေးသည်။

'ဟေ့ ဒီမှာ သတိရလား ဟေ့'



www.burmeseclassic.com

www.burmeseclassic.com



'အင်း'

သူမ၏ ကော့ညွတ်သော မျက်တောင်များက တဖြည်းဖြည်း ပွင့်အာလာသည်။ ထို့နောက် မျက်လုံးဖွင့်ဖွင့်ချင်း မိုးကျော်မော်ကို တွေ့တော့ ဆတ်ခနဲ ထထိုင်သည်။

'ခွပ်'

'အားလားလား'

သူမက ထအထိုင် မိုးကျော်မော်က ငုံ့ကြည့်နေချိန်မို့ နဖူးချင်း 'ခွပ်' ခနဲမြည်အောင် တိုက်မိသည်။ အရှိန်ဖြင့် အတိုက်ခံရသည်မို့ နာကျင်ရသူက မိုးကျော်မော်။ 'အားလားလား' ပင် အော်မိသည်အထိ။

'ရှင် ရှင် ဘယ်သူလဲ'

BURMESE CLASSIC

'ငါကမေးရမှာ မင်းဘယ်သူလဲ'

ကြောင်တောင်တောင်မေးနေသော သူမကို မိုးကျော်မှိုး ဘုပြန်တောသည်။ နဖူးကို ပွတ်ရင်း ထိုကောင်မလေးကို အနည်းငယ်စိတ်တိုမိသည်။ တော်တော် အူကြောင်ကြောင်နိုင်တဲ့ ကလေးမ။ သူတို့နှစ်ယောက်စလုံး ဂူအစွန်းရှိ ကြွေပြားခင်းသည့် အေးစက်စက် ကြမ်းပြင်မှ ထရပ်လိုက်ကြသည်။

'စောစောက မီးလာလိမ့်မယ်လို့ ပြောတာ ရှင်လား'

'အေး ဟုတ်တယ်'

နဖူးကို ပွတ်လျက်ဖြင့်ပင် သူမ၏အမေးကို မိုးကျော်မော် ဘုတောရင်း ခပ်ဆောင့်ဆောင့် ထူးလိုက်သည်။

'စောစောက ကြောက်ချေးပါနေတာ မင်းလေးကိုး'

စိတ်ထဲမှာလည်း သူတွေးမိသည်။ သူမကတော့ သူ့ကို မျက်မှောင်တုပ်ရင်း ကြည့်သည်။ သူမ မေးသမျှကို တောင်းတောင်း သူ မတုံ့ပြန်ဘဲထိုး၊ နဖူးကိုလည်း ပွတ်နေမိသည်။ ဒါကိုကြည့်ရင်း သူမ မျက်ခုံးကို တွန့်သည်။

'ရှင်ကလည်း မတော်တဆ တိုက်မိတာကို ဖြစ်နေလိုက်တာ'

'ဘာ'

'ယောကျ်ားမဟုတ်တာ ကျနေတာပဲ'

'အင်'

အခုကျတော့လည်း သတ္တိရှိစွာ စွာတေးလန်နေသာ သူမကို မိုးကျော်



www.burmeseclassic.com

www.burmeseclassic.com

## ● မြနှင့် မိုး ဇူ မိ

မော် အံ့အားတသင့်ဖြင့် ပြူးကြည့်မိသည်။ ကြည့်ပါဦး သူ့ကိုပြောနေလိုက်တာများ။ နှုတ်ခမ်းကြီးကို စူလို့။

"နားတာတို့တွေ"

"Sorry ပဲ"

ချက်ချင်းဆိုတော့ သူမက Sorry လို့ခပ်ဆောင့်ဆောင့် ပြန်ပြောသည်။ ထို့နောက် သူမ စောင်ကြည့်ကြောက်ကြည့် ကြည့်သည်။

"ဒီမှာ ရှင် ကျွန်မ အစ်မတွေကို တွေ့မိလိုက်သေးလား"

"ဒါ နွားမကျောင်းဘူး"

"ဘာရှင့်"

BURMESE CLASSIC .com

ချောင်းစရာကောင်းလေးလို့ မျိုးကျော်မော် ထမင်းဝင်ဘူပြောလိုက်သည်။ တကယ်တော့ သူမ၏ အစ်မဆိုတာတွေကိုလည်း သူ မမြင်ဖူးပေ။ ဖြူသူတဲ့ အခုမှ ဒီလိုထိုက်ထဲ ဝင်လာသည်မဟုတ်လား။ သူမကတော့ သူမ၏ အစ်မတို့ကို "နွား" ဖြင့် အနှိုင်းခံလိုက်ရသဖြင့် ဒေါသထွက်ကာ နှုတ်ခမ်းကို စိတိုက်သည်။ ခါတိုင်းလည်း တောက်လိုက်သေးသည်။

သူမက ဒေါသဖြင့်ပြောရင်း မျိုးကျော်မော်ကို နှင်းခနဲ မျက်စောင်းထိုးသည်။ ထို့နောက် စောင် ကြောက် ကြည့်ပြန်သည်။

"ဟို ကျွန်မလေး အစ်မတွေကို ချောင်တာနဲ့ သူတို့နဲ့ မလိုက်ဘဲ ဒီတက်ပါလဲမှာ ကျန်ခဲ့တာ။ အဲဒါ တွေ့တက်တွက်ဖြစ်နေတုန်း မီးဖြတ်သွားလို့ ထို ရှင် ထွက်တက်လာတယ် မဟုတ်လား"

အခုကျမှတော့လည်း သူ မတုတ်သကို မျက်စိသူငယ် နားသူငယ် လေးဖြင့် မျက်နှာချို သွေးနေသော သူမကို ကြည့်၍ မျိုးကျော်မော် "တတ်"ခနဲ ရယ်လိုက်မိသည်။

"ဘာရယ်တာလဲ"

သူမက နှုတ်ခမ်းစူရင်း ခပ်ဆောင့်ဆောင့်မေးသည်။

"ရယ်ချင်လို့ပါ။ ဒီလောက်လွယ်တဲ့ ဝက်ပါကို မတွက်တတ်ဘူး ဟုတ်လား။ ကလေးတွေတောင် တွက်တတ်တယ်။ ကာ ငါနောက်က လိုက်ခဲ့"

ရှေ့မှ ဦးဆောင်ကာ သွားသော မျိုးကျော်မော်ကို သူမက မျက်စောင်းထိုးရင်း နောက်မှ လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟိုမှာ ညီမလေး'

'ဟယ် မမကြီး'

မျက်နှာချင်းဆိုင်မှ လာသော မိန်းကလေးနှစ်ယောက် မျိုးကျော်မော်နောက်မှ သူမကို လက်ညှိုးထိုးရင်း အပြော၊ သူမက ဝမ်းသာအားရဖြင့် တမ်းတမ်းတတခေါ်သည်။

'နှင် ဘယ်မှာကျန်ခဲ့တာလဲ'

'အဟဲ'

'အေးပါ အဲဒီနောက်ချင်တဲ့ စိတ်က မပျောက်ဘူး၊ မီးပြတ်တော့ မမငယ်ရော မမကြီးရော လန့်သွားတာပဲ'

'နှင်နော် ငါဖေဖေ့ဆီ ဖုန်းဆက်ပြီးကို တိုင်ဦးမယ်'

'အာ မမကြီးကလဲ' ၇၂၇ -၂၈

မျိုးကျော်မော်ကိုဘေးမှာထားပြီး သူမတို့ကဆက်ရက်အုပ်လို ဆူညံစွာ တစ်ယောက်တစ်ပေါက် ပြောနေကြသည်။ တိုင်မည်ဟု ခြိမ်းခြောက်သော မမကြီးဆိုသူကို သူမက သိုင်းဖက်ရင်း ခပ်နွဲ့နွဲ့ဖြင့် 'အာ မမကြီးကလဲ' ဟု ဆိုသည်။

'ဝက်ပါထဲမှာ ပိတ်မိနေတုန်း၊ မီးပြတ်သွားတာ၊ တော်သေးတယ် အဖော်ရှိလို့'

သူမက မျိုးကျော်မော်ဘက် မေးငေါ့ရင်း သူမ၏ အစ်မနှစ်ယောက်ကို သံတော်ဦးတင်သည်။ မမကြီးဆိုသူရော မမငယ်ဆိုသူက သူ့ကို အထက်အောက် စူးစမ်းသလို ကြည့်သည်။

'လာ ဂူထဲ ဝင်မယ်'

မမငယ် ဆိုသူက သူမကို လက်ဆွဲကာ ရှေ့မှ ဝင်သွားသည်။ မမကြီးဆိုသူက သူမနောက်မှ ပခုံးလေးတွန့်လျက် လိုက်သွားသည်။ သဘောက ဘူစိမ်း ယောကျ်ားလေးနှင့် ဆက်ဆံတာကို မကြိုက်သည့် သဘော။

မျိုးကျော်မော် ပခုံးကို တွန့်လိုက်သည်။ ဘယ်လိုဟာတွေပါလိမ့်တော့။ သူမတို့က ဂူအတွင်းသို့ဝင်ရန် အောက်သို့ နိမ့်ဆင်းသွားသော ကြွေပြားခင်း လှေကားထစ်များအတိုင်း ဆင်းသွားကြသည်။

နောက်မှ သူ့ဘာသာသူ အေးအေးဆေးဆေး လိုက်ပါနေသော



www.burmeseclassic.com

www.burmeseclassic.com



မျိုးကျော်မော်အား သူမက တစ်ချက်တစ်ချက် လှမ်းလှမ်းကြည့်နေတာကို သူသိသည်။ သူကတော့ ဘုရားရုပ်ပွားတော်များကို သူ့ လက်အုပ်ချီရင်း ဝမ်းသာအံ့ဩ ဖူးမြော်ရင်း ကြည်နူးမိသည်။ အရင်ကတော့ ဤပင်းတယမှာ အဒေါ်ရှိသည်မို့ ကျောင်းပိတ်ရက်တိုင်း ရောက်တာ ဤရွှေဥမင် သဘာဝ လိုဏ်ဂူကို မကြာခဏ ရောက်သည်။ သို့သော် ရိုး၍မသွား။

ဤဂူကို သူ မျက်စိမှိတ်ပြီး သွားလာနိုင်သည်အထိ သူကျွမ်းကျင်သည်။ ဤဂူ၏ သမိုင်းကို ညအိပ်ရာဝင်တိုင်းလိုလိုပင် ငယ်သေးသော သူ့ကို အဒေါ် က ပြောပြနေကျမို့ သူ့အသည်းနှလုံးမှာပင် စွဲထင်လျက်။ အခုတော့ အဒေါ် ဖြစ်သူလည်း ဝန်ထမ်းမို့ 'မင်းခယောကျာ်း၊ ကမ်းနားသစ်ပင်' ဆိုသလို ရာထူးတိုးဖြင့် မဲခူးသို့ ပြောင်းသွားလေပြီ။

သူကတော့ မကြာခဏ ရောက်လာကာ ဤလိုဏ်ဂူအတွင်းမှဘုရားတို့ကို ဖူးမြော်နေကြ။ ဤအံ့မခန်းဂူကြီးအတွင်းမှ ဘုရားများစေတီများသည် ဖူးလို့ မဝနိုင်။

အရင်ခေါက်များကမူ အပေါင်းအဖော်များ ပါဝင်နေကျဖြစ်သော်လည်း အခု တစ်ခေါက်တော့ သူတစ်ယောက်တည်း။

'ဒီမှာ'

သူကျောက်စက်တိုင်ကြီးကို မော့ကြည့်နေတုန်း ဘေးမှ ခေါ်လာသော အသံကြောင့် လှည့်ကြည့်မိသည်။ ကင်မရာလေးကို ကိုင်ထားသော သူမ။

'ဟို ကျွန်မနဲ့ အစ်မနှစ်ယောက်လေ၊ ဒီတံတားလေးပေါ်မှာ ဓာတ်ပုံရိုက် ချင်လို့ အဲဒါ တစ်ပုံလောက် ရိုက်ပေးလို့ ရမလား'

'ရပါတယ်'

အသာတကြည်ပင် သူမ လှမ်းပေးသော ဒီဂျစ်တယ် ကင်မရာကို ယူရင်း သူဆိုသည်။ သူမ၏ အစ်မနှစ်ယောက်မှာမူ သူ့ကို သိပ်ခင်မင်ဟန် မပြ။

သူမတို့ ညီအစ်မ သုံးယောက်က တံတားပေါင်လေးမှာ တန်းစီကာ တစ်ယောက်ပခုံးကို တစ်ယောက်ကိုင်နေကြသည်။

ထိုပုံစံလေးကိုပဲ မျိုးကျော်မော် ရိုက်ပေးလိုက်သည်။

'ကျေးဇူးပဲနော်'



www.burmeseclassic.com

www.burmeseclassic.com



သူမထံမှ ဆည်းလည်းသံလေးထွက်လာသည်။ သူခေါင်းကိုအလိုလို ညိတ်ပြမိလျက်သား။

'ရပါတယ်'

'လာလေ ညီမလေးအထဲဆက်ဝင်ရအောင်'

သူမနှင့် စကားကောင်းနေတုန်းသူမ၏မမငယ်ဆိုသူက ပြောပြော ဆိုဆို ဆွဲခေါ်သွားသည်။

သူမတို့ နတ်သမီးရေကန်နှင့် ဂူအဆုံးရှိရာဘက်သို့ သွားချိန် သူနတ်သမီးရက်ကန်းစင်နှင့် ဆုတောင်းပြည့် စေတီရှိရာဘက်ကို လမ်းခွဲအတိုင်း ခွဲကာ တမင် ရှောင်ပေးလိုက်သည်။

နတ်သမီး ရက်ကန်းစင်ဘေးမှ ဆုတောင်းပြည့်စေတီရှေ့မှာ သူထိုင်သည်။ စိမ့်ခနဲ ကြက်သီးက ဖြန်းခနဲ ထသည်။ လူပင် တွန့်ခနဲ ဖြစ်သွားသည်။ သူ ဘေးဘီကို ကြည့်မိသည်။ ဘယ်သူမှ မရှိ။

'ဘာဖြစ်လို့ ကြက်သီးထပါလိမ့်' ဟု သူတွေးသည်။ အာရုံကို တည်ငြိမ် စွာ စုစည်းပြီး ဘုရားကို ရှိခိုးသည်။ ထို့နောက် ဆုတောင်းပြည့် စေတီတော် ဘက်မှ ထွက်လာကာ နိမ့်ဆင်းသွားသော လှေကားထစ်အချို့ကို အဆင်း၊ ဂူ လမ်းဆုံးဘက်မှ ပြန်လှည့်လာသော သူမတို့ ညီအစ်မသုံးယောက်ကို တွေ့လိုက် ရသည်။ မျက်နှာချင်းဆိုင်မိ၍ သူမက မပွင့်တပွင့် ပြုံးပြသည်။ အသိအမှတ်ပြု သည့် သဘော။ မျိုးကျော်မော်လည်း ပြန်လည် ပြုံးပြကာ သူမတို့ကို ရှောင်ရင်း ဂူအဆုံးဘက်ကို ထွက်လာခဲ့သည်။ အောင်မြေမှာ ခြေစုံရပ်ကာ မျက်စိစုံမှိတ်ရင်း ဆုကိုတောင်းသည်။ အောင်မြေက ဆုတောင်း ပြည့်သည်ဟု ယုံကြည်ကြသည် မဟုတ်ပါလား။

အုတ်ကန်လေးထောင့် အဖြစ် ပြန်လည်ပြုပြင်ထားသော နတ်သမီး ရေကန်ထဲမှ ရေများက ကြည်လင်နေသည်။ သူဂူအဆုံးဆိုသော ဆိုင်းဘုတ် ရှေ့မှ ရပ်ကြည့်ရင်း မြင်နေရသော ဂူလမ်းဆုံးဆိုသော စာတန်းလေးကို အဓိပ္ပာယ်မဲ့ ငေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၂

ကားဆီ မပြန်မီ ဂူဓာတ်လှေကား၏ စကြံမှ ပင်းတယမြို့လေးကို သူငေးကြည့်နေမိသည်။

လေးထောင့် မကျတကျ ပုန်းတလုတ်တန်က ပြာလဲ့လဲ့ဖြင့် လှုပနေသလို၊ နှစ်ဆက်တမ်းကြာပြီဖြစ်သော ညောင်ပင်တန်းကြီးက ညီညာစွာ လှုပနေသည်။

ဟိုတစ်စု သည်တစ်စု စေတီပုထိုးများတလည်း သပ္ပာယ်စွာ ကြည်ညို ဖွယ်ကောင်းလွန်းသည်။

တိုက်ခတ်နေသော လေနုအေး၏ လတ်ဆတ်မှုက ဘယ်အရာနှင့်မှ မလဲနိုင်အောင်ပင်။ သူ ဆင်းရန်ပြင်တော့ နောက်မှ ကျွက်စီစီ အသံကြားရာ လှည့်ကြည့်မိသည်။ သူမတို့ ညီအစ်မ အုပ်စု။

'ဒီမှာ ဓာတ်ပုံတစ်ပုံလောက် ရိုက်ပေးပါဦး။ ကျွန်မ အားတောင်နာလာပြီ၊ ရှင့်ကိုပဲ အပူကပ်နေရသလို ဖြစ်နေတယ်'

'ရပါတယ်'

သူမ လက်ထဲမှ ဒီဂျစ်တယ် ကင်မရာကို လှမ်းအယူ ထိတွေ့လိုက်ရသော နူးညံ့မှုက သူ့ရင်ကို ဝုန်းဒိုင်းကြ လှုပ်ခတ်သွားစေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပင်းတယကန်နှင့် မြို့ရှုခင်းများကို နောက်ခံထားကာ စကြံ၏ လက်ရန်းမှာပင် သူတို့ညီအစ်မ သုံးယောက် ရပ်လို့နေသည်။

ဓာတ်ပုံကို ဖျတ်ခနဲ ရိုက်ပြီး သူမ၏ လက်ထဲကိုပင် ကင်မရာ ပြန်ပေးလိုက်သည်။ သူမက လှိုက်လှဲစွာ ပြုံးပြသည်။

'ကျေးဇူးတင်တယ်နော်၊ ဒါနဲ့ ရှင်ရော ရိုက်ဦးမလား'

'မရိုက်တော့ပါဘူး၊ ကျေးဇူးပဲ'

သူမ၏ အစ်မနှစ်ယောက်ကတော့ ဓာတ်လှေကားဖြင့်ဆင်းရန် ခလုတ်ကို နှိပ်နေကြသည်။ သူမကိုလည်း လှမ်းကြည့်သည်။

'ညီမလေးရေ ဆင်းရအောင်'

မမငယ် ဆိုသူက မျိုးကျော်မော်ကို ခပ်တင်းတင်းကြည့်ရင်း သူမကို ခေါ်သည်၊ 'ဒုက္ခပဲ' ဟု သူ့စိတ်ထဲမှ ရေရွတ်မိသည်။ ဘယ့်နှယ် ဟာတွေပါလိမ့်၊ ဘလိုင်းကြီး လူကို လိုက်တင်းနေသည်။ ကိုယ်က တမင် သူတို့ကို လိုက်နှယ်၊ လိုက်ပတ်သက်နေတာလည်း မဟုတ်။ ဓာတ်လှေကား တံခါးက ပွင့်လာသည်။

'မဆင်းသေးဘူးလား'

ဓာတ်လှေကားထဲ လှမ်းဝင်ရင်းနှင့်ပင် အရိပ်အကဲ နားမလည်သော သူမက လောကွတ်ချော်နေသေးသည်။ သူခေါင်းကို ခါယမ်းပြလိုက်သည်။

'မင်း အစ်မတွေနဲ့ ဓာတ်လှေကား အတူတူစီးရင် ငါ့အသက်တစ်ဝက်လောက်တိုသွားလိမ့်မယ်' ဟု သူ့စိတ်မှ ခပ်ချဉ်ချဉ်ဖြင့် တွေးမိသည်။

သွားကြစမ်းပါစေ။ နောက်မှ ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်း ဆင်းတာကမှ အသက်ရှူချောင်ဦးမည်။ သို့မဟုတ်ပါက နားကပူ၊ ပါးကပူဖြင့် တစ်လှေထဲစီး တစ်ခရီးတည်း သွားနေရဦးမည်။ လူကို အထင်သေးဟန်ဖြင့် ကြည့်သော သူမ၏ အစ်မများ၏ အကြည့်လည်း ခံနေရဦးမည် မဟုတ်ပါလား။

သူမတို့ ဓာတ်လှေကားထဲမှထွက်ပြီး ကားပတ်ကင်ရှိရာဘက် လှမ်းနေတာကို သူအပေါ်စီးမှ မြင်နေရသည်။ သူမက အပေါ်ကို မော့ကြည့်ပြီး သူ့ကို လက်ပြသည်။ သူမ၏ အစ်မတွေကပါ လိုက်ကြည့်ရင်း သူမကို လက်ဆွဲခေါ်တာမြင်နေရသည်။

အဖြစ်သည်းနေသော သူမ၏ အစ်မနှစ်ယောက်ကို ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



သူရယ်ချင်နေမိသည်။ သူလည်း အောက်သို့ဆင်းရန် ဓာတ်လှေခါးခလုတ်ကို နှိပ်သည်။ မျိုးကျော်မော် တစ်ယောက် ဓာတ်လှေကားဖြင့် ဆင်းပြီး ကားပတ်တင်ရှိရာဘက်တို့ ခပ်မှန်မှန် လျှောက်လာခဲ့သည်။

သူမျက်စိတစ်ချက်ဝေ့ကာ အကြည့် သူမတို့ ညီအစ်မသုံးယောက်ကို ဆိုင်တစ်ဆိုင်မှာတွေ့သည်။ လက်ဖြင့် ထိုးရသော တက်တင်းဟုခေါ်သော ဇာအဆင် အင်္ကျီနှင့် တဘက် အရောင်မျိုးစုံကို သူမတို့ ဝယ်နေကြသည်။

သူ့တားရှိရာသို့အလာ သူ့ကားနှင့် မလွတ်တလွတ် ရပ်ထားသော Mark II ခဲရောင်လေး တစ်စီးကို အနည်းငယ် အကန့်လိုက် တွေ့လိုက်ရသည်။ ကားထဲမှာ ဘယ်သူမှ မရှိသလို ကားအနီးအနားမှာလည်း ဘယ်သူမှ မရှိ၊ 'တွတ်'ဟု စိတ်မရှည်စွာစုတ်သပ်ရင်း သူဘေးဘီကိုကြည့်သည်။ ကားပတ်တင်တောင်ဖြောင့်အောင် မထိုးတက်ဘဲနှင့် ဒီလို တောင်တက်မြွေလိမ်မြွေကောက်လမ်းတို ဘယ်လိုများ မောင်းတတ်လာပါလိမ့်ဟု သူတွေးမိသည်။ စိတ်တိုတိုရှိသည်နှင့် 'တော က်' ဆိုတာကို အကျယ်ကြီး ခေါက်လိုက်ရင်း ကားရှင်အလာကို စောင့်နေမိသည်။

တော်တော်နှင့် ပေါ်မလာ၊ အခုမှများ လိုဏ်ဂူထဲ ဝင်သွားကြလေသလားဟု သူတွေးသည်။ အတန်ကြာအောင် စောင့်နေသည်အထိ ခွေးတစ်ကောင် ကြောင်တစ်မြီးမှပင် ပေါ်မလာ။

'ဟယ် တိုလင်းဆောင် ဘယ်သွားပါလိမ့်'

ပြောရင်းဆိုရင်းလာနေသော နောက်မှအသံကြောင့် မျိုးကျော်မော် လှည့်ကြည့်မိသည်။ မမကြီးဆိုသူ၊ လက်ဘယ်ညာတွင် ပစ္စည်းတော်တော်များများကို ကိုင်ကာ ဘေးဘီကို လိုက်ရှာနေသည်။ သူ့ကိုမြင်သွားတော့ အထက်အောက်ကို မျက်စောင်းဖြင့် ကြည့်သွားသည်။

နေရင်း ထိုင်ရင်းရနေသော အကုသိုလ်ကြောင့် သူမကို ကျောခိုင်းကာ ရပ်နေမိသည်။ နောက်ထပ် ရောက်လာဟန်တူသော ညီအစ်မများဖြင့် စကားတို မရပ်မနား ပြောနေကြသည်။ ဘယ်လောက်ဈေးတင်ထားသဖြင့် ဘယ်လိုဆစ်လိုက်တာ ဘယ်လိုလျှော့ပေးလိုက်ကြောင်း စသည်။

'အမလေး ကိုလင်းဆောင်ရယ် စောင့်နေရတာကြာပြီ၊ ဘယ်သွားနေတာလဲ၊ ကားထားခဲ့ပြီးတော့ လူက တောင်အောက်ကို ခြေကျင်ဆင်းသွားပြီ



www.burmeseclassic.com

www.burmeseclassic.com



အောက်မေ့နေတာ'

'ဟို ဆိုင်မှာ အအေး သောက်နေတာလေ'

ရပ်ထားသော Mark II တားလေးက သူမတို့ တားဆိုတာကို သိလိုက်ရသည်။ ဒါဆို သူကားကို မလွတ်တလွတ်ရပ်ထားသဖြင့် သူထား ထွက်မရတာကို ထို 'ကိုလင်းဆောင်' ဆိုသော သူက သိသိကြီးနှင့် ထောင် ထိုင်ကြည့်နေခဲ့သည်ပေါ့။ ချာခနဲလှည့်ကာ အားလုံးတို့ သူ ဒေါသဖြင့်သိမ်း ကျုံးကာ ကြည့်ပစ်လိုက်သည်။

ကားတံခါးဖွင့်ကာ ဝင်ထိုင်နေသော ထိုလူဆီ ခြေထောက်က ထွန်း မှန်းမသိ လှမ်းကာရောက်သွားသည်။

'ဒီမှာ ဟေ့လူ ခင်ဗျား ကားဘယ်လို ရပ်ထားတာလဲဗျာ'

အားမလို အားမရ ဒေါသတစ်ဝက်ဖြင့် သူ ထို 'ကိုလင်းဆောင်' ဆို သူ၏ မျက်နှာ တည့်တည့်ကြည့်ရင်း ပြောလိုက်သည်။

ထိုသူက မျိုးကျော်မော်၏ ပရာဒို ( Para( ာ) ကျောတစ်မ်းရောင်ကို မထိမဲ့မြင်ဟန်ဖြင့် စီးကရက်အခဲလိုက် လည်လိမ်ကာ တစ်ချက်ကြည့်သည်။ ထို့နောက် လူကြမ်းစတိုင်ဖြင့် 'ဟက်'ခနဲ မရယ်ချင် ရယ်ချင်ရယ်သည်။ သူ တိုလည်း 'တောသား၊ ရွာသား' ဆိုသော ပုံစံဖြင့် ခပ်နှိမ်နှိမ် တစ်ချက် ကြည့်လိုက်သေးသည်။

'ဟာ . . . အလွတ်ကြီးပါ ညီလေးရ၊ မင်းကို ကြည့်ရတာ အခုမှ တားမောင်း တတ်တယ်နဲ့ တူတယ်'

'ခင်ဗျား'

ဘုရားရှေ့ ရောက်တာတောင် ဘုရားဝင်မဖူးတဲ့ ဒိဋ္ဌိ(သိ) တိုလင်း ဆောင်၏ ခနဲ့တဲ့တဲ့စကားကြောင့် မျိုးကျော်မော် 'ခင်ဗျား' ဟု ပြောရင်း ထတ် ညှိုးကိုထိုးမိသည်။ 'ဘုရားမှာ မကောင်းပါဘူးလေ'ဟု သူစိတ်ကို လျှော့ချကာ ထိုးထားသော လက်ညှိုးကို ဆတ်ခနဲဖယ်လိုက်သည်။

'ဟုတ်သားပဲ၊ နင့်ကားနဲ့ ငါတို့ကား အလွတ်ကြီး၊ ဘာမှ ထွင်မနေ နဲ့ ဒါမျိုးက ရှိုးနေပြီ'

မမကြီးဆိုသူက ငါးစိမ်းသည်လို အာခေါင်ခြစ်ကာ အော်ထည့်လာ သောအသံကြောင့် သူ မမကြီးကို စိုက်ကြည့်မိသည်။ သူမ ပြောသော 'ထွင်'



www.burmeseclassic.com

www.burmeseclassic.com



မနေနဲ့ဆိုတာသူညီမနဲ့ ဇာတ်လမ်းထွင်ချင်သော ပုံစံ။ 'ရိုး'ဆိုတာကို သံရှည်ဆွဲကာပြောသော သူမ၏ဟန်က ရုပ်ရှင်တွေထဲက သားနှင့် သဘောမတူနိုင်သော ခွေးမကို ဆက်ဆံသည့် ယောက္ခမ၏ဟန်မျိုး။

'ဟာ ဟုတ်တယ် မမကြီးရဲ့၊ ကိုလင်းဆောင် ရုပ်ထားတာက နည်းနည်း တန့်လန့်ကြီး ဖြစ်နေတယ်၊ လာကြည့်ကြည့်ပါလား'

'အငယ်မ မရှုပ်နဲ့ သွားမယ်လာ'

တားပေါ်သို့ နောက်ဆုံးမှ တက်မည့် သူမကို မမငယ်ဆိုသူက ဟန့်ရင်းတားပေါ် သို့ခေါ်သည်။ အမှန်တရားဘက်မှာ ရှိသော သူမကမျိုးကျော်မော်ကို အားနာဟန်ဖြင့် ကြည့်သည်။

သူ တားတံခါးလေးကို Control ဖြင့် ဖွင့်ကာ တံခါးကို ဝန်းခန်ဆောင့်ပိတ်ပြီး ထိုင်နေမိသည်။ ဒီလောက် ပြောဆို ဆက်ဆံကြည့်တာနဲ့ ထို ဒရိုင်ဘာယောင်ယောင် ဘာယောင်ယောင်၏ စိတ်ဓာတ်အဆင့်အတန်းကို သူ သိလိုက်သည်။

'ဝူး'

သူမတို့ Mark II ခဲရောင်လေးက လျှောခနဲ ထွက်သွားသည်။ စတီရာတိုင်ကို ကိုင်ရင်းသူ အတန်ကြာသည်အထိ စက်မနှိုးမိ။ ခေါင်းကို ငြိမ်အောင် ခေတ္တထိန်းသည်။

ထို့နောက် တားစက်ကို နှိုးကာ ညင်သာစွာ လိမ့်ထွက်လာခဲ့သည်။ မြွေလိမ်မြွေကောက် လမ်းလေးအတိုင်း ခပ်ဖြည်းဖြည်း မောင်းနှင်လာခဲ့သည်။ တောင်ခြေမှာလည်း ဈေးဆိုင်တန်းက အစီအရီ တောင်ပေါ်မှ ဆိုင်တန်းများကဲ့သို့ပင် ဒေသထွက် လက်ဖက်ခြောက်၊ လက်ဖက်စိုနှင့် လက်ထိုးတက်တင်း ဇာအင်္ကျီများ၊ တဘက်များနှင့် ကောက်ညင်းခွက်၊ အာလူးခြောက်၊ ပျားရည်၊ ဒေသထွက် ရာသီစာ သီးနှံများ ရောင်းချသည်။ ဈေးတန်း၏ အဆုံးမှ စကားတစ်မျှော်တစ်ခေါ် တွေ့ရသည်က ညောင်ပင်တန်းကြီး။ နှစ်ပေါင်းကြာမြင့်လှပြီ ဖြစ်သော ကြီးမားခံ့ညားသည့် ညောင်ပင်ကြီးများက အစီအရီ။ ဤညောင်ပင် အမျိုးအစားများမှာ ဤပင်းတယ ဒေသတွင်သာ များများစားစားတွေ့ရသည်။ ထိုညောင်ပင်မျိုးကို မွေတော် ကက္ကုဘုရားတွင်လည်း တစ်ချို့သူတွေ့ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



## သတ္တမမြောက်နှစ်သဦး

ညှောင်ပင်တန်းဆုံးသည်နှင့် သစ်သားအမိုးဖြင့် သေသေသပ်သပ် ခေတ်မီမီ သစ်လွင်နေသော Golden Cave Hotel (ရွှေဂူဟိုတယ်) အတွင်းသို့ ကားကို ကွေ့ဝင်လိုက်သည်။

'ဟင်'

ညီအစ်မ သုံးယောက် Mark II ကားခဲရောင်လေးကို တွေ့လိုက်ရသဖြင့် ပျော်ရွှင်ခြင်းတစ်ဝက်၊ စိတ်ပျက်ခြင်းတစ်ဝက်ဖြင့် သူမတို့ကားနှင့် အဝေးဆုံးနေရာကို ရွေးကာ ပတ်ကင် ထိုးလိုက်သည်။ ကားပေါ်မှ ဆင်းကာ ကားကို Control ဖြင့် Lock ချလိုက်ပြီး ဧည့်ကြို ကောင်တာသို့ တစ်လှမ်းချင်းလှမ်းသည်။

ဒရိုင်ဘာ ကိုလင်းဆောင်နှင့် မမကြီး မမငယ်တို့က သူတို့မြင်သည်နှင့် 'တိုက်ဆိုင်ရန်ကော' ဟူသော ပုံစံဖြင့် ပါးစပ်ဟကာ ငေးသည်။ သူတို့အားလုံး ဧည့်ကြိုခန်းရှိ ဆက်တီခုံမှာ ထိုင်ကြရင်း ရေနွေးကြမ်းကို သောက်နေကြခြင်း ဖြစ်သည်။ မျိုးကျော်မော် သူတို့ကို တစ်ချက်ဝေ့ကြည့်ရင်း ဧည့်ကြိုကောင်တာဆီ လှမ်းသည်။ ကျောပေးထားသော သူမ လှည့်ကြည့်တာကို ဖျတ်ခနဲ မြင်ဖြစ်အောင်မြင်လိုက်သော်လည်း သူ ဂရုစိုက်မနေနိုင်တော့။

'ကျေးဇူးပဲ'

ဧည့်ကြိုကောင်တာဆီသို့အလှမ်းမှာ ဗန်းလေးထဲ ထည့်ထားသော Cool Towar လေးကမ်းပေးသဖြင့် ယူကာ မျက်နှာကိုသုတ်ရင်း ထိုဝန်ထမ်းကို ကျေးဇူးစကား ဆိုလိုက်သည်။

အေးမြကာ သင်းပျံ့နေသော Cool Towar ဖြင့် မျက်နှာနှင့် လည်ပင်းတစ်ဝိုက်ကို သုတ်ပြီး ကောင်တာပေါ်မှ ဗန်းလေးထဲ သူ ပြန်ချထားလိုက်သည်။ ကောင်တာထဲရှိနေသော ဧည့်ကြိုဝန်ထမ်းက သူ့အား ပြုံးပြရင်း အခန်းသော့ကို ကမ်းပေးသည်။

မျိုးကျော်မော် ပြန်လည် ပြုံးပြရင်း သော့ကို လှမ်းယူကာ ဧည့်ကြိုခန်းထဲမှ လှည့်ထွက်ခဲ့သည်။ သူမကို ကြည့်ချင်သော်လည်း သူမ၏နောက်နားက လူတွေကို မမြင်ချင်သဖြင့် လုံးလုံးလှည့် မကြည့်ခဲ့။

Long Stay (ရက်ရှည်) တည်းမည့်သူ ဖြစ်သဖြင့် မကြာမကြာ



www.burmeseclassic.com

www.burmeseclassic.com



လာတည်းခိုလေ့ရှိသော မိန်းတော်မော်တို ဝန်ထမ်းတိုင်းလိုလို ရင်းနှီးပြီးသား ဖြစ်သည်။ သူလာတိုင်း အများဆုံး တည်းဖြစ်သော အခန်းက 'ပင်းတယ' ဟု အမည်ပေးထားသော အခန်း။ ဤဟိုတယ်၏ စတိုင်(လ်)တစ်မျိုးဟု ပြောရမည်လားမသိ။ အခန်းတို နံပါတ်ဖြင့် သတ်မှတ်မထားဘဲ ရှမ်းပြည်နယ်ရှိ ထင်ရှားသော မြို့အချို့၏ အမည်များဖြင့် အခန်းများကို အမည်ပေးထား သည်။

ဤအခန်းတို သူ ကြိုက်နှစ်သက်ခြင်းက အခြားကြောင့်တော့ မဟုတ်။ 'ပင်းတယ' ဟု အမည်ပေးထားသည်က တစ်ကြောင်း၊ ဤအခန်း၏ ဝရန်တာမှ လှမ်းကြည့်လိုက်လျှင် တောင်တန်းကြီးကို မြင်ရခြင်းကြောင့် တစ်ကြောင်းဖြစ်သည်။ တောင်တန်းကြီးတွင်ရှိသော ဒေသအခေါ် တောင်ဂူ၊ အလယ်ဂူ နှင့် မြောက်ဂူ၊ ဂူသုံးဂူစလုံးကို မြင်ရသလို အေးမြလတ်ဆတ်သော လေနုအေး တိုလည်း စိတ်ကြိုက် ရှူရှိုက်ခွင့်ရသော ဤ'ပင်းတယ'ခန်းကိုသာ သူအမြဲ တည်းခြင်း ဖြစ်သည်။

လေ့တားလေးအတိုင်း သူအခန်းရှိရာသို့ အတက် အပေါ်ထပ်မှ ဆင်း လာသော စုံတွဲက လက်ပြရင်း သူ့ကို နှုတ်ဆက်သည်။

'Hello'

'Hello'

သူလည်း လက်ပြန်မြှောက်ပြရင်း ပြန်လည်နှုတ်ဆက်လိုက်သည်။ 'ပင်းတယ' အခန်းတံခါးတို ဖွင့်ဝင်ကာ တံခါးကို ပြန်ပိတ်ကာ Lock ချလိုက်သည်။ TV ကိုဖွင့်ကာ Channel တစ်ခုကို ရွေးရင်း ခုတင်ပေါ်မှာ အိပ်လျက် ကြည့် နေမိသည်။

အတန်ကြာအောင် နားပြီးမှ ရေခဲသေတ္တာထဲမှ ရေသန့်တစ်ဘူး ယူကာ ဖွင့်ရင်း သူသောက်သည်။

ထို့နောက် ရေချိုးခန်းဝင်ကာ ရေနွေးဖြင့် အကြာကြီး ရေစိမ်ချိုးနေမိ သည်။ မည်မျှကြာသည်မသိ။ ထို့နောက် တဘက်ဖြင့် ကိုယ်ကိုပတ်ကာ ရေချိုး ခန်းထဲမှ ထွက်သည်။

'ဒေါက် ဒေါက် ဒေါက်'

အခန်းတံခါး အလောတကြီး ခေါက်သံကြောင့် သူ ကမန်းကတန်း



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပေးလိုက်သည်။

'ဟာ'

'အို'

သူမ၊ အဖုအထစ်တို့ဖြင့် ကျစ်လျစ်လှပသော သူ၏ရင်အုပ်ကို တစ်ချက်ကြည့်ရင်း ရှက်ရှက်ဖြင့် တစ်ဖက်သို့ လှည့်သည်၊

'Sorry အခန်းမှားလို့'

ပြောရင်းသူမ နောက်သို့ ပြန်လှည့်သည်၊ ရှက်သွေးဖြာသွားသော သူမ သူ့ကိုပင် နှုတ်မဆက်ခဲ့၊

သူလည်း ဘယ်လို မိန်းကလေးမျိုးရှေ့မှာမှ မနေခဲ့ဖူးသော အနေအထားကြောင့် ရှက်သွားမိသည်၊ ဤဟိုတယ်၏ ထုံးစံအတိုင်း အမျိုးသားသာ တည်းသော အခန်းကို အမျိုးသားဝန်ထမ်းကသာ Service ဝန်ဆောင်မှုပေးလေ့ရှိခြင်းကို သူသိသောကြောင့် သူတံခါးကို အလျင်စလို ဖွင့်ပေးလိုက်မိခြင်း ဖြစ်သည်၊ တံခါးကို ခပ်သွက်သွက် ပြန်ပိတ်လိုက်ရင်း ရှက်ရှက်ဖြင့် ထူပူသွားသော သူမျက်နှာကို သူ ပွတ်လိုက်မိသည်၊ ရေစိုနေသေးသော ဆံပင်တို့ကို သပ်တင်မိသည်၊

မှန်ရှေ့မှာ ရပ်ရင်းသူ့ကိုယ်သူ အထက်အောက် ကြည့်မိသည်၊ ထို့နောက် အဝတ်အစားကို လဲရင်း အခန်းအပြင်သို့ထွက်ခဲ့သည်၊

ဘေးအခန်းမှ ထွက်လာသော ကိုလင်းဆောင့်ကြောင့် စောစောတုန်းက သူမ အခန်းမှားခေါက်တာ ကိုလင်းဆောင် အခန်းနှင့် မှားတာမှန်း သူသိလိုက်သည်၊ ကိုလင်းဆောင် အခန်းအမည်က 'ပင်လောင်း' ဆိုတော့ အမှတ်တမဲ့ ကြည့်လျှင် ပင်းတယနှင့် မှားနိုင်သည်၊ အခန်းအမည်ကိုလည်း အင်္ဂလိပ်လို ရေးထားသည်ကိုး၊

ကိုလင်းဆောင်က သူ့ကို ငါးချပြုံး ပြုံးပြသည်၊ သူ တမင်ဝင် မခြင်းချင်ယောင်ဆောင်ကာ လှည့်ထွက်လိုက်သဖြင့် ၎င်းအနေနှင့် အောင့်သက်သက် ဖြစ်ကောင်း ဖြစ်သွားပေလိမ့်မည်၊ မတတ်နိုင်၊ မျိုးကျော်မော် ရာဇဝင်မှာ မဆက်ဆံချင်သော သူ့ကို အောင့်အည်းသည်းခံ၍ ဆက်ဆံခဲ့ဖူးခြင်း မှတ်တမ်း မရှိခဲ့၊

ကော်ရစ်ဒါအတိုင်း လျှောက်အလာ မျက်နှာချင်းဆိုင်မှ တံခါးဖွင့်ရင်း

www.burmeseclassic.com



ထွက်လာသော သူမ၊ မျိုးကျော်မော်ကိုတွေ့သည်နှင့် ရှက်ရှက်ဖြင့် ခေါင်းငုံ့သည်။

'အငယ်မ ငါ့ကိုကျတော့ တံခါးခေါက်ပြီး အမြန်လုပ်တဲ့၊ နင့်အစ်မတွေ မပြီးသေးဘူး မဟုတ်လား'

'ဟုတ်တယ် ဖြည်းဖြည်းပေါ့'

သူ့နောက်မှ ကိုလင်းဆောင်က သူ့ကိုကျော်ကာ သူမကို ခပ်ဆတ်ဆတ်မေးသည်။ ဒါကို သူမကလည်း ခပ်ဆတ်ဆတ်ပင် ပြန်ဖြေလိုက်ရင်း ဘုတောသည်။

မျိုးကျော်မော်က လှေကားထစ်လေးအတိုင်း ဆင်းလာခဲ့သည်။ ထို့နောက် သရက်ပင် အရိပ်အောက်မှာ အစီအရီချထားသော ပက်လက်ကုလားထိုင်တွင် ဝင်ထိုင်နေမိသည်။

ကိုလင်းဆောင် ရေချိုးခန်းထဲဝင်သွားတာကို သူတွေ့လိုက်ရသည်။ နောက်မှ ခြေသံကြားသောကြောင့် သူလှည့်အကြည့် မရဲတရဲ သူ့ဆီ ဦးတည်ရင်းလာနေသော သူမကို တွေ့သည်။

'ထိုင်လေ'

သူ အလိုက်တသိပင် ဘေးမှ ပက်လက် ကုလားထိုင်ကို ညွှန်ပြလိုက်သည်။

'ဟိုလေ ဇူထဲမှာ ဖြစ်ပျက်ခဲ့သမျှရော၊ ကားပတ်ကင်မှာ ဖြစ်ခဲ့သမျှပါ 'သက်ဖူးနော်' တို့ဘက်က မှားတာပါ၊ အဲဒီအတွက် တောင်းပန်ချင်လို့ပါ'

'ဟာ မဟုတ်တာဗျာ၊ ရပါတယ်'

သူ ဖျာဖျာသလဲပင် ဆိုမိသည်။ 'သက်ဖူးနော်' တဲ့။ ပင်းတယ သမိုင်းထဲက မင်းသမီးလေး 'ဒွေးမယ်နော်' ခေါ် 'ရှင်မိယာ'ပဲ ဖြစ်လိုက်ပါတော့ဟု သူစိတ်ထဲမှာ တွေးဖြစ်သည်။

'မမငယ်နဲ့ မမကြီးက အဲဒီလိုပဲ နည်းနည်း စိတ်ဆတ်တယ်'

'ဪ'

နှုတ်မှ 'ဪ' ဟု မျိုးကျော်မော် အလိုက်တသင့် ပြောလိုက်သော်လည်းစိတ်ထဲမှာတော့ 'နည်းနည်းစိတ်ဆတ်တာ မဟုတ်ဘူး။ အများကြီးစိတ်ဆတ်တာ' ဟု ပြောဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟို ဒီမှာပဲ Diner စားမှာလား'

'ဟုတ်တယ်'

'ဟုတ်တယ်' ဟု ပြန်ပြောပြီးလိုက်ချိန်မှာ သူမထံမှ အမျိုးအမည်မသိ သင်းပျံ့သော ရေမွှေးနံ့လေးက မျိုးကျော်မော်၏ နှာခေါင်းဝမှာလာရောက်ကျီစယ်သည်။

'အငယ်မ'

နောက်ဘက်ဆီမှ ခပ်စူးစူး ခေါ်သံ(ဝါ) အော်သံကြောင့် သူရောသူမ ပါ ဆတ်ခနဲ နောက်သို့ ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။ မျက်လုံးမှာငရဲမီး ထွန်းညှိထားသလို ဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် မမကြီးနှင့် မမငယ်တို့က ခါးထောက်ကာ ကြည့်နေကြသည်။ သူမက ဆတ်ခနဲ ထရပ်သည်။

'လာစမ်း'

မမငယ် ဆိုသူက ခါးအထောက်လိုက်ဖြင့် သူမကို ခွေးကလေးကြောင် ကလေးခေါ်သလို ခေါ်သည်။

သူမက ခေါင်းခပ်ငိုက်ငိုက်ဖြင့် သူမ၏ အစ်မများရှိရာဘက်သို့ ခပ်တွန့်တွန့်ဖြင့် သွားသည်။ မမကြီးဆိုသူက သူ့ကို မျက်စောင်းထိုးရင်း သူမတို့ဆွဲ လိမ်နေတာကို မျိုးကျော်မော် တွေ့လိုက်ရသည်။

'ကျွတ်'

စိတ်ပျက်ခြင်း တစ်ဝက်၊ ရယ်ချင်ခြင်းတစ်ဝက်ဖြင့် သူ စုတ်သပ်မိသည်။

'တော်တော် ဟုတ်တာပဲ' ဟု စိတ်မှ ခပ်ချဉ်ချဉ်တွေးဖြစ်သည်။ ဒီလိုအထာမျိုးက အမ်းဒိတ်ဖြစ်လွန်းသည်ဟု သူထင်သည်။ တကယ်ဆို သူ့အနေအထား ဝတ်စားထား၊ စီးသော Parado 'ပရာဒို' ကို ကြည့်သည်နှင့် သူ့အဆင့်အတန်းကို မခန့်မှန်းမိကြသေးဘူးတဲ့လား။ သူတို့ညီမတ လမ်းဘေးမှ သာမန်လူနှင့် စကားပြောနေသလိုမျိုး ဆက်ဆံချင်ကြသည်။ တောင်ကြီးမြို့မှ စိန်ချယ်ရီ စိန်ဆိုင်ကြီး၊ စိန်ချယ်ရီ ဟိုတယ်နှင့် အခြားလုပ်ငန်းကြီးများ ပိုင်ဆိုင်သော မြို့မျက်နှာဖုံး၏ တစ်ဦးတည်းသော သားဖြစ်သူ သူ့လိုလူကို မတွေ့သလို မတန်သလို လုပ်နေပုံကို သူ့အမေသာ သိလျှင် ရင်ဘတ်ပင် ညည်းတီးတော



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထပေလိမ့်မည်။ နူးညံ့သော သူမနှင့် ကြမ်းတမ်းလှသော သူမ၏ အစ်မတို့ကို သူ့အနေနှင့် ဘယ်လိုမှ ဆက်စပ်ကြည့်၍ မရ။ ဟု ကိုလင်းဆောင်ဆိုသော သူဆိုလျှင် ပို၍ ဆက်ဆံရ ဆိုးသေးသည်။

မျက်လုံးမှိတ်တာ သူ့အရာရာကို ဖျောက်ကြည့်သည်၊ သူမ၏ တန်လေးတ မျက်ဝန်းထဲမှာ စွဲထင်နေသည်။ သူ့အနေနှင့် သူမကို မြင်စတတည်းက အလိုလိုနေရင်း ခင်မင်ရင်းနှီးနေမိသည်။

'သတ်ဗူးနေ့ဘ်'

သူမ၏ အမည်တ သူ့ရင်ဘတ်မှာ ဆေးမင်လာထိုးထားသလို စွဲထင်နေသည်၊ သူမအကြောင်းတိုသာ အပြန်ပြန်အလှန်လှန် စဉ်းစားမိနေသော သူ့ကိုယ်သူ အံ့ဩနေမိသည်။ သူမအကြောင်းတွေးမိလိုက်တိုင်း ဂူထဲမှာ သူမ ခေတ္တ မေ့မြောသွားစဉ်က ပွေ့ဖက်မိသော အထိအတွေ့ကို သူ အမှတ်ရသည်။ ရင်ခုန်သံမြန်တာ အာခေါင်တွေ ခြောက်လာသော သူ့ကိုယ်သူ တော်တော်ကြီးကို အံ့အားသင့်နေမိသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

# ၃

Dining Room သို့ အလာ Door Girl က တံခါးကို ဆွဲဖွင့်ပေးရင်း 'မင်္ဂလာပါရှင်' ဟု နှုတ်ခွန်းဆက်သည်။ ဒေသခံ ခနုတိုင်းရင်းသား၏ လေသံ ခပ်ဝဲဝဲ ဖြင့် ချိုမြသော သူမတို့၏ အပြုံးကို ပြန်လည်တုံ့ပြန် ပြုံးရင်း Waiter ခေါ် ရာနေရာတစ်သို့ သူလိုက်သည်။

PINDAYA ဟု အင်္ဂလိပ်လိုရေးထားသော ကတ်၊ ဖိုင်ဘာထာတ် တင်ထားသော စားပွဲဆီကို သူရောက်သွားသည်။

'အစ်ကို တစ်ခုခု သောက်ဦးမလား'

စားပွဲခုံတွင် ထိုင်ပြီးသည်နှင့် စားပွဲထိုးက သူ့ကိုမေးသည်။ ကိုယ်တို ယို့လျက် မေးနေသော စားပွဲထိုးကို 'မသောက်တော့ဘူး ညီလေး' ဟု သူဖြေ လိုက်သည်။

'ဒါဆို ထမင်းယူလာလိုက်တော့မယ်နော်'

'အေး'

သူ့အနေနှင့်၌ Diner အတွက် ကြိုတင်မှာထားပြီးသားဖြစ်သည်။ ၇ နာရီအတိမှာ စားသောက်မည့်အကြောင်းနှင့် ဟင်းလျာတို့ကို သူပြောပြ ထားသဖြင့် အားလုံးက အဆင်သင့်ဖြစ်နေသည်။ မှာထားသော ဟင်းလျာများ


www.burmeseclassic.com

www.burmeseclassic.com



နှင့် ထမင်းရောက်လာသည်။ စားပွဲထိုးက ဘေးခပ်လှမ်းလှမ်းမှာ ရပ်လျက် လိုအပ်သမျှ ဆောင်ရွက်ပေးရန် ရှိနေသည်။

'မင်္ဂလာပါရှင်'

Dining Room တံခါးပွင့်သွားတာကို သူမြင်လိုက်သည်။ သူမတို့ ညီအစ်မများနှင့် ကိုလင်းဆောင်ဝင်လာသည်။

'မင်္ဂလာပါခင်ဗျာ'

စားပွဲထိုးတစ်ယောက်က သူတို့ကို နှုတ်ဆက်ရင်း စားပွဲရှည်တစ်ခုကို တိုယ်တိုယ်ရှိရင်း ညွှန်ပြသည်။ ဝင်လာကတည်းက ခုံမှာထိုင်ကြသည်အထိ သူဆီ အားလုံးက အာရုံစိုက်နေကြမှန်း မျိုးကျော်မော် သိသည်။ သို့သော် သူတို့ကိုလည်း ပြန်မကြည့်၊ ကိုယ့်ဘာသာကိုယ် ဟန်မပျက် ဆက်စားနေလိုက်သည်။

သူတို့လည်း ကြိုတင် မှာထားကြသည် ထင်သည်။ သူတို့အား ဝန်ဆောင်မှုပေးသော စားပွဲထိုးက ဟင်းလျာများနှင့် ထမင်းများ ယူဆောင်ပေးနေသည်ကို သူမကြည့်သော်လည်း မြင်နေရသည်။

သူ ခပ်သွက်သွက်ပင်စားကာ အပြီးသတ်လိုက်ရင်း Bill ရှင်းရန် စားပွဲ ထိုးကို ခေါ်လိုက်သည်။

'ညီလေးရေ ရှင်းမယ်ကွာ'

'ဪ ဟုတ်ကဲ့ အစ်ကို ခဏလေးနော်'

စားပွဲထိုးက ထို Dining Room (ထမင်းစားခန်း)မှ ကောင်တာတွင်ဘောက်ချာကို သွားယူကာ ထိုဘောင်ချာကို ယွန်းဗန်းလေးထဲ ထည့်ကာ ယူလာ ပေးသည်။

ကျသင့်ငွေကို ရှင်းပေးလိုက်ပြီး ထိုစားပွဲထိုးကို Tip အဖြစ် တစ်ထောင်တန်တစ်ရွက်ကို သူပေးလိုက်သည်။

'ကျေးဇူးပဲ အစ်ကို'

ကျေးဇူးစကားကိုဆိုသော ထိုစားပွဲထိုးကို ပြန်လည်ခေါင်းညိတ်ပြရင်း ခြေလှမ်းခပ်မှန်မှန်ဖြင့် သူမတို့ ဝိုင်းဘေးမှဖြတ်ကာ တံခါးမဆီ သွားသည်။

'မင်္ဂလာညချမ်းပါရှင်'

ထိုထမင်းစားခန်းမှအထွက်ကို Door Girl နှစ်ယောက်က နှုတ်ဆက်သည်။ သူပြုံးပြကာ ပြန်လည် ခေါင်းညိတ်ပြရပြန်သည်။ ဤဟိုတယ်၏ နိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



ထက်ကာ အဆင့်မီ ဝန်ဆောင်မှုများကြောင့် သူစိတ်ကြည်လင်နေမိသည်။ ညြ
ကြိုခန်းရှေ့မှဖြတ်အလျှောက် ဧည့်ကြိုမယ်လေးတစ်ဦးက သူတို့ ကိုယ်ညွှတ်
ရင်း နှုတ်ဆက်သည်။

'အစ်ကို Morning Call လိုပါသလားရှင်'

သူ့အနေနှင့် အအိပ်မကြီးသူမို့ မနက်နှိုးပေးရန် မလိုပါ။

'မလိုဘူး ညီမလေး ကျေးဇူးပဲ'

'အစ်ကို နံနက်စာကို ဘယ်အချိန် ဘယ်လိုသုံးဆောင်ချင်ပါသလဲ
ရှင်'

'အင်း တို့ဟူးနွေးပဲ လုပ်ပေးပါ'

'ဟုတ်ကဲ့ ကျေးဇူးပဲနော်'

ဧည့်ကြိုမယ်လေးကို ပြန်လည်ပြုံးပြရင်း ခေါင်းညိတ်ပြလိုက်သည်။
ပင်း တယ တို့ဟူးနွေးကို သူကြိုက်သည်။ ဤမြို့ တို့ဟူးနွေးက အခြားမြို့မှ
တို့ဟူးနွေး များလို ခေါက်ဆွဲမရော၊ တို့ဟူးနွေး အနှစ်မှာ ခပ်ပျစ်ပျစ်ဖြစ်သည်မို့
ဝိုဆိမ့်ကာ ပိုမိုအရသာရှိသည်။ ထို့ကြောင့် ပင်းတယ ရောက်တိုင်း တခုပ်တရ
သူမှာစား လေ့ရှိသော အစားအစာ တစ်ခုဖြစ်၏။

အခန်းထဲ ပြန်ရောက်တော့ ပျင်းသလိုလို ရှိသည်မို့ channel တစ်ခု
ကိုကြည့်ရင်း စိတ်ထွက်ပေါက်ရှာသည်။

TV ကိုကြည့်ပေမယ့် သူစိတ်က သူမအကြောင်းကိုသာ တွေးဖြစ်နေ
သည်။ TV ကို ပိတ်လိုက်ရင်း အိပ်ရာပေါ်မှာ ခေါင်းအုံးကို ဖက်ကာ သူမတို့
သူ ပြင်းပြင်းထန်ထန် သတိရနေသည်။

တကယ်ဆို ဒီနေ့မှ စတွေ့သော သူမကို သူ့အနေနှင့် ဒီလောက်ထိ
ရင်းရင်းနှီးနှီး ဖြစ်နေမိစရာ အကြောင်းမရှိ။

ဧည့်ကြိုကောင်တာမှာ သူစုံစမ်းကြည့်တုန်းက 'သူတို့လည်း ရက်ရှည်
တည်းမှာပဲ၊ ဘယ်နှရက်လဲတော့ အတိအကျ မသိရသေးဘူး' ဟု ပြန်ဖြေ
သော ဧည့်ကြိုမယ်ကလေး၏ ခနွဲ့သံဝဲဝဲလေးကို သူ ပြန်ကြားယောင်သည်။
ပင်းတယသည် မနုတိုင်းရင်းသားအများဆုံး နေထိုင်သော မြို့တစ်မြို့ဖြစ်ပြီး
ပင်လယ်ရေမျက်နှာပြင်အမြင့် ၃၈၈၀ ပေတွင် တည်ရှိသဖြင့် အေးမြသော
ရာသီဥတု ရှိသည်။ မြို့၏တည်ပုံက မကြီးမသေး လေးထောင့်ပုံစံပြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မြို့လယ်ကောင်မှာ ရေကန်ကြီးရှိသဖြင့် အလွန်ပနံရလှသည်။ နှစ်သက်တမ်း ရှည်ကြာပြီဖြစ်သော ညောင်ပင်များကလည်း ဟိုတစ်တန်း သည်တစ်တန်း သပ်သပ်ရပ်ရပ် စီစီညီညီရှိသဖြင့် မြို့၏အလှကား အလှပေါ်အယဉ်ဆင့် သည့်အတိုင်း။ အခုလို ချယ်ရီပွင့်ချိန်မှာဆို ပင်းတယတောင်တန်းမှာ ပန်း ရောင်နှင့် အစိမ်းရောင် ခြယ်ထားသော သဘာဝ ဝန်းချီကားတစ်ချပ်နှယ် သတ်ဝင်ပြီး လှပသည်။

ဒီဒေသမှ ဓနုတိုင်းရင်းသားတို့ ပြောသောစကားကို တော်တန်ရုံ နားစိုက်လို့ နားမလည်နိုင်၊ ဖြည်းဖြည်းရှင်းရှင်း ဆိုစေမှသာ နားလည်နိုင်၏။ ဓနုတိုင်းရင်းသားမှာ ရှမ်းအနွယ်ဝင် ဖြစ်သည်ဟု သိရပြီး အသားအရေ အထူးလှပကြသည်။

ထိုတဲ့သို့သော အလှအပများသော တိုင်းရင်းသားများကြားမှာ ထင် ပေါ် နိုင်လွန်းသော ညှို့သည်ဖြစ်သူ သူမ၏ အလှအပကလည်း မခေ။ နေရင်း ထိုင်ရင်း ဒီဘူတာပဲဆိုတ် ဆိုသလို ဘာပဲတွေးတွေး သတိရနေမိပြန်သည်။

သူမ

သတ်ဖူးနော်

ဆည်းလည်းသံ

ဆံနွယ်ရှည်

တိုယ်သင်းရနံ့

မျိုးကျော်မော် ခေါင်းအုံးကိုသာခပ်တင်းတင်း ဖက်ထားနေမိသည်။ သေချာတာကတော့ သူ့ရင်က သာမန်ထက် ပိုခုန်နေတာပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

# ၄

ညက တော်တော်နှင့် အိပ်မပျော်သဖြင့် 6:30 မှ နိုးသည်။ မျက်နှာသစ် သွားတိုက်ပြီး၊ ရေချိုးကောင်းကောင်းနှင့် ရေကို စိမ်ချိုးနေမိသည်။

မိုးလင်းချိန် မျက်လုံးနှစ်လုံး ဖွင့်လိုက်သည်နှင့် သူမ၏ ပုံရိပ်တကြီးစိုးနေသည်။ နံနက်စာ (Breakfast) စားရန် စားသောက်ခန်းမ Dining Hall ကို သွားတော့ 7:30 ပင်ရှိနေလေပြီ။ စားသောက်ခန်းမှာ တြိုရောက်နှင့်နေသော သူမနှင့် သူမ၏ အစ်မနှစ်ယောက်၊ ကိုလင်းဆောင်ကိုပါ သူမြင်လိုက်ရသည်။

'ရှာင်ကို မင်္ဂလာဆောင်သွားဖို့ အမိကနဲ့ ဒီခရီးကို လာတာမှ နင်တာတောက်ကာငင်ကာနဲ့ သွေးပေါင်ကျနေတယ်၊ ကိုယ့်အခန်းမှာပဲ တိုယ်နေနော်၊ ဘယ်သူနဲ့မှလည်း မဆက်ဆံနဲ့'

မမကြီးဆိုသူ၏ စောင်းပြောသော စကားကြောင့် စားလက်စ ပေါင်မုန့်ေးတင်၏ ချိုတိုတိုမွှေးတေးတေး အရသာမှာ ခါးခါးကြီး ဖြစ်သွားသည်၊ မျိုးတော့်မောင် စိတ်ညစ်နေရာမှ ပျော်သလိုလို ဖြစ်သွားသည်။ ရှာင် မင်္ဂလာဆောင်ဟု ကြားလိုက်ရသည်ကိုး။ ဘာပဲပြောပြော ရှာင်ကို ပင်းတယတ လာသွားအပြန် ခရီးနှင့် ဟိုမှာ မင်္ဂလာဆောင်နေမည့် အချိန်တို့ကို တွက်ကြည့်လိုက်လျှင်

www.burmeseclassic.com



ညနေစောင်းမှ သူမတို့ ပြန်လာနိုင်မှာပဲ ဖြစ်သည်။

'တဲ့ အငယ်မ ငါတို့သွားပြီ၊ စိတ်ချမယ်နော်'

ကိုလင်းဆောင်ဆိုသော ငနဲက 'သက်ဖူးနော်' ကို မှာရင်းသူ့ကို လှည့်ကြည့် ကြည့်သည်။ 'ငပေါ'ဟု စိတ်ထဲမှနေ ပျစ်ပျစ်နှစ်နှစ် ဆဲပစ်လိုက်သည်။

'ပေါ်ရဲလှချည်လား' ဟုလည်း စိတ်ထဲကနေ လှမ်းပြောဖြစ်သည်။ မမ ကြီး မေငယ်နှင့် ကိုလင်းဆောင်တို့ကို သူမ လိုက်ပို့နေတာကို သူသိနေသည်။ သူမတို့၏ Mark II ခဲရောင်လေး 'ဝူး' ခနဲ ထွက်သွားသံကိုလည်း သူကြားသည်။

'မင်္ဂလာပါရှင်'

Door Girl များ၏ နှုတ်ဆက်သံကြောင့် ဝင်လာသူကို အမှတ်မထင် မျိုးတော့်မော် လှမ်းကြည့်ဖြစ်သည်။ သူမ သက်ဖူးနော်။ မဝံ့မရဲ ခြေလှမ်းများဖြင့် သူရှိရာ စားပွဲတို ဦးတည်၍ လျှောက်လာနေတာကို တွေ့ရသည်။

'ထိုင်မယ်နော်'

'ကြော် ထိုင်ပါ စားပါဦး'

'တို စားပြီးပါပြီ'

သူမ တစ်ခုခုကို ပြောချင်နေဟန်တူသည်။

'ဘာ တူညီရမလဲ'

'တို. .'

'ရပါတယ် ပြောပါ၊ အားမနာပါနဲ့'

'ဟို ရှင်အားလား'

'ခင်ဗျာ'

'ဟိုလေ ဒီနေ့ ရှင်ဘယ်သွားစရာ ရှိလဲ'

'အင်း မရှိပါဘူး'

'ဒါဆို ကျွန်မကို ဂူလိုက်ပို့ပေးနိုင်မလား၊ သွေးပေါင်ကျနေတော့ ခြေကျင်မတက်နိုင်ဘူး၊ နောက်ထပ်လည်း အရမ်းသွားချင်နေတယ်လေ အဲဒါ'

'ဟာ ရပါတယ်၊ ကျွန်တော်လည်း ဒီနေ့ ထပ်သွားဖို့ အစီအစဉ် ရှိပြီးသား ပါ၊ အဖော်ရတာပေါ့၊ ဘယ်တော့လောက် သွားချင်လဲ၊ အဆင်ပြေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အချိန်ပေါ့'

'ဟို ဇွန်ရီခဲ့လောက်'

'ရပါတယ်၊ ကျွန်တော် စောင့်နေပါ့မယ်'

'ကျေးဇူးပဲ'

'ရပါတယ်'၊

'ကျေးဇူးပဲ'ဟုဆိုရင်း သူမက ထရပ်သည်။ သွားတော့မယ်ဆိုတာ သိနေ သောကြောင့် သူ့ရင်ဘတ်ထဲမှာ ဟာတာတာကြီး ဖြစ်လို့နေသည်။ 'နေပါဦး လား' လို့လည်း တားမြစ်ရလောက်အောင် မရင်းနှီးကြသေး။

သူမ။ သူ့ကို ကျောခိုင်းရင်း စားသောက်ခန်းမထဲမှ ညင်သာစွာ တစ်လှမ်းချင်း လှမ်းထွက်သွားသည်။ Door Girl နှစ်ယောက်က တံခါးမတို့ ဆွဲဖွင့်ပေးရင်း ကိုယ်ကို ယို့ကာ ပြုံးပြနှုတ်ဆက်နေတာကို လှမ်းမြင်နေရသည်။ လှမ်းမြင်ဆို သူ့အကြည့်က သူမထံ ထက်ကြပ်မခွာ ပါသွားသည်ကိုး။

ရင်ဘတ်ထဲမှာတော့ ပျော်ရွှင်မှုက သိသိသာသာကြီးကို 'ဝုန်းဒိုင်း' ကြ နေသည်။

ဘုရားဖူး။

ကိုယ်ရင်ခုန်ရသော ကောင်မလေးတစ်ယောက်နှင့်အတူ သွားရမည့် ဘုရားဖူးဆိုသော ခရီးစဉ်ကို အိပ်မက်တောင် သူ မက်ဖူးခဲ့တာ မဟုတ်။

အခုတော့ လက်တွေ့သွားရမည်။ နှစ်ယောက်ထဲ။

ရင်ဘတ်က အလိုက်မသိလား၊ အလိုက်တသိလား မသိ၊ တဒိတ်ဒိတ် ဆောင့်ဆောင့် ခုန်သည်။

ခုန်ပါစေပေါ့။ သူက ဒီလိုရင့်ခုန်တာကိုပဲ ကြည်နူး၍ နေသည်တိုး။ သူ လေချွန်မိသည် ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ၅

9:15 ကတည်းက သူ ညှော်ကြိုရှိ ဧည့်ခန်းမှာ ထိုင်စောင့်နေမိသည်။ ညှော်ကြိုတောင်မလေးတစ်ယောက်က သူ့ကို ရေနွေးတစ်ခွက် ငှဲ့ပေးသည်။

'သောက်ပါဦး အစ်ကို'

'ကျေးဇူးပဲ'

မွှေးပျံ့သော လက်ဖက်ခြောက်နံ့က မျိုးကျော်မော်၏ နှာဝကို လာရောက် ကျီစယ်သည်။ ဝေစင်ငုံသောက်အချ ရင်မှာနွေးခနဲ။ ဧည့်ခန်းမှ ကိန္နရီကိန္နရာ ယွန်းပန်းချီလေးကို ငေးကြည့်နေမိသည်။ တိတ်ဆိတ်လှသည်မို့ အခန်းတွင်းဝယ် နာရီသံ တချက်ချက်သာ ကြားနေရသည်။

'စောင့်နေတာ ကြာပြီလား'

ချိုမြသော ဆည်းလည်းသံကြောင့်နောက်လှည့်မကြည့်ဘဲ သူမဆိုတာ သိလိုက်သည်။ ဆတ်ခနဲ သူ ထရပ်သည်။

'မကြာသေးပါဘူး'

သူမက နာရီလေးကို ငုံ့ကာကြည့်သည်။ သူမအငုံ့မှာ ဆံနွယ်ချို့က အိခနဲ ရှေ့သို့ကျသည်။ ဆံနွယ်များဆီမှ ရနံ့သင်းသင်း ရှိနေသလားဟု သူရင်ခုန်စွာတွေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'သွားကြမလား'

'ရတယ်လေ'

ပြောရင်းသူမနှင့် ယှဉ်လျက် သူ အခန်းအပြင်ထဲ ထွက်သည်။

'ရေနွေးခွက် မထားခဲ့တော့ဘူးလား'

'ဪ ဟုတ်သားပဲ'

သူမက ရေနွေးခွက်ကို ကိုင်ရင်း အပြင်ထွက်သော သူ့ကို ခပ်ပြုံးပြုံး ဖြင့် ဆိုတော့မှ သူ ရှက်ရှက်ဖြင့် ရေနွေးခွက်ကို ပြေးထားရသည်။

နီရဲသွားသော မျိုးကျော်မော်၏ ရှက်မျက်နှာနှင့် အူကြောင်ကြောင် ဟန်ကို ကြည့်ကာ ညှပ်ကြိုကောင်မလေးများက 'ဟက်' ခနဲ ရယ်ကြသည်။ အခန်းထဲမှထွက်ကာ သူ့ကားဆီ ခပ်သွက်သွက်လျှောက်သည်။

သူ့ကားတံခါး Lock ကို Control ဖြင့် လှမ်းဖွင့်လိုက်သည်။ သူမက တံခါးကို အသာဖွင့်ကာ ဝင်ထိုင်သည်။ မျိုးကျော်မော်လည်း တံခါးကို ဆွဲဖွင့် ကာ ဝင်ထိုင်သည်။ ကားစက်ကို နှိုးကာ ဖြည်းညင်းစွာ လှိမ့်ထွက်လိုက်သည်။

'ဟို ဆေးခန်းကို ဘယ်အချိန်က သွားလိုက်တာလဲ'

'ရှင်'

'ဪ သွေးပေါင်ကျတယ်လို့ ကြားလိုက်လို့ပါ'

ကားကို မောင်းလိုက်ရင်း ဘက်ကို ဦးတည်ရင်း သူဆိုသည်။ သတ်ဖူး နှော်က ခေါင်းကို အသာငုံ့သည်။

'ဟို သက်ဖူးနှော်' တို့ဆီမှာ သွေးပေါင်ချိန်တိုင်းတဲ့ ဒီဂျစ်တယ် စက်လေးပါတယ်၊ မနက်နိုးတော့ ခေါင်းနည်းနည်းမူးနေတာနဲ့ တိုင်းကြည့်လိုက် တာ၊ အဲဒီတော့မှ သွေးပေါင်ကျနေမှန်း သိလိုက်တာ'

'အားဆေး သွားမထိုးဘူးလား'

'ကျွန်မက ဆေးခန်းတို့ ဆေးရုံတို့ အရမ်းကြောက်တာ၊ ဆေးထိုးမှာ သေမလောက်ကြောက်တယ်၊ ကြောက်ကြောက်နဲ့ အားဆေးတော့ စားထား တယ်'

ပြောရင်း သူမက ရှက်သံဝဲဝဲဖြင့် 'ဟက်'ခနဲရယ်သည်။ ဘာရယ်မှန်း မသိတော့ မျိုးကျော်မော်ပါ ရောရှ ရယ်ဖြစ်သည်။

'ဟုတ်တယ်နော်၊ တချို့က ဆေးရုံဆို တော်တော်ကြောက်ကြတာ'

www.burmeseclassic.com



'ရှင်တော မကြောက်ဘူးလား'

'ဟဲ ဟဲ ကြောက်တယ်'

သူရော သူမပါ လှိုက်လှိုက်လှဲလှဲ ရယ်မိကြသည်။ မကြာသော ကာလမှာ ရင်းနှီးပေမယ့် နှစ်ပေါင်းများစွာက ခင်မင်ခဲ့သလိုမျိုး သူတို့စိတ်မှာ ရှိနေကြသည်။

'တွန်မတို့ သက်ဖူးလို့ပဲ ရင်းရင်းနှီးနှီးခေါ်ပေါ့'

သူမတ ပြုံးရင်းဆိုသည်။ သူမ၏ အပြုံးမှာ သူခဏကြာ မှင်တက်မိ သလို ဖြစ်သွားသည်။

'ဒါနဲ့ ရှင့်နာမည် ဘယ်လိုခေါ်လဲ'

'မျိုးကျော်မော်ပါ'

'ဪ ဒါဆို ကိုမျိုးကျော်ပေါ့'

'ရပါတယ် အဆင်ပြေသလိုပေါ့'

သူမ၏အပြောကို သူက လိုက်လိုက်လျောလျောဆိုသည်။ စိတ်ထဲ မှာတော့ 'ကို'တစ်လုံးလောက်လည်း ဖြစ်ပါတယ်' ဟု ဆိုမိသည်။

'ကိုမျိုးကျော်က ဘယ်ကလဲ'

'တောင်ကြီးကပါ'

'ဪ သက်ဖူးတို့က လွိုင်ကော်ကလေ'

'ဟုတ်လား၊ လွိုင်ကော်ဆို တော်တော်ဝေးတာပေါ့၊ လာရတာ တော် တော်လေး ပင်ပန်းမှာပဲ'

'ပင်ပန်းတာပေါ့၊ တကယ်တော့ ရွာငက ဖေဖေ့မိတ်ဆွေရဲ့ သမီး မင်္ဂလာဆောင်ကို လာရင်းနဲ့ 'ပင်းတယ'ပါ ဘုရားဖူးမယ်ဆိုပြီး ကြိုလာကြ တာ၊ မင်္ဂလာဆောင်က မသွားမဖြစ်ဆိုတော့ ဖေဖေတို့ကလည်း လုံးဝမအားတာ နဲ့ 'သက်ဖူး'တို့ကို လွှတ်လိုက်တာ'

'ဪ'

သူနည်းနည်း လိပ်ပတ်တော့ လည်လာသည်။

'ကို လင်းဆောင်က သက်ဖူးတို့ အစ်ကိုပဲလား'

အစ်ကို မဖြစ်နိုင်မှန်းသိသိကြီးနှင့် မျိုးကျော်မော်က မေးလိုက်သည်။ သက်ဖူးနော်က ခေါင်းကို အသာခါသည်၊ ထို့နောက် လေအေးနှင့်မှာ ဖွာခန်



www.burmeseclassic.com

www.burmeseclassic.com



လွင့်သော ဆံပင်တို့ကို သပ်သည်။

'ဖေဖေ့ လူယုံဆိုပါတော့၊ ဖေဖေက အရှမ်းအရေးပေးတော့ သိပ်တူလည်းကျတာ၊ လူကြားသူကြားဆို အရှမ်း ခရာကျယ်တာ၊ လူတို့ ဆူလာခေါ်တ်လားနဲ့'

မျိုးကျော်မော်ပြုံးဖြစ်သည်။ ကိုလင်းဆောင် အကြောင်းပြောနေချိန်မှာ သူမက နှုတ်ခမ်းလေး စူထားတာကိုက ချစ်စရာ။

'ဒါနဲ့ ကိုမျိုးကျော်က. ဒီ ပင်းတယကို အရှမ်း အတွမ်းတဝင်ရှိနေသလိုပဲ'

'ဟုတ်တယ် ကျွန်တော် ငယ်ငယ်လေးကတည်းက အဒေါ်ရှိတော့ ဝင်းတယကို ခဏခဏရောက်တယ်။ အခုအဒေါ် ပဲခူးကို ပြောင်းသွားတော့ လည်းပဲ မကြာခဏ ရောက်တာပါပဲ၊ ဘာရယ်မဟုတ်ဘူး၊ နည်းနည်းလေး စိတ်ရှုပ်ရင်ပဲဖြစ်ဖြစ်၊ စိတ်ပျော်ရင်ပဲ ဖြစ်ဖြစ် ဒီကို အရှမ်းလာချင်နေတာ'

'ဟုတ်တယ်နော်၊ သက်ဖူးလည်း ပင်းတယကို တစ်ခါမှသာမရောက်ဖူးတာ၊ အရှမ်းရှင်းနှီးနေတာ၊ ဒီမြို့မှာ ဒဏ္ဍာရီပုံပြင်လေးရှိတယ်နော်'

'ရှိတယ်၊ ကြားဖူးတယ်မဟုတ်လား'

'အင်း အတိအကျတော့ မဟုတ်ဘူး၊ တစ်စွန်းတစ်စပေါ့၊ ကိုမျိုးကျော် သိရင် ပြောပြပါလား'

'ပုံပြင်ကြိုက်တယ် ဆိုပါတော့'

'အဟဲ ဟုတ်တယ် ငယ်ငယ်လေးကတည်းက အိပ်ရာဝင်ရင် မေမေတာ အမြဲ ပြောပြရတယ်၊ ပုံမပြောပြတဲ့နေ့ဆို သက်ဖူးက လှိမ့်လှိမ့်ပြီး ငိုတော့တာပဲ'

သက်ဖူးရောသူပါ ရယ်မိကြသည်။ ကိုယ်လည်း တစ်သက်လုံး ညစဉ်ခုံ ပြင်ပြောပြချင်ပါတယ်ဟု စိတ်ထဲမှ မျိုးကျော်မော် ပြောဖြစ်သည်။

'ဒီကာ အပြန် ဟိုတယ် ပြန်ရောက်ရင် ပြောပြမယ်လေ'

'တကယ်နော်'

ကလေးတစ်ယောက်လို လက်ညှိုးလေးထောင်ကာ ဆိုသော သူ့တို ခေါင်းညိတ်ကာ ပြလိုက်သည်။ ကားလေးမှာ မြွေလိမ်မြွေကောက်လမ်းလေး အတိုင်းဖြင့် ကားပတ်ကင်ထိုးသော နေရာသို့ ရောက်ရှိလာသည်။ သူတား



www.burmeseclassic.com

www.burmeseclassic.com



ဝတ်တင်တို့ သေသပ်စွာ ထိုးလိုက်သည်။

'ကိုယ်သိသလောက် ပြောရရင် ပင်းတယရဲ့ ပင်လယ်ရေမျက်နှာပြင် အထက် ရှိတဲ့ပေက ၃၈၈၀ ပေ၊ အဲ မီတာနဲ့တွက်ရင်တော့ ၁၁၈၃ မီတာရှိတယ်၊ ဒီဝူရဲ့ ပင်လယ်ရေမျက်နှာပြင် အထက်ရှိတဲ့ပေ ၄၉၇၀' ၊ မီတာနဲ့ဆို ၁၅၁၅ မီတာ ရှိတယ်၊ ဒါကြောင့်လည်း ဒီလိုအေးမြတဲ့ ရာသီဥတု ရှိနေတာပေါ့'

'တုတ်ထယ်နော်၊ ဒီမြို့က ရာသီဥတုလေးကို သက်ဖူးတော့ အရမ်းကြိုက်တာပဲ'

ပြောရင်းဆိုရင်းဖြင့် မုခ်ဝကို ရောက်လာသည်။ သူရော သူမပါ ဖိနပ်ချွတ်ကြသည်။ ဓာတ်လှေကားဖြင့် တက်ရန် ဓာတ်လှေကားဆီ လျှောက်ကြသည်။ ဓာတ်လှေကားအနီးရှိ ဖိနပ်ထားရန် သေတ္တာမှာ ဖိနပ်ထားကြသည်။ ဓာတ်လှေကားမှာ သုံးဘက်မြင် မြင်ကွင်းကျယ် ဓာတ်လှေကားဖြစ်ပြီး အပေါ်သို့ရောက်လျှင် ဝူပေါက်ဝဆီသို့ ဓာတ်လှေကားမှ သွားသော စင်္ကြံ ရှိသည်။ ၎င်းမှ ပင်းတယတစ်မြို့လုံးနီးပါးကို ကောင်းစွာ မြင်နေရသည်။

'မနေ့က ဒီနေရာလေးမှာ ဓာတ်ပုံရိုက်တာနော်'

'အင်း'

သူမတော ပင်းတယမြို့ရှုခင်းကို အပေါ်မှ စီးကြည့်ရင်း 'အင်း' ဟု တစ် လုံးထဲဖြေသည်။ သူမ အတန်ကြာသည်အထိ ရပ်နေရာမှဝင် (ရှုခင်းတို့ကို ရှုမငြီးဟန်ဖြင့်) လုံးဝ မခွာ။

မျိုးကျော်မော် အလိုက်သိစွာဖြင့် ငြိမ်သက်စွာ ဘေးမှာရပ်လျက် အေးမြ လတ်ဆတ်သော လေက သူမထံမှ မွှေးထုံသော ရနံ့တို့ကို ယူဆောင် ပေးသည်။

'ဂူအကြောင်းရော သိလား'

ရုတ်တရက် သူမက လှည့်အမေး၊ သူမ အားပေးနေသော မျိုးကျော်မော် ၏ အကြည့်နှင့်ဆုံကာ သူ ရှက်ကိုးရှက်ကန်း အကြည့်လွှဲသလို သူမကလည်း ခေါင်းကို အတွင်ငုံ့သည်။

'ဂူအကြောင်း သိလားလို့'

သူမက ရှက်ရှက်ဖြင့် လှည့်မကြည့်တော့ဘဲ ခေါင်းကိုငုံ့ကာ ကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လို ထပ်မေးသည်။ မျိုးကျော်မော် စိတ်ထဲမှာ ထိုပုံစံသောကျိုးစိတ်ယားတာ ပန်းကို စုံကိုင်ကာ ဆွဲခါကြည့်ချင်နေမိသည်။

'အင်း နည်းနည်းပါးပါးတော့ သိတယ်'

'ဒါဆို ရှင်းပြ'

'ရပါတယ်၊ ငိုက်အတွက် ဘယ်လောက် ပေးမှာလဲ'

'အဟဲ အရည်အချင်းအလိုက်ပေါ့၊ ဘယ်လောက် လိုချင်လို့လဲ'

'ထောင့်ငါးရာ' ဟု သူ့စိတ်မှ ဖြေဖြစ်သည်။ သို့သော် ထိုစကားလုံးအားလုံးကို သူမျိုချလိုက်သည်။

'လိုချင်သလောက်တောင်းရမလား'

'ပေးနိုင်သလောက်တောင်းပေါ့'

သူမက လက်နှစ်ဖက်ကို နောက်ပစ်ရင်း ရှက်ဝဲဝဲဖြင့် ဆိုသည်။ ဝူအဝင်ဝမှ လေ့ကားထစ်တို့အတိုင်း တက်လာကြသည်။

'အခုဖူးရတဲ့ စေတီက ရွှေဥမင် စေတီပေါ့'

'ဪ'

'တချို့ဒေသခံတွေရဲ့ အဆိုအရ ဒီစေတီကို အသောက မင်းကြီးက တည်ထားခဲ့ပြီး၊ အလောင်းစည်သူမင်းက ပြုပြင်ခဲ့တယ်လို့ သိရတယ်။ ရွှေသက်န်းကစ်လို့ ရတယ်လေ'

'တိုက်ပြီ ငိုက်အတွက် ရွှေဆိုင်း ဝယ်ပေးမယ်၊ မငြင်းရဘူး'

သူမက ရွှေဆိုင်း ၁၀ ချပ်ဝယ်တာ သောကြာထောင့်မှာ တပ်လှူသည်။ မျိုးကျော်မော်ကလည်း ကြာသပတေးထောင့်မှာ ရွှေဆိုင်း ၁၀ချပ်ကို တပ်လှူပူဇော်သည်။

ထို့နောက် ဂူတွင်းကို ဝင်ကြသည်။

'ဒီကနေ ဂူထဲအထိ ပေပေါင်း ၄၉၀အရှည် ရှိတယ်'

သူမက များပြားလှသော ဂူအတွင်းရှိ နေရာမလပ် ပြည့်နေသော ရွှေ ရောင်တဝင်းဝင်းနှင့် ဗုဒ္ဓ ရုပ်ပွားတော်မြတ်တို့ကို လက်အုပ်လေးချီလျှက် မျိုး ကျော်မော် ပြောသမျှကို နားထောင်သည်။

'ဒီတောင်တန်းမှာ ဂူကြီးသုံးဂူရှိတယ်၊ ဒီဂူကတော့ အစိတ ဂူကြီးပေါ့ နတ်သမီး ခုနစ်ဖော်တို့ အိပ်စက်တော့ ဒီဂူမှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ခြော်'

'ဝူထဲမှာရှိတဲ့ ရုပ်ပွားတော် အားလုံးရဲ့ ထူးခြားတဲ့ တူညီချက်တစ်ခု ကတော့ ရုပ်ပွားတော် အားလုံးဟာ မျက်လွှာချထားပြီး နှုတ်ခမ်းတော်က ပြုံးတော့မယောင် အနေအထား ဖြစ်နေတယ်၊ ဈာန်ဝင်စားနေတဲ့ သဘောထင်တယ်'

'တုတ်တယ်နော်၊ ကိုမျိုးကျော် ပြောပြမှပဲ သတိထားမိတော့တယ်၊ မနေ့ ကတော့ ဒီအတိုင်းလေးပဲ လက်အုပ်ချီပြီး ဖူးသွားလိုက်တာ ဘာမှ မသိလိုက်ဘူး'

သုမတ အံ့အားတသင့်ဖြင့် သူ့ကို ကျေးဇူးတင်စွာကြည့်ရင်း ဆိုသည်။

'ဒီဝူထဲမှာရှိတဲ့ ရုပ်ပွားတော်ပေါင်းက ၈၀၉၄ ဆူရှိတယ်။ အခုတော့ ဘုံဆိုလ်ရှင် တချို့ ယာလှူထားတာနဲ့ဆိုတော့ ၈၀၉၄ ဆူမကတော့ဘူးပေါ့'

'ဟား သိလှချည်လား၊ ဒီလောက် လေ့လာထားပုံထောက်ရင် ဧကန် တော့ ဝင်းတယသား လုပ်မလို့နဲ့ တူတယ်'

သုမတ ထုံးစံအတိုင်း လက်ညိုးလေးတစ်ချောင်း ထောင်ကာ သူ့ကို စသည်၊ သုမတလည်း ဘာသားနဲ့ တူထားတာမှီလို့လဲ၊ ရှက်ရှက်ဖြင့် 'ဟာ မဖော့တ်ပါဘူး' တု ပြန်ပြောရင်း ရှက်ရယ်ရယ်သည်။

'နောက် ဒီဝူထဲမှာ ရှားရှားပါးပါးနဲ့ များများစားစားတွေ့ရတဲ့ ကိုယ်ပွားတော်က ဘိသဇ္ဇဂုရုလို့ခေါ်တယ်။ ရုပ်ပွားတော် အဆူပေါင်း ခုနစ်ဆယ်ကျော် ရှားရှားပါးပါး တွေ့ရတယ်။ ဂျပန်မှာလည်း ရှိတယ်လို့ ဆိုတယ်။ ဒီဆင်းတုကို ယကုရှိညောရဲ (Yakushinyorai) လို့ခေါ်တယ်'

သုမတ စကားကို အာရုံစိုက် နားထောင်ရင်း လက်အုပ်ချီကာထို ဆင်းတုကို ဖူးမြော်သည်။

'အကြမ်းအားဖြင့် ဘိသဇ္ဇဂုရု ရုပ်ပွားတော်ပုံစံက ညာလက်တော်ရဲ့ လက်ဖဝါးပြင်မှာ အိုး ဒါမှမဟုတ် သံပိတ်ပေါ့နော်၊ အဖုံးလေးနဲ့ အမြိုက်ရေ စင်အိုးလို့ ယူဆကြတဲ့ အိုးရှိတယ်။ လက်တော်က ဗီဇသစ်စေ့ တစ်စေ့ကို ကိုင်ထားတယ်။ အိုးနဲ့ သစ်စေ့ နှစ်ခုပေါင်း ယူဆကြတဲ့ အဓိပ္ပာယ်က ပြန်သည် နှပျိုတယ်၊ အသက်ရှည် အနာကင်းတယ်။ စတင်ရှင်သန် ပေါက်ဖွားတိုးတက် တယ်ဆိုတဲ့သဘောပေါ့၊ အခြား အသေးစိတ် အချက်အလက်တွေလည်း



www.burmeseclassic.com

www.burmeseclassic.com



အများကြီး ရှိသေးတယ်'

'ဟုတ်တယ်နော်၊ ဒီရုပ်ပွားတော်မျိုးတို့ သတိထားတော့အများကြီး ဖူးတယ် . . . မနေ့က သတိတောင်မထားမိဘူး၊ အခုတိုမျိုးကျော်ပြောမှ သေသေချာချာဖူးမိတော့တယ်၊ ကြည်ညိုဖို့ကောင်းလိုက်တာ'

'တချို့က ရှေးသမားတော်လို့ အဓိပ္ပာယ်ဖွင့်ဆိုကြပြီး ထုံးစာရေး အတွက် ဆုတောင်းကြတယ်တဲ့'

ကြွေပြားခင်းထားသော လှေကားထစ်များက ဂူတွင်းတိုတစ်ထစ်ချင်း စိနိမ့်ဆင်းသွားသည်။ ထိုလမ်းကလေးက ညာဘက်သို့ ချိုးသည်၊ အဲဒီမှာ ရွှေလုံးဝ ချမထားသော အနက်ရောင်ရှိ ရုပ်ပွားတော်လေးနှစ်ဆူ ရှေ့မှာ မျိုးကျော်မော် လက်အုပ် ချီရင်းရပ်သည်။

'ဒီ ကိုယ်စားတော်ကိုတော့ ချွေးထွက် ကိုယ်စားတော်လို့ ခေါ်တယ်၊ ဒီ ကိုယ်စားတော် နှစ်ဆူမှာပဲ အမြဲ စိုစွတ်ပြီး အဲဒီချွေးနဲ့ ရောဂါဘယရှိတဲ့ နေရာကို ဖိကပ်ဆုတောင်းရင် ရောဂါပျောက်တယ်လို့ ယုံကြည်ကြတယ်'

ပြောရင်း မျိုးကျော်မော်က ဘုရားဆင်းတုတော်၏ လက်မောင်းတော်မှ ချွေးကို ပွတ်ယူကာ ခေါင်းမှာသပ်သည်။ သူမက အတုမြင် အတတ်သင် ဆိုသလို လိုက်လုပ်သည်။

'အဲဒီနှစ်ခုက ဆင်ချည်တိုင်နဲ့ မြင်းချည်တိုင်ပေါ့'

'ဩော် ရှေးရှေးက ရှင်ဘုရင်ရဲ့ ဆင်တွေမြင်းတွေကို ဒီတိုင်တွေမှာ ချည်တဲ့သဘောပေါ့နော်'

'အင်း တကယ်တော့ အဲဒါက ကျောက်စက်မိုးမျှော်တွေပေါ့၊ ဟော ထို မှာ လှမ်းမြင်နေရတာ ကျောက်စက်ပန်းဆွဲလေ'

'အရမ်းလှတယ်နော်'

သူမက ကျောက်စက်ပန်းဆွဲတစ်ခုကို ကြည့်ရင်းက ဆိုသည်၊

'ဟုတ်တယ် ဒီလိုဏ်ဂူက ထုံးကျောက်ဂူလေ၊ ဟိုး ဂူအမိုးတနေ ကျောက်စက်ရေတွေက တစ်ပေါက်ချင်းစီ အမြဲကျနေတာပေါ့၊ အဲဒီ ကျောက်စက်ရေမှာ ထုံးဓာတ်တွေပါတယ်လေ၊ ကြာလာတော့ အဲဒီမှာ ကျောက်အနည်အနှုန်းလေးတွေ စုရင်းက အဲဒီကျောက်စက်ပန်းဆွဲတွေ၊ ကျောက်စက်မိုးမျှော်တွေဖြစ်လာတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ ဒါဆို ဒီဟာတွေဖြစ်ဖို့ အရမ်းကြာမှာပဲနော်'

'ဒါပေါ့၊ အဲဒီလို ကြာကြာ အချိန်ယူရတဲ့ ကျောက်စက်မိုးမျှော်နဲ့ ကျောက်စေတ်ပန်းဆွဲတို့ဆုံပြီး တိုင်ကြီးဖြစ်လာတာပေါ့၊ ဟောဟိုက ကျောက်စေတ်တိုင်တ ကျောက်စေတ်မိုးမျှော်နဲ့ ကျောက်စက်ပန်းဆွဲတို့ဆုံရာကဖြစ်လာတာလေ'

'တွတ် တွတ်'

သူမက အံ့အားတသင့်ဖြင့် စုတ်သပ်သည်။

'အဲဒီ ကျောက်စေတ်တိုင်ရဲ့ လုံးပတ်နဲ့ အရှည်ကို ဘူမိဗေဒပညာရှင်တွေ တိုင်းတာတွက်ချက်လိုက်တာ ဂူရဲ့သက်တမ်းနှစ်သန်းပေါင်း နှစ်ရာကျော်ရှိတယ်ဆိုတာ ထွက်လာတာပေါ့'

' အိုး နှစ်သန်းပေါင်း နှစ်ရာကျော်တောင်'

'တုတ်တယ်၊ လာ ဟိုမှာ ကျောက်စက် ကျောက်မောင်းတွေသွားတီးရအောင်'

သူမက ကျောက်တိုင်ကြီးကို တအံ့တသြကြည့်နေရင်းက သူ့ခေါ်ရာပါလာ၏။ ဂူအထက်နံရံ (အမိုး)မှ ဆင်းတွဲနေသော ကျောက်စွယ် (ကျောက်စက်ပန်းဆွဲ) အနီး အနီးမှ ဝါးတုတ်လေးဖြင့် မျိုးကျော်မော် ထိုးလိုက်သည်။

'ဒူ. . . ဒူ. . . ဒူ'

-မထင်မှတ်ချင်စရာ၊ အံ့ဩစရာ ထိုကျောက်စွယ်မှ 'ဒူ' 'ဒူ' ဆိုသော အသံတ ထွက်လို့လာသည်။

'သတ်ဖူးလည်း ထိုးကြည့်ချင်တယ်'

'ရတယ် လာလေ ရော့'

မျိုးကျော်မော်တ လက်ထဲမှ ဝါးဘုတ်ရှည်လေးကို သူမထံ လွှဲပြောင်းပေးလိုက်သည်။ သူမတလည်း သူ့လိုပင် လှမ်းထိုးသည်။

'ဒူ. . . ဒူ. . . ဒူ. . '

ကျောက်စက်ပန်းဆွဲမှ 'တဒူဒူ'အသံလေးထွက်ပေါ်လို့လာသည်။ သူမက ကလေးတစ်ယောက်လို သဘောတကျဖြင့် ပျော်ရွှင်နေသည်။

'လာ ဂူထဲ ဆက်ဝင်ရအောင်'

မျိုးကျော်မော်က ဆော်ဩတော့ သူမက လက်ထဲမှ ဝါးတုတ်လေး



www.burmeseclassic.com

www.burmeseclassic.com



မချချင် ချချင်ဖြင့် ချသည်။

'အဲဒီဟာကို ကျောက်စည် ကျောက်မောင်းလို့ ခေါ်တယ် ရှေးတုန်းက ခေါင်းလောင်းတွေ မပေါ်ခင်က ကုသိုလ်ပြုပြီးလို့ အမျှဝေရင် ခေါင်းလောင်းထိုး ပဲ၊ အဲဒီ ကျောက်စည် ကျောက်မောင်းတွေကို ထိုး(တီးခတ်)ပြီးအမျှဝေ ခဲ့ကြ တယ်လို့ ဆိုတယ်'

'ဪ ဒီဂူလေးက တောင်ပေါ်မှာဆိုတော့ ဒီကျောက်စည်သံဟာ မြို့ ထဲထိ ကြားရမှာပေါ့၊ ဒီတော့ ကြားရတဲ့သူတွေက သာဓုခေါ်နိုင်တာပေါ့ ဟုတ် လား'

'ဟုတ်တယ် . . တော်လှချည်လား'

သူမက အင်္ကျီ ကော်လံကို ထောင်သည်။ ဂူထဲမှ ထွက်တားလေးပေါ် ရောက်တော့ သူမက မျိုးကျော်မော်ကို တစ်ချက်ကြည့်သည်။ ဒီနေရာလေးမှာ သူမက ဓာတ်ပုံရိုက်ရန်အတွက် သူ့ကို အကူအညီ တောင်းခဲ့သည်ပင်လေ။

'ဟို မီးဆလိုက် ထိုးထားတာလေးကို မနေ့က မတွေ့လိုက်မိဘူး ဘာတဲ့ 'ဇော်ဂျီ ဆေးကြိတ်သည့် ကျောက်ပြား'တဲ့။

'အင်း၊ ရှေးတုန်းက ရှိခဲ့လို့ နေမှာပေါ့'

ထွက်တားထိပ်ရောက်တော့ လမ်းကနှစ်ခွ၊ ညာဘက်လမ်းက ဆုတောင်း ပြည့်' စေတီတော်သို့ ဖြစ်ပြီး၊ ဘယ်ဘက်လမ်းက ဂူအတွင်းဆက်ဝင်သော လမ်း ဖြစ်သည်။

'လာ ဆုတောင်းပြည့် စေတီဘက်သွားရအောင်'

မျိုးကျော်မော်ခေါ်ရာနောက်သို့ သူမ တိုင်းငေး ဒိငေးဖြင့် လိုက်လာ သည်။

'မနေ့က ဒီဘက် မရောက်လိုက်ခဲ့ဘူးတော့'

သူမက ခပ်တိုးတိုးဆိုသည့် 'တော့' ဟုပြောသော သူမ၏ လေယူလေ သိမ်းက ချစ်စရာ ကောင်းလွန်းသည်။

'သူမ နတ်သမီး ရက်ကန်းစင်ကို သေသေချာချာ ကြည့်လို့နေသည်။ ထို့နောက် ပုံ့ပုံ့လေးထိုင်ကာ ဆုတောင်းပြည့် စေတီကို ဦးချသည်။ ဘာတွေ ဆုတောင်းနေသည် မသိ။ မျိုးကျော်မော် ရှိခိုးပြီးသည့်အချိန်မှာ သူမက ရှိခိုး ဆဲ။



www.burmeseclassic.com

www.burmeseclassic.com



ရွှိခိုးပြီးသည်နှင့် သူမက အသာအယာထသည်။
'ဘာတွေ ဆုတောင်းလဲ'
'ကိုယ်လား ဒီလိုပါပဲ'
'သိပါတယ်နော်၊ တောင်ကြီးမှာ ကျန်ခဲ့တဲ့ ကောင်မလေးအတွက် ဆု တောင်းပေးတယ် မဟုတ်လား'
'ဟာ ဘယ်ကလာ ကိုယ့်မှာ ကောင်မလေးမှ မရှိတာ'
'ယုံအောင်လည်း ပြောပါ'
သူမက ချစ်စရာ မျက်စောင်းလေးနဲ့ ဆိုသည်။ ထိုအမူအရာလေးက မိုးကျော်ခေါ် ရင်ကို တစ်မျိုးကြီး ဖြစ်သွားစေသည်။
'အတည်ပြောတာပါ၊ ကိုယ့်မှာ ဘာကောင်မလေးမှ မရှိဘူး၊ သက်ဖူး တို့လို ဆုတောင်းပေးရမယ့်လူ မရှိဘူး ဆိုပါတော့'
'အောင်မာ သက်ဖူးမှာလည်း ဆုတောင်းပေးရမယ့်လူ မရှိပါဘူးနော်'
'ယုံအောင်လည်း ပြောပါ'
သူ စောစောက ပြောသော စကားနှင့် ပြန်ချိပ်ကွပ်တော့ သူမက စောစောက မျက်စောင်းဖြင့် သူ့ကို 'ဒိုင်း'ခနဲ ထိုးသည်။ ထို မျက်စောင်းသည် သူခြင်းဖူးခဲ့သမျှ မျက်စောင်းတို့တွင် အလှဆုံးဖြစ်သည်။
'မယုံလည်းနေပေါ့၊ သက်ဖူးတို့က အပျိုကြီးလုပ်မှာ'
'ဟား မလုပ်နဲ့ မလုပ်နဲ့' ဟု သူစိတ်ထဲမှ ထားမိသည်။ နှစ်ယောက် သား ဂူဆုံးဘက် ဆက်၍ဝင်သည်။
စက်ဝိုင်းပုံ ကြွေပြားခင်းထားသော နေရာအရောက် မိုးကျော်မော် ခြေစုံကို ရပ်သည်။
'ဒါ ဒီဂူရဲ့ အောင်မြေပေါ့၊ အဲဒီအောင်မြေပေါ်မှာရပ်ပြီး လိုချင်တဲ့ ဆုတောင်း၊ ပြည့်တယ်လို့ ဆိုကြတယ်၊ လှိုင်ကော်မှာ ကျန်ခဲ့တဲ့လူအတွက် ဆုတောင်းပေးလိုက်ပါဦး'
'အောင်မာ ဘယ်မှာမှ မကျန်ဘူး၊ ကျန်စရာလည်း မရှိဘူး၊ အပျိုကြီး လုပ်မှာပါဆို'
သူမက မျက်စောင်းလေးဖြင့် ကြည့်ကာ အောင်မြေပေါ် နင်းလျှောက် သည်။ သူပါ ဝိုင်းကြီးပတ်ပတ် လိုက်လျှောက်သည်။ စိတ်ထဲမှလည်း မိုးစုံ



www.burmeseclassic.com

www.burmeseclassic.com



အောင် ဆုတောင်းမိသည်။

အောင်မြေနင်းပြီး ဆုတောင်းပြီးသည်နှင့် ဂူအဆုံးဘက် ဆက်သွားသည်။ ဂူအဆုံးကို မရောက်ခင် နတ်သမီးရေကန်လေးကို သူမတာ ငုံ့ကာကြည့်သည်။

ရေလေးတွေ ကြည်နေတာပဲနော်၊ ဟိုး အောက်ခြေအထိ မြင်နေရတယ်'

သူမ၏ စကားကို သူခေါင်းညိတ်ရင်း ထောက်ခံလိုက်သည်။ ဂူ၏ အဆုံးကို ရောက်သည်။

'ဒါ ဂူရဲ့ အဆုံးပေါ့နော်'

'အင်း ရှေးလူကြီးတွေအဆိုအရ ဂူက မဆုံးသေးဘူးတဲ့၊ မှောင်မိုက်တာ ဒီဂူအတိုင်း ဆက်သွားရင် ပုဂံထိ ရောက်တယ်လို့ဆိုတယ်။ နောက်ပိုင်းမှ အန္တရာယ်များတယ်ဆိုပြီး အသေပိတ်ပစ်လိုက်တာတဲ့'

'ဪ'

သူမက အလေးအနက် နားထောင်ရင်း 'ဪ' ဟုဆိုကာ ထိုနေရာမှာပင် ပွဲပွဲလေး ထိုင်လို့နေသည်။

'လာလေ၊ သက်ဖူးဂူအပြင်ဘက်ထွက်ပြီး ဂူသုံးဂူထဲက အလယ်ဂူထဲ ကိုသွားရအောင်၊ သိပ်မဝေးဘူး'

မျိုးကျော်မော်၏ စကား အဆုံးမှာ သူမက ထရပ်သည်။

'ဒီဂူကနေ ပုဂံသွားတဲ့ ဂူလမ်းတစ်လျှောက်လုံး မှောင်မည်းနေမှာပဲနော်၊ ဘာမှကို မြင်ရမှာ မဟုတ်ဘူး'

'ဒါပေါ့ ဒီဂူထဲမှာလိုတော့ လျှပ်စစ်မီး ထိန်ထိန်ညီး မနေဘူးပေါ့ ဒါပေမယ့် အဲဒီလမ်းလေးသာ ရှိနေသေးရင် သူကိုလည်း လျှပ်စစ်မီးထွန်းထား ပေးမှာပါ'

သူမရော သူပါ ဂူထဲမှ ထွက်ခဲ့ကြသည်။ ဓာတ်လှေကားဘက်ပြန် မသွားဘဲ တောင်ငူ (ရွှေဥမင်ဂူ) နှင့် အလယ်ဂူ ဆက်ထားသော စောင်းတန်းလေးအတိုင်း အလယ်ဂူသို့ လျှောက်ကြသည်။

'သွေးပေါင်ကျတယ်ဆို၊ ဒီလောက် လမ်းလျှောက်တာ မမူးဘူးလား'

'ဟင့်အင်း၊ ခရီးဝေးသွားတာနဲ့စာရင် ဒီလမ်းလျှောက်တာက မပင်ပန်း



www.burmeseclassic.com

www.burmeseclassic.com



လောက်ပါဘူး'

'စောစောက ဝတ်ပါထဲ မဝင်ခဲ့လိုက်ရဘူးနော်'

မိုးကျော့်မော်၏ အပြောကို ဘယ်လို သဘောပေါက်သည် မသိ၊ သူမက ရှက်ဟန်ဖြင့် မှုတ်စောင်းထိုးသည်။

စကားတပြောပြောဖြင့် အလယ်ဂူကို ရောက်လာသည်။ သူမက ကြီးမားလှသော ကိုယ်တော်ကြီးကို ဝတ်ပြုသည်။

ထုံးစံအတိုင်း မိုးကျော့်မော်ရှိခိုးပြီးသည်။ သူမကမျက်လွှာလေးချလို့ ရှိခိုးတောင်းတုန်း၊ ထိုပုံစံလေးက ရင်ကို ငြိမ်းအေးစေသည်မို့ သူ ငေးနေမိသည်။

ဘယ်လောက်ထိ ကြာသွားသည်မသိ။ နှာခေါင်းဝမှာ သူမ၏ ချိုမြသော ရနံ့မွှေးမွှေးကြောင့် လည်ပြန်ကြည့်မိသည်။

သူမ အကြည့်ချင်း အဆုံမှာ ခေါင်းကို ဆတ်ခနဲ ငုံ့သည်။ ခေါင်းအငုံ့မှာ ဆံနွယ်တို့က ဝဲခနဲ ရှေ့ကို ကျသည်။ ထိုဆံနွယ်တို့ကို သပ်တင်ပေးချင်နေသောစိတ်က 'ဝုန်း'ခနဲ ပေါ်သည်။

'အောက်မှာ ပြတိုက်ရှိတယ် သွားကြရအောင်'

ခေါင်းငုံ့နေသော သူမက မိုးကျော့်မော် ငုံ့ကြည့်ရင်းဆိုလိုက်သည်။ သူ့အသံက အဖျားခတ် တုန်ယင်နေသည်။ တုန်ပေမပေါ့၊ သူ့ရင်ထဲမှာ ဝုန်းဒိုင်းကြဲနေသော ရင်ခုန်သံက မြန်လွန်းသည်ကိုး။

သူဦးဆောင်ရာနောက်ကို သူမက ဘေးမကျ၊ နောက်မကျ အနေအထားဖြင့် လိုက်လာသည်။ လှေကားထစ်များက တစ်ထစ်ချင်းစီ နိမ့်ဆင်းသွားကြသည်။ ထိုလှေကားထစ်များအတိုင်း သူတို့ ဆင်းခဲ့ကြသော်လည်း အောက်ဆုံး လှေကားထစ်ရောက်သည်အထိ တစ်ယောက်ကိုတစ်ယောက် စကားမပြောဖြစ်ကြ။

ညာသို့ ချိုးလိုက်ချိန်မှာ 'ပြတိုက်'ဟု ဆိုင်းဘုတ်လေး ချိတ်ထားသော အဆောက်အအုံကို တွေ့သည်။

'ဒီအထဲမှာ ဓိနပ်အကြီးကြီးနဲ့ တခြားထူးဆန်းတာတွေအများကြီးပဲ ရှိတယ်၊ အေးအေးဆေးဆေး ကြည့်ပေါ့'

မိုးကျော့်မော်အဆိုကို သူမက ခေါင်းငုံ့နေရာမှ ဆတ်ခနဲ ခေါင်းညိတ်သည်။ သူမတို့၏ ဆံနွယ်တို့က ထုံးစံအတိုင်း။ သူ့ရင်ဘတ်မှာသည်း ထုံးစံ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း လှုပ်ခနဲ။

မှန်ကြီးကြီးရှေ့ရောက်တော့ သူမက မသောဘာဝအတိုင်း မှန်တိုကြည့်တာ ဆံပင်ကို တစ်ချက်သပ်တင်သည်။ ထို့နောက် တော့မလုံသလိုဖြင့် မျိုးကျော်မော်ဘက်ကို ကြည့်လိုက်သေးသည်။

ဒါကိုပင် မျိုးကျော်မောင် မမြင်ချင်ယောင်ဆောင်ထား နေလိုက်သည်။ ပြတိုက်ထဲမှ ပစ္စည်းများကို သူမက အသေးစိတ်ငေးနေသည်။ သက်တို နောက်ပစ်ထားသော သူမ၏ပုံစံလေးကို သူ မကြာခဏ ခိုးခိုးကြည့်မိ၏။

တစ်ချက် တစ်ချက် သူမနှင့် ခိုးကြည့်သော သူ့အကြည့်တို့ဆုံသည်။ တစ်ခါ တစ်ရံမှာ သူမက မျက်နှာလွှဲသွားသလို တစ်ခါတလေမှာတော့ သူက မျက်နှာ လွှဲကာအကြည့်ပြောင်းရသည်။

တစ်နေရာကို မျိုးကျော်မော် စိတ်ဝင်တစားကြည့်မိနေတုန်း သူမက အနားကို ရောက်လာသည်။

'ဗိုက်ဆာပြီလား၊ ဆယ်နာရီတောင် ထိုးပြီ'

'ဆာတော့ မဆာသေးဘူး၊ သက်ဖူးဆာပြီလား'

'ဟင့်အင်း မဆာသေးဘူး၊ ကိုမျိုးကျော် ဆာနေမှာစိုးလို့'

'ရပါတယ် ကြည့်စရာ ကုန်ပြီ ပြန်ကြမလား'

မျိုးကျော်မော်၏ အဆိုကို သူမကခေါင်းညိတ်သည်။ ဖိနပ်ထားခဲ့ရာ မာတ်လှေကားဘက်ကို ပြန်ခဲ့ကြသည်။ လမ်းလျှောက်လာရင်း သူမက 'ပင်းတယ' သမိုင်းကို ပြောပြမယ်ဆို' ဟု ကလေးတစ်ယောက် မုန့်ပူဆာသလို ဆိုသည်။

၈

'နေ့လယ်စာ စားပြီးရင် ဒီတောင်ခြေက ညောင်ပင်တန်းဆီ လမ်းလျှောက်ကြမယ်လေ၊ ဟိုတယ်နဲ့ သိပ်မဝေးဘူး၊ အဲဒီကျတော့ အေးအေး ဆေးဆေး ပြောကြတာပေါ့'

'မမေ့နဲ့ဦးနော်'

'ဟာ သက်ဖူးကလည်း မမေ့ပါဘူး၊ ဘာဖြစ်လို့လဲ'

'ဩော် မသိပါဘူး၊ တော်ကြာ တောင်ကြီးက ကောင်မလေးတို့သတိရတာနဲ့ ဒီသမိုင်းပြောပြဖို့မေ့နေမှာ စိုးလို့'

ပြုံးစိစိဖြင့် သူမက မတတ်တခေါက် စသည်။ ပြီး သူမဘာသာ



www.burmeseclassic.com

www.burmeseclassic.com



သူမ ရွတ်နေလိုက်သေးသည်။

'တောင်ကြီးမှာ ဘယ်တောင်မလေးမှ မကျန်ပါဘူး။ ကျန်ခဲ့တယ် ဆိုရင်လည်း ဒီလိုရတ်ရှည် ဘယ်နေမလဲ'

'ဘယ်သိမလဲ စိတ်တောက်လာတာ စိတ်ဆိုးလာတာတွေလည်းဖြစ် နိုင်တာပဲလေ'

'တောဗျာ . . . ဘယ်လို ရှင်းပြမှ ယုံမှာလဲ'

မျိုးကျော်မော် ခေါင်းကို ကုတ်ရင်းညည်းမိသည်။ ကပ်သီးကပ်သပ် ဖြဲဖြဲခန်ခန် ပြောတတ်သော ဒီကလေးမကို ကိုင်ဆောင့်မိချင်သည်။

စိတ်ညစ်နေတာန်ဖြင့် ခေါင်းကို ခပ်ကြမ်းကြမ်းကုတ်သော မျိုးကျော် မော်တို ကြည့်လျှက် သတ်ဖူးတ 'ဟက်'ခနဲသဘောတကျ ရယ်သည်။ သူပါ ရောရယ်မိရင်း သတ်ဖူးတို မျိုးကျော်မော် မြတ်မြတ်နိုးနိုး ကြည့်ဖြစ်သည်။

'လာ တားနဲ့ တတူးတက လိုက်ပို့ပြီး ဂိုက်တစ်ယောက်လို ပြည့်ပြည့် စုံစုံနဲ့ ရှင်းပြတဲ့အတွက် 'ပင်းတယရောက် အမှတ်တရ' အကျီဝယ်ပေးမယ်'

'တာ နေပါစေ သက်ဖူးရ'

'လာပါ'

သတ်ဖူးနော်တ သူ့ အကျီ (လက်မောင်းစွန်း) လေးကို ဆွဲကာ ဆိုင်တန်းများဘက်ကို ဆွဲခေါ်သည်။

'ဆင်တူ ဝယ်ရအောင်နော်'

သူမ၏ အဆိုကို သူခေါင်း ခပ်လွဲလွဲညိတ်ရင်း ထောက်ခံလိုက်သည်။ 'ဆင်တူ' ဆိုသော စကားလုံးက သူ့ရင်ဘတ်ကို နွေးထွေးစွာ လာရောက်ရိုက် ခတ်သည်။

သတ်ဖူးတ သူ့အတွက် ဆိုဒ်ကြီးတစ်ထည်နှင့် သူမအတွက် ဆိုဒ် လတ်တစ်ထည်ကို ဝယ်သည်။

ကားဆီနှစ်ယောက်သား လျှောက်လာခဲ့ကြသည်။ မျိုးကျော်မော်က ကား Lock ကို Control ဖြင့် လှမ်းဖွင့်သည်။

နှစ်ယောက်စလုံး ကားပေါ်ရောက်ပြီးသည်နှင့် မျိုးကျော်မော် ကားကို ညင်သာစွာ လိုမ့်ထွက်သည်။ မြွေလိမ်မြွေကောက် လမ်းလေးအတိုင်း ဆင်းလာ ခဲ့သည်။ ညောင်ပင်တန်းရှည်၏ အဆုံးမှာ သူတို့ တည်းခိုသော Golden Cave



www.burmeseclassic.com

www.burmeseclassic.com



Hotel ရွှေဂူ (ဝါ) ရွှေဥမင် ဟိုတယ်ထဲတို ထားတွေ့ဝင်သည်။

'သက်ဖူး ဘာစားချင်လဲ ကြိုမှာလိုက်ပေါ့၊ ကိုယ် ရေချိုးလိုက်ဦးမယ်'

'အာ မဟုတ်တာ ကိုမျိုးကျော်ကြိုက်တာမှာပါ၊ သက်ဖူးလည်း ရေချိုးဦးမှာပဲ ဥစ္စာ၊ အေးဆေးပေါ့'

'OK ကိုယ် မှာထားလိုက်မယ်။ တစ်နာရီ ဆယ့်ငါး ထမင်းစားခန်းမှာ ဆုံရအောင်'

သူမက ခေါင်းညိတ်ပြရင်း ညော့်ကြိုကောင်တာမှ အခန်းသော့ကို ယူကာ ထွက်သည်။

သူ မြန်မည့် တရုတ်စာ အချို့ကို မှာလိုက်သည်။ အခန်းသော့ကို ကိုင်ရင်း သူ့အတွက် သူမဝယ်ပေးသော 'ပင်းတယရောက် အမှတ်အရ' အကျီ ဖြူလေးကို ဆ,ရင်း ကြည့်မိသည်၊ ရေချိုးပြီးပါက ဒါလေးကို ဝတ်ရမည်ဟု ဆုံးဖြတ်လိုက်သည်။

အခန်းသို့ပြန်ကာ ရေနွေးဖြင့် ရေကြာကြာ စိမ်ချိုးပြီး သူ့ရေချိုးခန်းမှာ သုတ်ပဝါကြီးဖြင့် ခါးမှာ ပတ်လိုက်သည်။ ဟိုတစ်ရက်က ဤသို့ ခါးမှာ မျက်နှာသုတ်ပဝါ အပတ်လိုက်ကြီးဖြင့် သူမ၏ တံခါးမှားခေါက်မှုအား ဖွင့်ပေး ခဲ့ဖူးသည်ကို သတိရပြီး ပြုံးလိုက်သည်၊

'ပင်းတယရောက် အမှတ်တရ' တီရှပ်အဖြူကို ဝတ်ရင်း မှန်ရှေ့မှ သူ့ကိုယ်သူ ကြည့်မိသည်။ သူမကတော့ သူ့ကို မြင်လျှင် ဝယ်ပေးသည်ကို အလေးထားကာ ချက်ချင်းဝတ်ဆင်သည့်အတွက် ကျေနပ်ကောင်း ကျေနပ် လိမ့်မည်။ နာရီကို ကြည့်တော့ တစ်နာရီနှင့် ငါးမိနစ်။ ဆယ်မိနစ်ခန့် စော နေသေးသော်လည်း သူဆင်းခဲ့သည်။

ထမင်းစားခန်း Dining Hall အဝင်မှာ ကောင်မလေးများက တံခါး ဖွင့်ပေးရင်း 'မင်္ဂလာပါ'ဟု နှုတ်ဆက်ကြသည်။ သူပြန်လည် ပြုံးပြလိုက်သည်၊ စားပွဲထိုးက သူတို့အတွက် ပြင်ထားသော စားပွဲသို့ခေါ်ဆောင်သွားသည်၊

နာရီကိုကြည့်တော့ တစ်နာရီ ဆယ်မိနစ်၊ သူမလာရန် ငါးမိနစ်သာ လိုတော့သည်။ နာရီကြည့်သော သူ့ကို စားပွဲထိုးက အလိုက်တသိဖြင့် 'ယူခဲ့ ရမလားအစ်ကို' ဟု မေးသည်။

'အေး ယူခဲ့တော့ ညီလေး'



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် တံခါး 'ဖုတ်ခနဲ' ပွင့်ကာ ညည့်ကြိုကောင်မလေးများ၏ နှုတ်ဆက်သံနှင့်အတူ ပြုံးလျက် သူမဝင်လာသည်။

သူမကို သူ အံ့အားတသင့်ကြည့်မိသလို၊ သူ့ကိုလည်း သူမကအံ့ဩ တကြီး ပြန်လည် ကြည့်နေသည်။ သူမသည်လည်း သူ့လိုပင် 'ပင်းတယ' တိုရှပ် အင်္ကျီလေးကို ဝတ်ဆင်ထားသည်ကိုး။

သူမက ချက်ရှာချင်းဆိုင်မှာ ဝင်ထိုင်သည်။ စားပွဲထိုးက ထမင်းထည့် ပေးသည်။ ဟင်း ပန်းကန်များကို အခြားစားပွဲထိုးတစ်ယောက်က ယူလာပေး သည်၊ သူ သူမကိုဟင်းတစ်ဇွန်း ကော်ထည့်ပေးလိုက်သည်။

'ငရဲ ကြီးအောင် မလုပ်နဲ့လေ'

'အေးချေင်းလိုပါ ဘာဖြစ်လို့လဲ'

'ထိုမျိုးတော့တ သက်ဖူးထက်ကြီးတယ် မဟုတ်လား၊ အကြီးက အရင် စားမှပေါ့'

ပြောရင်း သူမက ဟင်းတချို့ကို သူ့ ပန်းကန်ထဲ ထည့်ပေးသည်။ 'တစ်သက်လုံး ခင်းဒီလို ပြုစုပေးရင် သိပ်ကောင်းမှာပဲ'ဟု စိတ်ထဲမှာ သူမကို လှမ်းပြောဖြစ်သည်။

'သက်ဖူးက ပိုကြီးမယ်ထင်တယ်၊ အခု အသက်ဘယ်လောက်ရှိပြီလဲ'

'မပြောပြဘူး'

မိုးတော့်ခော် ဉာဏ်ဆင်လျက်မေးသော အမေးကို သူမက ရှက်ဝဲဝဲ ဖြင့် ငြင်းသည်။ သူမ၏ ချစ်စရာ အမူအရာကို ကြည့်ရင်း 'ဟက်'ခနဲ သူရယ် ဖြစ်သည်။ လက်သုံးချောင်းကို ထောင်ပြလိုက်သည်။

'သုံးဆယ်လား'

'အံ့မယ် ဒီရွှင်လား အသက်သုံးဆယ် ရှိမှာ၊ အခုမှ . . . ဟဲဟဲ ပြောမ ပြဘူး'

သူမက သူ့လှည့်ကွက်ထဲ ဝင်လုလုဖြစ်ပြီးမှ ရယ်ရင်း ရှောင်ထွက် သည်။ ဇွန်းနှင့် ခက်ရင်းကို ကျင်လည်စွာ ကိုင်ရင်းသူမ နေ့လယ်စာ စားနေပုံ လေးကိုက ချစ်စရာ။

'စားလေ'

သူမက မကြာခဏ ခိုးခိုးကြည့်နေသော မျိုးကျော်ဇော်ကို သတိပေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဟင်းတစ်ဇွန်းကိုလည်း ကော်လျက် သူ့ ပန်းကန်ထဲ ထည့်ပေးလိုက်သေး သည်။

'အင်း တောင်ကြီးသူလေးကို သတိရလို့ မစားနိုင်ဘူးထင်တယ်၊ သူမက တစ်ယောက်တည်း ရေရွတ်သလိုလိုနှင့် သတိတရဖြင့် နောက်ဖြစ်အောင် နောက်သည်။

'မဟုတ်ပါဘူး လွှိုင်ကော်သားကို သတိရလို့'

'ဟက်'ခနဲ ရယ်ရင်း ပြောလိုက်သော သူ့စကားကြောင့် သူမက 'ဒိုင်း' ခနဲ မျက်စောင်းထိုးသည်။

'လွှိုင်ကော်သားကို အားကျတယ်ကွာ၊ ကိုယ်ဆိုတဲ့ကောင်က အခု အသက်နှစ်ဆယ့် တစ်နှစ်ထိ သတိရမယ့် ကောင်မလေး မရှိဘူး'

သူမကနှုတ်ခမ်းကို မဲ့သည်။ သူမ နှုတ်ခမ်းမဲ့တာက ရုပ်ရှင်ထဲက ဗီလိန် တစ်ယောက် နှုတ်ခမ်းတွန့်လိုက်တာထက် အများကြီးလှသည်။

'ဒီအသက်နှစ်ဆယ်ထိ ရည်းစားဆိုတာ ဘာလဲဆိုတာ မသိသေး တာကခက်တယ်'

သူမက တစ်ယောက်တည်း ညည်းသလိုလိုဖြင့် ရေရွတ်သည်။ မျိုးကျော်မော် လှပ်ခနဲ ဝမ်းသာသွားသည်။ နောက်ဆုံးတော့ သူ့ရဲ့ လှည့်ကွက် တစ်ခုထဲနဲ့တင် သူမ အသက်ကို သိလိုက်ရသည် မဟုတ်ပါလား။

တကယ်တော့ သူ့အနေနှင့် ဧည့်ကြိုကောင်တာမှ ကောင်မလေးတစ် ယောက်အား အကူအညီတောင်း၍ မှတ်ပုံတင် ယူကြည့်လိုက်လျှင် သတ်နူ ၏ အသက်နှင့် မွေးနေ့ကို အတိအကျ သိရမည် ဖြစ်သည်။ ဧည့်သည်တိုင်း တ ဟိုတယ်က အပြီးထွက်မှ အပ်နှံထားသော မှတ်ပုံတင် ပြန်ရမည် မဟုတ် လား။ သူ'လက်ခနဲ' ပြုံးမိသည်။ သူမကတော့ သူမဘာသာ သူမ ငုံ၍သာ စားနေသည်။ အသက်ကို လွှတ်ခနဲ ပြောမိလိုက်မှန်း ရိပ်မိသေးဟန် မတူ။

စားပြီးကြ၍ ထမင်းနှင့် ဟင်းပန်းကန်များ သိမ်းပြီး သွားချိန်မှာ အချို ပွဲအဖြစ် လိမ္မော်သီးကို စီစဉ်ပေးကြသည်။

'အင်း လိမ္မော်သီး စားရင်း အခွံခွာပေးနေကျ တောင်ကြီးသူလေးကို သတိရလိုက်တာ အဟမ်း'

တစ်ယောက်တည်း ရေရွတ်သလိုလိုဖြင့် သူမက ညစ်တူးညစ်တာပြုံး



www.burmeseclassic.com

www.burmeseclassic.com



ရင်း ဆိုသည်။ မျိုးကျော်မော် ပြုံးလိုက်သည်။

'ဟာ၊ လှိုင်ကော်က လိမ္မော်သီးကို သတိရတယ်ကွာ'

'သွားပါ'

'လှိုင်ကော်ကိုလား'

'တော်ပြီကွာ မနောတက်နဲ့တော့'

နှုတ်ခမ်း စူတူတူဖြင့် တားသော သူမ၏ဟန်မှာ သူ့ရင်ဘတ်ကို ငလျင် ကြီးတစ်ခုလို လှုပ်ခါသွားစေသည်။

'ဘာကြောင့်များ ဒီလိုချစ်ဖို့ ကောင်းနေပါလိမ့်' ဟု သူကြည်နူးစွာ တွေးသည်။

'မောင်လေး ရှင်းမယ်'

စားပွဲထိုးကိုကြည့်ရင်း သူမက ဆိုသည်။ 'ဟာ နေ ကိုယ်ရှင်းမှာပေါ့' ဟု မျိုးကျော်မော်တ ဖျာဖျာသလဲဆိုတော့ မျက်မှောင်ကြုတ်ကာ သူမက ခပ် ထန်ထန်ကြည့်သည်။ လူကြီးတစ်ယောက်က ကလေးတစ်ယောက်ကို ဆူရန် ဟန်ပြင်လိုက်သလိုမျိုး။

'စိတ်ဆိုးမှာနော်'

သူမ၏ အမိန့်လည်းမဆန် . . . ခြိမ်းခြောက်မှုလည်း မဟုတ်သော စကားလုံး လေးလုံးအောက်မှာ သူသည် မလှုပ်နိုင်သော မလှုပ်သော အရုပ် တစ်ရုပ်သာ။

ဘယ်လောက်ကျမှန်းတော့ မသိ၊ သက်ဖူးက သူမ၏ အိတ်ထဲမှ တစ် ထောင်တန်အချို့ကို စားပွဲထိုးအားပေးပြီး 'မအမ်းနဲ့တော့နော်' ဟု ဆိုလိုက် သည်။

'တစ်ခါထဲပဲ ညောင်ပင်တွေဘက်ကို သွားကြမလား'

သူမ မတ်တတ်ရပ်ရင်း ဘေးလွယ်အိတ်ကို လွယ်လျက်မေးသည်။ မျိုးကျော်မော်လည်း ယောင်အမ်းပြီး ခေါင်းကိုညိတ်သည်။ ပြီးတော့မှ ကင်မရာ မပါသေးတာကို သတိရလိုက်သည်။

'ဟာ နေဦး သက်ဖူး၊ ကိုယ် ကင်မရာ သွားယူလိုက်မယ်၊ ဟိုရောက် တော့ ဓာတ်ပုံလေး ဘာလေး ရိုက်ရတာပေါ့'

သူက ခေါင်းကို အသာအယာညိတ်ပြသည်။ နှစ်ယောက်သားထမင်း



www.burmeseclassic.com

www.burmeseclassic.com



စားခန်းမှ ထွက်ခဲ့လေသည်။

'ဒီကပဲ စောင့်မယ်နော်'

သူမက ဟိုတယ်ရှေ့ မျက်နှာစာမှာပင် ရပ်လျက်ဆိုသည်။ သူအခန်းဘက်သုတ်ခြေတင်ရသည်။ ကင်မရာကို ယူဆင်းတော့ သူ့ ကင်မရာကြီးတို့ကြည့်ကာ သူမက မျက်လုံးကြီးပြူးသည်။

'ဟာ ကိုမျိုးကျော်ကင်မရာကြီးကလည်း ကြီးလိုက်တာ'

'ဟဲဟဲ ဒါမျိုးက ဆရာကြီးတွေ ကိုင်တာလေ၊ ဒီဂျစ်တယ် ကင်မရာသေးသေးလေးတွေက ကလေးကလားပါ၊ ကလေးတွေကိုင်တာ'

သူ ဓာတ်ပုံရိုက်ပေးဖူးသော သူမတို့၏ ဒီဂျစ်တယ် ကင်မရာတို'ကလေးကလား'ဟု အပြောခံလိုက်ရသဖြင့် သူမက မျိုးကျော်မော်ကို 'ဒိုင်း'ခနဲ မျက်စောင်းထိုးပြန်သည်။

သူက သူ့ ကင်မရာကြီးကို ရှေ့သို့ လွယ်ချလိုက်သည်။

'ညောင်ပင်ကြီးတွေက အကြီးကြီးပဲနော်၊ ဘယ်လောက်တောင်ကြာပြီ လဲ မသိဘူး'

သူမက ညောင်ပင်တန်း၏ အလှအပကို ကြည့်ရင်းဆိုသည်။

'နှစ်ပေါင်း ရာချီလောက်ပြီပေါ့ သက်ဖူးရယ်၊ တချို့အပင်တွေဆိုညောင် မုတ်ဆိတ်တွေတောင်ထွက်ပြီး တွဲလဲ ကျနေပြီ'

သူမက ကလေးတစ်ယောက်လို ခေါင်းကို အသာအယာညိတ်သည်။ မြေညီနှင့် ထိလုမတတ် ညွတ်ကိုင်းကာ ကျနေသော ညောင်ပင်ကြီးမှာ သူမတို့ဓာတ်ပုံ ရိုက်ပေးဖြစ်သည်။

'လာ သက်ဖူးကို ကင်မရာပေး၊ ကိုမျိုးကျော်ကို ရိုက်ပေးမယ်'

'ဟာ နေပါစေ သက်ဖူးရ၊ ကိုယ်က ရိုက်ပေးတာပဲဝါသနာပါတယ်၊ အရိုက်ခံရတာ ဝါသနာ မပါဘူး၊ ရှက်တယ်ကွ'

သူ့အပြောကြောင့် သူမက 'ဟက်'ခနဲ ရယ်သည်။

လူတော်တော်များများလိုပင် သူမကလည်း 'မလုပ်နှင့်' ဆိုတာတို့လုပ် ချင်သည်။ ဓာတ်ပုံအရိုက်ခံရမှာ ရှက်ပါသည်ဟု မျိုးကျော်မော် ပြောလိုက်မှ ရှေ့တိုးကာ ကင်မရာကို ဖွတ်ယူသည်။

'မရဘူး၊ ရိုက်ပေးမယ်ဆို ရိုက်ပေးမှာပဲ၊ ပေးပေး ကင်မရာ'



www.burmeseclassic.com

www.burmeseclassic.com



'မလုပ်ပါနဲ့ သတ်ဖူးရာ ကိုယ်ရှက်တယ်ကွ'

သူ ရှက်ရှက်ဖြင့် မျက်နှာနီရဲကာ ငြင်းလေလေ သူမက ညစ်ကျယ်ကျယ်ဖြင့် တင်မရောတို ခွတ်တောင်းလေလေ။

'ပေးတွာ တစ်ပုံစဲ ခိုတ်မှာ Only One ပဲ'

နောက်ဆုံးတော့ မိုးကျော်မော် အလျှော့ပေးလိုက်ရသည်။ မျက်နှာခပ်စူစူနှင့်သော သူ့ကို သူမက ပြုံးစိစိဖြင့် ကြည့်သည်။

'ဘုတ်တဲ့ တောင်ကြီးက ကောင်မလေးကို လွမ်းတဲ့ ပုံစံလေးရှင့်'

သူ့အပြောကြောင့် တင်မရာဖြင့် ချိန်ထားသော သူမကို ကြည့်ရင်း သူ 'တတ်'ခနဲ ရှက်ရယ် ရယ်ဖြစ်သည်။ ဒါကိုပင် သူမက 'ဖြတ်' 'ဖြတ်'ဟု နှစ်ပုံရအောင် ခိုတ်လိုက်သည်။ သတင်းသမားတစ်ယောက်လို ရိုက်ချက် ကျွမ်းကျင်သော သူမ တင်မရောကို သူ့ဆီ ကမ်းပေးရင်း 'တစ်ပုံက အဆစ်ရိုက်ပေးလိုက်တာ' ဟု ဆိုသည်။

'ဟဲ ဝင်းတယ သမိုင်းဆိုတာ ပြောပြမယ်ဆို ပြောတော့' သူမက မြေကြီးနှင့် ထိလုထိခင် ဖြစ်နေသော ညောင်ကိုင်းမှာ ခြေတွဲလောင်းလေးချကာ ထိုင်ရင်း တလေးတစ်ယောက်လို ပူဆာသည်။

သူ့နှင့်သူ့ဥလျက်ထိုင်လိုက်သော ခဏမှာ သူမထံမှရသော ဆံနွယ်မှ Shampoo ရနံ့တလေးက သူ၏ရင်ကို ခုန်နှုန်းမြန်စေသည်။ အာခြောက်သလိုလို ရှိသည်မို့ သူ တံတွေးကို 'ဂွက်' ခနဲ နေအောင် မျိုချသည်။

'ဟိုး တစ်ချိန်တုန်းက'

'အာ ဟိုးရှေးရှေးတုန်းက လုပ်ပါ'

သူမက ဖုန်တန်ကန်ဖြင့် ဆိုသည်။

'အေးပါ ဟုတ်ပါပြီဗျာ၊ ကဲ ဟိုး ရှေးရှေးတုန်းက . . .'



www.burmeseclassic.com

www.burmeseclassic.com

## ၆

ရှေးလွန်လေ ပြီးသောအခါက ဗာရာဏသီ ဟုခေါ်သော ပြည်ဗာရာ (ဗာရာဏသီပြည်) ကြီး၌ အုပ်စိုးတော်မူသော မင်းကြီးတစ်ပါးရှိလေသည်။

ထိုမင်းကြီးသည် မင်းကျင့်တရား ဆယ်ပါးနှင့်အညီ စိုးစံသဖြင့် ဗာရာဏသီ ပြည်ကြီးမှာ သာယာ စိုပြေလျက်ရှိလေသည်။ ၎င်းမင်းကြီး၌ ကုမ္ဘာသယ (သုမန) မင်းသားဟု ခေါ်သော ရုပ်ဆင်းအင်္ဂါ လွန်စွာ ချောမော လှပ တောင့်တင်းသော သားတော် တစ်ပါး ရှိလေသည်။

ထိုသားတော်သည် ယောကျ်ားကောင်းတို့၏ ကြွန်အင် လက္ခဏာ တို့နှင့် ထူးခြား ပြည့်စုံသကဲ့သို့ လက်ရုံးရည် နှလုံးရည်မှာ ထူးချွန်ထက်မြက် သဖြင့် အတိုင်းတိုင်း အပြည်ပြည်မှ မင်းတို့၏ အလယ်တွင် မင်းသား၏ ဥဏ်သတင်းကား မွှေးပျံ့လျက်ရှိလေ၏။

မင်းသားသည် ခွန်အားဗလ သန်စွမ်းသကဲ့သို့ ရဲစွမ်းသတ္တိမှာလည်း သူမတူအောင်ပင် ထက်ထက်မြက်မြက် ရှိလေသည်။ မင်းသားတို့ တတ်အပ်သော ဓားခုတ် လှံထိုးစသည့် အဋ္ဌာရသ (၁၈)ရပ် အတတ်ပညာတို့ကိုလည်း ချွန်းကျွမ်း ကျင်ကျင် တတ်မြောက်လေသည်။

ထိုအဋ္ဌာရသတစ်ဆယ့်ရှစ်ရပ်ဘွင်မှ လေးမြားဟူသော အတတ်ပညာ



www.burmeseclassic.com

www.burmeseclassic.com



ဩမင်းသားသည် တစ်ဖက်တမ်းခတ် တတ်ကျွမ်းလေသည်။

'နောင်ကြီး ကျွပ်တို့ ဘုရင်ကြီးရဲ့ သားတော်က လေးမြားအတတ်မှာ အင်မတန် ကျွမ်းကျင်ဆိုပဲဗျ'

'တာ ဘယ်တလာ ကျွမ်းကျင်ရှုံကမလဲ အဆွေရဲ့ တစ်ဖက်ကမ်းခတ်တို့ တတ်မြောက်နေပါတလားဗျ'

ဤသို့လျှင် တိုင်းသူပြည်သားတို့မှာ ကုမ္မာဘယ (သုစနု) မင်းသား၏ ဘုန်းတန်ခိုးကြီးမားပုံတို့ တအံ့တသြ ပြောဆိုချီးမွမ်းပြောဆို၍ မဆုံးနိုင်၊ ဂုဏ်သူ ဝမ်းမြောက်မဆုံးနိုင် ရှိနေကြလေသည်။

တစ်နေ့သောအခါတွင်မတော့ ဖခင်ဖြစ်သူ ခမည်းတော် မင်းကြီးနှင့် မယ်တော် မိဖုရားတို့က သားတော်ကို ရှေ့တော်မှောက်သို့ ခစားစေလေသည်။

'သားတော် အခစား ရောက်ရှိကြောင်းပါ ဘုရား'

'အေး အေး အေး သားတော်။ သားတော်ဟာဆိုရင်ဖြင့် အရွယ်လည်း ရောက်၊ ပညာလည်းတတ်မြောက်ခဲ့ပြီး ခမည်းတော်တို့လည်း သက်တော်ကြီးရင့်ပြီ မို့ သားတော်ကို မျိုးရိုးစဉ်ဆက် မပျက်စီးစေရန်အတွက် နန်းတွင်းသူတညာ တစ်ယောက်နဲ့ လက်ဆက်ပေးတော် မူလိုတယ်ကွဲ့'

ခမည်းတော်၏ မိန့်တော်မူလိုက်သော စကားကြောင့် သုစနု မင်းသား ခဏ လတ်အုပ်ချီလျက်က ဦးခေါင်းညွတ်ကာ ကျလေသည်။ သူ့အနေဖြင့် နန်းတွင်းသူနှင့် လက်မဆက်လို။ အိမ်ထောင်မှုကိုလည်း စိတ်မဝင်စားသေး၊ တောတောင် ရေမြေ အထွေထွေသာ လှည့်လည်သွားလာလိုစိတ် ထက်သန်ထပေသည်။

'မှန်လှပါ၊ သားတော်အနေနှင့် လက်ထပ်ရန် အလို့ငှာ စိတ်မဝင်စားကြောင်းပါ ဘုရား'

'ဟေ'

'ဩော် သားတော်ရယ် မယ်မယ်ဘုရားတို့က မိဘဝတ္တရားရှိသည်နှင့် အညီ ထိမ်းမြားခြင်းလျှင်' ဆိုတဲ့ မင်္ဂလာကိစ္စကို ဆောင်ရွက်လိုတာပါ၊ သားတော်အနေနဲ့ ချစ်ရမယ့် ကညာရှိရင်လည်း လျှောက်တင်ပြီး ခွင့်တောင်းသို့ ရပါတယ် သားတော်ရဲ့'

ဘုရင်မင်းကြီး၏ အာမေဍိတ်သံနှင့်အတူ မိဖုရားကြီး၏ ချော့မော့



www.burmeseclassic.com

www.burmeseclassic.com



ဖျောင်းဖျသံက ရှေ့ဆင့်နောက်ဆင့်ဆိုသလို ထွက်ပေါ်လို့လာလေသည်။

'မှန်လှပါ မယ်တော်ဘုရား၊ သားတော်အနေနှင့် အိမ်ထောင်မှုကိစ္စ စိတ်မဝင်စားကြောင်းပါ ဘုရား'

သားတော်ဖြစ်သူက ခါးခါးသီးသီး ငြင်းပယ်သည်မို့ ခမည်းတော် ဘုရင်ကြီးနှင့် မိဖုရားကြီးမှာ ဖွတ်အတင်းအကျပ် စိစဉ်ခြင်းငှာ မစွမ်းသာရှိ နေကြလေသည်။

တစ်ကြိမ်လည်းမက၊ နှစ်ကြိမ်လည်းမက တိုက်တွန်းဖန်များလာသောအခါ သားတော် ဖြစ်သူ သုဓနုမင်းသားမှာ စိတ်တော်နွမ်း၍ မလန်းနိုင်ဘဲ ရှိလေရာ စိတ်ပြေလက်ပျောက် အလို့ငှာ တောလည်ထွက်ခွင့်ပြုပါရန် ခမည်းတော်နှင့် မယ်တော်ထံ ခွင့်ပန်ရလေသည်။

'ခမည်းတော်ဘုရား . . . သားတော် တောကစားမထွက်ရသည်မှာ ကြာမြင့်လှပြီဖြစ်၍၊ ခမည်းတော် ပိုင်နက်အတွင်း၌ သွားရောက်ကာ တောကစားလိုပါသည် ဘုရား'

လေသာဆောင်၌ ရှိနေသော ခမည်းတော်နှင့် မယ်တော်ဖြစ်သူတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ သားတော်သည် နန်းတွင်းသူနှင့် အတိထပ်ထိမ်းမြားပေးမည့်အကြောင်းကြောင့် လွန်စွာ စိတ်ညစ်နွမ်းနေပြီ ဖြစ်ကြောင်း သိလိုက်ကြသည်။

မယ်တော်ဖြစ်သူက သက်ပြင်းကို ချသည်။ ဖခမည်းတော်ဖြစ်သူက ခေါင်းကို အခါခါညိတ်သည်။

'အင်း အေးလေ သားတော်အနေနဲ့ စိတ်ဆန္ဒ ပြင်းပြနေမှတော့ ခမည်းတော်အနေနဲ့ ခွင့်ပြုရုံသာ ရှိတော့တာပ'

'ကျေးဇူးတင် ဝမ်းမြောက်လှကြောင်းပါ ဘုရား'

ဤသို့ဖြင့် သုဓနုမင်းသားသည် နောက်လိုက်နောက်ပါ အခြွေအရံ များကို တစ်ယောက်မှ မခေါ်ဘဲ တစ်ပါးတည်း တောတောင်ရေမြေ အထွေထွေ ခြားနားမှုတို့ကို လေ့လာရင်း တောကစား ထွက်တော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## နဂါးပတ်တောင်

ဤတောင်တွင် အကျင့်သီလ၊ သမာဓိ ဉာဏ်ပညာနှင့် ပြည့်စုံတော်မူသော ရသေ့တစ်ပါး သတင်းသုံး၍ နေပေသည်။

ရသေ့ကြီး၏ ကျောင်းသခ်မ်းနှင့် မနီးမဝေး၌ နဂါးတစ်ကောင်သည် ဂဠုန်ရန် အစရှိသော ဘေးရန်တို့ကို မကြောက်မရွံ့ဘဲ တစ်ကောင်တည်း ရဲဝံ့စွာ နေလေသည်။

တစ်နေ့သ၌ ဂဠုန်ငှက်ကြီးတစ်ကောင်သည် ထိုနဂါးကို မြင်သောအခါ ဤသို့ ကြံစည် တွေးတောမိလေသည်။

'ဟယ် တယ်ပြီး ဆူဖြိုးလိုက်တဲ့နဂါး၊ သူ့အသားသာ စားလိုက်ရရင်ဖြင့် ဂဠုန်ငှက်တို့အလယ် ငါသာ ကံထူးရှင် ဂဠုန်ဖြစ်တော့မကိုး၊ တဲ လာလေ ရော့၊ အသာထိုးသုတ်ကာ ဖမ်းလိုက်မယ် ရစ်မ်းတော့ လဟယ်'

ဤသို့ဖြင့် ငှက်ကြီးဂဠုန်သည် နဂါး၏အလစ်ကို ထိုးသုတ်လေသည်။ ထက် ကောင်းကင်မှ လျှပ်တစ်ပြက် ဆင်းကာ ဦးခေါင်းကို ထိုးသုတ်သော်ငြား နဂါးမှာပါမလာ။ ခါးနေရာမှ လျင်မြန်စွာ ထိုးသုတ်သော်လည်း ဖမ်းမိမနိုင် အဖန်ပေါင်းများစွာ ကြိုးစားပါသော်လည်း နဂါးကို ဖမ်းခြင်းငှာ မစွမ်းသာဘဲ



www.burmeseclassic.com

www.burmeseclassic.com



အချည်းအနှီးသာ ဖြစ်ရလေ၏။

မောပန်းနေသော နဂါးသည် မောပန်း၍နေသော ဝဠုန်ကိုကြည့်လျက်တောတွင်း၌ ဝင်ရောက် ပျောက်ကွယ်သွားလေသည်။

ဒေါသကတစ်ဖက်၊ မောပန်းခြင်းက တစ်ဖက်ရှိသော ဝဠုန်တား ဤသို့ ဤနှယ် စဉ်းစားမိလေသည်။

'အင်း နဂါးမင်းသည်ပင်လျှင် ဂဠုန်မြင်က လွန်ကြောက်ကြလည်း ဤနဂါးမှာ ထူးခြားလှပါကလား၊ ဤနဂါးကား ငါ့အားမြင်သော်လည်း မကြောက်မရွံ့ နောက်မတွန့်ဘဲ တည်ငြိမ်လှ၏။ ဥပါယ်တံမျဉ်ဖြင့် သူမှာရှိသော လျှို့ဝှက်ချက်တို့ကို ငါစုံစမ်းအံ့။ ဤထူးခြားသော နဂါး၊ ငါစားကို စားရမဟဲ့'

နဂါးကို စားလိုသော ဂဠုန်မှာ ဤသို့တွေးရင်း စားလိုသောအာသာ ဖြင်းဖြင့် ရင်နင့်လုမတတ် နဂါးကို မုန်းတီးမိလေသည်။ ဤသို့ဖြင့် ၎င်းဂဠုန်သည် ဂမ္ဘီရတန်ခိုးရှိသော ဂဠုန်ဖြစ်၍ လူယောင်ဖန်ဆင်းလိုက်ကာ အနီးအနားလျှောက်သွားရင်း ကြည့်ရှုလေသည်။

'အလိုလို ရှေ့မှာ တည်ငြိမ်စွာရှိသော ရသေ့တစ်ပါးပါကလား၊ အင်း နဂါးစုတ်ရဲ့ ကိစ္စ စုံစမ်းနိုင်မှ တော်ရုံကာကျမယ်'

သစ္စာသမ္မာဓိ ဉာဏ်ပညာဖြင့် ပြည့်စုံလှသော ရသေ့ကြီးကို မြင်လျှင် ဂဠုန်ငှက်ကြီးက ထိုသို့ရေရွတ်မိလေသည်။ ထို့နောက် လူအသွင်နှင့်ပင် ရသေ့ကြီးတို့ လက်အုပ်ချီမိုး၍ ရှိခိုးလေသည်။

ရသေ့ကြီးကာ လူရှားသူရှား ဤတောဤတောင်၌ လူသားတို့ကို တွေ့ရခဲလှသဖြင့် အံ့ဩနေလေသည်။

'အသင် ဘယ်အရပ်ကလာလို့ ဘယ်အရပ်ကို သွားမလို့လဲ၊ တောကြီး ချောက်မည်းမှာ အန္တရာယ်က များပါဘိသနဲ့'

'တင်ပါ့ဘုရား၊ တပည့်တော်လည်း မသွားမဖြစ်မို့ သွားရသော ခရီးပါဘုရား တစ်ယောက်ထဲမို့ တပည့်တော်လည်း ကြောက်ကြောက်ရွံ့ရွံ့ အားတင်းကာ လာရကြောင်းပါ'

'အင်း လူ့လောကီမှာ အကြောင်းအရာမျိုးစုံနှင့် ဒုက္ခ သုက္ခ တယ်စုံလှသကိုး'

'တင်ပါ ဒါနဲ့အရှင်ဘုရား၊ တပည့်တော် ခရီးတစ်နေရာမှာ နဂါးတစ်



www.burmeseclassic.com

www.burmeseclassic.com



*ကောင်ကို ဂဠုန်တစ်ကောင် ထိုးသုတ်နေတာကို မြင်တွေ့ခဲ့ရကြောင်းပါ'*

လူယောင်ဆောင်ထားသော ဂဠုန်၏ လျှောက်တင်ချက်ကြောင့် ရသေ့ကြီး ပြုံးလိုက်သည်။ ဂဠုန်က ရသေ့၏ အပြုံးကို မြင်လိုက်ရသဖြင့် ဤကိစ္စကို ရသေ့ကြီး သိကြောင်း သိလိုက်ရလေသည်။

'၎င်း နဂါးကြီးကို ဂဠုန်ကလည်း နည်းအမျိုးမျိုးဖြင့် ထိုးသုတ်ပါတယ် ဘုရား၊ ဒါပေမယ့် ဂဠုန်ခမျာ မည်သို့မျှ နဂါးကို ရအောင် မစွမ်းဆောင်နိုင်ဘဲ ရှိပါတယ်ဘုရား၊ ယင်းနဂါးဟာလည်း အာဂ နဂါးပါဘုရား။ ဂဠုန်ကို မြင်လျှင် လိပ်ပြာ လွင့်မတတ်ကြောက်တတ်သော နဂါးတို့၏ ရာဇဝင်မှာ ဂဠုန်ကိုရှိသည်ဟု မထင်၊ ကြောက်ရွံ့ခြင်း အလျှင်းမရှိတဲ့ တကယ့်သတ္တိခဲပါ ဘုရား၊ အဲဒါကြောင့် ထိုနဂါးမှာ ထူးခြားသော လျှို့ဝှက်ချက် တစ်ခု ရှိရမည်ဟု တပည့်တော် ထင်ပါသည်ဘုရား'

ရှည်လျားလှသော လူယောင်ဆောင်ထားသည့် ဂဠုန်၏လျှောက်တင်မှု အဆုံး၌ ရသေ့ကြီးက ခေါင်းကိုညိတ်လိုက်သည်။

ထိုရသေ့မှာ အယောင်ဆောင် ဂဠုန်ကို တစ်ကယ့်လူအမှတ်ဖြင့် အထင် ရှိလေသည်။

'အမောင် လုလင်ပျို ယင်းဂဠုန်သည် အားကုန် မောပန်းရုံမှတစ်ပါး အကျိုးရှားလှ၏။ ထိုနဂါးကား ပတ္တမြား မျက်ရှင်ကို ငုံကာထားသဖြင့် ဂဠုန် တစ်ကောင်သာ မဟုတ်၊ တစ်ထောင်လာ သုတ်သော်လည်း ရရန် မရှိပြီ ကား။ ထို့ကြောင့် မိုးလောက်မက ကြီးမားလှသော ဂဠုန်ဖြစ်စေကာမူ ထိုးသုတ်၍ မရနိုင်၊ အတယ်၍ နဂါး၏ ဦးခေါင်းနှင့် ခါးပိုင်းမှ မထိုးသုတ်ဘဲ၊ အမြီးဖျား ကိုသာ ထိုးသုတ်လျက် ဦးခေါင်းပိုင်းကို ဇောက်ထိုးထားကာ ခါယမ်းပါက ငုံထားသော ပတ္တမြားမျက်ရှင် ထွက်ကျကာ ထိုနဂါးကို ရပေလိမ့်မည်'

ရသေ့ကြီး၏ စကားကို ကြားလျှင် ဂဠုန်သည် လွန်စွာ ဝမ်းမြောက် ဝမ်းသာ ဖြစ်လေသည်။

'ဟင်း ခေါင်းမာလှတဲ့ နဂါးရဲ့အသား ငါစားရချည်သေးရဲ့'

စိတ်မှ ထိုသို့ကြွေးကြော်သော ဂဠုန်သည် ရသေ့ကို ရှိခိုးကာထွက် လာခဲ့သည်။ ရသေ့အကွယ်သို့ ရောက်သောအခါ ပကတိ ဂဠုန်အသွင်သို့ ပြန်ပြောင်းလေသည်။ ထို့နောက် နဂါးကို လိုက်လံ ရှာဖွေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် မကြာမီမှာပင် နဂါးကို တွေ့ရှိလေသည်။

နဂါးသည် ဂဠုန်ကို မြင်သောအခါ ထုံးစံအတိုင်း မကြောက်မရွံ့ဘဲ နေလေသည်။ ဂဠုန်သည် ပြင်းစွာသော အဟုန်ဖြင့် နဂါး၏ အမြီးကို ထိုးသုတ်တာ ဦးခေါင်းပိုင်းကို ဖောက်ထိုးထားလျက် အားအင်အပြည့်ဖြင့် ခါယမ်းလေသည်။

အညာကို အကိုင်ခံရသော နဂါးခမျာ ခံတွင်း၌ ငုံထားသော ပတ္တမြားမျက်ရှင် ထွက်ကျလာပါလေတော့သည်။

ထိုအခါ ဂဠုန်က ဤသို့ တွေးကြော် ပြောဆို၏။

'ဟယ် အသင်နဂါး၊ ခုများမတော့ ငါ၏ အစာဖြစ်ရပေပြီပေါ့၊ ယခုအခါ အသင် ဘာများတတ်နိုင်သေးသနည်း'

ဟားတိုက် ရယ်မောရင်း ကြိမ်းဝါးလိုက်သောဂဠုန်၏ အသံမှာ နဂါး၏ ကြောက်လန့်သွားသော စိတ်ကို ပိုမိုဖြစ်ပေါ်စေလေသည်။

ထိုအချိန်ဝယ် လေးနှင့်မြားကို ကိုင်လျက်ခရီးဆက်နေသော သုစနု (ခေါ်) ကုမ္ဘာဘယ မင်းသားကို တွေ့မြင်လိုက်ရသော နဂါးက ဤသို့ စဉ်းစားလေသည်။

'အင်း ငါကား ဂဠုန်၏ အစာ ဖြစ်ရချေတော့မည်၊ လှမ်းမြင်လိုက်ရသော မင်းသားက ချောမောပြေပြစ်လှပေသည်။ စိတ်ကောင်း နှလုံးကောင်းရှိပါမူ ဒုက္ခဖြစ်နေသော ငါ့အား ကယ်တင်ပေလိမ့်မည်'

ထို့နောက် နဂါးက 'အို အရှင်မင်းသား အကျွန်ုပ်အား ကယ်တော်မူပါ၊ ဂဠုန်စာ ဖြစ်မည့် ကျွန်ုပ်အား ချမ်းသာခွင့်ရအောင် ကူညီပါလျှင် ကျွန်ုပ် အသက်ရှင်သရွေ့ အရှင်မင်းသား၏ လိုအပ်သမျှကို ကျေးဇူးဆပ်ပါမည်ဘုရား'

ငိုယိုတောင်းပန်သော နဂါး၏ အသံကြောင့် သုစနု မင်းသားသည် ဒုက္ခဖြစ်နေရရှာသော ဂဠုန်စာ နဂါးကို တွေ့မြင်လေသည်။ မင်းသားလဲ သနားစိတ် ဖြစ်ပေါ်ကာ လေးနှင့် ဂဠုန်အား ခွင်းကာ နဂါးကို ကယ်တင်လေသည်။

တစ်ဖက်ကမ်းခတ် ကျွမ်းကျင်သော မင်းသား၏ပစ်မလွဲ လေးခတ်မှုကြောင့် ဂဠုန်ခမျာ မြားဒဏ်ရာဖြင့် တောင်းတင်မှ ကျလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းသား၏ မြားဒဏ်ဖြင့် အသက်ငင်ကာ သေရွာလားတော့မည့် သေအံ့မူးမူး အစားကြူးသည့်ဂဠုန်က ဤသို့နှုယ် ကြုံးဝါး (ကြိမ်းဝါး) လေသည်။

'တယ် ငါဖမ်း၍ရသော အာဂနဂါးအား ငါစားမည်ကြံရုံရှိသေး ငါသာ လေးစာ မိလေပြီ။ ငါ့အား လေးဖြင့် ပစ်ခွင်း ရက်ရက်စက်စက် နှိမ်နင်းသည့် လူသား ငါကား ယခုပင် အသက်ငင်နေလေပြီ၊ ဤဘဝမှာ ခန္ဓာစဲကာ နောင်ခါ ဘဝ နောက်ဘဝ၌ ခန္ဓာကြီးစွာ ကိုယ်နှင့် အင်အားပြည့်ဖြိုး တန်ခိုးအရာ တောက်ပစွာဖြင့် သင်၏ သွားလေရာ လမ်းတကာ၌ ရန်မူနိုင်ပါစေသား'

ဂဠုန်သည် ထိုသို့ ကြိမ်းဝါး ဆုတောင်းပြီးသည်နှင့် ခန္ဓာစဲလေသည်။ ၎င်းဆုတောင်းကြောင့်ဂဠုန်သည် လက်ရှိခန္ဓာ ရုပ်နာမ်စဲကာ မလှမ်းမကမ်း အနောက်ဘက်မှ တောင်တန်း ကမ်းပါးယံရှိ ဥမင်လိုဏ်ဂူ သုံးခုအနက် အလယ်ဂူ၌ ကြီးမားတောင့်တင်းသော ပင့်ကူကြီး ဖြစ်လာလေသည်။

ဂဠုန်စာဘေးမှ သီသီလေး လွတ်မြောက်လာသော နဂါးမှာဝမ်း မြောက်ဝမ်းသာဖြင့် မင်းသားထံသို့ ချဉ်းကပ်လေသည်။

'အရှင်မင်းသား၊ အရှင်မင်းသား၏ ကျေးဇူးကြောင့် ကျွန်ုပ်နဂါး၊ ဂဠုန်စားမည့်ဘေးမှ သီသီကလေး လွတ်မြောက်ခဲ့ပါသည်။ အသက်ချမ်းသာရာ ရခဲ့သော ကျွန်ုပ်၏ တတိစကားအတိုင်း နောက်နောင် အရှင်မင်းသား လိုအပ်တိုင်း ကျွန်ုပ်အား သတိရတော်မူပါ။ ထိုအခါများ၌ မြေပြင်ကို သုံးကြိမ် သုံးခါ ပုတ်ကာဖြင့် ခေါ်ယူတော်မူပါ၊ မကြာစေရ၊ ကျွန်ုပ် ခစားပြပါမည်။ လာရောက်တာ ကျေးဇူးဆပ်ပါမည်။ အရှင်မင်းသား'

'အို အသင်နဂါး၊ ကျေးဇူးစကားဆိုသောကြောင့်ဖြင့်ပင်လျှင် ကျွန်ုပ် ဝမ်းမြောက်လှပေပြီ။ အကယ်၍ နောက်နောင် လိုအပ်ခဲ့ပါမူ ခေါ်ယူလိုက်ပါမည်'

မင်းသား၏ စကားကြောင့် နဂါးလည်း ကျေနပ် ဝမ်းမြောက်လျက်နှင့် ၎င်း၏ နေရာဌာနသို့ ပြန်လေသည်။

သူမနှ မင်းသားလည်း တောတောင်ရေမြေ အထွေထွေတို့ကို ကြည့်ရှု ခံစားရင်း ခရီးဆက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ငွေတောင်ပြည်

ငွေတောင်ပြည်ကြီးကို စိုးစံရသော နတ်မင်းကြီး၌ အလွန်တရာလှပကာ ကျက်သရေ ရှိလာသော သမီးခုနစ်ပါးရှိလေသည်။ တစ်နေ့သ၌ သမီးတော် နတ်သမီး ခုနစ်ဖော်တို့မှာ ယခု ပင်းတယ (ပုန်းတလုတ်) ရေကန်တစ်ခု၌ ရေကစားရန် ဖခမည်းတော်ထံ ခွင့်ပန်လေသည်။

'ဖခမည်းတော်ဘုရား . . . သမီးတော်တို့ ရေကစားနေကျဖြစ်သော သာယာလှပလွန်းသည့် ရေကန်၌ ရေချိုးသွားရန် ခွင့်ပြုတော်မူပါ'

'အိမ်း၊ သမီးတော်တို့ သွားလမ်းအမြန် ပြန်လမ်းမနှေး သတိဝီရိယ ဖြင့်သွားကြလေကုန်'

နတ်သမီး ခုနစ်ဖော်တို့လည်း ဖခမည်းတော် ခွင့်ပြုချက်ကိုရသည် နှင့် တစ်ပြိုင်နက် ပျော်ရွှင်စွာဖြင့် အင်မတန် ဝေးလှသော အရပ်ရှိ ရေကန်ဆီ လာကြလေသည်။

(၎င်းတို့ လာရောက်ကြသော ရေကန်မှာ ရှေးယခင်က မရှိ သာယာ နာပျော်ဖွယ်ကောင်းလှသော ဤဒေသ၌ ရေကန်ရှိလျှင် ကောင်းလေစွတကား ဟု နဂါးတစ်ကောင်က တွေးတောမိလေသည်၊ ထို့ကြောင့် ဝေးကွာလှသော အရပ် ရှိ ကန်ကြီးတစ်ကန်မှ ရေတို့ကို ငုံယူလာကာ ဤရေကန်နေရာ၌ ထွေးအန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဤကန်အတွင်းရှိ ရေတို့သည် ဤကမ္ဘာတည်သရွေ့ မခန်းဘဲ ရှိပါစေသတည်း' ဟုအမိဋ္ဌာန်ခဲ့လေသည်။ ထို့ကြောင့် 'ပင်းတယ'တန်သည် ရေသေဖြစ်သော်လည်း ရေဆိုးရေညစ် ဖြစ်မသွားဘဲ ရှင်သန်နေခြင်း ဖြစ်သည်။

နဂါးအမိဋ္ဌာန်ခဲ့သော ရေကန်ဖြစ်၍ 'နာဂ နဂါး မိဋ္ဌာန် ပုတ်တလုတ်တန်' ဟု ခေါ်တွင်ကြကြောင်း ရှေးလူကြီးသူများထံမှ ကြားနာခဲ့ရဖူးသည်။)

ရေကန်သို့ ရောက်သောအခါ နတ်သမီး ကညာ ခုနစ်ဖော်တို့မှာ ပျော်ရွှင်စွာဖြင့် ရေကစားကြလေသည်။

သာယာလှပသော ရေကန်၌ ရေကစားရင်းနှင့် အချိန်တို့က ကုန်မှန်းမသိကုန်၍ လာလေသည်။

'ဟယ် ညီမတော်တို့၊ အလင်းရောင်ပင် ကွယ်ပျောက်၍ အမှောင်ကျရောက်လုပြီ၊ မှောင်နှင့်မည်းမည်း ညဥ့်နက်ထဲဝယ် အဘယ်သို့ အပြန်လမ်းသိနိုင်ပါမည်နည်း'

အပျော်လွန်နေသော နတ်သမီးတို့သည် အကြီးဆုံး နတ်သမီး၏ အလန့်တကြားအပြောကြောင့် အချိန်ကုန်သွားသည်ကို သတိပြုမိကြလေသည်။

'အို ဒီလိုမှောင်နေမှတော့ ပြန်ရင်လည်း လမ်းလွဲရုံသာရှိတော့မပ၊ ဖခမည်းတော် ဆူခါမှ ဆူစေတော့၊ ယခု တစ်ညတာ အိပ်စက်ရန် လုံခြုံသော တစ်နေရာ ရှာကြဦးအံ့'

ညီအစ်မ ခုနစ်ဖော်အနက်မှ သတ္တိရှိသော နတ်သမီးတစ်ပါးက ပြောသည်တွင် ကျန်နတ်သမီး ခြောက်ဖော်က သဘောတူကြသည်။

ဤသို့ဖြင့် တစ်ညတာအတွက် လုံလုံခြုံခြုံ အိပ်စက်နိုင်မည့်နေရာကို ဝိုင်းရှာကြရာ ရေကန်၏ အနောက်ဘက်၌ရှိသော ဂူကြီးသုံးဂူအနက် အကျယ်ဝန်းဆုံးဖြစ်သော တောင်ဘက်ဆုံး လိုဏ်ဂူကို အားလုံးက သဘောတူ ရွေးချယ်လိုက်ကြလေသည်။

ဂူကြီးမှာ နေချင့်စဖွယ်ဖြစ်ကာ ကျယ်ကျယ်ဝန်းဝန်းလည်းရှိသည့်ဖို့ နတ်သမီးခုနစ်ဖော်တို့မှာ စိတ်ချလက်ချပင် အိပ်စက်ကြလေတော့သည်။

ဂူကြီး သုံးဂူအနက် အလယ်ဂူ၌ နေထိုင်သော ပင့်ဂူကြီးသည် တောင်ဘက်ဂူမှ မင်းသမီးတို့၏ စကားပြောသံကို ကြားရသဖြင့် ဤသို့ပြောလေသည်။

www.burmeseclassic.com





'အင်း စားရကံ့ကြုံတော့ မုတ်ဆိတ်ပျားစွဲ၊ ငါ့ပိုက်နက်ထဲ ရောက်လုမ ဆတ် လာလတ်သော သားကောင်များပါတကား၊ အင်း အသံက များများမို့ သားကောင်များများ ဖြစ်ပေလိမ့်မည်။ ယင်းဂူဝှကိုပိတ်ကာ ဆာတိုင်း အလှည့် ကျ စားရချည်သေးရဲ့'

ပင့်ကူကြီးသည် ကြီးမားသော ခန္ဓာကိုယ်နှင့် မမျှအောင် ဖျတ်လတ် သွက်လက်စွာဖြင့် တောင်ဘက်လိုဏ်ဂူသို့ ပြေးလေသည့်။

လိုဏ်ဂူတွင်းတွင်မတော့ နတ်သမီး ခုနစ်ဖော်ခမျာ ကျရောက်လာ မည့်ဘေးကို မသိ၊ မောမောနှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြလေသည်။

'ဟင်းဟင်း ဒီသားကောင်တွေကို ငါ့ရဲ့ ပင့်ကူမျှင်တွေနဲ့ဂူဝကို အထပ် ထပ်ပိတ်ကာထားမှ ကောင်းတော့မယ်'

ပင့်ကူကြီးသည် လူတို့၏ လက်မောင်းထက်ပင် ကြီးချင်နေသေး သော သူ၏ ပင့်ကူမျှင်ကြမ်းတို့ဖြင့် လိုဏ်ဂူဝကို အထပ်ထပ်ပိတ်ဆို့ လိုက်ပြီး အလယ် ဥမင် လိုဏ်ဂူကို ပြန်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နံနက် မိုးသောက်အလင်းရောက်သောအခါ နတ်သမီး ခုနစ်ဖော်တို့သည် အိပ်ရာမှနိုးကြသည်နှင့် ဂူဝမှာ ပိတ်ဆို့ ကာထားသော ပင့်ကူမျှင်တို့ကို မြင်ရလျှင် များစွာ ထိတ်လန့်ခြင်းသို့ ရောက်ကြလေသည်။

အန္တရာယ်ဆိုတာကို သိလိုက်သည်နှင့် နတ်သမီး ခုနစ်ဖော်တို့သည် 'ကယ်ပါ ယူပါ' တစာစာဖြင့် အကူအညီ ရလိုရငြား အော်ကြလေသည်။

'ကယ်ကြပါ'

'ကယ်ကြပါ'

'ကယ်ကြပါ'

ထိုအချိန်၌ တောတောင် ရေမြေကို လှည့်လည် ကြည့်ရှုလျက်ပင် ရှိသေးသော မင်းသားက နတ်သမီးတို့၏ အကူအညီ တောင်းသံကို ကြားလိုက်ရလေသည်။

မင်းသားမှ မင်းသမီးတို့၏ အော်သံကို ကြားရသော် ထိုအရပ်ကို အော်ကြားဟု တွင်ခဲ့ရာမှ ယခုအခါ အော်ရောဟု အမည်ပြောင်းသွားပြီဖြစ်ပြီး ပင်းတယမြို့၏ အဝင်နေရာတွင် ယနေ့တိုင် ရှိဆဲဖြစ်သည်)။

သုဓနု'မင်းသားသည် ရေကန်အနီးမှ ထိုအသံတို့ကို ကြားရသည်နှင့် အသံရှိရာလာရင်း တောင်ဘက်ဆုံးလိုဏ်ဂူအတွင်း ပိတ်မိနေသော နတ်သမီး ခုနစ်ဖော်တို့ကို တွေ့လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com





နတ်သမီးတို့သည် အဆင်းလှပကာ တောင့်တင်းသော ခန္ဓာရှိသော သုဓနု မင်းသားကို တွေ့မြင်လိုက်ရသောအခါ ဝမ်းသာအားရဖြင့် အကူအညီ တောင်းလေသည်။

'အို အသင်။ ကျွန်ုပ်တို့ကား ငွေတောင်ပြည်ကို အစိုးရသော နတ်မင်းကြီး၏ သမီးတော်များဖြစ်ကြသည်။ ကျွန်ုပ်တို့သည် ဤတောင်ခြေ၌ရှိသော ရေကန်ကြီးတွင် ရေလာကစားကြရင်း အိမ်ပြန်ရန် မိုးချုပ်သွားသဖြင့် ကျယ်ဝန်းလုံခြုံမည်ထင်သော ဤဂူကြီးတွင် ညအိပ်ရန် ဆုံးဖြတ်ရင်း အိပ်စက်ခဲ့ကြသည်။

ထိုနတ်သမီးက စကားအရှည်ကြီးကို ကြောက်လန့်နေသည့်ကြားမှ အ ဆက်မပြတ် ပြောလိုက်ရင်း ခဏမျှနားသည်။

'မနက် မိုးသောက် အလင်းရောက်သောအခါ ဤသို့ ဂူဝပိတ်နေသည်ကို တွေ့မြင်ရပြီး ကြောက်ရွံ့လှသောကြောင့် အကူအညီပေးရန် ဟစ်အော်ခဲ့ကြသည်။ ကျွန်ုပ်တို့အား ကယ်တော်မူပါ အသင်မင်းသား၊ အကယ်၍ ကယ်တင်ကာ ရခဲ့ငြားက ကျွန်ုပ်တို့ ညီမအထွေးဆုံး ကညာပျိုဖြစ်သော 'ရှင်မိသာ (ဒွေးမယ်နော်)'ကို ပေးဆပ်ပါမည်။

မင်းသမီးကြီး၏ စကားအဆုံး ကုမ္မာဘယ (သုဓနု) မင်းသားသည် ပင့်ကူမျှင်အချို့တို့ကို သေချာစွာ ကိုင်တွယ်ကြည့်ရှုလေသည်။

'အင်း ဒါ ပင့်ကူကြီးကြီးတစ်ကောင်ရဲ့ ပင့်ကူမျှင်တွေကိုး၊ ငါအနေနဲ့ ဤပင့်ကူမျှင်များအား ဖြတ်တောက် ဖယ်ရှားပေးနေစဉ်အချိန်အတွင်း ပင့်ကူကြီးရောက်လာပါက အန္တရာယ်ကျနိုင်သည်။ ဂူဝကို ပိတ်ထားသည်မှ မကြာခင် သူ၏အစာဖြစ်သော ကညာပျိုတို့ကို စားရန်အလို့ငှာ သူလာပေလိမ့်မည် ထိုအခါမှ ငါ နှိမ်နင်းအံ့'

မင်းသား ထိုသို့ စဉ်းစားနေချိန်အတွင်း ပင့်ကူကြီးမှာ သူ၏အစာ သား ကောင်များကို စားသောက်ရန် ရောက်လာလေတော့သည်။ မင်းသားသည် ပင့်ကူကြီးကို အံ့ဩစွာ ကြည့်မြင်မိလေသည်။ ပင့်ကူကြီးမှာ အင်မတန်ကြီး မားကာ ထွားကြိုင်းလှပေသည်။

တစ်ကိုယ်လုံး ကြမ်းတမ်းလှသော အမွေးအမျှင်များဖြင့် ဖုံးအုပ်နေသောဆင်စွယ်ခန့်ရှိသော အဆိပ်ရည်လွှမ်းနေသော အစွယ်ကြီးများဖြင့်လှုပ် လှုပ်လှုပ်လှုပ်လှုပ်ဖြင့် ဂူသို့ မနှေးမမြန် ရောက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းသားသည် ပင့်ကူအား 'ဟဲ့ ပင့်ကူယုတ်၊ သင်လုပ်သော အလုပ် တဆိုးရွားလှချည်လား၊ အားမတန် မာန်မမျှသော နတ်သမီးတို့ကို ဘယ်အပြိုး ဖြင့်ဆိုးဆိုးယုတ်ယုတ် ဥဏ်ကုန်ထုတ်၍ နှိပ်စက်ညှဉ်းကာ စားရန်အလို့ငှာ ကြံဘိသနည်း'

ဟု ကြိမ်းဝါး မောင်း (အော်)လေသည်။

နတ်သမီးများကို စားရန်အတွက် အားခဲကာ လာခဲ့သော ပင့်ကူကြီး သည်ထွက်ပေါ်လာသော ခန့်ညား တည်ငြိမ်သည့် အသံကြောင့် အသံလာရာ လှည့်ကြည့်လေသည်။

'ဟင် ယခင်ဘဝက ငါ့အား သတ်ဖြတ်ခဲ့သော လူသား၊ ခုများဖြင့် ငါ့ ရှေ့တော်မှောက် အမြန် ရောက်လာခဲ့ပြီကိုး၊ ဝဋ်ုန်ဘဝက ခံခဲ့ရသမျှ ခုမှ အကြွေးဆပ်နိုင်တော့မယ်'

ပင့်ကူသည် မင်းသားကို မြင်သည်နှင့် ရန်ကြွေးဟောင်းတို့ ထောင်း ထောင်းထတာ ဒေါသကြီးစွာဖြင့် ကျွဲအရွယ် နွားပမာဏရှိသော မာကျောလှ သည့် ကျောက်တုံးကြီးများကို ခြေလက်တို့ဖြင့် ရိုက်ခွဲကာ ရန်စောင်လေသည်။

မင်းသားသည် လက်ကိုပိုက်လျက် မတုန်မလှုပ်ဖြင့်ပင် ပင့်ကူကြီးကို တည်ငြိမ်စွာ ကြည့်သည်။

'ဟယ် ပင့်ကူယုတ်မာ ဤမျှသာ သင်စွမ်းသလော၊ သင့်အစွမ်းမှာ ရယ်ရွှင်ဖွယ် ကောင်းလှပေသည်'

မင်းသား၏ မေးခွန်းကြောင့် ပင့်ကူကြီးမှာ ဒေါသအမျက် ချောင်း ချောင်း ထွက်လေသည်။

ထို့ကြောင့် ပင့်ကူကြီးက ဆင်ပမာဏရှိသော ကျောက်တုံးကြီးများကို ခြေလက်တို့ဖြင့် တန်ကျောက်ရိုက်ခွဲပြလေသည်။

ကွဲသွားသော ကျောက်တုံးအစအနများက ဂူအတွင်းသို့ လွင့်စင်ကျ သောအခါ မင်းသမီးတို့မှာ ကြောက်လန့်ရင်းနှင့် သူစနုမင်းသားအတွက် လွန် စွာ စိုးရိမ်မိကြလေသည်။

မင်းသားမှာကား မည်သို့မျှ မတုန်လှုပ် ကျောက်ရုပ်ကဲ့သို့ ခန့်ညားစွာ ဖြင့် နေရာမှာပင် တည်ငြိမ်စွာ ရပ်မြဲရပ်နေလေသည်။

ပင့်ကူ ရိုက်ခွဲလိုက်သော ကျောက်တုံးကြီးမှာ အစိတ်စိတ်အမွှာမွှာကွဲ



www.burmeseclassic.com

www.burmeseclassic.com



တာတောင်ခြေသို့ လိမ့်ကျတုန်ကြသည်။

ပင့်ကူကြီးမှာကား ဒေါသအမျက် ပိုမိုထွက်လာလေသည်။ မင်းသားတတည်ငြိမ်စွာ နေလေလေ သူ့အနေနှင့် အမျက်ပိုထွက်လေလေပဲ ဖြစ်သည်။

'ဟယ် ပင့်ကူယုတ်မာ ငမိစ္ဆာ၊ သင့်မှာရှိသော အစွမ်းအား ငါကြည့်ပြီးလေပြီ၊ ငါ့အစွမ်းကိုလည်း သင်မြည်းစမ်းလေ'

မင်းသားက ပင့်ကူကြီးကို ထိုသို့ဟစ်အော်ပြောလိုက်ရင်း မြားတစ်စင်းကို လေးညှို့ပေါ်မှတစ်လျှောက် ပင့်ကူကြီးဆီ ချိန်ရွယ်လိုက်သည်။

မြားနှင့် လေးကိုတင်လိုက်ချိန်၌ပင် ကျယ်လောင်စွာ မြည်ဟီးသံထွက် ပေါ်လာသဖြင့် ပင့်ကူကြီးမှာ မှင်တက်မိနေရှာသည်။ ချိန်ရွယ်ထားသော မြားကိုပစ်လွှတ်လိုက်ချိန် တော်လဲသံကဲ့သို့ ပဲ့တင်ထပ်သောအသံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ပင့်ကူကြီးမှာ ဦးခေါင်းတည့်တည့်သို့မှန်သော မြားချက်ကြောင့် နောက်သို့ပင် ဆုတ်၍သွားသည်။

မင်းသားက ထိုနေရာကိုပင် နောက်ထပ် မြားတစ်စင်းဖြင့် ပစ်ခွင်းလိုက်ပြန်လေသည်။

မြားဒဏ်ချက်ဖြင့် အသက်ငင်ကာ သေအံ့မူးမူးဖြင့် နာကျင်မှုနှင့် ဒေါသရောနေသော ပင့်ကူကြီးမှာ ဤသို့ စဉ်းစားကာ ကျိန်ဆိုလေသည်။

'ငါသည်ကား ဤသူယုတ်မာ၏ လက်ချက်ကြောင့် ဂဠုန်ဘဝတလည်း အစာစားရန် ဆဲဆဲ သေခဲ့ရ၏။ ယခုဘဝ၌လည်း အစာစားရန် ဆဲဆဲ၌ သေရ ပြန်ဦးတော့မည်။ ဤသူကို ငါသည်ကမ္ဘာကြေသော်လည်း မကျေနိုင်၊ ယခု ဘဝ စုတေရပြီးနောက် ခန္ဓာ၌ ဒင်းအား နှိပ်စက်သတ်ဖြတ်နိုင်သော ဘီလူးကြီး တစ်ကောင်အဖြစ် သူသွားရာလမ်းမှာ ဖြစ်ပါစေသား'

သုခနုမင်းသားမှာကား ယုတ်မာပက်စက်လှသော သေဆုံးသွားသည့် ပင့်ကူကြီးကို ကြည့်ကာ 'ပင့်ကူကိုရပြီ' ဟူ၍ သုံးကြိမ်တိုင်တိုင် ကြုံးဝါးလျက် လက်ခမောင်းကို 'ဖြောင်းဖြောင်း' မြည်အောင် ခတ်လေသည်။

(ကုမ္မာဘယ (သုခနု) မင်းသား ကြွေးကြော်ကြုံးဝါးသည်ကို အစွဲပြု၍ ဤအရပ်ဒေသကို ပင့်ကူရဟုခေါ်တွင်လေသည်။ နောင်တာလ ရွေ့ရှားလာသောအခါ ပင်းတယဟု အမည်တွင်လေသည်။)



www.burmeseclassic.com

www.burmeseclassic.com



(ဒေါက်တာသန်းထွန်း MA, B.L, Ph.D (London) သမိုင်းပါမောက္ခနှင့် သိန်းသန်းထွန်း)တို့ ပြုစုသော ပင်းဒယ ရွှေဥမင်စေတီနှင့် ပင်းတယ ဂူသမိုင်းစာအုပ်တွင်မူ ပင်းတယဆိုသော အမည်မှာ ရှမ်းနာမည် ဖြစ်ပြီး ယင်း၏အဓိပ္ပာယ်မှာ ကျယ်ပြန့်သော လွင်ပြင်ဟု ဆိုနိုင်ကြောင်း ရေးသားဖော်ပြထားသည်။ (စွယ်တော်ပန်းအဖြူပင် ပေါ်တဲ့ မြေပြန့်လွင်ပြင် ကျယ်ကျယ်ရှိရာအရပ်) ဟု ဆိုသည်။

(ယခင်က'ပင်းဒယ'ဟု သုံးနှုန်းခဲ့ကြသော်လည်း ယခုအခါ 'ပင်းတယ' ဟုခေါ်ဝေါ် သုံးနှုန်းကြတော့သည်။)

ထို့နောက် သုစနုမင်းသားလည်း ဂူဝမှာ ပိတ်ဆို့ထားသော ကြီးလှစွာသော ပင့်ကူမျှင်တို့တို ခဲယဉ်းစွာ ဖယ်ရှားရလေသည်။

နတ်သမီး ခုနစ်ဖော်တို့မှာကား အသက်ဘေးမှ လွတ်မြောက်ကြပြီဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ရှိကြလေသည်။

'အို အသင်မင်းသား၊ ကျုပ်တို့ ညီအစ်မ ခုနစ်ဖော်စလုံးသည် သင်ပေးသော အသက်သာ ရှိတော့ပေသည်။ သင်၏ကျေးဇူးကား ကြီးမားလှပေစွ၊ ထို့ကြောင့် ကျွန်ုပ်တို့ ဆိုခဲ့သည့်အတိုင်းပင် ကျွန်ုပ်တို့ ညီမအထွေးဆုံးဖြစ်သော ရှင်မိယာ 'ဒွေးမယ်နော်'ကို အသင်မင်းသား နှစ်သက်မြတ်နိုးပါလျှင် ယူဆောင်ပါလော့'

နတ်သမီး ခုနစ်ဖော်၌ အကြီးဆုံး နတ်သမီးက ကျေးဇူးတင်စွာဖြင့် ဆိုသည်။ သုစနု မင်းသားလည်း ဒွေးမယ်နော် မင်းသမီးကို မြင်လျှင်မြင်ချင်း ရေစက် အဟုန်ကြောင့် ချစ်ခင်မြတ်နိုးလှသဖြင့် လက်ခံရယူလိုကြောင်း ဆိုလေသည်။

'အို အသင်နတ်သမီးတို့ ရေစက် ရှိသည်ထင်၏၊ သင်တို့၏ညီမအထွေးဆုံး ဒွေးမယ်နော်အား ကျွန်ုပ် မြင်မြင်ချင်းပင် နှစ်သက်မြတ်နိုးလှပါသည်။ သေတပန် သက်တဆုံး ချစ်ခင်စွာ ပေါင်းသင်းပါမည်'

နတ်သမီးတို့ကလည်း သုစနုမင်းသားထံသို့ ဒွေးမယ်နော် မင်းသမီးအားအပ်နှံကြလေသည်။ ထို့နောက် နှုတ်ဆက်ကြကာ ငွေတောင်ပြင်သို့ ပြန်ကြ လေသည်။

သုစနုမင်းသားလည်း ဇနီးမယား လှကညာကို မြတ်နိုးစွာ ကြည့်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ 'အို နှမတော် မောင်တော်သည်ကား သာမန်လူသားမဟုတ်၊ ဗာရာဏသီပြည်ကြီးကို အစိုးရသော မင်းကြီး၏ တစ်ဦးတည်းသော သားဖြစ်၏။ ထို့ကြောင့် နှမတော်အား မတောင့်မတ မကြောင့်ကြဘဲ ပျော်ရွှင်အောင် ထားပါမည်၊ ဗာရာပြည်သို့ လိုက်ခဲ့ပါလော့'

မောင်တော် သုမနမင်းသား၏ အပြောကြောင့် ဒွေးမယ်နော်မင်းသမီးမှာ ရှက်သွေးဖြာလျက် ခေါင်းကို ညိတ်လေသည်။

မင်းသားလည်း မင်းသမီး၏လက်ကို ယုယစွာ ဆွဲခေါ်လျက် ဗာရာဏသီပြည်သို့ ပြန်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သုမနမင်းသား၏ လက်ချက်ဖြင့် သေပွဲနှစ်ဘဝတိုင်တိုင် ဝင်ခဲ့ရသော ဝဠုန်မှ ဝင့်တူဖြစ်ခဲ့ရသော ပင့်ကူကြီးမှာ မင်းသားတို့ ပြန်ကြမည့်လမ်း၌ ညောင်ဝင်ကြီး၌ ဘီလူးကြီးတစ်ကောင် ဖြစ်လာလေ၏။

မင်းသားနှင့် မင်းသမီးမှာကား ချစ်စ ခင်စ ကြင်နာစမို့ ဆီးကြိုနေမည့် အန္တရာယ်ကို မမြင်၊ ကြင်နာစွာ တစ်ယောက်လက် တစ်ယောက်တွဲလျက် ခရီးဆက်နေကြလေသည်။

ဘီလူးကြီးမှာကား သုမနမင်းသားနှင့် ဒွေးမယ်နော်ကို မြင်ရသည်နှင့် တစ်ပြိုင်နက် ဒေါသချောင်းချောင်း ထွက်လေသည်။

ဘဝဝေါင်းများစွာမှ ရန်သူတော်ဟောင်းကိုမြင်သောအခါ ဖြစ်လာသောဒဏ်ရာဟောင်းတို့က ရှန်းကြွလာလေသည်။ ထို့ကြောင့် ကိုယ်ထင် လုံးဝ မပြဘဲ စောင့်ကြည့်နေလေ၏။

သုမနမင်းသားနှင့် ဒွေးမယ်နော် မင်းသမီးတို့လည်း ခရီးပန်းလာကြသဖြင့် အရိပ်အာဝါသ ကောင်းလှသော ညောင်ပင်ကြီးအောက်ကို ဝင်ကာ ခေတ္တခဏ အပန်းဖြေကြလေသည်။ သို့သော် မကြာမီမှာပင် နှစ်ဦးစလုံး အိပ်ပျော်ကြလေသည်။ ဘီလူးကြီးမှာ သူ၏ ပိုင်နက်တွင် မက်မက်မောမော အိပ်ပျော်နေသော မင်းသားနှင့် မင်းသမီးတို့ကို ကြည့်ကာ လက်ပိုက်သိုက်ရင်း အူလှိုက်သည်းလှိုက် ပက်ပက်စက်စက် ရယ်မောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းသားနှင့် မင်းသမီးမှာကား အိပ်မွေ့ချခံရသူများမို့ မနိုးကြပေ။ ဘီလူးကြီးက ဒေါသရန်ငြိုး အထပ်ထပ်တိုးကာ မင်းသား၏ လက်နက်တို့ကို ယူကာ ဝေးရာ၌ သွားထားလိုက်လေသည်။

ထို့နောက် အိပ်မောကျနေသော မင်းသားနှင့် မင်းသမီးတို့ကို သံကွန်ချာကြီးဖြင့် အုပ်ကာထားလိုက်သည်။ ထို့နောက် ခါးကိုထောက်ကာကြောက်မက်ဖွယ်ရာ ရယ်မောလေ၏။

'ဟား ဟား ဟား၊ ဟယ် အသင်မင်းသား ခုများတော့ ငါ့ပိုင်နက်ဝယ် ငါ့လက်ခုပ်ထဲက ရေနှယ် ဖြစ်နေပါပေါ့၊ သင်၏လက်ချက်ဖြင့် နှစ်ကြိမ် နှစ်ခါ အသက်ပါခဲ့ရဖူးလေပြီ၊ ယခု သင်၏အသက်ကို ငါခြွေယူအံ့၊ ဒုက္ခလှလှ ပေးကာ အသက်ဆုံးစေအံ့'

ဘီလူးကြီးသည် ကြောက်မက်ဖွယ်ရယ်ကာ ဒေါသတကြီးဖြင့် ကြိမ်းမောင်းဟစ်ကြွေးလေသည်။

(ထိုနေရာသည် . . သုမနမင်းသားနှင့် ဒွေးမယ်နော် မင်းသမီးတို့ အလင်းရောင်မရှိ မိုက်မဲခြင်းအတိဖြင့် နေခဲ့ရသောကြောင့် မိုက်မဲဟု အမည်တွင်ခဲ့ဖူးကြောင်း သိရသည်။ ယခုမူကား တမဲဟု အမည်ပြောင်းလဲခဲ့ပြီးဖြစ်သေသည်)

မင်းသားနှင့် မင်းသမီးလည်း မကြာခင် နိုးလေသည်။ မှောင်မိုက်နေသော ကြောင့် ဒွေးမယ်နော်မှာ ကြောက်လန့်လေသည်။

'မောင်တော် နှမတော်တို့ ဘယ်ကိုရောက်နေကြပါလိမ့် မှောင်နှင့်မည်း ဘာကိုမှ မသဲကွဲပါလား'

ကြောက်လန့်တကြားဆိုသော . . ဒွေးမယ်နော်၏ အသံကြောင့် အကြောက်၏ပြေစေခြင်းငှာ သုမနမင်းသားက မင်းသမီးကို တွေ့ဆက်ရင်း အားပေးစကားဆိုလေသည်။

'အိုနှမတော် မောင်တော်ရှိနေသမျှတော့ မည်သည့် အန္တရာယ်တိုမှ ကြောက်ရွံ့ရန်မလို၊ ရန်စွယ်တူသမျှ မောင်တော် နှိမ်နင်းပြမည်'

သုမန မင်းသားမှာ မင်းသမီးကို အားပေးရင်း သူ၏လက်နက်ဖြစ်သောလေးနှင့် မြားကို စမ်းလေသည်။

ဘီလူးကြီး ယူဆောင်သွားပြီ ဖြစ်သဖြင့် လက်နက်မှ မရှိတော့



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း မင်းသား သိလိုက်ရလေသည်။

'အင်း ငါ၏လက်နက်တို့ကား မရှိတော့၊ ဤသို့ဆိုလျှင် အသက်အန္တရာယ်ရှိ ပသည်။ အဆွေတော် နဂါးအား ခေါ်ရလျှင် ကောင်းမည်'

မင်းသားသည် ထိုသို့တွေးရင်း မြေကြီးကို လက်ဖြင့် သုံးကြိမ်ပုတ်လိုက်လေသည်။ (ဤသည်ကား နဂါးနှင့် မင်းသားတို့ကြားရှိ အဆက်အသွယ်အချိန်း အချက်ပင် ဖြစ်သည်။)

မင်းသားသည် နှုတ်မှလည်း 'အို အဆွေတော် နဂါး ငါ၏မြေပုတ်သံကြားကြားချင်း အရောက်လာပါလော့' ဟု ဆိုလိုက်လေသည်။

နဂါးသည်လည်း မင်းသား၏ အသံကို နားနားကပ်ကာ ပြောသလိုရှင်းလင်းစွာ ကြားရလေသည်။

'အင်း ငါ၏ကျေးဇူးရှင် မင်းသား၏ အသံပေပဲ၊ စေန် မင်းသားခမျာတစ်စုံတစ်ရာ အန္တရာယ်အတွင်း သက်ဆင်းမိသည် ထင်ပါ'

နဂါးသည် ထိုသို့ တွေးမိလေသည်။

'ယခုပင်လျှင် အရှင်မင်းသားရှိရာ သွားမှတော်မည်'

ထိုသို့ ဆက်စဉ်းစားကာ နဂါးသည်လျှင်မြန်သော အဟုန်ဖြင့်မင်းသား၏ ရှေ့တော်မှောက်သို့ အခစား ရောက်လေသည်။

သံတွန်ချာအတွင်း၌ မင်းသားနှင့် မင်းသမီး ပိတ်မိနေသည်ကို မြင်သောအခါ နဂါးတ အခြေအနေကို အနည်းငယ် ရိပ်မိလေသည်။

'အရှင်မင်းသား ကျွန်ုပ်နဂါး မည်သို့သော အမှုတော်အား ထမ်းရွက်ပေးရပါမည်နည်း၊ မိန့်တော်မူပါ'

'အို အဆွေတော် နဂါး ကျွန်ုပ်ကား ကြင်ရာတော်နှင့် နေပြည်တော်သို့ အပြန်လမ်း၌ ဤညောင်ပင်အောက်၌ ဝင်၍ နားခိုမိသည်။ နားခိုခြင်းပင်လွန်အိပ်ချင်၍ နှစ်ယောက်သား အိပ်ပျော် သွားခဲ့မိသည်။ ယခု နိုးလာသောအခါဝယ်၊ ဤနယ်မှောင်မိုက်လျက် သံတွန်ချာဖြင့် အုပ်ထားခြင်း ခံရသည်။ ငါ၏ လက်နက်မရှိက ရန်သူကို ရင်ဆိုင်ရန် မဖြစ်နိုင်၊ ထို့ကြောင့် ငါ၏ လက်နက်အား အမြန်သွား၍ ရှာပေးပါလော့'

'ခဏမျှ စောင့်တော်မူပါ အရှင့်သား'

သို့နှင့် နဂါးသည် ဘီလူးယူဆောင်ကာ ဖွက်ထားခဲ့သော လက်နက်

www.burmeseclassic.com

www.burmeseclassic.com



များကို တစ်ခဏချင်း ရှာဖွေတွေ့ရှိလေသည်။ နဂါးသည် မင်းသား၏လက်နက်များကို လျင်မြန်စွာ ယူလာပြီး မင်းသားအား ဆက်သလေသည်။

'အဆွေတော် နဂါး ဤလက်နက်တို့အား မည်သည့်နေရာမှ ရရှိခဲ့ပါသနည်း'

နဂါးက ဘီလူး ဝှက်ထားခဲ့သော နေရာကို ပြောပြလေသည်။ ထိုအခါ မင်းသားမှာ အလွန်တရာ အံ့ဩသွားလေသည်။

'အလို လို အင်မတန်ဝေးလှပါ တကား'

(မင်းသားက ထိုသို့ 'ဝေးလှ'ပါတကားဟု ရေရွတ်မိခဲ့သော အရပ်မှာ ယခုအခါ 'ပွေးလှ'မြို့ အဖြစ် တည်ရှိလေသည်။)

သုမနမင်းသားလည်း နဂါး၏ အကူအညီဖြင့် လက်နက်များ ရရှိလာပြီ ဖြစ်၍ အားရှိသွားသည်။ နဂါးကား သူ၏ တာဝန်ကျေပြီးဆုံးသည်နှင့် နှုတ် ဆက်ကာ ပြန်သွားလေသည်။

ဒွေးမယ်နော် မင်းသမီးမှာမူ သုမန မင်းသား လက်မောင်းတို ကိုင်ကာ ကြောက်ရွံ့နေလေသည်။

'နှမတော် မောင်တော်တို့ ဤသံကွန်ချာကို တွန်းကာ လှန်ပစ်ရင်း ရန်သူ နှင့် တိုက်ခိုက်ရပေမည်။ သို့သော် နှမတော် ကြောက်ရွံ့ခြင်း အလျှင်း မရှိပါလေနှင့်'

မင်းသားသည် ဒွေးမယ်နော်ကို အားပေးရင်း သံကွန်ချာကြီးကို အတင်း တွန်းကန်ကာ ဖွင့်ပစ်လိုက်လေသည်။ ဘီလူးကြီးမှာ သံကွန်ချာ ပွင့်လာသည်ကို တွေ့သည်နှင့် တစ်ပြိုင်နက် မင်းသားအား ဆီး၍တိုက် ခိုက်လေသည်။

'အသင် ဘီလူး၊ မည်သို့သော အပြစ်နှင့် ငါ့အား တိုက်ဘိသနည်း'

'ဟယ် အသင်မင်းသား ငါ့အား နှစ်ဘဝတိုင်တိုင် သတ်ခဲ့သည်ကို မမှတ်မိသလော၊ ဂဠုန်ဘဝတ တစ်ခါ၊ ဝင့်တူဘဝမှာတစ်ခါ အစားစားရန်ဆဲ ဆဲတွင် သင်၏လက်ချက်ဖြင့် အသတ်ထွက်ခဲ့ရသည် သင့်အား ငါမေ့'

ဘီလူးသည် ပြောရင်းဆိုရင်းဖြင့် မင်းသားအား ပြင်းထန်စွာ တိုက်ခိုက် လေသည်။

မင်းသားလည်း ယောက်ျားတို့ဖွဲ့ဖြင့် အနိုင်မခံ အရှုံးမပေး ပြန်လည်



www.burmeseclassic.com

www.burmeseclassic.com



ထိုးနှက်လေသည်။

ဒွေးမယ်နော်မှာတား ရင်တမမဖြင့် သူ၏ ကြင်ဖော်အသစ်စက်စက် အတွက် ဆုမွန်တောင်းရင်း လွတ်ကျွတ်ရာ တစ်နေရာမှ ကြည့်၍ နေလေသည်။

တိုက်ခွဲထား ပြင်းထန်သည်နှင့်အမျှ မင်းသားရော ဘီလူးပါ ခြေကုန်လက်ပန်းကျလာခဲ့လေသည်။

နောက်ဆုံး၌ မင်းသားသည် ဘီလူး၏ လက်ချက်ဖြင့် သေအံ့မူးမူး ဝေဒနာဖြင့် သတိလစ် မေ့မြောသွားလေသည်။

ဘီလူးမှာလည်း သုခနုမင်းသား၏ ကျွမ်းကျင်လှသော မြားရေး အောက်၌ အသက်ပျောက်ရလေသည်။ ဘီလူးမှာ သေဆုံးသည်နှင့် ဇော်ဂျီ ဘဝကို ချက်ချင်း ကူးပြောင်း၍ သွားလေသည်။

ဇော်ဂျီဘဝကို ကူးပြောင်းသော်လည်း မင်းသားအပေါ်၌မူ ရန်ငြိုးတို့ ထားမကုန်သေး။

မင်းသားကို ပတ်၍ ကြည့်ရှုလေသည်။ မင်းသားသေငယ်ဇောမြော နေသည်ကို ဇော်ဂျီက သေပြီအမှတ်ရှိလေသည်။

ထိုစဉ် ဝှန်းအောင်းနေသော ရှင်မိသာကို တွေ့ရှိသွားလေသည်။ ရှင်မိသာ (ဒွေးမယ်နော်) မှာကား လင်တော်မောင်ကို သေပြီအမှတ်ဖြင့် အသည်းအသန် ငိုကြွေးမိလေသည်။

'အို ချစ်နှမရယ် ဘယ်အကြောင်းကြောင့် ငိုသလဲ၊ သင်၏ချစ်လင်မှာ ငါနှင့် အသည်းအသန် တိုက်ခိုက်ရင်းက ဘဝဆုံးကာ သွားလေပြီ၊ အခု သင့်အားငါပိုင်ပြီ၊ ငါ့နောက်သို့ လိုက်ခဲ့လော့'

ပြောပြောဆိုဆိုဖြင့် ဇော်ဂျီသည် ဒွေးမယ်နော်၏ လက်ကို အတင်း အဓမ္မ ဆွဲကာခေါ်လေသည်။ ဒွေးမယ်နော်မှာ ငြင်းဆန်ကာ ရုန်းကန်သော်လည်း အားက မတန်သောအခါ မောပန်း၍ သာလာသည်။ ထို့ကြောင့် မလိုက်ချင်ဘဲ ငိုကြွေးရင်း လင်တော်မောင်အား သတိရရင်း ဇော်ဂျီ၏နောက်သို့ လိုက်ရလေတော့သည်။

ဇော်ဂျီနှင့် ဒွေးမယ်နော်တို့သည် ပင်းတယ၏ မြောက်ဘက်သို့ ဦးတည် လျှောက်ခဲ့ကြရင်းမှာ ရေထွက်တစ်ခုသို့ရောက်လာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုရေထွက် အနီးရှိ ကုန်းတစ်ခုအနီး၌ ခေတ္တခဏ ထိုင်ကြရင်းက အနား ယူလေသည်။

ဒွေးမယ်နော်သည် မောင်တော်အား အသည်းအသန် သတိရနေ သည်။

'ငါ့မောင်တော်ကား မသေနိုင်သေး' ဟုလည်း တွေးမိလေသည်။ ဇော်ဂျီ ကလည်း ရှင်မိသာ (ဝါ) ဒွေးမယ်နော်အား အလွတ်ရေး ဆောင့်ကာ ကြည့်ရှုနေလေသည်။

'အင်း ဒီဇော်ဂျီစုတ်၏ လက်ကလွတ်အောင် မည်သို့ ကြံရပါမည် နည်း။ ငါ့မောင်တော်ရှိရာသို့ သွားလိုလှပေသည်'

ဒွေးမယ်နော်သည် ဇော်ဂျီလက်မှလွတ်ရန် နည်းလမ်းတို့ကိုသာ အမျိုးမျိုး ကြံစည်၍ နေလေသည်။

ဇော်ဂျီကလည်း အစမ္ပသိမ်းပိုက်ကာ ရလိုက်သော ရှင်မိသာ၏ မျက်နှာကို ရှုမငြီးစွာ ကြည့်၍နေလေသည်။

'အို အသင်ဇော်ဂျီ'

ဒွေးမယ်နော်၏ ဥပါယ်တံမျဉ်ဖြင့် ပြုံးရွှင်စွာ ခေါ်လိုက်သော ခေါ်သံ ကြောင့် ဇော်ဂျီသည် ဝမ်းသာအားရဖြင့် လှည့်ကာကြည့်၏။

'ကျွန်ုပ် ရေဆာလှပါသည်၊ ရေကို ဆောင်ယူပေးပါလော့'

'အို ချစ်နှမ၊ ကောင်းလှပါပြီ၊ မောင်တော် ယခုချက်ချင်း ရေထွက်မှာ ဆင်းခပ်ပေးပါအံ့'

ဇော်ဂျီသည် သူ၏ တောင်ဝှေးဖြင့် တနုတ်လက်ရာများဖြင့် ထုဝ သော ငွေဖလားတစ်လုံးကို ဖန်ဆင်းကာ ရေထွက်ဆီသို့ သွားလေသည်။

မလှမ်းမကမ်းရှိ ရေထွက်ဆီသွားသော ဇော်ဂျီကို ကြည့်လိုက်ရင်းက ဒွေးမယ်နော် မချိပြုံးကို ပြုံးလေသည်။ ဇော်ဂျီမှာ ရွှင်လန်း တက်ကြွစွာဖြင့် ဒွေးမယ်နော်ဆီ ငွေဖလားမှ ရေကို ပေးလေသည်၊ ဒွေးမယ်နော်ကား လှမ်းမယူ ငြူစူကာသာ နေလေသည်။

'နှမတော့် နှမတော် သောက်လိုသော ရေကြည်ကို မောင်တော် ငွေ ဖလားဖြင့် ဆောင်ယူခဲ့ပါပြီ'

ပြောရင်း ဇော်ဂျီက ဒွေးမယ်နော်ဆီသို့ ငွေဖလားကို ပြုံးရွှင်စွာ ကမ်း



www.burmeseclassic.com

www.burmeseclassic.com



ပေးလေသည်။

ဒွေးမယ်နော်ကား တုတ်တုတ်မျှပင် မလှုပ်။

'အသင်ဇော်ဂျီ ကျွန်ုပ် ငွေဖလားနှင့် မသောက်လို၊ ရွှေဖလားနှင့်သာ သောက်လိုပေသည်'

ဒွေးမယ်နော်က ထိုသို့ဆိုလိုက်သဖြင့် ဇော်ဂျီကား သူ၏တန်ခိုးဖြင့် အဖြည့်ဖြစ်သော ငွေဖလားကို ဖျောက်လိုက်သည်။

ထို့နောက် ရွှေဖလားတစ်လုံးကို ဖန်ဆင်းလေသည်။

'ချစ်နှမ ရွှေဖလားနှင့် သောက်ချင်လျှင်လည်း ယခု ဖြစ်စေရမည်'

ထို့နောက် ရေထွက်သို့ သွားကာ ရွှေဖလားဖြင့် ရေကို ခပ်ပေးလေသည်။ ဒွေးမယ်နော်တား ဇော်ဂျီကမ်းပေးသော ရွှေဖလားကို လှမ်း၍မယူ၊ မျက်နှာတော် ပြုံးစွာဖြင့်သာ မလှုပ်မယှက် ထိုင်နေလေသည်။ ဇော်ဂျီမှာ ဒွေးမယ်နော်၏ အပြုအမူကြောင့် ဒေါသ အထွက်ကြီးထွက်လေသည်။

'အို နှမ သင် ရွှေခွက်နှင့်မှ သောက်ချင်သည်ဆို၍ ကျွန်ုပ်ခပ်ခဲ့လေပြီ၊ သောက်လော့'

' အို ဇော်ဂျီ ကျွန်ုပ် မသောက်ချင်တော့ပြီ'

' ဟယ် ဒွေးမယ်နော် . . . မသောက်ချင်သော် အဘယ်ကြောင့် အကြောင်း မရှိ ပူဆာဘိသနည်း၊ ပြောလေ'

ဒွေးမယ်နော် မင်းသမီးကား ဒေါသထွက်နေသော ဇော်ဂျီကို ကြည့်တာပြုံးလိုက်လေသည်။ မိမိ၏ အမေးကို ပြန်မဖြေဘဲ ပြုံးလိုက်သော ဒွေးမယ်နော် ကြောင့် ဇော်ဂျီမှာ ဒေါသပို၍ ထွက်လေသည်။

'အသင်ဇော်ဂျီ . . ကျွန်ုပ်ကား သင့်အား အချစ်စမ်းလိုက်ခြင်းသာတည်း၊ အဘယ်မှာ ရေမဆာဘဲ ရှိပါမည်နည်း၊ သင့်အား အလွန်ချစ်ခင်စုံမက် နှစ်သက်လွန်းလှသည့်အတွက် အချစ်စမ်းကြည့်လိုက်ခြင်း ဖြစ်၏'

ဇော်ဂျီသည် ဒွေးမယ်နော်၏ နှုတ်မှထွက်သော စကားတို့ကြောင့် အံ့အားသင့်ကာ လွန်စွာ ပျော်မြူးလျက် ပြုံးရွှင်သွားလေသည်။

'အသင်ဇော်ဂျီသည်လည်း ကျွန်ုပ်ကဲ့သို့ အလွန်တရာ ချစ်ခင်ပါမူ ငင်း ရေထွက်မှ နှုတ်ဖြင့် ငုံ၍ ယူဆောင်ပေးသော ရေကိုသာ သောက်ချင်ပါသည်။ ယူဆောင်ပေးပါမည်လော'



www.burmeseclassic.com

www.burmeseclassic.com



ဇော်ဂျီကား ရှင်မိသာခေါ် ဒွေးမယ်နော်၏ လှည့်စားမှုအောက် သက်ဆင်းမိလေသည်။ ထို့ကြောင့် ဇော်ဂျီသည် ချစ်နှမ သင် ခဏစောင့်လော့' ဟုဆိုကာ ရေထွက်သို့ ခပ်သွက်သွက် ထွက်သွားလေသည်။ နောက်မှ ဒွေးမယ်နော် မင်းသမီးပါလာမှန်း သူမသိ၊

ဇော်ဂျီသည် ပျော်ရွှင်စွာဖြင့် ရေထွက်တွင် ငုံ့ကာ ရေကို ငုံ၍ယူရန် ပြင်လိုက်သည်။ နောက်မှ ပါလာသော ဒွေးမယ်နော်က ရှိသမျှအားကုန်ဖြင့် ဇော်ဂျီအား မုန်းတီးစွာ တွန်းချလိုက်လေသည်။

ဇော်ဂျီမှာ မထင်မှတ်ထားသဖြင့် ရေထွက်ရေအိုင်ကြီးထဲသို့ စောက်ထိုးမိုးမျှော်ကျလေသည်၊ ထိုအခါ ဇော်ဂျီ၏အစွမ်းတို့ ပျက်ပြယ်ကာ ကျောက်အကြားမှ ရေများ တဝေါဝေါ ပိုမိုထွက်လျက် ထိုရေ နှင့်ပင် ဇော်ဂျီရေနစ်၍ သေလေသည်။

(ဇင်းနေရာကို ဇော်ဂျီသေဆုံးခြင်း အစွဲပြု၍ ဇော်ဂျီမြစ်ဟု ခေါ်ကြပြီး ပင်းတယ မြောက်ဘက် ရေထွက်ဦးမှ မြစ်ဖျားခံ စီးဆင်းလာခြင်း ဖြစ်သည်)

ဇော်ဂျီလက်မှ လွတ်မြောက်သွားသော ဒွေးမယ်နော်သည် သူမနှင့် မောင်တော် သုမနမင်းသားတို့အား သံကွန်ချာဖြင့် အုပ်ကာဖမ်းခဲ့သော ဘီလူးကြီးနှင့် မင်းသားတို့ တိုက်ခိုက်ခဲ့ကြသည့် မိုက်မဲ (တမဲ) အရပ်၌ ကျန်ရစ်သော မောင်တော် သုမနမင်းသားကို ရှာရန် အပြေးတစ်ပိုင်းဖြင့် ပြန်လာခဲ့လေသည်၊

ထိုနေရာသို့ ပြန်အရောက် . . မောင်တော်ကို မတွေ့ရသောအခါ ဒွေးမယ်နော်မင်းသမီးမှာ ခရီးပိုမို ပန်းသလို ခံစားလိုက်ရပြီး မောင်တော် အတွက် စိုးရိမ်တကြီး ငိုကြွေးမိလေသည်။

(သုမန) ကုမ္ဘာဘယ မင်းသားသည်ကား သေငယ်ဇောဖြင့် သေအံ့မူးမူးရှိနေချိန်တွင် ပြန်လည် သတိရလာသောအခါ ဘေး၌ ကြင်ဖက်သတ်လျာ ဖြစ်သော ဒွေးမယ်နော် မင်းသမီးကို မတွေ့ရသဖြင့် ဓာတ်စုံတစ်သောတ်တ သိမ်းပိုက်လေပြီဟု စိုးရိမ်စွာ ငိုကြွေးလျက် နေပြည်တော်ရှိရာ မှန်းတာတစ်လှမ်းချင်း ယိုင်နဲ့ကာ ပြန်သွားခဲ့ပြီဖြစ်သည်။

ဒွေးမယ်နော်မှာ ငိုရင်းရှိုက်ရင်းဖြင့် တောင်ဘက်အရပ်သို့ လျှောက်လာမိရင်း တစ်နေရာတွင် သွေးစက်တစ်စက် နှစ်စက်ခန့်ကို တွေ့လိုက်ရလေသည်။ သူမ၏ စိတ်၌ မောင်တော်၏ သွေးစက်လေလားဟုလည်း ထင်မိ၏၊



www.burmeseclassic.com

www.burmeseclassic.com



'ဤမြေပေါ်ရှိ သွေးစက်သည် ငါ၏လင်တော်မောင် သုခနုမင်းသား၏သွေး ဖြစ်ပါက နံ့ဟောင်ခြင်းမရှိ ပကတိ မွှေးကြိုင်နေပါစေ၊ မောင့်တော် သုခနုမင်းသား၏ သွေးမဟုတ်ခဲ့ပါမူ အမွှေးရနံ့မရှိ ပကတိ နံ့ဟောင်နေပါစေသား'

ဒွေးမယ်နော် မင်းသမီးသည် ရင်တလှပ်လှပ်ဖြင့် စိတ်လှုပ်ရှားစွာ သွေးစက်ကို အသာငုံ့၍ တုန်းကာ နမ်းလေသည်။

သွေးစက်မှာအံ့ဩဖွယ်ရာ အညှီနံ့ အဟောင်နံ့ လုံးဝမရှိဘဲ ကြာရနံ့သင်းပျံ့၍ နေလေသည်။

(ထိုသို့ ဒွေးမယ်နော် ကုန်းနမ်းသည်ကို အစွဲပြု၍ 'ကုန်နမ်းရွာ' ဖြစ်ပေါ်ခဲ့ပြီး ယခုအခါ နမ်းကုန်းဟု အမည်ပြောင်းလဲ တည်ရှိခဲ့သည်။)

ဒွေးမယ်နော်မှာ ဝမ်းသာလွန်း၍ မျက်ရည်များပင် ကျကာလာသည်။ ထိုဘက်သို့ ဦးတည်ကာလျှောက်ရင်း ညောင်ပင်တစ်ပင်အောက်၌ ဒဏ်ရာဖြင့် လဲနေသော သုခနုမင်းသားကို ဆို့နင်ဖွယ် မြင်တွေ့လိုက်ရလေသည်။

'မောင်တော်'

ဒွေးမယ်နော် မင်းသမီးမှာ အပြေးတပိုင်းဖြင့် လဲနေသော သုခနုမင်းသားကို ပြေး၍ ထူသော်လည်း မင်းသားမှာ မေ့မြောနေလေပြီ။

ဒွေးမယ်နော်မှာ မောင်တော် သုခနုမင်းသား၏ ကိုယ်ကို ဖက်လျက် သေပြီအထင်ဖြင့် စိတ်ပျက်ဝမ်းနည်းစွာဖြင့် ရှိုက်ရှိုက်ကာသာ ငိုနေလေတော့သည်။

'မောင်တော်ရေ နှမတော် အခက်အခဲတွေ ကျော်ပြီးမှ ရောက်လာခဲ့ပြီလေ၊ ထကြည့်တော် မူပါဦးလား ဘုရား၊ နှမတော်ကို တစ်ယောက်တည်းထားခဲ့ပြီလား မောင်တော်ရဲ့'

ဒွေးမယ်နော် မင်းသမီးခမျာ ထိုနေရာမှ မရွေ့၊ မောင်တော်ကိုသာ ပိုက်လျက် အခါခါငို၍သာ နေလေသည်။ ထိုအခါ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာမှာတင်းမာမှန်းမသိ တင်းမာလာသောကြောင့် သိကြားမင်းမှာ လူ့ပြည်သို့ လှမ်း၍ ကြည့်လေသည်။

'ဪ လက်စသတ်တော့ ငွေတောင်ပြည် နတ်မင်းကြီးရဲ့ သမီးထွေး ဒွေးမယ်နော် နတ်သမီးလေးကိုး၊ သူ့ခမျာ မင်းသားသေပြီ အထင်နဲ့ ရှိုက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တငင် ငိုနေခဲ့တော့သကိုး၊ အင်း သူ့လင်တော်မောင်ကို တကယ်ချစ်မချစ် ငါ ဆန်းစစ်ကြည့်သေးတာပ’

သိကြားမင်းလည်း ဆင်ဆိုးကြီးယောင်ဆောင်ကာ တစ်တောလုံး ဆူညံပွက်လော ထလုမတတ် မြည်ဟီးကာ မင်းသမီးကို အစွယ်ဖြင့်ထိုးကား နင်းသတ်တော့မည်သကဲ့သို့ အရှိန်ဖြင့် ပြေးဝင်လာလေသည်။

မင်းသမီးမှာကား ဆင်ဆိုးကြီးကို ဂရုမပြုနိုင်အား၊ သုခနုမင်းသားကိုသာ တမ်းတမ်းတတ ငိုလျက် ငို၍သာ ရှိုက်နေလေ၏။

‘အင်း ဆင်ကိုမှ မကြောက်ရင်တော့ ကျားနဲ့ ခြောက်ကြည့်ပေဦးမှပဲ’

သိကြားမင်းသည် ထိုသို့တွေးတောကာ ဆင်ဆိုးကြီးသဏ္ဌာန်ကို လျှပ်တစ်ပြက်ဖျောက်ကာ ကျားဆိုးကြီးအသွင်ကို ယူကာ အစွယ်တို့ကို အစွမ်းကုန်ဖြဲပြီး ကြောက်မက်ဖွယ် မြည်ဟီးကာ ကိုက်မည် စားမည် တကဲကဲဖြင့် ခပ်ရဲရဲ ပြေးကာလာသည်။

ဒွေးမယ်နော် မင်းသမီးသည်ကား ကျားဆိုးကိုပင် သူမ မမြင်တော့၊ လင်တော်မောင် သုခနုမင်းသားကိုသာဖက်၍ ရှိုက်ရှိုက်ကာသာ ငိုနေရှာလေသည်။

‘အင်း ကျားမကြောက်၊ ဆင်မကြောက် အံ့လည်း အံ့လောက်ပါပေသည်။ ကဲ မုန်တိုင်းကြီး တိုက်ခတ်စေကာ မိုးရွာစေဦးအံ့’

သိကြားမင်းကြီးသည် ထိုသို့ ကြိမ်းဝါးလိုက်ပြီး ကြီးမားကာ အရှိန်ပြင်းလှသော ကြောက်မက်ဖွယ် မိုးနှင့် လေမုန်တိုင်းကြီးကို ဖန်တီးလေသည်။ ဒွေးမယ်နော်မှာ သူမထိုင်နေသည့် ဘေးသို့ မုန်တိုင်းဒဏ်ကြောင့် ကျိုးကျလာသော ညောင်ကိုင်းကြီးတို့ကို ဂရုမစိုက်နိုင်အား၊ မောင်တော်မင်းသားကိုသာ တမ်းတရင်း အရှိုက်ကြီးရှိုက်ကာ ငိုနေရှာသည်။

‘အင်း အံ့ဖွယ်ပါတကား၊ ဆင်ဆိုးမကြောက် ကျားမကြောက် မိုးမုန်တိုင်း လောက်တောင်မမှုတဲ့ နတ်သမီးပါကလား၊ ကဲ ဘီလူးအသွင် မြင်စမ်းစေရော့လဟယ်’

သိကြားမင်းသည် ကြီးမားလှသော ဘီလူးကြီးအသွင်ကူးပြောင်းကာ ငုတ်ပြောဖူးအရွယ်မျှရှိသော အစွယ်ကြီးကို ဖြဲပြကာ ရေအိုးအရွယ် နီရဲကြောက်ဖွယ် မျက်လုံးကြီးကို ပြူးပြူးကာ ပြလေသည်။ လက်ထဲမှာ သန်လျက်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ခုတ်တော့မယောင်၊ ကျန်လက်တစ်ဖက်ထဲမှ တင်းပုတ်ဖြင့် ထုတော့မယောင် အမျိုးမျိုးပုံစံဖြင့် ဆောင်ရွက်ကာ လန့်စေသော်လည်း ခိုင်မြဲလှသော မင်းသမီး၏ သံယောဇဉ်ကို လက်ခံကာ ပကတိ သိကြားမင်းအသွင်ကို ဖူးမြင်စေသည်။

'ဟဲ့ အို နှမငယ်. . သင်သည်ကား ဘီလူး ကျား ဆင် မုန်တိုင်းကြီးပင် မြင်သော်လည်း စိုးစဉ်းမျှမကြောက်၊ ခြောက်သူသာ မောရပေသည်။ သင့်မောင်တော်ကိုသာ တမ်းတ ရင်ကွဲလုတမျှ ငိုနေချေသည် တကား၊ လင့်အပေါ် ဝယ် သစ္စာတရား လွန်ကြီးမားလျက်ရှိပေသည်။ သင့်အား သနားမိတော့သည်၊ ယခုပင် သင်၏မောင်တော် ထလာစေလိုပါသလော'

ဒွေးမယ်နော် မင်းသမီးသည် လက်အုပ်ချီလျက် သိကြားမင်းကို မျက်ရည်များကြားမှ ဤသို့လျှောက်လေသည်။

'မှန်လှပါ အရှင်သိကြားမင်း၊ ဤသို့သော အခြေအနေဝယ် ဤနှယ် မမြင်ချင်ပါဘုရား၊ တပည့်တော်မ၏ မောင်တော်ဘုရားကို ရှင်လန်းစွာ မြင်လိုပါတယ် အရှင်သိကြား'

သိကြားမင်းသည် ဒွေးမယ်နော်၏ လျှောက်တင်ချက်ကြောင့် ခေါင်းကိုညိတ်လေသည်။

'တဲ တဲ နှမတော်၊ သင်ပျော်ပါလေတော့၊ သင်၏မောင်တော် သုဓနုမင်းသားအား နတ်ရေစင်ပက်ကာဖျန်းမယ် ယခုပင် ရှင်လန်းပါစေသော်'

ထိုသို့ သိကြားမင်းက နတ်ရေစင်ကို ပက်ဖျန်းပေးလိုက်သောအခါ သုဓနုမင်းသားမှာ ဆန်းသစ်စ 'လ'ပမာ ရှင်လန်းစွာ ထလာလေတော့သည်။ သိကြားမင်းလည်း တာဝတိံသာ နတ်ပြည်သို့ ပြန်လေသည်။

သေလုမြောပါး သတိလစ်နေခဲ့သော မင်းသားမှာ ဒွေးမယ်နော် မင်းသမီးကို ဖက်လျက် အတိုင်းမသိ ပျော်ရွှင်မိလေသည်။

ဤသို့ဖြင့် မင်းသားလည်း မင်းသမီးလက်ကို ဆွဲကာ ဇာရာပြည်သို့ ပြန်ရန် ဦးတည်လေသည်။

ချစ်စ ခင်စ ကြင်နာစမို့ ဝေးကွာသော ခရီးကို မမောနိုင် မပန်းနိုင် ဖြတ်သန်းကြရင်း နေပြည်တော်နှင့် တစ်စထက် တစ်စ နီးကပ်၍လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နေပြည်တော်သို့ ရောက်လျှင် သုစနုမင်းသားသည် ကြင်ဖက်ခင်းသမီး ဒွေးမယ်နော်၏ လက်ကိုဆွဲကာ ဖခမည်းတော် မယ်တော်တို့ ရှေ့မှောက်သို့ အခစား ဝင်ရောက်လေသည်။

'ဟယ် သားတော်မောင် မယ်မယ်ဘုရားဖြင့် မျှော်၍သာ နေရတယ်၊ အန္တရာယ်တွေများ တွေ့နေသလားလို့'

မယ်တော်သည် သားတော် သုနေ့မင်းသားကို ဖက်ရင်း လှိုက်လှိုက်လှဲလှဲ ဆိုလေသည်။ ပြီးနောက် သားတော်၏ ဘေးမှ ကညာပျိုကို သတိထားမိလေသည်။ ဒွေးမယ်နော် မင်းသမီးအား အကဲခတ်၍လည်း ကြည့်ရှုလေသည်။

'ဖခမည်းတော်နှင့် မယ်တော်ဘုရား သားတော်နှင့်အတူ ရှေ့တော်မှောက် အခစားရောက်နေသူမှာ သားတော်၏ ကြင်ဖက်လောင်းလျာ ဖြစ်ကြောင်းပါ'

မင်းသား၏ လျှောက်တင်မှုကြောင့် ဖခမည်းတော် မင်းကြီးက မိဖုရားဖြစ်သူကို လှည့်ကာကြည့်သည်။ ဒွေးမယ်နော်၏ အလွန်လှပသော အဆင်းထန်နှင့် ယဉ်ကျေးသိမ်မွေ့သော အမူအရာတို့ကို ကြည့်ကာ သာမန် အရပ်သူမဟုတ်ကြောင်း သိကြလေသည်။

'အဘယ်ပြည်က ကညာလဲကွဲ့'

ဖခမည်းတော် ဘုရင်ကြီးက ပြုံးရွှင်စွာ မေးတော်မူလေသည်။

'မှန်လှပါ ငွေတောင်ပြည်ကို အစိုးရသော နတ်မင်းကြီး၏ သမီးခုနစ်ဖော်အနက် အထွေးဆုံးဖြစ်သော ဒွေးမယ်နော် ဖြစ်ကြောင်းပါ ဖခမည်းတော်ဘုရား'

သုစနုမင်းသား၏ အဖြေကြောင့် ဘုရင်ကြီးနှင့် မိဖုရားတို့မှာ ဝမ်းမြောက် ဝမ်းသာ ရှိသွားကြလေသည်။

သုစနုမင်းသားလည်း ဖြစ်ကြောင်းကုန်စင်ကို မှူးမတ်ဗိုလ်ပါအလယ်တွင်ပြောပြလေသည်။

ခမည်းတော် ဘုရင်ကြီးနှင့် မိဖုရား အပါအဝင် မှူးမတ် အခြွေအရံတို့သည်လည်း အံ့ဖွယ်သူရဲ ထူးခြားသော ဖြစ်စဉ်တို့ကို ရင်သပ်ရင်း နားထောင်ကြတုန်လေသည်။

'အိမ်း . . . သေကံမရောက် သက်မပျောက်ဘဲ ရှေ့တော်မှောက်



www.burmeseclassic.com

www.burmeseclassic.com



အရောက်လာခဲ့နိုင်သော ငါ၏ သားတော်နှင့် ချွေးမတော်တို့အား မြောက်စားသောအနေနှင့် သားတော်အား အိမ်ရှေ့စံအရာ အပ်နှင်းကမသင့်တော်ပေလားမင်းကြီးရာ'

'သင့်မြတ်လှကြောင်းပါ ဘုရား'

ဤသို့ဖြင့် မင်းသားအား အိမ်ရှေ့စံ အရိုက်အရာကို အပ်နှင်းလိုက်ကြလေသည်။

သုဓနုမင်းသားနှင့် ဒွေးမယ်နော်တို့သည်လည်း ဘုရင်ကြီးနှင့် မိဖုရားတို့အား ရှိသေစွာ ကန်တော့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့စံဖြစ်သွားသော သုဓနုမင်းသားနှင့် အိမ်ရှေ့စံ မိဖုရား ဒွေးမယ်နော်တို့သည်လည်း ဗာရာပြည်ကြီး၌ ပျော်ရွှင်စွာ နေထိုင်ကြလေသည်။

ဒွေးမယ်နော် မင်းသမီးသည်ကား နတ်မျိုးနတ်နွယ်ဖြစ်တာ မြို့/ရွာစောင့်နတ်တို့၏ ချစ်ခင်မှုကို ရရှိကာ ဗာရာ ပြည်သူ ပြည်သားတို့မှာလည်း အနာရောဂါ ကင်းရှင်းကြလျက် တိုင်းသူပြည်သား လူအများတို့မှာ ကျန်းမာချမ်းသာစွာ နေထိုင်ကြလေသည်။

ကျွန်ုပ်တို့ရဲ့ အိမ်ရှေ့စံ မိဖုရား ဒွေးမယ်နော် မင်းသမီးလေးရောက်လာချိန်ကစလို့ ကျုပ်တို့ တိုင်းသူပြည်သားတို့လည်း အနာရောဂါ အမြားမြားကင်း လျက် ကျန်းကျန်းမာမာ ရှိကြပေတယ်'

'အိမ်း ကျုပ်တို့ မင်းသမီးကလည်း နတ်မျိုးနတ်နွယ်ပေတိုးဗျ'

'ကျုပ်တို့ ကျန်းမာသလို ဒွေးမယ်နော် မင်းသမီးသည်လည်း ကျန်းမာချမ်းသာပါစေဗျား'

တိုင်းသူပြည်သားတို့မှာလည်း ဒွေးမယ်နော်၏ ဂုဏ်ကျေးဇူးတို့ချီးမွမ်းလျက် အပြန်အလှန် မေတ္တာပွားကြလေသည်။

သို့သော် မေတ္တာမပွားနိုင်သူများမှာ တိုင်းပြည်ထဲမှ သမားတော်



www.burmeseclassic.com

www.burmeseclassic.com



ထမ်းစင်ကို မြစ်ကြီးထဲသည်။ ထိုင်ချင်းကာတို့ လှော်သနေကြခြင်းသည် ဂုဏ်ထိုခံ သေဘောသကျွန်ခုပ်နှင့် ထုံးထုံး ဖြူးလ်ရလောကလွှင် ထာဝေထာတ ချွင် အလကြ ဝင်လာသဖ

"ထဲ ရောင်ခြည်ရဲ့ ရောင်ခြည်တော ဖဆိုလူ။ ကျွန်တို့ဆီမှာတော့ ထူး ရဲ့ အရောင်ကို ထင်စွန်းတာ အလေကြီးပါပါလား"

"အိမ် အလှစုတော် သင်္ဂ ဖထထင်။ ကျွန်တော်တို့သည်း ထိုအော့ ရှိပေါ်"

ကြာခွင် ကျွန်ုပ်တို့ သစားလော်ရှားရဲ့ အလင်းရှင်ဆိုရာ ဖေရ ထမ်းခံ အကြာခုံးလာကြိုင်မှာ ရှိကြီးတော့တောထွက်လို့"

ရှိုက်ို ဇိမ်သလော ဆိုးကေထီကြလော သစားစော် အချိန်မှာ ရွှေလင်ရောင် ပင်းထမ်းအား အလောထကြိုးဆေးအထွက် ခေါင်းချင်ရိုက်တာ ထိုင်ကြိုးသလောသည်။

' အလှစော် ငင်ကြီးဆိုမှာ နေ့ရဲ့ အစောအရောက်ဘဲ့ ပုရေကိုက် ပျော့ကြီးခံ အရေထိုလောင်းရှိလော့ ရောင်လောင်းရဲ့"

'ဝင်းဝင်းပိုး . . . နေ့ခြင်းကြီးရဲ့။ လော်ကြွ ထိုထိကြိုကွင်းထိုက် နှင်လာပိုလည်း မြင်နေခိုးပါတန်နော်"

"ဒီထိုအလှစော်ရဲ့. . . . . . "

www.burmeseclassic.com

www.burmeseclassic.com



တန့်ဦးထက်ဆောင်ကို အင်တော်ရှ် ဆက်ဆောဘာ တစ်ထိုက်ဆောင် သုံးသော အညွှန့်ထွက်နေသည့် ဇရပ်တိုင် ပုဏ္ဏားကြီးကို သတိ ရှေးရှု ကိုင်ကြသည်။

ဇရပ်တိုင် ပုဏ္ဏားတို့ညီသည် တိုင်းရှင်မြင်းရထ် အထောင် အဆိုး အကြောင်းအတိုး မြင်တော်သည့် အရေးကိစ္စ ကြီးမြင့် ထွက်ဆိုင်သော အရှင်အချင်းရှိစရာ ဝင်ကြီးကို အထုံလွှင်ရန်အထွက် အသင့်ဆောင်ခဲ့ရာ ဂုဏ်ရေးရာတိုင်ကြောင့် မြင်တော်သည်။

တောကို လွှမ်းလွှမ်းလှုပ်လှုင် ပြောဆိုကြသော သစ္စာဆက်တိုင် ထိုထိုတောလှတ်နိုင်ရာ အဆက်ပြုတ်ကို ဝင်တော်ရင်း ဆောင်ကြွင်းနှုတ် ကြားခြင်း ဇရပ်တိုင် ပုဏ္ဏားကြီး၏ အိမ်သို့ ဝင်ရောက်လာကြသည်။

ရှိသည်ကို ဇရပ်တိုင် ပုဏ္ဏားကြီးက မြင်တော့ ခံ၍ မြင်းသည် ရှိသို့ အနေအထားချိုးနှိုင် ထားသောသူသည် ရောင်ဆိုသော လူတော်နိုင်သည် ကို ဇရပ်တိုက်တော် သိရှိကြသည်။ တော်ကို ပွတ်ရင်း ဇရပ်တိုက်ကြီးကသူ့ ကျော့ရှိနှုတ်ကြီး မြူကိုင်ကြသည်။

သစ္စာကိုင်ထိုးဆက် နှစ်ဆောတ်ကိုရှာ ဓရှင်းရှာ ပုဏ္ဏားကြီးအိမ်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ယုံတော်ကြီးနှင့် စတွေ့လေသည်။

'မလာစဖူး အလာထူးပါလား သမားတော်ကြီးတို့'

ဆိုတာ ခမိုင်းကြီးပြုသော ပုရောဟိတ်ကြီး၏ ကျွန်ယုံကြီး ပြောလိုက်သော စကားက သမားကိုယ်စားလှယ်နှစ်ယောက်စလုံး၏ အရှိက်ကို ထိမှန်သေး၏၊ ၎င်းတို့က တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ဖြစ်ကြသည်။ တစ်ယောက်က အမူအရာပျက်ချင်နေသော ဤတစ်ယောက်ကို တံတောင်ဖြင့် တွပ်ရင်း သတိပေးသည်။

ဤသည်ကို ပုရောဟိတ် ပုဏ္ဏားကြီး၏ ကျွန်ယုံကြီးက မြင်ဖြစ်အောင် မြင်သည်၊ သူ့အဖို့တော့ မှီးနေပြီ ဖြစ်သည်။ ထုံးစံအတိုင်းပင် မမြင်ယောင်ပြုကာ ချောင်းတို 'အတာမ်း' ခနဲ လုပ်ကာ ဆိုး၏။

'အတာမ်း ထိုင်ကြပါဦး၊ အကြည်တော်တို့ ဇကန် ပုရောဟိတ် ပုဏ္ဏား ထံ လာကြတယ် ထင်ဝ'

'မှန်ပါပေတယ် နောင်တော်'

သမားကိုယ်စားလှယ် နှစ်ယောက်တို့မှာ ကုပ်ချောင်းချောင်းဖြင့် ညွှန်းထိုင်ခုံ၌ ဝင်တာ ထိုင်ကြသည်။

'ဟိတ် မယ်လှ . . . ဒီက ဆွေသဟာများအတွက် ထန်းလျက်လေး ဘာလေး ယူခဲ့ကြပါတ'

အိမ်တော်စိုး တစ်ယောက်နီးပါး ခုံညားသောဟန်ဖြင့် တစ်ဖက်လှည့်ကာ အခိုင်းအစေ မယ်လှကို လှမ်းကာအော်သည့် ကျွန်ယုံကြီး၏ အဝတ်အစားနှင့် ဟိတ်ဟန်တိုကြည့်ပြီး သခင်နှင့်ပင် ထင်မှတ်မှားလောက်ပေသည်။

'ပုရောဟိတ်ကြီး ရှိမှ ရှိပါလေစ'

'ဩ ရှိပါတယ် သမားတော်၊ အခုလေးတင်မှ အိပ်ခန်းဆောင် ဝင်သွားသမို့၊ သွားကာနှိုးဖို့ စဉ်းစားနေတာပါ'

ကျွန်ယုံကြီး၏ တန်ပြန် အဆိုကြောင့် သမားကိုယ်စားလှယ်နှစ်ယောက်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။

'ဟို'

'ရပါတယ် သမားတော်တို့ အခြားသူများမှ မဟုတ်ပေဘဲ၊ ကျွန်တော်မျိုး သွားကာ နှိုးပေးပါ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်အနည်းငယ် ညွတ်ကာ မရောမပြုံးဖြင့်ဆိုတာ လှည့်ထွက်သွားသော ကျွန်ယုံကိုကြည့်ကာ သမားကိုယ်စားလှယ်နှစ်ယောက် သက်မကို သာသာ ချသည်။

ထိုစဉ်ရုတ်တရက် ပေါ်ထွက်လာသော ပုံရိပ်ကြောင့်သူတို့နှစ်ယောက် စလုံး လန့်ဖျပ်သွားကြသည်။

မယ်လှ။ ပုရောဟိတ်အိမ်မှ အစေအပါးများထဲက အရေးပါသော အစေအပါး တစ်ဦးပင်။ ထန်းလျက်နှင့် အခြားသရေစာများနှင့် ရေနွေးကြမ်း တို့ကို အစေအပါး နောက်တစ်ဦးနှင့် သယ်ယူလာသည်။

'သုံးဆောင်ကြပါဦးရှင်'

မယ်လှက တတ်သမျှ မှတ်သမျှဖြင့် ယဉ်ကျေးစွာပြောရင်း ညှော်ခန်း ထဲမှ လှည့်ထွက်သွားကြသည်။ ညှော်ခန်းသည် သူတို့အနေနှင့် သန့်ရှင်းရေး ထုပ်ချိန်မှတစ်ပါး ဖြတ်သွားဖြတ်လာပင် မလုပ်ဝံ့ကြ။

ကျွန်ယုံကြီးသည် ပုရောဟိတ်၏ အိပ်ခန်းတံခါးကို အသာဖွင့်ကာ ကိုယ်တစောင်းဖြင့် အမြန်ဝင်သည်။ အိပ်ခန်း၏ သလွန်ညောင်စောင်းထက် တွင်မူ ပုဏ္ဏားကြီးက မိန့်မိန့်ကြီးလဲလျောင်းနေသည်။

'အရှင်'

ကျွန်ယုံကြီးက 'အရှင်' သာ ရှိသေးသည်။ ပုဏ္ဏားကြီးက လက်ဝါးကာ ပြသည်။ သူ သိပြီးသားဆိုသည့်သဘော။

သမားတော် ဆိုသည်က မပင့်မဖိတ်ဘဲ အိမ်တိုင်ရာရောက် လာခဲ့ သုံးစံမရှိ။ အင်မတန် ကိန်းကြီး ခန်းကြီးနိုင်ချင်သော သမားနှစ်ယောက်က နီးကြောင် ခိုးဝှက်ဟန်ဖြင့် ရောက်လာကတည်းက အကူအညီ တစ်စုံတစ်ရာ တို့အပ်ရမည်ဖြစ်ကြောင်း သူ စဉ်းစားမိပြီးသား ဖြစ်သည်။

သလွန်ညောင်စောင်းမှာ လဲလျောင်းနေရာက အသာထထည်။ ဝတ်ရုံ ခြုံထိုကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ဆွဲကာဆန့်သည်။ ပုဏ္ဏားဦးစွန်းကို သေ သေချာချာဆောင်းသည်။ ထို့နောက် ခံ့ညားသော ခြေလှမ်းဖြင့် ညှော်ခန်းဆီကို လျှောက်သည်။ ကျွန်ယုံကြီးက ခပ်ယို့ယို့အနေအထားဖြင့် ပုရောဟိတ် ပုဏ္ဏား ကြီး၏ နောက်မှ ခပ်ခွာခွာလိုက်သည်။

'အဟမ်း'



www.burmeseclassic.com

www.burmeseclassic.com

## ● မြနန္ ရိုး ဘူး စိ

ခေါင်းချင်းရိုက်ထား ဝည်းဝင်ကိုတိတ်နေကြသော အဆောက်ပိုင်းတစ်ထောင့် နှစ်ထောက်တိုင်ကြား ပုဇရာတိတ်ဝင်လာသည်ကို သတိမပြုမိကြသေးသဲ ရှိနေ စဉ်ကြောင့် ပုဇရာကိုကိုကြီး "အဖေါ်" ဟု ရောင်းဝယ်ရေးကြိုး ဖြစ်သည့် အစွန်အဖျားပိုလျှော့သော ရောင်းဝယ်ကြသူ "ထူးတတ်" ဟု အဆောက် အနေနှင့် ထပ်တလဲလဲခေါ်နေသည်မှ မကြုံ ထဖေ နှစ်ထောက်သား ခေါင်းချင်း ဆိုင်နေရာမှ အသာခွာကာ သော့ယူလျှ ထရုံ့သည်။

"ဒီ ထိုင်ပါ ထိုင်ပါ အထက်ကလူလေးတို့ အထောင်တောင်တိုက်ကြီး အထက်ကို ရှာထင်ရှာလောပါတိတ့်"

ပုဇရာကိုကိုကြီး မြို့ရှင်းတစ်အခေါက် လှုပ်လှဲ လှုပ်သော လှုပ်ရှ ကို အထောက်ထပ်ထားလှုပ် နှစ်ထောက် မြို့၌ ထိုင်းသည်။ အိုးဖက် အိုးဝင်ချို အကို ခံစားနိုင်ရာက်လောက် ဖို့၌ အိုးဝဖြစ်တိုက်ကြသည်။

"ပုဇရာကိုကြီး ပေါက်ရှင် သေတ္တာထဲက တိုရှာ့စထွက် အ ထူအညီ လာထောင်ရတော့ပါ"

"အကိုပေး ပေးတိုက်တဲ့ သာဓလေလ ကြွက်ဝင်ကထရာပါလာကထွက် ရှိ ထဲ ရှိနေတော့ဦးလား"

ပုဇရာကိုက ဝထားထောင်းလေကို ခွင်းရေးသည်။ သိုးတော် အထောက်ပိုင် လောထပ်နှင့်ဦးတည်က ထင်းထုတ်ဝါးခဲ့တယ်ကြ လျှော်ကိုကြိုးတိုသော ထုတ်ထို ပြင်းသည်။

ပုဇရာကိုပိုဝထွက်ကြီးက အထောက်ပေါက်လှ လှုပ်ကိုကြိုးကို ထပ်ချွတ် အသာအဝ ရှည်ကြီးသည်။ ချက်ခို နှတ္ထက်ပေ ထိုးဝထာထပ်သော ထွက် ထိုကြီးက အဝင်ခံအထာကို အထောက်ပေါက် နှုတ္တုညီတွာ ထိုက်ထိုတိုကြ ရှောင်ခွာလဲ့ ခံစားတတ်တတ် တွက်ထွာရလေသည်။

"ထဲ အထဲတိုး အထောက်ဝင်ကြွရဲ့"

ခန့်လဲ့လဲ့ ထူးထွေသော ပုဇရာကိုကိုပါ ဝေ့ဝါးကြောင်း အထောက် ကြာမ်း ရှိ့ရှည်တောက်က ထည်ကျပ္ပာလော နှင်းသည်။ သိုးတော် ချက်ချင်း ထန်ပြင်ကော ထန်ဝါကြွင်း အတိကြွင်းကို ချသည်။

"ဒီလိုပါ ပုဇရာကိုကိုကြီး ဖြစ်ခဲ့တဲ့ ထာကလှ မြို့ပထာရုံ့ ရှိတ်ရွ ထစ်ထိုင်ပြိုထပ်ကိုက်တဲ့ အိမ်ရှေ့စိမ်းရှား ရွှေထောက်နောက်ကြောင်းကို ထိုက်နိုင်

www.burmeseclassic.com



နိုင်ပေတော့တယ်

"ထင်ခဲ့ပါပြီး သားတော်ကြီးရဲ့"

ရှင်ဘုရင်ကြီးကတော့ ဟူရေကာဝီကြီးက ဝရဲ့လာရဲ့ သားတော်ကို လှမ်း၍ ပေးလိုက်၊ ဝရဲ့လာရဲ့ကို မြင်ရှင်ပင်သေကရာကြီးက ချစ်လှစွာသော သားတော်ဝင် ကြင်ရာ အိမ်ရှေ့စံ မိဖုရားကြောင်းသိကော့ သူ့ဓနေနှင့် ထိုင်ပုံဝတီတော်ရ ရှင့် အနေအထား

"သူရေစာတိရိုက်အနိုင်တပေတို့ ထိုင်းသကြင်တား အစတော်ရှာစွာတော လှိုက်ကတော့ ရဦးကြတော် တခုတုတ်ရိုင် မြင်ချင်တွင်တော်မှ မင်္ဂရ လူရှာ ဒိ သာလူမပြီကြွတော့ပါသူ"

"အဲ .. အဲဒါ"

သားတော်ကိုင်စားလူတ်တင်တော့တ်က "အဲ အဲဒါ" ဟုဆိုရင်း ဘေလူ ခင်တော်ကို ထပ်ဘောင်ဖြင့် လှမ်းကညီး ထိုတင်တော်တကလဲ ရှတ်ကရှတ် အစွဲခံရာကြိုင် အစထောင်ထောင် အမှုလောကြိုင် ထိုင်သဲကို နိုတ်တာကလေး ခင်ကို သတ်ခံနဲ့ လှတ်သည်း ဘတ်ထဲမှ အသကြီးလွှာ "ချိုင်" ခဲ့ ပြစ် မြင်ပေါ်လှကသည်း

ထိုသား ထိုင်စားလူတ်တင် ကြမ်းပေါ်လှကလွှာသေးစကြ ရုင်ကို ခတ်ကြိန်ကြိန်တောတ်ရင်း ဟူရေကာဝီကြီးကို ရှတ်ထုံး ဖေကခတ် အေသ ခတ်မြင် ကြင့်တည်း

အသကြီးတကြီးကို လှမ်းတကြီး မြင်ထိုင်ရဲ "ချိုင်" ခဲ့ ပြစ် ပါလှကြင်ပေ ဟူရေကာဝီ ရင်ဝမှ "ချင်" ခဲ့နေအောင် ဖေကခကိုးတည် ခို့သတ် ဝကိုကိုတ် ဖြင့်ကိုတ်သဘောင် ဝကြီး အကြင်ကွဲသည်

သားတော်ကိုင်စားလူတ်က အသကြီးတ်ကို ဟူရေကာဝီကို သွားရှေ့ ဒိုသော အလေပွန်းကိုသည်း

"အဲဒါ ဟူရေကာဝီကြီးပေါ့ လှုင်တော်တို့တည်း အတင်ဘေလူ ရှတ်ကြွပါ"

သားတော်ကိုင်စားလူတ်နှင့်တော်တည်ိမ် ညစ်တင်ကြိုပေသာ ဝေသေနဲ့ ဟူရေကာဝီ ကြွပေါ်သည်း ခို့သော် ကလှကိုစွာ ဝေဖြိုးသော် ဝေနင်း ထဲ အကြင်ကလူပါက ဝိမိရှာလာသော ရေးစိမ်ပါ ကြွတ် လှင်ဆေးခံရှင်

www.burmeseclassic.com

www.burmeseclassic.com



ကိုစွ၊ အိမ်ရှေ့စံဆိုတာတလည်း ခေသူမဟုတ်၊ ရုပ်ရည်ရူပကာ လှပရုံတင်မက လက်နှုံးရည် နှလုံးရည်မြင့် ပြည့်စုံတာ ညဏ်ရည် ထက်မြက်လေသူ။

ပုရောဟိတ် မျက်လုံးကို မှိတ်ကာ အသာစဉ်းစားသည်။ သို့သော် သူ၏ အာရုံ၌ အသပြာထုပ်ခပ်ငယ်ငယ်ကို ဆရင်း ကြည့်နေမိသည်။ သူ၏ ပုရောဟိတ်အရာ... အသပြာငွေထုပ်.... အိမ်ရှေ့စံမိဖုရား....၊ သမီးတော်.....၊ ပုရောဟိတ် ခေါင်းထဲ၌ ညစ်နွမ်းသဖြင့် ခေါင်းခါယမ်းမိသည်။

အသပြာထုတ်ကို ပုရောဟိတ်ရှေ့သို့ တွန်းပို့ပေးရင်း ပုရောဟိတ်ပုဏ္ဏားကြီးကို မျက်တောင်မခတ် မျှော်လင့်တကြီး ကြည့်နေရှာသော သမားတိုယ်စားလှယ် နှစ်ယောက်ခမျှာ ပုရောဟိတ်ကြီးခေါင်းကို ဘယ်ညာ ခါယမ်းလိုက်သည်ကို မြင်သောအခါ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြလေသည်။ တစ်ယောက်ကို တစ်ယောက်လည်း မေးဆတ်ကြလေသည်။

'ဗူ... ပုရောဟိတ်ကြီး'

သမားကိုယ်စားလှယ်တစ်ယောက်က တံတွေးကို 'ဂွပ်'ကနဲနေအောင် မျိုချလိုက်ရင်း မရဲတရဲခေါ်သည်။

မျက်လုံး စုံမှိတ်ကာ စဉ်းစားနေဆဲဖြစ်သော ပုရောဟိတ်ပုဏ္ဏားကြီးက 'ဖျတ်'ခနဲ မျက်လုံးကို ဖွင့်သည်။

'တ တကယ်တမ်းကျတော့.. ကိစ္စပြီးမြောက်အောင် မြင်သွားရင် အသင် ပုရောဟိတ်ကြီးအတွက် .... ထပ်မံပြီး အသီးသီး ပဏ္ဏာဆက်ကြဦးမှာပါ......'

ပုရောဟိတ်ကြီးက သမားတော်၏စကားအဆုံး မျက်လုံးကို ဖျတ်ခနဲ ပြန်မှိတ်လိုက်သည်။ ထိုင်ခုံ၌ ခပ်လျှော့လျှော့ မှီကာနေသော ခန္ဓာကိုယ် တစ်ခုလုံး၌ တစ်ထိုင်တည်း ခေါင်းညိတ် ခေါင်းခါ ဆုံးဖြတ်ပေးလိုက်ရမည့်တိုင် ကိုသာ အပြန်ပြန်အလှန်လှန် ဆင်ခြင်နေမိသည်။ နောက်ထပ် ထပ်မံ ပေးဆက် ကြဦးမည့် လက်ဆောင်ပဏ္ဏာဆိုတာကြီးက ပုရောဟိတ်၏ ရင်ခုန်သံကိုမြန် သထက်မြန်စေလေသည်။ ဆတ်ခနဲ 'အရှင်မင်းတရားကြီးနှင့် သားတော် အိမ်ရှေ့စံ၊ ယင်းအိမ်ရှေ့စံမင်းသား၏ ချစ်မပြေးသည့် ဇနီးကြင်ဖော်၊ ကြင်ရာ တော် အိမ်ရှေ့စံ မိဖုရားတို့က အာရုံဝယ် စီပြီး ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com





မျက်လုံးတို ဆတ်ခနဲ ပုရောဟိတ်ပြန်တာ ဖွင့်သည်။ မျက်မှောက်ရှိ အသပြာထုပ်တ ခုန်ချပြီး မိမိရင်ခွင်ထဲ ဝင်လာတော့မယောင် ပုရောဟိတ်ကြီး တို့မြူနေသည်။

သမားတော် နှစ်ယောက်မှာလည်း အသက်ရှုရန်ကိုပင် မေ့လျော့တာ ပုရောဟိတ်ကြီး၏ မျက်နှာကိုသာ မျှော်လင့်တကြီး အသီးသီး ကြည့်နေကြလေ သည်။ ပုရောဟိတ်ကြီးက တံတွေးကို 'ဂွတ်'ခနဲနေအောင် မျိုချသည်။

'အိမ်း ကျွန်ုပ်ကြိုးစားကြည့်သေးတာပ၊ သို့သော်လည်း ခတ်ခဲသော တိစ္ဆေပေမို့ အချိန်အနည်းငယ်တော့ ကြာမည်ထင်ပ'

ပုရောဟိတ်ကြီး၏ အဆိုကြောင့် သမားနှစ်ယောက် ဝမ်းသာအားရ ရွှင်ပြုံးမိကြသည်။

'အို ဘယ့်နှယ် ကြိုးစားရမတုံး၊ ဤမျှလောက်ကိုတော့ဖြင့် အသင် ပုရောဟိတ်အတွက် တစ်ချက်လောက်သာ စဉ်းစားရမည်သာပ'

'မှန်ပါ ပုရောဟိတ်ကြီးရယ် ဤတိစ္ဆေကို မြန်နိုင်သမျှ မြန်အောင်သာ ဆောင်ပေးတော်မူပါ၊ ကျွန်ုပ်တို့မှာ နေ့စဉ်ညဆက် အစားပျက် အသောက်ပျက် နဲ့ ဒုက္ခဝေဒနာ ခံစားရလွန်းလို့ပါ'

မြောက်ရှဲ တစ်မျိုး၊ အသနားခံရှဲတစ်ဖုံ ကြုံသလို ဆိုကြရင်း နွေးထွေး နော် မင်းသမီးအား ဒုက္ခတွင်းသို့ တွန်းတာ ပို့ကြလေသည်။

ပုရောဟိတ်ကြီးမှာ ထွက်ခွာသွားပြီဖြစ်သော သမားတော်နှစ်ယောက် တို ကြည့်ကာ ရှေ့မှောက်မှ အသပြာထုပ်ကို အသာယူကာ ဝတ်ရုံအတွင်း သို့ထည့်လိုက်ရင်း မတ်တတ်ထရပ်လိုက်သည်။

ညှော့ခန်းတံခါးရွက်ဝယ် ခိုးတာ နားထောင်နေသောမယ်လှတာတော့ ရင်ဘတ်အစုံခုန်နေသမျှတိုအသာဖိရင်းသက်ပြင်းမရဲတရဲချလေသည်။ အထံ နှယ်မကြံကောင်းမစည်ရာ၊ မိမိတို့လို ကျွန်အစေအပါးလောက်ဝင်စီးထား မကြူသည့်လူတို့၏စိတ်ကို သူမ ကြောက်သထက် ကြောက်နေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ● ပြည့် ဖိုင် ရှား စိစ်

နံနက်မိုးသောက် အလင်းရောက်သောအခါ ဗာရာပြည်ကြီးမှာ ထုံးစံအတိုင်း နေခြည်နုအောက်ဝယ် စည်ကားသိုက်မြိုက်စွာဖြင့် နိုးထလေသည်။

လေသာဆောင် ပြတင်းမှ လတ်ဆတ်သော လေနုအေးကို ရှူရှိုက်ကာ ဗာရာပြည့်ရှင်သည် ရွှင်လန်းစွာဖြင့် နန်းတော်အတွင်းသို့ လှမ်းလေသည်။

အကြံသမား ပုရောဟိတ်ပုဏ္ဏားကြီးမှာ ဘုရင်ကြီးဘေး၌ လူသူအရှင်းကို စောင့်၍သာ နေလေသည်။

ကံကောင်း ထောက်မစွာ ဘုရင်ကြီးအနီး၌ ခစားသူဟူ၍ သူတစ်ဦးတည်းသာ ကျန်လေသည်။

'အို . . ပုရောဟိတ်ကြီး အဘယ်အကြောင်းများ လျှောက်တင်ရန်ရှိသဖြင့် ကျန်ရစ်ဘိသနည်း'

'မှန်လှပါ အရှင့် ဘုန်းတော်ကြောင့် ဗာရာပြည်ကြီးမှာ ယခင်ဘိုးဘေးများလက်ထက်ကထက် အဆများစွာ စည်ပင်သာယာလျက် ရှိကြောင်းပါ သို့သော် လက်ရှိ တိုးတက်သာယာသည်ထက် ပိုမို စည်ကားကာ အရှင့် ဘုန်းတန်ခိုး ကြီးထွားမည့် အကြောင်း ကျွန်တော်မျိုး ပုဏ္ဏား မြင်မိကြောင်းပါဘုရား'

'လျှောက်တင်တော်မူပါ ပုရောဟိတ်ကြီး'



www.burmeseclassic.com

www.burmeseclassic.com



## သတ္တမမြောက်နှစ်ဆန်း

မင်းကြီးမှာ ကောက်ကျစ်သော ပုရောဟိတ်ကြီး၏ အကြံညာဏ်ကို မသိ ရှာပေ၊ တိုင်းသူပြည်သားတို့အား ရင်ဝယ်သားတဲ့သို့ ချစ်မြတ်နိုးသူပီပီ တိုင်းပြည် ပိုမိုစည်ကားမည့် အရေးကို လိုလိုချင်ချင်ပင် လျှောက်တင်စေ လေသည်။

ပုရောဟိတ်ကြီးက လျှောက်တင်စရာကို မလျှောက်တင်သေးဘဲ မင်းကြီး၏ ဘေး၌ ယပ်တောင် ခတ်ပေးနေသော အစေအပါးငယ် နှစ်ဦးကို ကြည့်သည်၊ မင်းကြီးကလည်း အလွန်လျှို့ဝှက်တတ်သော ပုရောဟိတ်ကြီး၏ သဘောကို နားလည်သူ ဖြစ်သဖြင့် မိန်းကလေးငယ် နှစ်ယောက်ကို သင့်ရာ၌ ခပ်ဝေးဝေး ခစားစေသည်။

ပုရောဟိတ်ပုဏ္ဏားကြီးက မင်းကြီး၏ ပလ္လင်အနီးသို့ နီးသည်ထက် နီးအောင်တိုးသည်။

'မှန်လှပါ အရှင်မင်းကြီး၊ ပြီးခဲ့သောကာလအတွင်း နတ်မင်း နတ်မျိုး နတ်နွယ်ဝင်ဖြစ်သော အရှင်မင်းကြီး၏ ချွေးမတော် ဒွေးမယ်နော် ရောက်လာ ချိန်ကစလို့ တိုင်းပြည်အတွင်း ရာသီဥတု မှန်ကန်တာ ဆန်ရေစပါးများ အထွက် တိုးကာ ကျက်သရေ အပေါင်းလည်း ဝေဖြာခဲ့ပါသည် ဘုရား'

ဘုရင်မင်းကြီးသည် ချွေးမတော် အိမ်ရှေ့စံ မိဖုရား ဒွေးမယ်နော် အကြောင်းကို ကောင်းသမျှအကုန် အကြောင်းစုံကို ပုရောဟိတ်ကြီး လျှောက် တင်သောအခါ ကျေနပ်စွာ ပြုံးလေသည်။

ပုရောဟိတ် ပုဏ္ဏားကြီးသည်လည်း မင်းကြီး ပြုံးတော်မူသည်ကို မြင် သောအခါ လိုက်ပါ၍ ပြုံးလေသည်။ ထို့နောက် စကားကို ဆက်လေသည်၊

'ဒွေးမယ်နော် မင်းသမီးမှာ နတ်သမီး ကညာဖြစ်လေသောကြောင့် မြို့စောင့်နတ်၊ ရွာစောင့်နတ်ကာစ၍ နတ်အပေါင်းတို့က ကျွန်တော်မျိုးတို့ တိုင်း ပြည်အား ထူးခြားခင်မင် မြတ်နိုးကြင်လျက် လိုလိုလားလားပင် စောင့်ရှောက် ကြသည်မို့ တစ်စထက်တစ်စ ပိုမို တိုးတက်လာတာ ငြင်း၍မရကြောင်းပါ၊ အတယ်၍ ဒွေးမယ်နော် မင်းသမီး၏'

ပုဏ္ဏားကြီးက စကား၏ အထွတ်အထိပ်သို့ ရောက်ရှိလာပြီး အလွန် အရေးကြီးနေရာမို့ ဘုရင်ကြီး၏ စိတ်ဝင်စားမှု အခြေအနေကို မရဲတရဲ စမ်း သည့်အနေဖြင့် စကားစကို ဖြတ်ကြည့်သည်။ မင်းကြီးကား စကားမဆက်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်တင်လျှက်ကမှ တီခနဲ ရပ်တာ ခေါင်းအနည်းငယ် ငုံ့သွားသော ပုရော ဟိတ်ကြီးကို အားမလို အားမရဖြင့် ကြည့်၏။ တကယ်တော့ ပုဏ္ဏားကြီးသည် ဒွေးမယ်နော် မင်းသမီး၏ အခန်းတဏ္ဍကို နောက်ချန်ကာ ပြောရမည် ဖြစ် သည်။ စိတ်လောနေသော သူ့ကိုယ်သူ ဘုရင်ကြီး၏ ရှေ့တော်မှောက်၌ပုံမ ဖျက်စေရန် စိတ်ကို တည်ငြိမ်အောင် ထိန်းသည်။

'မှန်လှပါ တိုင်းပြည် စည်ကားသည်ထက် စည်ကားကာ ပိုမို သာယာ ဝပြောရန်အတွက် နတ်အပေါင်းအား ယဇ်ပူဇော်ပါက အထူးသဖြင့် သင့်မြတ် မည်ဖြစ်ကြောင်းပါ'

'အိမ်း ဘယ်လို အစီအရင်ဖြင့် ပူဇော်ရပါမည်လဲ ပုရောဟိတ်ကြီး'

'မှန် မှန်လှပါ ဒွေးမယ်နော်၏ လည်ချောင်း သွေး သွေး '

'ဘာ တယ်၊ မိုက်ရိုင်းလိုက်လေ. . . သားတော်ရဲ့ ချစ်လှစွာသော ကြင်ရာတော်၊ နတ်မျိုးနတ်နွယ်. . . ငါ၏ ချွေးမတော်ကိုမှ စတေးရမတဲ့လား ပုရောဟိတ်ကြီး'

'မှန် မှန်လှပါ အရှင်မင်းကြီး၊ နေ့ရက် နာရီ နက္ခတ်တို့နှင့် ယှဉ်တာ ထွက်လာရသော ရတောင့်ရခဲ အခွင့်အရေးပါဘုရား၊ နောင်တစ်ချိန်မှာ ပူဇော် ချင်ပါသော်လည်း နက္ခတ်လွဲပြီမို့ အတိုးမရှိနိုင်ကြောင်းပါ ဘုရား၊ ဒါကြောင့်မို့ ဖြစ်နိုင်လျှင် ဤလမကျော်မီ ရာသီ မနှောင်းခင် လျင်လျင် ပူဇော်ပါမှ သင့် တော်မည် ဖြစ်ကြောင်းပါ'

' အို အရပ်ရပ် နေပြည်တော် ကြားလို့မှ မတော်၊ တိုင်းပြည် သာယာ ဝပြောဖို့ ချွေးမတော်ရဲ့ လည်ချောင်းသွေးနဲ့မှ စတေးရမယ်လို့ မဖြစ်နိုင်ချေ ဘူး ပုရောဟိတ်ကြီး'

ဒေါသဖြင့် ဝန်းရောင်ထနေသောဘုရင်ကြီး၏ မျက်နှာတော်ကိုခိုး၍ ဖူးမြော်ရင်းက ပုရောဟိတ်ပုဏ္ဏားကြီးမှာ ခြေလက်ရင်ပန်းတုန်ယင်စွာဖြင့် 'မှားများမှားလေပြီလား'တုစိုးရိမ်ကြောင့်ကြစွာဖြင့်တွေးမိလေသည်။ အတယ်၍ မင်းကြီး သာဤသို့ဤနှယ် ပုရောဟိတ်ကြီးလျှောက်တင်ခဲ့သည့်အကြောင်း အိမ်ရှေ့စံ မင်းသားရွှေဝယ် မိန့်တော်မူမိပါက သူ ဒုက္ခလှလှတွေ့ပေတော့မည်။

'မဖြစ်ချေဘူး ဝေါက်မိတဲ့နဖူး၊ မထူးတော့သည်မို့ ရှေ့ဆက်ပုံမှ သင့် မယ်'



www.burmeseclassic.com

www.burmeseclassic.com



ပုရောဟိတ်သည် အတွေးတို့ကို တရစပ် တွေးကာ ဒွေးမယ်နော်ခင်းသမီးကို ကိစ္စတုံးပစ်ရေးကိုသာ အခါခါ ကြံစည်နေလေသည်။ ဘုရင်ကြီးမှာ မျက်နှာတော်လွှဲကာ နေနေလေသည်။

'မှန်လှပါ ဘုန်းတော်ကြောင့် ထိုကဲ့သို့ ယဇ်ပူဇော်နိုင်ပါလျှင်ကား အရှင်ဘုရား၏ တန်ခိုးရှိန်ဝါမှာ အခါခါ အထပ်ထပ် တိုးသထက်တိုး၍ မင်းမျိုးတစ်ရာ့တစ်ပါး အားလုံးသော ဇမ္ဗူဒိတ်ကျွန်းရှိ မင်းလုံးစုံသည် အရှင်မင်းကြီးတရားကြီး၏ ခြေတော်ရင်းဝပ်စင်းကာ ခိုလှုံလာကြပါလိမ့်မည် မင်းကြီးဘုရား အသေ ချာ စဉ်းစားတော်မူပါ'

ပုရောဟိတ်ကြီး၏ လျှောက်တင်မှုကြောင့် ဘုရင်ကြီး၏ မျက်ခုံးတော်အစုံမှာ ခုန်ကာပင့်တက်သွားလေသည်။ တစ်ရာ့ တစ်ပါးသော မင်းအားလုံးကသာ လာရောက် ခိုလှုံမည်သာမှန်လျှင် ကမ္ဘာတစ်ခွင်၌ ဘုန်းတန်ခိုး စက်ရောင်ထွန်းပြောင်မည် မဟုတ်ပါလား။

'သင့်တော်ပါ့မလား ပုရောဟိတ်ကြီးရဲ့'

မင်းကြီးမိန့်သောစကားကြောင့် ပုရောဟိတ်ကြီးက မျက်နှာကို အနည်းငယ်ဝှက်ကာ ပြုံးလိုက်သည်။

'မှန်လှပါ၊ အရှင်မင်းကြီးသည် တိုင်းသူပြည်သားတို့အပေါ် ဝယ်ရင်ဝယ်သားကဲ့သို့ ချစ်ခင်မြတ်နိုးကာ တိုင်းကျိုးပြည်ရွာကိစ္စ၌ ကိုယ်ကျိုးစွန့်ဘဲ ချွေးမတော်ကိုသော်မှ စတေးရဲသော မင်းအဖြစ် တိုင်းသူပြည်သားများအပေါ် တစ်စထက်တစ်စ ရှိသေလာမည် ဖြစ်ကြောင်းပါ'

'အင်း လွယ်လွယ်နဲ့တော့ ဤကိစ္စ အဆင်ပြေပါ့မလား ပုဏ္ဏားကြီးရဲ့'

'မှန်လှပါ အလွန်လွယ်ကူလှကြောင်းပါ'

'လျှောက်စမ်းပါဦး ပုရောဟိတ်ကြီးရဲ့'

'မှန်လှပါ ........................................................'



www.burmeseclassic.com

www.burmeseclassic.com



'အိမ်ရှေ့စံဘုရား ဘုရင်မင်းကြီးက လာရောက်ခစားပါရန် အမှာ
တော်ပါ ဝါးလိုက်ကြောင်းပါဘုရား'

အပြင်မှ လျှောက်တင်လိုက်သောကြောင့် ချစ်ခင်ကျီစယ်နေကြ
သော အိမ်ရှေ့စံ သုမနမင်းသားနှင့် အိမ်ရှေ့စံ မိဖုရား ဒွေးမယ်နော် မင်း
သမီးလေးတို့ တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြသည်။

အမှန်တော့ ရွှေမျက်နှာတော်ညှိုးငယ်နေသော ဒွေးမယ်နော် မင်း
သမီးကြောင့် မင်းသားက နေမကောင်းဟု ယူဆကာ စိုးရိမ်တကြီး မေးမြန်း
ပြီး မင်းသမီးတလည်း နေကောင်းပါကြောင်း ပြန်လည်ဖြေကြားခဲ့သည်
ထို့ကြောင့် တစ်စုံတစ်ရာကို စိတ်ကောက်ကာ ရွှေစိတ်တော် ညိုနေသည်အထင်
ဖြင့် မင်းသမီးပျော်လာအောင် မင်းသားမှာ ကျီစယ်နေခြင်း ဖြစ်သည်။

'လာရောက်ခစားပါရန်' တဲ့ ဆိုလိုသည်က အခုချက်ချင်း လာရော
ပါရန်ဆိုသည့်သဘော။ မခေါ်စဖူး အခေါ်ထူးသည်မို့ သုမန မင်းသား
ပျာယီးပျာယာဖြင့် ထရပ်သည်။

'ဝုန်း'

'ခလွမ်း၊ ချွမ်း'

သလွန်ဘေးမှ နှင်းဆီပန်းတို့ ထိုးစိုက်ထားသော မြေပန်းအိုး၏

သံ။



www.burmeseclassic.com

www.burmeseclassic.com



'ဟော့ ရံရွှေတော်များ လာကြစမ်း၊ ဒိပန်းအိုးတွဲတို ရှင်းထိုက်ပြွ နန်းတော် မောင်တောင် အခစား သွားလိုက်ဦးမယ်'

သုစနုမင်းသားသည် ရံရွှေတော်တို့ကိုလှည့်အော်ရင်းတခွေမယ်နော် စက်လှည့်ကာ ညင်သာစွာဆိုသည်။

ဒွေးမယ်နော် မင်းသမီးက ခေါင်းကို အသာအယာညိတ်ပြလိုက်သည်။ တကယ်တော့ သူမသည် သာမန်လူသားတစ်ယောက်မဟုတ်၊ နတ်သမီးဖြစ်သည်။ ပုရောဟိတ်ကြီး ကြိတ်ကြံသမျှ နားနားကပ်ပြောသလို သူ၏(နတ်တို့၏) နားဖြင့် တစ်ခွန်းမကျန် အတုန်ကြားသည်။ ဤကိစ္စသည် ရယ်ရယ်မောမောဖြင့် ပြီးသွားမည့် ပေါ့ပျက်ပျက် ကိစ္စတစ်ခု မဟုတ်မှန်း တွေးမိပြီးသားဖြစ်သည်။

ရှည်လျားသောသက်ပြင်းကို ဒွေးမယ်နော် မင်းသမီးသည်ချဖြစ်သည်။ ဖွင့်ပြောရမည်။ မည်သို့ပင် ဆိုစေကာမူ သူမ ချစ်မြတ်နိုးလှစွာသော ခြင်ဖက်တော် သုစနုမင်းသားအား အကျိုးအကြောင်းကို ရှင်းရှင်းလင်းလင်း ပြောပြရမည်၊ တိုင်ပင်ရမည်။ ပုရောဟိတ် ပုဏ္ဏားကြီး၏ ယုတ်မာတောက်တစ်လှသော လှည့်စားမှု။ ထိုသို့ဖြစ်အောင် ဖန်တီးမှု အစပျိုးခဲ့သော သမားတော်အချို့။

မောင်တော်မင်းသား ပြန်လာမည့်အချိန်ကို စောင့်စားရင်း သက်ပြင်းကိုသာ အခါခါချနေမိသည်။ သူမနှင့် သုစနုမင်းသားတို့သည် တွေ့အချိန်မှသာခုထိ အဆင်မပြေမှုများက အလေးသာလွန်းနေသည်လေ။

'မှန်လှပါ ခမည်းတော်ဘုရား သားတော် ရှေ့တော်မှောက်သို့ အခစားရောက်ကြောင်းပါ'

ဝင်လာစဉ်ကတည်းက ကျောပေးထားသော ဖခမည်းတော် ဖြစ်သူကို သုစနုမင်းသား လျှောက်တင်သည်။

ဤနှယ် တည်ငြိမ်နေပါလျှင် ကြီးကျယ်သော ကိစ္စတစ်ခုတို ဖခမည်းတော်ကြုံနေပြီ ဖြစ်ကြောင်း မင်းသားသိသည်။

'သားတော်'

'မှန်လှပါ မိန့်တော်မူပါ ဖခမည်းတော် ဘုရား'

ဖခမည်းတော်၏ အသံသည် ထူးခြားနေသည်ဟု မင်းသားထင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘာဘယ်ထမ်း ခမည်းတော်၏ အသံမှာ ဤကဲ့သို့မဟုတ်။ အင်မတန် ကြည်ငြိမ်နူးညံ့သော ဩဇာရှိသော အသံဖြစ်သည်။ ယခုအသံမှုကား ထူးခြား နေသည်တ အမှန်၊

'ခမည်းတော် ပိုင်နက်၏ မြောက်ဘက်စွန်းဒေသ၌ သူပုန်ရန်သူတို့ ထွတ်ထွတ်ဆူလျက် စစ်မက် လက္ခဏာ ကြုံနေပါ၍ သားတော်ကိုယ်တိုင် နှိမ် နင်းပေးစေလိုတယ်'

'မှန် မှန်လှပါဘုရား'

သုခနု မင်းသားမှာ တွေဝေကာသွားသည်။ ဘယ့်နှယ် စစ်သူကြီးတွေ စစ်သေနာပတိကြီးတွေ ရှိနေတဲ့ကြားက မိမိကိုမှ ဖခမည်းတော် ဘုရားက စေလွှတ်သည်။သို့သော် ဆင်ခြေကန်ရန် သတ္တိ အိမ်ရှေ့မင်းသား ဖြစ်သောသူ့ မှာမရှိ။

'တို့မှာ ချပ်ဝတ်တန်ဆာ ဖခမည်းတော် စီစဉ်ထားပေးတော်မူတယ်။ သားတော်နဲ့အတူ လိုက်ပါကြမယ့် လက်ရွေးစင် စစ်ရဲမက်တို့ကလည်း အသင့် ဖြစ်ပြီ။ သို့ကြောင့် သားတော် ယခုချက်ချင်း ဝတ်ရုံတော်လဲကာ တိုင်းပြည်၏ မြောက်ဖျားက သူပုန်များကို နှိမ်နင်းလေ'

'အမိန့်တော်မြတ် အတိုင်းပါ ဖခမည်းတော်ဘုရား'

မင်းသားသည် ဖခမည်းတော်ကို ညွှတ်တွားကာ ဦးချလိုက်ရင်း ရုံရွေ တော် တစ်ဦးလာပေးသော ချပ်ဝတ်တန်ဆာတို့ကို ယူကာ အပြင်သို့ ထွက်ရန် ပြင်သည်။

'သားတော်'

ဖခမည်းတော်၏ မတိုးမကျယ် ခေါ်သံကြောင့် မင်းသားခြေလှမ်းတန့် သည်။

'မှန်လှပါ မိန့်တော်မူပါ ဖခမည်းတော်ဘုရား'

'ခု အဘယ်သွားမလို့လဲ သားတော်'

'မှန်လှပါ အိမ်ရှေ့စံ မိဖုရား ချစ်မယားထံကို သွားကာ နှုတ်ဆက်မလို့ ပါဘုရား'

'မလိုဘူး၊ ငါကိုယ်တော်တိုင် ရှေ့တော်မှောက် ခေါ်၍အသိပေးလိုက် မယ်၊ အရေးတကယ်ကြုံနေရသော မြောက်ပိုင်းစွန်းသွားရန်ကိုသာ သားတော်

www.burmeseclassic.com

www.burmeseclassic.com



ခုချက်ချင်း စီစဉ်ကာသွားလေ’

‘အမိန့်တော်မြတ်အတိုင်းပါဘုရား’

သုဓနုမင်းသားမှာ ဖခမည်းတော်ဘုရား မိန့်တော်မူသည်ကို ဘဝင်မကျနိုင်ဘဲ ရှိလေသည်။ ချစ်မယားတို့ ခဏတာမျှ နှုတ်ဆက်ရန်အချိန် မပေးနိုင်ရလောက်အောင်ကို ပုန်ကန်မှုက ကြီးကျယ်သည်တဲ့လား၊ သူ့အပြန်အလာကိုစောင့်ကြိုကာ ဆီးတိုင်ပင် တောင်းတိုင်ပင်နေကြ ချစ်မယား၏စောင့်မျှော်နေမည့် ဟန်ကို မျက်ဝန်းဝယ်လာ၍ ထင်ဟပ်သည်။

စစ်သည်တစ်ဦးက ဆွဲလာပေးသော မြင်းပေါ်သို့ မင်းသား လွှားခနဲခုန်တက်ကာ ခြေဦးဖြင့် မြင်းကို အသာအယာ တို့လိုက်သည်။

‘ဟိုင်း ယား’

‘ခွပ် ခွပ် ခွပ်’

‘ခွပ် ခွပ် ခွပ်’

မြင်းခွာသံတို့က နန်းတော်မှသည် မြောက်ဘက်ပိုင်းဆီသို့ ဦးတည်ကာသွားသည်။

မြင်းအုပ်ကြီးကြောင့် ထွက်ပေါ်လာသော ဖုန်တို့က တထောင်းထောင်းထကာ ရှိနေသည်ကို လေသာပြတင်းမှ ဘုရင်မင်းကြီးနှင့် ပုရောဟိတ်ကြီးတို့ လှမ်းမြင်နေရသည်။

ဘုရင်ကြီးနှင့် ပုရောဟိတ်ကြီးတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြသည်။ မင်းကြီး၏ စိတ်ထဲဝယ် တျော့နပ်ခြင်းနှင့်တူ သားတော်အတွက်ရော ချွေးမတော်အတွက်ပါ စိတ်မကောင်းခြင်းတို့စွာဖြင့်ဝမ်းနည်းမှုတို့က လှိုက်လှိုက်တက်ကာ ရင်တိုဆောင့်သည်။ မျက်ဝန်းဝယ် စွတက်လာသော မျက်ရည်စတို့ကို မျက်တောင် ပုတ်ခတ်ကာ ထိန်းရင်း မျက်နှာတော်ကို ဆတ်ခနဲ မော့သည်။ မေးကြောကြီးများ ထောင်ထလာသည်အထိအံကိုကြိတ်သည်။

‘ပုရောဟိတ်ကြီး’

‘မှန်လှပါ’

‘ပု. . ပုရောဟိတ်ကြီးရဲ့ ယဇ်ပူဇော်ပွဲကို မြန်မြန်သာ စီရင်ပေးလာတော့. . . .’



www.burmeseclassic.com

www.burmeseclassic.com



'အမိန့်တော်မြတ် အတိုင်းပါ ဘုရား'

အမိန့်တော်ကို ချမှတ်လိုက်သော ဘုရင်ကြီး၏ တိုးလျှ တုန့်ယင်ကာနေသလောက် ပုရောဟိတ်ပုဏ္ဏားကြီး၏ ပြန်လည် လျှောက်တင်သံမှာ အားအင်ပြည့်ကာ တက်ကြွနေသည်။

မဖုံးနိုင် မဖိနိုင် ရွှင်လန်းကာနေသော ပုရောဟိတ်ကြီးမှာ အသက်အရွယ်နှင့် မလိုက်အောင်ပင် တက်ကြွ လန်းဆန်းကာ ရွှင်မြူးနေ၏။

သုတ်သုတ်ပျာပျာဖြင့် မင်းကြီး၏ အဆောင်တော်မှ ထွက်ကာ အာဏာပါးကွက်သား လေးယောက်လှမ်းကာ ခပ်တိုးတိုးမှာသည်။ အာဏာပါးကွက်သားလေးယောက်မှာ မင်းကြီးကလျှို့ဝှက်စွာ ခေါ်ယူထားခြင်းဖြစ်သည်။

ပုရောဟိတ်ပုဏ္ဏားကြီး၏ စကားကို နားထောင်ရင်း ကြမ်းတမ်းလှပါသည်ဆိုသော အာဏာ ပါးကွက်သားလေးယောက်၏ မျက်နှာမှာ သွေးဆုတ်ဖြူဖွေးသွားကြသည်။ အာဏာပါးကွက်သား တစ်ယောက်က ဇက်ကျိုးကျသွားသလို ခေါင်းကို တွင်တွင်ငုံ့သည်။ ကျန်သုံးယောက်ကမူ ခြေဟန်လက်ဟန်ဖြင့် ငြင်းနေကြသည်။ အသံတိတ်လည်း ကြိတ်၍ပြောကာ ငြင်းနေကြရှာသည်။

အခြေအတင် ပြောနေကြရင်း ပုရောဟိတ်ကြီးက ဒေါသထွက်လာခဲ့ရသည်။ သူခိုင်းသမျှကို ခေါင်းခါကာငြင်းဆန်နေသော အာဏာပါးကွက်သားလေးယောက်ကို 'ဖြောင်းဖြောင်း'မြည်အောင် သူကိုယ်တိုင် ဆော်ထည့်လိုက်သည်။ ပါးကိုယ်စီ အရိုက်ခံလိုက်ရသော်လည်း ပြန်မလုပ်ဝံ့ကြသော အာဏာပါးကွက်သားတို့မှာ တက်ကြွမှု မရှိသော ခြေလှမ်းများနှင့် အိမ်ရှေ့စံ၏ အဆောင်တော်ဘက်ကို ဦးတည်ရင်း သွားကြလေသည်။

ပုရောဟိတ်ကြီးမှာ လေးတွဲ့စွာသွားနေသော ထိုလေးယောက်တို့ကြည့် ကာ အတော်နာသွားသော သူ၏လက်ကို ရှုံ့မဲ့နေရင်းက ခါသည်။ ထို့နောက် ဟန်ပါပါ ခါးကို ထောက်ကာ 'ဟက်'ခနဲရယ်သည်။ ကြံတိုင်းအောင် ဆောင်တိုင်းသာ မမြောက်လျှင် ပုရောဟိတ်ကြီးဆိုသော သူ၏ဆွေနှင့် သမားတော်များ လာရောက်လာဘ်ထိုးထားသော ငွေတို့အပေါ်သူမျက်နှာပြဝံ့မတဲ့လား။

www.burmeseclassic.com

တောင်ငူမြို့မ စာအုပ်တိုက်

www.burmeseclassic.com



ပုရောဟိတ်ပုဏ္ဏားကြီး၏ မျက်ဝန်း၌ ရှုန်းကန်ရင်း လိုက်ပါလာသည့် အိမ်ရှေ့စံ မိဖုရားကို တစ်လှည့် နောက်ထပ်လာ၍ လာဘ်အဖြစ် ပသကြဦးမည့်သမားတော်များ၏ ငွေစင်အချို့ကို တစ်လှည့် မြင်ယောင်ရင်းက 'ဟတ်' ခနဲ ရယ်မောလိုက်ပြန်သည်။

ဘုရင်မင်းကြီးမှာမူ ခန်းမဆောင် အတွင်းဝယ် မျက်ရည်သွင်သွင် ကျလျက် ဝမ်းနည်းတော်မူလေသည်။ တစ်ရာ့တစ်ပါးသော မင်းတို့ဝပ်ဆင်းလာမည်ဟု ပုရောဟိတ်ကြီးဆိုသော မြေပေါ်တွင် သူ့ကိုယ်ကို ကြာကြာမထိန်းနိုင်တော့။ သလွန်ညောင်စောင်းဆီသို့သာ ဒယီးဒယိုင် သွားကာ မျက်နှာကို မှောက်ချကာ ငိုရှိုက်မိလေသည်။

'သားတော် ဖခမည်းတော်ကို ခွင့်လွှတ်ပါတော့'

ဘုရင်ကြီး၏ ရင်ဘတ်ထဲမှ တောင်းပန်မှုကို အကြိမ်ကြိမ် ရေရွတ်ရင်း သူ၏ ဆုံးဖြတ်ချက် မှန်သည် မှားသည်ကို တွေဝေလျက်နှင့်ပင် ရှိလေတော့၏။

ပုဏ္ဏားကြီးမှာ ရယ်မောရင်းမှ စိတ်မချဖြစ်လာသည်။ ငြင်းဆန်နေသော အာဏာပါးကွက်သား လူသတ်သမားလေးယောက်ကိုလည်း ပြန်မြင်ယောင်သည်။ ချက်ချင်းပင် ဤသို့ တွေးမိသည်။

'အင်း ဟို မင်းသမီးကို ဖမ်းခေါ်ခဲ့ဖို့ ငြင်းဆန်ခဲ့တဲ့ကောင်တွေ မင်းသမီးကို မဖမ်းဘဲ လွှတ်ပေးလိုက်ရင် ဒုက္ခပဲ၊ ကိုယ်တိုင် လိုက်ကြည့်မှ တော်တာကျမယ်၊ လိုက်ကြည့်ဦးမှ'

တွေးလည်းတွေး ပြောလည်းပြောဖြင့် ပုရောဟိတ်ပုဏ္ဏားကြီးတရှေ့မှသွားသော အာဏာပါးကွက်သားတို့နောက်တို အမြန်လိုက်သည်။

အာဏာပါးကွက်သား လူသတ်သမားလေးယောက်တို့မှာ အိမ်ရှေ့စံ မင်းသားနှင့် အိမ်ရှေ့စံ မိဖုရားတို့၏ အဆောင်တော် တံခါးဝ၌ တွေဝေကာ ခေါင်းငိုက်စိုက်ချလျက် ရပ်နေကြခြင်းဖြစ်သည်။

'တောက်'

ပုရောဟိတ်ကြီးက ထိုလေးယောက်ကို ကြည့်ရင်း 'တောက်'တို ကျယ်ကျယ်ခေါက်သည်။ သူ့မှာတော့ စီစဉ်လိုက်ရသည်ဖြစ်ခြင်း၊ အိမ်ရှေ့စံ၏ အဆောင်တော်မှ အစောင့်များကိုပင်လျှင် ကြိုတင်ဖယ်ရှားထားသည်။



www.burmeseclassic.com

www.burmeseclassic.com

## [illegible]

ထင်ရှားလှ အဆောင်ပြေပါစေတော့တဲ့၊ ခုတော့၊

ဆင်ဝင်နဲ့ ရောက်လာသော ပုရောဟိတ်ပုဏ္ဏားကြီးကို ကြည့်တာ ကွက်သားလေးယောက်တို့မှာ ကြောင်ကြည့်နေကြသည်၊ ထိုလေးယောက်တို့ကို ပုဏ္ဏားကြီးက ခပ်ကြမ်းကြမ်း တွန်းဖယ်ရင်း ရင်ကိုကော့ကာ ရှေ့ရောက်သည်၊ ထို့နောက် အိမ်ရှေ့စံ၏ အဆောင်တော် တံခါးကို ခပ်ကြမ်းကြမ်း တွန်းခွင်းလိုက်သည်၊ 'ဝုန်း'

'တင်'

'တာ'

'ဒို'

'တယ်'

'ဒိုး'



www.burmeseclassic.com

www.burmeseclassic.com





သုမနမင်းသား ထွက်သွားသည်နှင့် ဒွေးမယ်နော် မင်းသမီးသည် နတ်တို့၏နားဖြင့် အလုံးစုံသော အကြောင်းအရာတို့ကို ကြည်လင် ဝမ်းမြောက်စွာ ကြားနေရသည်။ အကယ်၍များ မင်းသားသာ သုမကိုလာ၍ နှုတ်ဆက်ခွင့်ရခဲ့ပါမူ .. ပူစရာမလို၊ ဇာတ်စုံရှင်းပြကာ နှစ်ယောက်သား ပုရောဟိတ်နှင့် သမားတော် အချို့တို့၏ယုတ်မာ ပက်စက်သော အကြောင်းအရာတို့ကို တစ်လှာခြင်းဆီ ခွာချပြကာ ရှင်းလို့ရသည်။ အခုတော့ အကွက်စေ့လှသော ပုရောဟိတ်ပုဏ္ဏား၏ အကြံကာလက်ဦးခဲ့လေပြီ။ ဤမျှ ရှုပ်ထွေးသောပြဿနာ ကိုတစ်ခဏချင်းနှင့် ရှင်းရန်မလွယ်။ တကယ်တမ်းတွေ့ ရှောင်နေနိုင်မှ တော်တာ တွေမည့် အနေအထား။ သုမ ဝမ်းနည်းစွာ ငိုကြွေးမိသည်။

'ရက်စက်လိုက်တာ ဖခမည်းတော်ဘုရား၊ သမီးတော် မည်သို့ရှင်းပြမှ ရပါမည်လဲဘုရား၊ ပုဏ္ဏားယုတ်မာ၏ ကောက်ကျစ်လှသော အကြံကို သမီးတော် အကုန်သိသလို၊ ဖခမည်းတော်ဘုရားအား သိစေချင်လွန်းလှပါသည်။ သို့သော် ယခုကဲ့သို့ ထူပူတော်မူနေသော အချိန်တွင် မည်သို့မှရှင်းပြ၍ မရနိုင်အောင် သမီးတော် နားလည်နေပါသောကြောင့် ဗျာပါသောက လွန်စွာရောက်ရ ကြောင်းပါ ဘုရား'



www.burmeseclassic.com

www.burmeseclassic.com



စည်းစားရင်း ငိုကြွေးရင်းဖြင့် ဒွေးမယ်နော် မင်းသမီး၏ရင်မှာ ကွဲလုတွဲခင် နာကျင်၍ လာလေသည်။

သူမ၏ မွေးရပ်ဌာနီ ငွေတောင်ပြည်ကို ပြန်တာ အကောင်းဆုံးဖြစ်မည်ဟု တွေးသည်။ မောင်တော် သုစနုမင်းသားနှင့် တွေ့စဉ်က ဝတ်စားထားခဲ့သော သူမ၏ နတ်ဝတ်နတ်စားတို့ကို လဲလှယ်ဝတ်ဆင်ရင်းမှ မျက်ရည်ဖြာဖြာကျမိလေသည်။ ခုချိန်မှာ သူမ ပြင်းပြင်းပြပြ သတိရနေသော မောင်တော်သုစနုမင်းသားကတော မြောက်စွန်းဘက်ဆီက ပုန်ကန်မှုအတုကြီးဆီကို ပင်ပင်ပန်းပန်း ခရီးဆက်နေပေလိမ့်မည်။

'မောင်တော်ရယ် အဘယ်မျှကြာအောင် နှမတော်တို့ ဝေးကြရမှာပါလိမ့်၊ ကံကြမ္မာရယ် ရက်စက်ပါဘိ'

အဆောင်တော် ပေါက်ဝသို့ မျက်နှာမူကာ ဒွေးမယ်နော်မင်းသမီးထိုင်သည်။ အာဏာပါးတွက်သားများ တွေဝေနေသည်ကိုလည်း သူမသိသည်။ ပုရောဟိတ်ပုဏ္ဏားကြီး ပျာယီးပျာယာဖြင့် နောက်မှ ခပ်သုတ်သုတ် လိုက်လာတာကိုလည်း သူမသိသည်။

'ဝုန်း'

'ဟင့်'

'ဟာ'

'အို' 'ဟယ်' 'အိုး'

ပုရောဟိတ်နှင့် အပေါင်းအပါလေးယောက်တို့မှာ အံ့အားတသင့်ဖြင့် အာမေဋိတ်သံများပင် ထွက်ကုန်သည်။ အံ့ဩလွန်း၍ ပါးစပ်အဟောင်းသားတိုယ်စီ။ ဒွေးမယ်နော် မင်းသမီးမှာ လေထဲတွင် ရပ်လျက် သူတို့အားလုံးကို စောင့်ကြိုနေသည်။ မျက်နှာအနေအထားကလည်း ပြုံးရွှင်လျက်၊ သို့သော် မျက်လုံးများကမူ စူးရှတောက်ပလွန်းနေသည်။

ရုတ်တရက် အာဏာပါးကွက်သားတစ်ယောက်မှာ ယောင်ယမ်းပြီး ဒူးထောက်ထိုင်ချလိုက်သည်။ ကျန်သုံးယောက်တို့မှာ ဆောင့်ကြောင့် ထိုင်ချလိုက်ရင်း ကြောက်ရွံ့စိတ်တို့က ၎င်းတို့ရင်ကို တိုးဝင်ရိုက်ခတ်သည်။

အဆိုးဆုံးမှာကား ပုရောဟိတ်ပုဏ္ဏားယုတ်မာကြီး။ ခြေသွားယားလက်ကားယားဖြင့် နောက်ပြန်ပြေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဝှစ်'

ဒွေးမယ်နော် မင်းသမီးမှာ လေ၏ လျင်မြန်ခြင်းမျိုးဖြင့် 'လစ်'ခနဲ ပုရောဟိတ်ကြီး၏ ရှေ့၌ ကြိုရောက်နှင့်နေလေသည်။

ပုဏ္ဏားကြီးမှာ ကြောက်ရွံ့ထိတ်လန့်ခြင်း ကြီးစွာဖြင့် ရင်ဘတ်ကို လက်ဖြင့် ဖိကာမောနေသည်။ မျက်နှာမှာမူကား သွေးဆုတ်ဖြူရော်ကာရှိ နေသည်။ နောက်သို့ ခြေလှမ်းနှစ်လှမ်းခန့် ဆုတ်ရင်း ဒွေးမယ်နော် မင်းသမီးကို ကြောက်ရွံ့ ထိတ်လန့်ကာနေရင်း မရဲတရဲ ကြည့်သည်။

'ဝှစ်'

ဒွေးမယ်နော် မင်းသမီးမှာ လှပစွာ လေထဲတွင် ပျံတက်ကာ ငွေတောင်ပြည်ရှိရာဘက်သို့ ပျံသန်းသွားလေသည်။ လေထဲတွင် ပျံသန်းသွားသော ဒွေးမယ်နော် မင်းသမီးကို လိုက်ကြည့်ရင်း အံ့ဩစိတ်နှင့်အတူ ထိတ်လန့်လျက် ရှိသော ပုရောဟိတ်ပုဏ္ဏားယုတ်ကြီးမှာ ပါးစပ်အဟလိုက်ဖြင့်ပင်ဖင်ထိုင်လျက် ကြောင်ငေးလျက် ရှိနေလေသည်။

'ပုရောဟိတ်ကြီး'

နောက်မှ ရောက်နေကြသော အာဏာပါးကွက်သားတို့က ငေးမောရင်း အသိကင်းကွာသလို ပါးစပ်အဟလိုက်ကြီး ထိုင်နေသော ပုရောဟိတ်ကြီးကိုလှုပ်ရင်းခေါ်သည်။ သို့သော် ပုရောဟိတ်ကြီးမှာ ပါးစပ်ဟလျက်နှင့်ပင် ဒွေးမယ်နော်မင်းသမီး ပျံသန်းသွားရာဘက်သို့ မျက်စိပြူးကြောင်ကာကြည့်နေဆဲ၊

'ပုရောဟိတ်ကြီး'

'ပုရောဟိတ်ကြီး'

ပုရောဟိတ်ကြီး၏ နားဝယ် မည်သည့်အသံကိုမှ မကြားတော့၊ သူ၏ အာရုံဝယ် ဒွေးမယ်နော် မင်းသမီး၏ ပျံတက်သွားပုံကို ပြန်၍ မြင်ယောင်သည်။ သမားတော်တချို့နှင့်ငွေထုပ်တချို့ကိုလည်း မြင်နေရသည်၊ 'ဒုက္ခတော့ ရောက်ပြီ' ဆိုသောအသိက ရင်တွင်း၌ မွန်းကျပ်စေကာ အသက်ရှူကျပ်လာသည်။

'ပုရောဟိတ်ကြီး ဟာ ပါးစပ်နဲ့ နှာခေါင်းက သွေးတွေ ကျလာတယ် လုပ်ပါဦး အဆွေတော်တို့'

မရနိုင်တော့ ပုရောဟိတ်ကြီးတစ်ယောက် သူ့အကုသိုလ်နှင့်သူ မဲ့ဖုံး



www.burmeseclassic.com

www.burmeseclassic.com



မဖိနိုင်တော့ ရင်တွဲနှာတဈတာ အသတ်ပျောက်ရှာပြီ။ သို့သော် ပါးစပ်ကိုမှု တ ထားဆဲ၊ မှုတ်လုံးတလဲ ခွေးမယ်နော် ပျံသန်းရာဘက်ကို ပြူးကြောင်တာ ကြည့်နေဆဲ၊



www.burmeseclassic.com

www.burmeseclassic.com



တစ်လမ်းလုံး စကားတစ်ခွန်းမျှ မဆိုသော မင်းသားကို ကြည့်တာ စစ်သူကြီးမှာ အနေအထိုင်ခက်၍ နေလေသည်။ တစ်နေရာသို့ရောက်သော အခါ မင်းသား၏ အမိန့်ဖြင့် တပ်သားအားလုံး နားလေသည်။

အချို့တပ်သားများကို စစ်သူကြီးက ကင်းစောင့်ရန် အမိန့်ချတာ သုစနု မင်းသားထံပါး၌ ခစားရန်လာလေသည်။ မင်းသားက သူ၏ရှေ့မှောက်၌ ခစားနေသော စစ်သူကြီးကို မမြင်။ အဝေးတစ်နေရာသို့ .လှမ်းကာငေးရင်း အတွေး နယ်ချဲ့နေလေသည်။ သူ့အနေဖြင့် ဒွေးမယ်နော် မင်းသမီးကို နှုတ်မဆက်ခဲ့ရခြင်းအတွက်လည်းကောင်း၊ တစ်စွန်းတစ်စမျှ မကြားမိခဲ့သော နိုင်ငံ၏ မြောက်ဘက်စွန်း ဒေသမှ ပုန်ကန်မှုကြီးကို လည်းကောင်း မတွေနုပ်စိတ်ဖြစ်တာနေလေသည်။

'အဟမ်း အရှင့်သား'

ရှေ့တည့်တည့်မှ ခစားနေသော စစ်သူကြီး၏ ချောင်းဆိုးသံကြောင့် သုစနုမင်းသား လှည့်ကာကြည့်သည်။

'ဘာလျှောက်တင်ချင်လို့လဲ စစ်သူကြီး'

တော်ထင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



'မှန်လှပါ ကျွန်တော်မျိုးလျှောက်တင်ရန် အကြောင်းကိုစွမရှိပါ။ အရှင့်သား ခိုင်းရန်အလိုရှိပါက ထမ်းရွက်ရန် အသင့်ရှိကြောင်းသာ လျှောက်တင်ပါတယ်ဘုရား'

'နေပါဦး စစ်သူကြီး'

လျှောက်တင်မှုကို မင်းသားက ခေါင်းညိတ် အသိအမှတ်ပြုပြီးသော အခါ စစ်သူကြီးက လှည့်ထွက်ရန် ပြင်သည်။ သုစနု အိမ်ရှေ့စံ မင်းသားက တစ်စုံတစ်ရာကို သတိရသဖြင့် စစ်သူကြီးကို လှမ်း၍ခေါ်သည်။

'မှန်လှပါ'

စစ်သူကြီးက လှည့်ကြည့်ရင်း လက်အုပ်ကိုချီလျက် အသင့်ရှိကြောင်း ထုသည်။

'ဤစစ်ချီအမှု မတိုင်ခင်က နိုင်ငံ၏ မြောက်ဘက်စွန်းဒေသ၌ ပုန်ကန်မှုရှိတယ်လို့ သင်ကြားမိသလား။ ငါ့အားအမှန် လျှောက်တင်စေ'

မင်းသား၏ အမေးစကားကြောင့်စစ်သူကြီး စဉ်းစားသည်။ မကြားမိ။ ဘုရင်ကြီး မိန့်တော်မူမှ သူသိခဲ့ရခြင်းဖြစ်သည်။

'မှန်လှပါ အရှင့်သား နိုင်ငံ၏ မြောက်ဘက်စွန်းဒေသ၌ ပုန်ကန်မှု ရှိသည်ဟု မကြားမိကြောင်းပါ ဘုရား၊ ကျွန်တော်မျိုးလည်း ဘုရင်မင်းကြီး မိန့်တော်မူမှသာ သိရှိခဲ့ကြောင်းပါ'

စစ်သူကြီး၏ အပြောက သုစနု အိမ်ရှေ့စံမင်းသား၏ နားတွင်းသို့ ဆောက်ဖြင့် တစ်ချက်ချင်း ထွင်းသလို တစ်လုံးချင်း ဝင်ရောက်လို့လာသည်။ ဖခမည်းတော်၏ စကားကို သံသယဖြင့် (ပထမဆုံး) မြင်မိသည်။

'စစ်သူကြီး'

'မှန်လှပါ'

'အခုချက်ချင်း နိုင်ငံ၏ မြောက်ဘက်စွန်းဆီ ခရီးဆက်ရန် အသင့် ပြင်ကြစေ'

'အမိန့်တော်အတိုင်းပါ . . အရှင်မင်းသား'

မျက်မှောင်ကုတ်ကာ အမိန့်တော်ချသော အိမ်ရှေ့စံ ကိုယ်တော်ကို ဦးခိုက်ရင်းက စစ်သူကြီး တပ်သားစစ်သည်တော်များဘက်သို့ မျက်နှာမူသည်။ အခုပဲနား အခုပဲ သွားမို့ ရှန်းရင်းဆန်ခတ်ဖြစ်ကြမည်ဖြစ်သော်လည်း အိမ်ရှေ့



www.burmeseclassic.com

www.burmeseclassic.com



စံ ကိုယ်တော်၏ အမိန့်ကို မည်သူကမျှ လွန်ဆန်ကြမည် မဟုတ်။

'ကဲ စစ်သည်တို့ ယခုပင် ခရီးဆက်ရန် အသင့်ပြင်ကြ'

စစ်သူကြီး၏ အော်သံအဆုံး စစ်သည်များ 'တဝုန်းဝုန်း' ဖြင့် မြင်းများကို စားကျက်မှ သွားရောက်ဆွဲယူသူယူကြ၊ ချပ်ဝတ်တန်ဆာများကို ပြင်သူပြင်ဖြင့် အလုပ်ရှုပ်ကုန်ကြလေသည်။

ခရီးဆက်ရန် ပြင်နေသော စစ်သည်တော်တို့ကို ကြည့်ရင်း သုစနုအိမ်ရှေ့စံမင်းသား၏ အာရုံဝယ် ပိုမို ရှုပ်ထွေးလာသည်။

'ဖခမည်းတော် အကြောင်း တစ်ခုခုကြောင့်များ ပရိယာယ်ဆင်လေသလား' ဟူသော အတွေးက ပူလောင်သော ရင်ကို မွန်းကြပ်သွားအောင် တိုးဝင်လေသည်။

'ဟိုင်း ယား'

'ခွပ် ခွပ် ခွပ် ခွပ်'

စိတ်စောနေသော သုစနု အိမ်ရှေ့စံ ကိုယ်တော်တိုင် ရှေ့ဆုံးမှ ချီရာ နောက်သို့ စစ်သူကြီးနှင့် စစ်သည်တော်တို့ ဝရုန်းသုန်းကားဖြင့် အမီလိုက်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



'မှန်လှပါ အရှင်မင်းတရားကြီး၏ ဘုန်းတော်တော်ကြောင့် ကျွန်တော်မျိုးတို့နယ်မှာ အေးချမ်းသာယာလျက်ရှိကြောင်းပါ'

တိုက်နယ်ပိုင်၏ လျှောက်ထားမှုကြောင့် အိမ်ရှေ့စံ သုမနကိုယ်တော်မှာ အလိုမကျ ဖြစ်သွားရသည်။ ဘယ့်နှယ် ဖခမည်းတော်ဘုရား ကိုယ်တော်တိုင် ချက်ချင်း သွားနှိမ်နင်းရန် အမိန့်တော်ပါး၍ သူမှာ ချစ်မယား အိမ်ရှေ့စံ ဒွေးမယ်နှော် မင်းသမီးကိုသော်မှ နှုတ်မဆက်ခဲ့ရ။ ဒီရောက်မှ နယ်မြေ အေးချမ်းသည်ဆိုတော့ မည်သို့ နားလည်ရမှန်း မသိတော့။ နဂိုက ဝင်းချင်ချင်ဖြစ်နေသော သံသယတ လုံးလုံးဝင်လေတော့သည်။ တိုက်နယ်ပိုင်ကို သူ ခပ်စူးစူးစိုက်ကြည့်သည်။

'သင့်မှာ ကွယ်ဝှက်ထိမ်ချန်ထားခြင်း ရှိလေသလော'

'မှန်လှပါ အိမ်ရှေ့စံကိုယ်တော်ဘုရား၊ အရှင့်သားအား ကျွန်တော်မျိုး မလိမ်ဝံ့ကြောင်းပါ၊ အတယ်၍ အရှင့်သား မေးမြန်းလိုပါက မည်သည့် ရပ်သူရွာသားကို မဆို စစ်ဆေးမေးမြန်းကြည့်ပါအရှင့်သား'

တိုက်နယ်ပိုင်၏ ရိုးသားမှုပြည့်သော လျှောက်တင်မှုကြောင့် အိမ်ရှေ့စံကိုယ်တော် သုမနမင်းသား မျက်လုံးကို စုံမှိတ်ချလိုက်သည်။ သေချာလေပြီ။ သေချာသည်ထက် သေချာသွားလေပြီ။ ဖခမည်းတော်၌ သူ့အား မတိုင်ပင်လို



www.burmeseclassic.com

www.burmeseclassic.com



သော မည်သည့် ကိစ္စရှိနေသနည်း။ သားတော် အရင်းခေါက်ခေါက်ဖြစ်သော သူ့အား ထိမ်ချန်လိုသော အဘယ်ကိစ္စကများ ဤသို့ စေလွှတ်နိုင်အောင် နှိုးဆော်ခဲ့ပါသနည်း၊ ခြေကုန် လက်ပန်းကျနေပြီဖြစ်သော သူ၏ စစ်သူကြီး အဝတ်အဝင်စစ်သည်တော်များကို ဝေ့ကာ စိတ်ပျက်ပျက်ဖြင့်ကြည့်သည်။ တိုက်နယ်ပိုင်တား သူ၏ရှေ့တော်မှောက်၌ ခစားမြဲ ခစားလျက်။

'အင်း ငါ၏စစ်သည်များလည်း မောပန်းလှချေပြီ။ အကယ်၍ ယခု ချက်ချင်း နေပြည်တော်သို့ ပြန်လျှင် မသင့်တော်။ ယခု တစ်ညအိပ်ကာ နံနက်မိုးသောက် အလင်းရောက်တော့မှပဲ ပြန်ပေတော့မည်'

မင်းသား၏ ရင်ဝယ် ပူလောင်တာ ပြန်ချင်မှုက တစ်ဖက်၊ လက်အောက် ငယ်သားတို့အပေါ်ဝယ် ရင်ဝယ်သားကဲ့သို့ ချစ်မြတ်နိုးသည်က တစ်ဘက်ဖြင့် ပင်ပန်းနွမ်းနယ်လျက် ရှိလေသည်။

'ကဲ ကဲ တိုက်နယ်ပိုင်ကြီး ယခုတစ်ညတော့ သင့်နယ်မှာပင် အိပ်စက်အနားယူပြီး၊ နံနက်မိုးသောက် အလင်းရောက်တော့မှပဲ ငါကိုယ်တော် ပြန်တော်မူမယ်၊ နောက်နောင် တိုင်းရေးပြည်ရာ နယ်မြေ မငြိမ်မသက်ရှိက မြန်ဆန်စွာ လျှောက်တင်လေ'

'အမိန့်တော်မြတ် အတိုင်းပါဘုရား'



www.burmeseclassic.com

www.burmeseclassic.com



အပြန့်လမ်းတစ်လျှောက်လုံး သိပ်မနားခဲ့သော ခရီးကြမ်းဒဏ်ကြောင့် အိမ်ရှေ့စံ သုမနုမင်းသား မြင်းစီးရင်းက အသက်ကို မောမောဖြင့် မှုင်း၍ရှူ သည်။ ဒွေးမယ်နော်. . . . ချစ်လှစွာသော ချစ်သူ သူ့အား မျှော်နေလေသ လားမသိ' ဟူသော အတွေးက ထပ်တလဲလဲ ရင်ကိုဆောင့်သည်။ ပုလောင် ကာ နာကျင်ပါသောရင်၌ စိုးရိမ်သောက ဗျာပါဒအချို့ကလည်း မွန်းကျပ်နေ သော ရင်ကို တစ်ဆို့ဆို့ဖြင့် ပိုမိုနွမ်းနယ်စေသည်။ စစ်သူကြီး အပါအဝင် စစ်သည်တော်တို့မှာ ခရီးနှင်နေကျမို့ မထောင်းတာလှသော်လည်း လေ့ကျင့်မှု နည်းသော သူ့လို မင်းသားတစ်ပါးအတွက် တော်ရုံစိတ်နဲ့တော့ ဤခရီးကို နေ့ချင်းပြန်ရန် မလွယ်။ နေမကွယ်ခင် နေပြည်တော်၏ မြို့ရိုးတံခါးရှေ့သို့ ရောက်သည်။ ရှေ့ဆုံးမှလာသော အိမ်ရှေ့စံ မင်းသားကို မြင်သည်နှင့်မြို့ စောင့်တပ်မှူးက ကပျာကယာပိတ်လက်စ မြို့တော် ( နေပြည်တော် ) တံခါးကို အမြန်ဖွင့်စေသည်။

'ဟ ဟ အိမ်ရှေ့စံ မင်းသားပြန်လာတော်မူပြီ၊ တံခါးအမြန်ဖွင့်ပေး' ၍ အမြန်ဆွဲဖွင့်ကြသည်။ မင်းသားမှာ ဖွင့်ထားသော တံခါးမှနေ၍ လက်တဲ့သို့ လျှင်မြန်ခြင်းမျိုးဖြင့် စီးတော်မြင်းကို ဒုန်းစိုင်းကာ ဝင်သွားလေသည်။ မင်းသား



www.burmeseclassic.com

www.burmeseclassic.com



၏ နောက်မှ စစ်သည်များကဲ အသီးသီးလျှင်လျှင်မြန်မြန်ပင် မြို့တွင်းသို့ ဝင်ရောက်သွားကြလေသည်။ စစ်ချီသွားကြသော သူများကို နှိမ်နင်းကြမည့် စစ်သည်များ ဒဏ်ရာရခဲ့ပုံ မပေါ်သည်မို့ မြို့စောင့်တပ်မှူးနှင့် စစ်သည်များ နားမလည်နိုင်အောင် ရှိသွားကြလေသည်။

'အဆွေတော် စစ်ချီသွားကြသော ရဲမက်များ ပြန်လာကြသည်မှာ အလွန်တရာ မြန်လှချည်လား'

'မှန်ပါ့ဗျား၊ ဒဏ်ရာ ဒဏ်ချက်လည်း တစ်ယောက်မှာမှ မတွေ့ရပါလား ကွယ်ရို့'

'အင်း ဧကန်က သူပုန်တွေ အမြန် လက်နက်ချတယ်ထင်ပါ့ အဆွေရယ်'

'မှန်ပါ့ မှန်ပါ့'



www.burmeseclassic.com

www.burmeseclassic.com



နေပြည်တော်တွင် ကျန်ရစ်ခဲ့သော သူ၏ ငယ်ကျွန်ကြီးက ဖြစ်ပျက်ခဲ့လေသမျှတို့ ဖြစ်ကြောင်းရယ်တဲ့ ကုန်အင် အစုံအလင် တစ်လုံးမကျန် ရှင်းပြပြီးသည့်နောက် မင်းသားမှာ သလွန်ပေါ်မှ ငေါက်ခနဲ ထသည်။

ဆောက်တည်ရာမရ ထအထိုင်မှာ မျက်ဝန်းမှ မျက်ရည်စတို့က တား မနိုင် ဆီးမရ တဖြိုင်ဖြိုင်ကျလေသည်။

'ရက်စက်ပါဘိ ပုရောဟိတ်ကြီးရယ်၊ ဖခမည်းတော်ကိုပါ အယုံသွင်း လို့ရက်စက်လိုက်ပါဘိချင်း'

အိမ်ရှေ့စံ သုမန မင်းသားမှာ ဖြေဆည်၍ မရနိုင်အောင်ပင် ဝမ်း နည်းလွန်းသဖြင့် အငိုမတိတ်နိုင်ပေ။ နွေခေါင်ခေါင် မိုးကြိုးလို ဆန်းကြယ်လှ သောကံကြမ္မာ၏ အလှည့်အပြောင်းကိုသာ အပြစ်ဆိုနေမိသည်။ 'နှမတော်ရေ' ဟုအခါခါမြည်တမ်းရင်း ပင်ပန်း၍လာလေသည်။

'ဖခမည်းတော် ကြွချီတော်မူလာပြီ',

သလွန်ညောင်စောင်းပေါ်၌ မှောက်ကာ ရှိုက်ငိုနေသော မင်းသား ကျွန်ယုံငယ်ကျွန်ကြီး၏ လျှောက်တင်မှုကြောင့် ချိန့်စွာ ကုန်းရုန်း၍ မည်သို့ပင်ဆိုစေ ဖခမည်းတော်မင်းကြီးကိုမူ အပြစ်မယူရက်။ သလွန်ပေါ်မှ ဆင်းရန်အပြင် ဖခမည်းတော် ဘုရားဝင်လာသည်ကို မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'သားတော်'

တစ်လှမ်းချင်း လာနေရင်းကမှ ခေါ်သော ဖခမည်းတော်ဘုရား၏ ခေါ်သံ၌ နောင်တ၊ ဝမ်းနည်းကြေကွဲမှု၊ ယူကြုံးမရမှုတို့ဖြင့် ထုံလွှမ်း၍ နေသည်။

'မှန်လှပါ၊ ဖခမည်းတော်ဘုရား ခစားလျက်ရှိကြောင်းပါ'

'ဖခမည်းတော်အနေနှင့် မည်သို့ မည်ပုံ စီစဉ်ပေးရမှန်းပင် မသိတော့လေဘူးသားတော်၊ သားတော်အနေနှင့် ချွေးမတော်အတွက် မည်သို့များ စြံစည်ထားပါသလဲ သားတော်'

ဖခမည်းတော်၏ တစ်လုံးချင်းမိန့်တော်မူသော စကားအပြီး မင်းသား၏စံနန်းအတွင်း အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်သွားကြလေသည်။

'အဘယ်သို့ စီစဉ်ရပါမည်လဲ ဖခမည်းတော်ဘုရား၊ သားတော်၏ ရင်နှစ်ခြမ်းမှာ ပြန်းပြန်းကွဲလုအောင်ပင် နာကျင်လွန်းလို့ လျှောက်တင်စရာ အင်အားပင် မရှိတော့ပါဘုရား'

ထိုသို့ တွေးရင်းနှင့် လက်အုပ်အချီလိုက်နှင့်ပင် သလွန်ပေါ်သို့ မှောက်လဲကျလေသည်။

'သားတော်'

'အရှင့်သား'

'သားတော်'



www.burmeseclassic.com

www.burmeseclassic.com



'အရှင့်သား'

'အင်း'

သူတွန့်ယုံကြီး၏ခေါ်သံကို ပြန်ကာထူးလိုက်သည်။ မျက်လုံးတို့ကမူ မဖွင့်ချင်သေး။ ဟေးယံနေဆဲရင်က ပြင်းပြစွာပင် ဒွေးမယ်နော်မင်းသမီးကို သတိရသည်။

'သားတော်'

ကရုဏာသံအပြည့်ဖြစ်သော ဖခမည်းတော်၏ ခေါ်သံကြောင့် သူ မျက်လုံးကို 'ဖျတ်'ခနဲနေအောင် ဖွင့်သည်။ သလွန်ထက်က အသာထရင်း လက်အုပ်ကိုချီသည်။ မည်သို့ပင်ဖြစ်နေနေ သူ့အနေနှင့် ဖခမည်းတော်ရှေ့မှောက်၌ လဲလျောင်းနေခြင်းဌာ မကောင်းလှ။

'ရပါတယ် သားတော်၊ သက်သာသလို လဲလျောင်းနေပါ'

ဖခမည်းတော် ဘုရင်ကြီး သူ၏ပခုံးကို ညင်သာစွာကိုင်ရင်း ပြန်လည်လဲလျောင်းစေသောကြောင့် သူ ပြန်လည်လှဲလိုက်သည်။ ခရီးကြမ်းကို မနားတမ်းနှင်ခဲ့သမျှ ယခုမှ ပင်ပန်းမှုတို့ပေါ်သည်။ တလှပ်လှပ်ဖြင့် ရှူးချိုနေသည့်ကြားက ဘေး၌မရှိသော နှမတော် ဒွေးမယ်နော် မင်းသမီးအား တမ်း



www.burmeseclassic.com

www.burmeseclassic.com



တ နေသည်။ နှမတော် ဒွေးမယ်နော် မင်းသမီးကတော့ မည်သည့်နည်းနှင့်မျှ ပြန်လာမည်မဟုတ်။ ဖခမည်းတော်လည်း နှုတ်ဆက်ကာ သူ၏အဆောင်သို့ ပြန်လေပြီ။ လိုက်မည်။ မည်သည့်နည်းနှင့်မှ ဒွေးမယ်နော် မင်းသမီးလေးနှင့် သူခွဲ၍ မနေနိုင်။ တွေးလေ လွမ်းလေမို့ခေါင်းကိုသာ အသာခါယမ်းမိ၏။

'အရှင့်သား'

အရိပ်တကြည့်ကြည့်ရှိနေသော ကျွန်ယုံကြီးက စိုးရိမ်သံဖြင့် လှမ်း၍ မေးသည်။ သူလက်ကို အသာကာပြလိုက်သည်။ ယခုအချိန်၌စကား တစ်ခွန်း မှပြောချင်စိတ်မရှိ။ အသိအာရုံ၌ ပေါ်လာသမျှသည် နှမတော် ချစ်မယား ဒွေးမယ်နော် မင်းသမီးသာ။

'အရှင့်သား ပန်းပေါင်းစုံ အားဆေးတော်ကြီးကို ဘုရင်မင်းကြီးကိုယ်တော်တိုင် ပေးသနားလိုက်ကြောင်းပါ'

နား၌ကြားသော ဖခမည်းတော်၏ အစေအပါး၏ လျှောက်တင်သံကြောင့် မျက်လုံးမဖွင့်ဘဲ အသာခေါင်းညိတ်ပြလိုက်သည်။

သူ၏ ကျွန်ယုံထံပေးအပ်နေသံကိုလည်း အတိုင်းသားကြားနေရသည်။

'သုံးဆောင်တော်မူတော့မလား အရှင့်သား'

ဖခမည်းတော်၏ အစေအပါး ထွက်သွားသည်နှင့် 'ကျွန်ယုံ ငယ်တွန်ကြီးက လှမ်း၍မေးသည်။ သူ မည်သို့မျှ မတုံ့ပြန်မိ။ 'ပန်းပေါင်းစုံ' အားဆေးတော်ကြီးတဲ့။ ၎င်းအားဆေးတော်ကို ဘုရင်မှတစ်ပါး သုံးစွဲခြင်းငှာ မစွမ်းကြ။ အင်မတန် အဖိုးထိုက်ကာ အလွန်ရှားပါးသော ဆေး။

'ကျွန်ယုံကြီး'

'မှန်လှပါ ခစားလျက်ရှိကြောင်းပါ အရှင့်သား'

'အားဆေးတော်ကို ယခုပင် သုံးဆောင်တော်မူမယ်'

'မှန်လှပါ'

ကျွန်ယုံကြီးက သလွန်ထက်မှ အားယူ၍ထကာ သူ့ကို အသာအယာ လိုက်ထိန်းပေးသည်။ ရွှေဖလားဖြင့် ထည့်ထားသော အားဆေးတော်ကို နန်းတွင်းသူ တစ်ဦးက ဆက်သသည်။ ဤဆေးသည် နှမတော်ထံ လိုက်သွားဖို့ အားအင်ကို ပေးမည့်ဆေးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးတို သောက်သုံးပြီးသည်နှင့် တစ်ပြိုင်နက် အားအင်များ အထူး ပြည့်ဝလာသလို ခံစားလိုက်ရသည်။ ဦးနှောက်များ ကြည်လင်ကာ သိသိသာ သာ လန်းဆန်း၍လာသည်။

'ကျွန်ယုံကြီး'

'မှန်လှပါ ခံစားချက် ရှိကြောင်းပါ'

'ငါ၏ စီးတော်မြင်းအား ယခုပင် အသင့်ပြင်လေ'

'အရှင့်သား.....'

'ယခုပင် အသင့်ပြင် လေ'

'မှန် မှန်လှပါ အမိန့်တော်မြတ်အတိုင်း ယခုပင်ပြင်ခိုင်းလိုက်ပါ့မယ် အရှင့်သား'

အိပ်ခန်းဆောင်မှ ခပ်သုတ်သုတ် ထွက်ခွာသွားသော ကျွန်ယုံကြီး၏ ကျောပြင်ကို ကြည့်ရင်းက သက်ပြင်းကို ချမိသည်။ စီးတော်မြင်းကြီးကို ပြင်ကာ သူ၏ အရှင်သခင် ဒွေးမယ်နော် မင်းသမီးထံ လိုက်တော့မည်ကို ရိပ်မိသော ကြောင့် အင်အားပြည့်စသူ၏ အရှင် ခရီးကြမ်းသွားမည်ကို ကျွန်ယုံကြီး မလို လားမှန်း သူကောင်းစွာ သိပါသည်။ လာမည့်အရေး မှန်သမျှ ပြေးတွေ့ လိုက် သည်က သက်သာဦးမည်။

'မှန်လှပါ စီးတော်မြင်း အသင့်ပြင်ပြီးကြောင်းပါ'

မင်းသားသည် သလွန်ပေါ်မှ 'ဆတ်'ခနဲ ထရပ်သည်။ ပန်းပေါင်းစုံ နန်းတွင်း အားဆေးတော်ကြီး၏ အစွမ်းကြောင့် သူ၏ခန္ဓာကိုယ် တစ်လျှောက် အားအင်များပြည့်လျှက် လက်စွဲတော်လေးနှင့် မြားကို ယူကာ မြင်းတင်းကုတ် အောက်သို့ ခြေဦးတိုလှည့်သည်။

'ကျွန်တော်မျိုးလည်း လိုက်ခဲ့ပါရစေ အရှင့်သား'

ကျွန်ယုံကြီးက မင်းသား၏နောက်မှ တပ်လျက် လျှောက်တင်သည်ကို မကြားယောင် ပြုလိုက်သည်။

'ကျွန် ကျွန်တော်မျိုးလည်း လိုက်ခဲ့ခွင့်ပြုပါ အရှင့်သား'

နောက်တစ်ကြိမ် ကျွန်ယုံကြီး လျှောက်တင်ပြန်သည်။

'မည်မျှဝေး၍ မည်မျှ ကြမ်းတမ်းမည်မသိသော လမ်းခရီးသို့ မလိုက် ချင်စမ်းပါနဲ့ ကျွန်ယုံကြီး၊ ငါတစ်ပါးတည်းသာ သွားလိုတယ်'



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကာ ခပ်ထန်ထန် ပြန်ပြောသော မင်းသား၏ စကားကြောင့် တွန့်ယုံကြီး မျက်ရည်ဝဲသည်။ လက်အုပ်အချီလိုက်နှင့်ပင် ကျန်ရစ်ခဲ့သော တွန့်ယုံကြီးအတွက် မင်းသားစိတ်မကောင်း၊ သို့သော် မလိုက်စေချင်ခြင်းသည် တွန့်ယုံကြီးအပေါ်ထားသော သူ၏ စေတနာသာ ဖြစ်သည်။

'ဟိုင်း ယား'

'ခွပ် ခွပ် . . . ခွပ်. . . . ခွပ်'

မြင်းတင်းကုတ်မှ မြင်းကို ဒုန်းစိုင်းစီးကာ ထွက်သွားသော မင်းသားကို ဘုရင်ကြီးက သူ၏အဆောင်တော်ပေါ်မှနေ၍ ကြည့်၍ ကျန်ရစ်ခဲ့လေသည်။ ဘုရင်ကြီးအနေနှင့် သားတော် ငွေတောင်ပြည်သို့ သွားမည်မှန်း သိရှိပြီးဖြစ်သည်။ ခရီးလမ်းတစ်လျှောက်လုံး ဘေးရန် ကင်းဝေးစေရန်ကိုသာ ဆုတောင်းပေးရုံမှတစ်ပါး ဘုရင်ကြီးလည်း မတတ်နိုင်။ ဖူးစာသာမှန်ခဲ့ပါမူ ဒွေးမယ်နော်နှင့် သားတော်တို့ မလွဲမသွေ ပြန်လည် ပေါင်းစည်းကြရမည်သာ။



www.burmeseclassic.com

www.burmeseclassic.com



ငွေတောင်ပြည်ရှိရာဆီ မှန်းရင်း ခရီးနှင်လာရာမှ တဖြည်းဖြည်း တောတောင် ထူထပ်၍လာသည်။ ထို့ပြင် ခရီးလမ်းမှာ စီးတော်မြင်းဖြင့် ရှေ့ဆက်ရန်မဖြစ်နိုင်တော့ ခြေကျင်လျှောက်ပါမှ အဆင်ပြေနိုင်မည့်ခရီး ဖြစ်သည်။

အိမ်ရှေ့စံ သုမနမင်းသားဖြစ်သော သူ၏ စီးတော်မြင်းကား အဖိုးများစွာထိုက်သည်။ သို့သော် မင်းပိုင်မြင်းကို ချပ်ဝတ်တန်ဆာပြည့်မို့ သာမန်အရပ်သားတို့ ဖမ်းယူခွင့်မရှိ၊ မင်းသားသည် မြင်းကို နေပြည်တော်ဘက်သို့ ဦးလှည့်စေတာ ဇက်ကြိုးကို သေချာစွာ ပြုပြင်၍ လွှတ်ပေးလိုက်သည်။ စီးတော်မြင်းသည်လည်း သခင့်အလိုကျ ဒုန်းစိုင်းလျက် နေပြည်တော်ဘက်ဆီသို့ ပြေးသွားခဲ့လေသည်။

စီးတော်မြင်း လုံးလုံး ပျောက်ကွယ်သွားသည်အထိ မင်းသားငေးကြည့်နေမိသည်။ ထို့နောက်လျှိုမြောင်စိမ့်စမ်းနှင့် ကြမ်းတမ်းပါသော တောလမ်းခရီးကို တစ်ပါးတည်း လှမ်းလေသည်။

သူ၏စိတ်ထဲ၌ နှမတော် ချစ်မယား အိမ်ရှေ့စံမိဖုရား ငွေမယ်နော် မင်းသမီး၏ အငွေ့အသက်များက သွားရာ ခရီးလမ်းတစ်လျှောက်လုံး၌ ကျန်



www.burmeseclassic.com

www.burmeseclassic.com



ချစ်နေခဲ့သယောင်ယောင်။

ဤသို့နှင့် ခရီးလမ်းတစ်နေရာအရောက် ကျောင်းသခ်မ်းတစ်ခုကို မင်း သားတွေ့လေသည်။

'အလို လူသူအရောက်အပေါက်နည်းလှစွာသော ဤတောဤတောင် ထဲ၌ ရသေ့၏ ကျောင်းသခ်မ်းလည်း ရှိနေသေးသကိုး၊ ဝင်ကာ ရှိခိုးဦးမှ'

မင်းသားသည် ထိုသို့တွေးရင်း ထိုကျောင်းသခ်မ်းဆီ ချဉ်းကပ်ကာ ရသေ့ကြီးကို ဝင်၍ ရှိခိုးဦးချလေသည်။

တိတ်ဆိတ်လျက်ရှိသော ရသေ့ကြီး၏ ကျောင်းသခ်မ်းအတွင်း၌ မင်းသားနှင့် ရသေ့ကြီး၏ အာလာပ သလ္လာပ စကားဦးတို့က ပွင့်လာသည်။

'ဒကာကြီး အဘယ်အရပ်က လာသနည်း'

'အို အရှင်ရသေ့ ကျွန်ုပ်ကာ ဗာရာဏသီပြည်ကြီးမှ လာပါသည်'

'အဘယ်အရပ်သို့ သွားမည်နည်း'

'ငွေတောင်ပြည်ရှိရာသို့ သွားပါမည် အရှင်ရသေ့'

မင်းသား၏ အဖြေကြောင့် ရသေ့ကြီးက မင်းသားကို စူးစိုက်ကြည့် သည်။ မင်းသားကလည်း ထူးဆန်းသွားသော ရသေ့၏ ဟန်ကြောင့်မသိမသာ အံ့ဩသွားရလေ၏။

'အသင်ဒကာ သင်သည် မည်သူနည်း'

'ကျွန်ုပ်သည်ကား ဗာရာမင်းကြီး၏ တစ်ဦးတည်းသော သားတော် အိမ်ရှေ့စံ သုဓနု ဖြစ်ပါသည်'

မင်းသားလည်း ကွယ်ဝှက်မနေဘဲ ရသေ့ကြီးကို အမှန်အတိုင်း လျှောက်တင်လိုက်လေသည်။

'အို အရှင်ရသေ့ လွန်ခဲ့သော နေ့များက မင်းသမီးတစ်ပါးအား တွေ့မိပါ၏လော၊ ကျွန်ုပ်၏မယား ဒွေးမယ်နော်မင်းသမီးကား ဤလမ်းမှသွား ပါလိမ့်မည်။ ကျွန်ုပ်သည် ၎င်းချစ်မယားအား ရှာဖွေရန်အတွက် ငွေတောင် ပြည်သို့ သွားမည် ဖြစ်ပါသည်'

'အို အသင်မင်းသား သင့်မယားကား လွန်ခဲ့သောရက်က ငါ့ထံသို့ ရောက်လာပါသေးသည်။ အသင်မင်းသား သူ၏နောက်သို့ လိုက်လာခဲ့ပါမူ ငွေတောင်ပြည်သို့အလွယ်တကူ လိုက်လာနိုင်သော ခရီးလမ်းကို လွှန်ပြပါရန်



www.burmeseclassic.com

www.burmeseclassic.com



လည်း လျှောက်ထားခဲ့၏။ အသင်မင်းသားအား ပေးရန် လက်စွပ်တစ်ကွင်းကို လည်း ပေးခဲ့ပေသေးသည်'

ရသေ့ကြီးကား ဒွေးမယ်နော် မင်းသမီးပေးခဲ့သော လက်စွပ်ကို မင်းသားထံသို့ကမ်းပေးလေသည်။ မင်းသားမှာ ခုန်သောရင်၊ တုန်ယင်သောလက်တို့ ဖြင့် နှမတော်လေး ပေးခဲ့ပါသော လက်စွပ်ကို ရှိသေစွာ လှမ်း၍ယူသည်။ နှမတော်၏ ဘယ်ဘက်လက်သူကြွယ်ဝယ် နေရာယူခဲ့ပါသော ဤလက်စွပ်အား သူ့အနေနှင့်မသိစရာ အကြောင်းမရှိ။ စိတ်ထဲမှာလည်းနှမတော်၏ သံယောဇဉ်တို့ကြောင့် နွေးထွေးလန်းဆန်းကာ အားအင်တို့ တိုးပွားသွားသလို ခံစားလိုက်ရလေသည်။

နှမတော်၏ လက်စွပ်လေးကို မြတ်နိုးစွာ သူ၏ ဘယ်ဘက်လက်သန်း၌ဆင်ယင်လိုက်သည်။ ထို့နောက် ထိုလက်စွပ်လေးကို ညာဘက်လက်ဖြင့် အုပ်မိုးကာ ကိုင်ရင်း ငေးနပ်သွားမိသည်။

'အခြား ဘာများမှာခဲ့သေးပါသလဲ အရှင်ရသေ့ဘုရား'

'အိမ်း တခြားတော့ ဘာမှ ထွေထွေထူးထူး မမှာခဲ့ပါဘူး၊ သူဆက်ဆက်စောင့်မျှော်နေမယ့် အကြောင်းကိုတော့ဖြင့် ကတိုက်ကရိုက် မှာသွားရှာတယ် အသင်မင်းသား'

ရသေ့ကြီး၏ အဖြေကြောင့်မင်းသားသည် ဒွေးမယ်နော် မင်းသမီးကို လွမ်းစွာမှ သနားသွားရလေသည်။ တစ်ဆို့သော ဝေဒနာက မျက်ရည်ကိုဝဲစေသည်။

'အကျွန်ုပ်လည်း ခရီးဆက်ပါဦးမည် အရှင်ရသေ့'

'ကောင်းပြီ ဒကာကြီး'

ရသေ့ကြီးကို ဦးချ ရှိခိုးကာ ရသေ့ကြီး ညွှန်ပြသော လမ်းအတိုင်း မင်းသား ခရီးဆက်လေသည်။ ဤမျှ ဝေးကွာသော ခရီးကို အိမ်ရှေ့စံ ဒွေးမယ်နော်မင်းသမီးက ကောင်းကင်မှ ပျံသန်းကာ သွားခဲ့သော်လည်း မင်းသားမှာ ခြေကျင်ခရီးမို့ လွန်စွာ မောပန်းလေသည်။ သို့သော် နှမတော် မင်းသမီးအား တွေ့လိုသောဇောကြောင့် မောပန်းသမျှ ဒဏ်ကို ကြံ့ကြံ့ခံရင်း ခရီးကို အပြင်းနှင်လေသည်။ ချုံနွယ်ပိတ်ပေါင်းတို့ သောင်းပြောင်း ရှိနေသော လမ်းခရီးများကိုဖြတ်သန်းပြီးနောက် ငွေတောင်ပြည်နှင့် တစ်စထက်တစ်စ နီးကပ်၍ လာ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

'ဟင်'

ရေစီးသံ ခပ်ပြင်းပြင်းကြောင့် မင်းသားအံ့အားသင့်သွားရသည်။ မြစ်သား ချောင်းလား ကွဲပြားစွာမမြင်ရသေး၊ ခြုံနွယ်တို့ ပိန်းပိတ်နေသဖြင့် ကြားသာကြားရသည် အသံကြားရာကို မရောက်နိုင်သေး၊

'အို'

ဘွားခနဲ မြင်လိုက်ရသော မြင်ကွင်းက မင်းသားထံမှ အားအင်တို့ကို ဆွဲယူသွားသလို ခံစားလိုက်ရသည်။ မြစ်ကြီးတစ်စင်း၊ စီးဆင်းနေသောရေ အဟုန်မှာ လွန်စွာ ပြင်းလေသည်။

'အင်း လှေခြေမရှိ ခေါင်လှသော ဒေသမို့ တစ်ဖက်ကမ်းကို ကူးဖို့ မောင်ငယ် လှေငယ်သော်မှမရှိ ခက်ပါဘိ'

မင်းသားသည် မြစ်ကမ်းပေါ်သို့ ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ ဤမျှ အရှိန်အဟုန်ပြင်းစွာ စီးနေသော ရေအလျှင်ကိုမည်သို့ ဖြတ်ကျော်နိုင်ပါမည်နည်း၊

'နှမတော်ရယ် တွေ့ပါပြီဆိုကတည်းက ခက်ခဲလှတဲ့ ကံကြမ္မာတွေ ထိုပဲ မလွဲမသွေတွေ့နေရပါလား၊ မောင်တော် ဒီမြစ်ကို ဘယ်လို ကူးရပါ'

မင်းသား၏ရင်၌ ပျော်ရွှင် အားတက်ခြင်းနေရာ၌ ဝမ်းနည်းဆို့နင့်မှုတို့က တဖြည်းဖြည်းချင်း နေရာယူလာကြသည်၊

'ဟာ'

မင်းသားသည် တစ်နေရာကို ငေးကြည့်နေရင်းက မြစ်၏ ဟိုဘက်ထိပ်မှ ပျံသန်းလာသော ငှက်ဆင်ကြီးများကိုလှမ်း၍ တွေ့လိုက်ရသည်၊

ငှက်ဆင်ကြီးများသည် မင်းသားရှိရာ ဘက်ကမ်း၌ နားကြလေသည်၊ ထို့နောက် နားနေရာချုံနွယ်များဆီမှ မြစ်၏တစ်ဖက်ကမ်းသို့ ကူးကြပြန်လေသည်၊ ထိုဘက်ကမ်းရှိ ချုံနွယ် သစ်ပင်တို့ပေါ်တွင် ထိုငှက်ဆင်ကြီးများ နားကြပြန်လေသည်၊ တစ်ဖန် ငှက်ဆင်ကြီးများက မင်းသားရှိရာ ဘက်ကမ်းတို ပျံသန်းကြပြန်လေသည်။

'ဟုတ်လေပြီ'

မင်းသားသည် အကြံရလာသဖြင့် ဝမ်းသာအားရနှင့် ယခင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါက် ငှက်ဆင်ကြီးများ နားနေခဲ့သော ချုံနွယ်များရှိရာသို့ လျှင်မြန်စွာ ပြေးရင်း ဝုန်းခို နေလိုက်သည်။

ငှက်ကြီးများသည် မြစ်လယ်သို့ ရောက်ရှိနေကြပြီဖြစ်သည်။ မင်းသား ဝုန်းခိုရာ ချုံနွယ်သစ်ဝင်များဆီသို့ ဦးတည်ကာပျံသန်းလာနေကြလေပြီ၊ မင်းသားမှာ ပုန်းအောင်းနေရင်းမှ ရင်တို့က တဒိတ်ဒိတ်ခုန်လျက် ချွေးစေးများဝင်ဖျံ၍ နေလေသည်။

ငြိမ့်ခနဲ သူပုန်းနေရာသို့ ငှက်ဆင်မောင်နှံလာရောက် ခိုနားသဖြင့် မင်းသားရင်၌ လှုပ်ခနဲ ဖြစ်သွားသည်။

'အင်း ငါသာဆွဲခို လိုက်ပါသွားတုန်း မြစ်ထဲပြုတ်ကျသွားရင်တော့ ဒုက္ခတော့ရောက်တော့မည်။ ဤသို့မှ မလိုက်ပြန်လျှင်လည်း ကူးရန်လမ်းတမရှိ၊ ဒုက္ခအတိပြီးသော ခရီးပါတကား'

မင်းသား၏ ရင်၌ တွေဝေခြင်းတို့က ပျံ့နှံ့ ဝင်ရောက်၍နေလေသည်။ မည်သို့ ပြုရမည်နည်း၊ အမှန်တကယ်တော့ မြစ်တစ်ဖက်ကမ်းသို့ ရောက်ရန် ဤတစ်နည်းသာ ရှိသည် မဟုတ်ပါလား။

'ဖြစ်ချင်ရာဖြစ်စေတော့'ဟု တွေးကာ ငှက်ဆင်ကြီး၏ ကုပ်နေရာမှအမွေးအတောင်တို့ကို ဆွဲကာခွလျက် ခိုသည်။ မကြာမီမှာပင် ငှက်ဆင်တစ်အုပ်လုံး တစ်ဖက်ကမ်းကို ကူးကြပြန်လေသည်။

မြစ်ပေါ်မှ ပျံသန်းချိန်မှာပင် မင်းသားခိုစီး၍ လိုက်ပါသော ငှက်ဆင်ဖိုကြီးမှာ လေးလံမှုကို ခံစားရသဖြင့် သူ၏ ငှက်ဆင်မကို ဤသို့ တိုင်ပင်သည်။

'ရှင်မ ငါ၏ကိုယ်ပေါ်၌ တစ်စုံတစ်ရာ ခိုစီးကာ လိုက်လာပါသည်။ ငါ ခါချလျှင် ကောင်းမည်လော'

ငှက်ဆင်ဖိုကြီးက အမေးကြောင့် ငှက်ဆင်မကြီးမှာ အံ့ဩသွားလေသည်။ မည်သို့သော သတ္တဝါကများ သူ၏ ငှက်ဆင်ဖိုပေါ်၌ ခိုစီးရင်း ပါလာသနည်းဟု ကြည့်ချင်လာသည်။

'နေပါဦး၊ ရှင်မ ကြည့်ပါရစေဦး၊ အိုး အလွန်တရာ ချောမောသော လူသားတစ်ဦး အရှင့်ကိုယ်ပေါ်က ခိုစီးကာ ပါလာခြင်းဖြစ်သည်။ ယခု မြစ်လယ်၌ အသင်သာ ခါချခဲ့ပါမူ ဤမျှမြင့်သော နေရာမှကျလျှင် သေရာ အနေတရဖြစ်ကာ ရေသတ္တဝါတို့၏ ဖမ်းဆီး စားသောက်မှုကို ခံရမည့် အစာ ဖြစ်

www.burmeseclassic.com



သွားရှာပေမည်။ အသက်တစ်ချောင်းဟူသည်ကား ရခဲပေသည်အရှင် တို့ဘတ်တမ်းသို့ ရောက်မှသာသူ့ အလိုလိုဆင်း၍သွားပါစေ'

ငှက်ဆင်မ၏အပြောကြောင့် ငှက်ဆင်ဖိုကြီးလည်း အောင့်အည်းသည်းခံကာ တစ်ဖက်ကမ်းသို့ ရောက်သည်အထိ ပျံသန်းကာ သစ်ပင်နိမ့်ကိုရွေးကာ နားခိုပေးလေသည်။ မင်းသားလည်း လျင်မြန်စွာပင် ခုန်ချလျှက်ငှက်ဆင်ဖိုကြီး ကိုယ်ပေါ်မှ ဆင်းလေသည်။

စိတ်ရောကိုယ်ပါ ပင်ပန်းလွန်းလှသဖြင့် မင်းသားသည် သစ်ပင်တစ်ပင်၏ ခြေရင်းမှာပင် မှီရင်းနားလေသည်။

အသက်နှင့်ရင်းကာ ကူးခဲ့ရသောမြစ်ကိုကူးစဉ်က တုန်ယင်နေသောခြေလက်တို့မှာ ယခုထိ တုန်ယင်နေဆဲ။

ငှက်ဆင်မောင်နှံတို့ကိုလည်း အတိုင်းမသိ ကျေးဇူးတင်မိနေသည်။ အကယ်၍ ငှက်ဆင်ဖိုကြီးကသာ သာသာယာယာ ခါချစေကာမူ မင်းသားအဖို့ မြစ်အတွင်း ကျလျှင် အလွန်ရေစီးသန်သော မြစ်ထဲ၌ ရေကူးခတ်ရန် မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်။

ငွေတောင်ပြည်နှင့်ကား နီးသည်ထက် နီး၍လာလေပြီ။ နှမဇော်ဒွေးမယ်နော် မင်းသမီးကားမည်သို့သော အနေအထားနှင့် ရှိနေမည်ကို စဉ်းစားရင်း မင်းသားခမျာ ရင်မောနေရှာသည်။ ဤနတ်ပြည် နတ်နန်း၌ သူသည်သူစိမ်းတရံဆံကဲ့သို့ ဖြစ်နေမည်ကို သူ မလိုလား။

ဒွေးမယ်နော် မင်းသမီးပေးခဲ့သော သူ၏ ဘယ်ဘက်လက်၌ ဆင်ဆင်ထားသော လက်စွပ်ကလေးကို အသာချွတ်ကာ ပွတ်ကြည့်နေမိသည်။ သူ့ထံ၌တစ်ခုတည်းသော နှမတော် ချစ်မယား၏ အငွေ့အသက် သို့တည်းတစ်ခုတည်းသော အမှတ်တရ ပစ္စည်း။

နီးလျက်နှင့် ဝေးနေသော ဒွေးမယ်နော် မင်းသမီးအား တွေ့ဆုံရန်နည်းလမ်းကို တွေးရင်းဖြင့် ငွေတောင် နေပြည်တော်ကြီးကို ရည်မှန်းလျှက်သူလှမ်းသည်။ ဘယ်ဘက် လက်သန်းတွင် ပြန်လည် ဝတ်ဆင်ထားသော လက်စွပ်ကိုလည်း မကြာခဏ ပွတ်ကြည့်နေမိသည်။

'မောင်တော် ရောက်နေပြီ နှမတော်'

ရင်မှလည်း တမ်းတစွာ ပြောမိသည်။ ငွေတောင်ပြည်ကို သူရောက်



www.burmeseclassic.com

www.burmeseclassic.com

## ● မြင့် ရိုင် ဂျ ခိမ်

နှိုးနှုန်း နှုတ်တော် သိဒ္ဓိဝါလေစ၊ ရင်ဝမှာ နှမတော်ကို လွမ်းစိတ်ဖြင့် သတိ
အချစ်ကြီး ရှေးမိသည်၊ နိုးလျက်နှင့် ဝေးနေရပါသော ဒုက္ခ။ မင်းသား သတ်ငြင်း
ထိုးသာ အခါခါချုံခိတ်၊

● ● ●



www.burmeseclassic.com

www.burmeseclassic.com



## သတ္တမမြောက်နတ်သမီး

ငွေတောင်ပြည်နတ်မင်းကြီး၏ နန်းတော်၌ အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်နေလေသည်။ ထိုသို့ တိတ်ဆိတ်နေမှုကို တစ်ချက်တစ်ချက် ဒွေးမယ်နော် နတ်သမီး၏ ရှိုက်သံတသာ ဖုံး၍နေသည်။

ငွေတောင်ပြည် နတ်မင်းကြီးသည် တည်ငြိမ်သော မျက်နှာထားဖြင့် အဝေးတစ်နေရာကို လှမ်းမျှော်ငေးသည်။ သမီးတော် အထွေးဆုံးဖြစ်သော ရှင်မီယာ (ခေါ်) ဒွေးမယ်နော်၏ ဘံကြမ္မာ၊ ရွှေတပြုခဲ့သော အတိုးပေးအတိုင်းမို့ ပြင်ဆင်လို့မရနိုင်။

အကြီးဆုံးနတ်သမီးသည်လည်း နတ်မင်းကြီးကို မော်မဖူးရဲရလောက်အောင် ခေါင်းကို ငုံ့ကာ နေသည်။ ညီမထွေးကို မင်းသားအား ပေးဆက်ခဲ့ရချိန်က စလို့ ပုတ်တလုတ် (ပင်းတဲယ ပုတ်တလုတ်) ကန်၌ ရေသွားချိုးခွင့်ကို ဖခမည်းတော်ငွေတောင် နတ်မင်းကြီးက ခွင့်မပြုတော့။

သူမတို့ ကျန်ညီအစ်မခြောက်ဖော်လည်း ခွင့်မတောင်းရဲတော့ပေ။ ခုတော့ သူမတို့၏ ညီမထွေး၊ ဒွေးမယ်နော် မင်းသမီးက မင်းသားတို့ တိုင်းပြည်မှ ပြေးထွက်ခဲ့ရသည့်အဖြစ်။

'အိမ်း ပြီးသမျှသည်လည်း ပြီးခဲ့ပြီမို့ အထူးမိန့်တော်မူရန်[illegible] လူတို့၏



www.burmeseclassic.com

www.burmeseclassic.com



ပြည်မှ စွဲကပ်ပါလာသော လူတို့၏ အငွေ့အသက်တို့၏ အနံ့ကား ဆိုးရွားလှသည်၊ သို့ကြောင့် နတ်ရေကန်မှ ရေတို့ကို သမီးတော်ကြီး ဦးဆောင်လျက် သွားရောက်ခပ်ယူပြီး သင်တို့၏နှမထွေးဖြစ်သော ဒွေးမယ်နော် မင်းသမီးအား ဆေးကြောသန့်စင်ပေးကြစေ'

'အမိန့်တော်မြတ် အတိုင်းပါ ဖခမည်းတော်ဘုရား'

နတ်သမီးများက ငွေတောင်နတ်မင်းကြီး မိန့်တော်မူသည်ကို နာခံကြသည်၊ သူတို့အနေနှင့်လည်း ငိုရှိုက်နေဆဲဖြစ်သော နှမထွေးကို ကြည့်ကာ စိတ်မကောင်းနိုင်ကြ၊ အထူးသဖြင့် အကြီးဆုံးနတ်သမီး။ ရင်းလှသားနှင့် ပေါင်းဖက်ရန်ကို သူမ စီစဉ်ပေးလိုက်သလို ဖြစ်သွားသည် မဟုတ်ပါလား။

ခမည်းတော် ငွေတောင်နတ်မင်းကြီးကား မင်းသားလိုက်လာသည်ကို သိရှိပြီးသားဖြစ်သည်၊ သို့သော တန်ခိုးအရာ နုနယ်သေးသော သမီးတော်တို့အား ပြောမပြချင်၊ တကယ်တမ်း သာမန်လူတစ်ယောက်အဖို့ ငွေတောင်ပြည်ကို လာဖို့ရန်ကိစ္စသည် အိပ်မက်ပမာသာ ဖြစ်ပေလိမ့်မည်၊ ယခုမင်းသားမှာကား တန်ခိုးအရာ စွမ်းရည်မရှိသော်လည်း ဘုန်းကံရှိနေသောကြောင့်သာ နေပြည်တော်သို့ ရောက်ရှိကာ ကပ်နေနိုင်ခြင်းဖြစ်သည်၊ ဆက်လက်၍ မည်သို့ ကြုံပမ်းမည်ကို သိရှိလို၍ မည်သူ့ကိုမှ ပြောမပြဘဲ ထားခဲ့ခြင်းဖြစ်သည်၊

နတ်မင်းကြီးထွက်သွားသည်နှင့် အကြီးဆုံး နတ်သမီးမှာ ညီမထွေး ဒွေးမယ်နော်ကို နှစ်သိမ့်ပေးလေသည်။

'ငိုရှိုက်မနေပါနဲ့တော့ နှမလေး . . . တဖြည်းဖြည်း ပြီးခဲ့သမျှသော အတိတ် တို့တို မေ့ပျောက်နိုင်ပေလိမ့်မည်'

အကြီးဆုံး နတ်သမီး၏ နှစ်သိမ့်ပေးမှုက ဒွေးမယ်နော်၏ ရင်ကို အပ်ချွန်ချွန်ဖြင့် ဆွသည့်နှယ် ခံစားလိုက်ရသည်။

'တွေ့တွေ့ချင်း မြင်သည်ဆိုသော်လည်း ထိုအချစ်သည် ခဏတာ မဟုတ်၊ တစ်ဘဝစာ၊ တစ်သက်စာ တစ်ခုတည်းသော မပြောင်းလဲနိုင်သည့် အချစ်ဖြစ်သည်။

'မေ့ပျောက်နိုင်မည်တဲ့လား အစ်မတော်ရယ်' အဘယ်သို့သော နည်းကမှ၊ အဘယ်သို့သော အကြောင်းကမှ မည်မျှလောက်အချိန်ကမှ မေ့ပျောက်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းငှာ စွမ်းသာမည် မဟုတ်။

မောင်တော်ရော လိုက်လာနိုင်ပါ့မလား . . . ခရီးလမ်း ကြမ်းတို့၌ အန္တရာယ်အသွယ်သွယ်အနက်မှပင် တစ်စုံတစ်ရာများ ဖြစ်နေလေရော့သလားဟု မောင်တော့်အပေါ် ဝယ် စိုးရိမ်စိတ်တို့က ဖြစ်ပေါ်၍လာသည်။

ထို စိုးရိမ်စိတ်တို့က ဝမ်းနည်းမှုကို ဖြစ်ပေါ်စေကာ မျက်ရည်အဖြာဖြာကို စီးကျနေစပြန်သည်။ 'မောင်တော်ရေ' ဟု ရင်မှလည်း မြည်တမ်း မိ၏။

'မငိုပါနဲ့တော့နှမတော်ရယ်'

'အစ်မတော်တို့လည်း နှမတော်ထံ၌ စွဲကပ်၍နေသော လူတို့၏ အနံ့အသက်တို့ကို ဆေးကြောရန် နန်းတော်အနီးရှိ နတ်ရေကန်ကြီး၌ ရေစင်ခပ်သွားလိုက်ဦးမယ်'

နတ်သမီးတစ်ပါး၏ အပြောကြောင့် ဒွေးမယ်နော် ခေါင်းကိုသာ အသာညိတ်ပြသည်။ ထိုခေါင်းအညိတ်မှာပင် မျက်ရည်စက 'ပေါက်'ခနဲ ကျပြန်သည်။ 'သမုဒယ' ဟူသည် အပူကို ဖြစ်ပေါ်စေသော လောင်စာမဟုတ်ပါလား။

ရေအိုးကိုယ်စီဖြင့် ရေခပ်သွားသော နတ်သမီးခြောက်ဖော်တို့ကို ကြည့်ရင်း ဒွေးမယ်နော် မင်းသမီး သက်ပြင်းကို ချဖြစ်သည်။

'လူ့ပြည်က အငွေ့အသက်တို့ကို ဆေးကြောပစ်မည်တဲ့လား'



www.burmeseclassic.com

www.burmeseclassic.com



အားအင်တုန်ခန်းလုကာ နွမ်းနယ်နေသော မင်းသားမှာ ရေကန်အနီးသို့ ရောက်တာ ထိုရေတန်ကြီးအနီးမှ သစ်ပင်တစ်ပင်၌ မှီရင်း အမောအပန်းဖြေလျှက်ရှိသည်။ ထိုစဉ်ရေကန်အနီးသို့ တဖြည်းဖြည်း နီးကပ်လာသော အသံတို့ကို ကြားနေရသည်။ မင်းသား ရုတ်တရက် ထရပ်ကာ ချုံပုတ်တစ်ခုအတွင်းသို့ ဝင်တာ ပုန်းအောင်းလိုက်သည်။ တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသေးသောနယ်မြေတွင် သတိဝီရိယ ထားခြင်းသည်မမှား။

'တင်'

ရေအိုးတိုယ်စီတိုင်လျက် တန်းစီကာ ရေကန်ဆီသို့ လာနေပါသော နတ်သမီးခြောက်ဖော်၊ ရှေ့ဆုံးမှ အကြီးဆုံး နတ်သမီးကို သူကောင်းစွာ မှတ်မိသည်။ သူနှင့်နှမတော် အိမ်ရှေ့စံ ဒွေးမယ်နော် နတ်သမီးလေးတို့အားလတ် ဆက်ပေးတာ ကောင်းစွာစောင့်ရှောက်ပေးရန် မှာခဲ့သော သူမ။

ရင်၌ ပျော်ရွှင်သလိုလို ဝမ်းနည်းသလိုလို ခံစားမှုက မင်းသား၏ရင်ဝတို လာလှခဆောင့်သည်။ 'နှမတော်နှင့် တွေ့ရလုနီးလေပြီ' ဟူသောအသိတ တုန်ခန်းလုပြီဖြစ်သော အားအင်တို့ကို ပြန်လည်ကာ ဖြည့်တင်းပေးလိုက်သလို ဖြစ်သွားသည်။

မင်းသား ပုန်းအောင်းနေသော ချုံပုတ်အနီးမှ နတ်သမီးလေးများဖြတ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'လူတွေရဲ့ အငွေ့အသက်က ဆိုးရွားလှပါလား'

'ဒါကြောင့်လည်း ဖခမည်းတော်က အဲဒီအနံ့အသက်တွေကို ဆေးကြောဖို့ ကျွန်ုပ်တို့ကို ရေအခပ်ခိုင်းသည်သာပ'

စကားပြောရင်း နတ်သမီးတို့ ရေအိုးကို နတ်ရေကန်တွင် နှစ်တာခပ်ကြသည်။

'ဩော် လူ့ပြည်က အနံ့အသက်ကိုတောင် ဆေးကြောသန့်စင်ကြတော့မှာကိုး'

မင်းသားရင်၌ အမျိုးအမည်မသိသော ခံစားမှုဖြင့် နှမတော်ကို ရင်၌ မြည်တမ်းမိသည်။ ဒီအတိုင်းဆို လူလုံးထွက်ပြကာ အကျိုးအကြောင်း ရှင်းပြဖို့မလွယ်။

'ငါသည် ဒွေးမယ်နော် နတ်သမီးနှင့် ရေစက်မကုန်၍ အကြောင်းတံအရ ပေါင်းဆုံဖို့မှ ရှိနေသေးပါလျှင် နတ်သမီးတစ်ပါးသည် ၎င်းရေအိုးအား ပင့်မမရဘဲ လေးတွဲ့ကာ ရှိနေပါစေသား'

မင်းသားသည် အထက်ပါအတိုင်း အဓိဋ္ဌာန်ပြုလိုက်လေသည်။ နတ်သမီးတို့ကိုလည်း အသက်ပင် မရှူနိုင်ဘဲ မျက်တောင်မခတ် ကြည့်နေမိလေသည်။ အကြီးဆုံးနတ်သမီးသည် ရေကန်ထဲ၌ နှစ်ထားသော ရေအိုးကို အသာပင် ဆွဲယူကာ ပင့်ပြီး ခေါင်းပေါ် ရွက်တာ ရှေ့ဆုံးမှ သွားနှင့်သည်။

ထို့နောက် ဒုတိယ အကြီးဆုံး နတ်သမီး၊ သူမ၏ ရေအိုးအား ရေကန်ထဲမှ 'ဆတ်ခနဲ' ဆွဲမလိုက်စဉ် ဤသည်ကို ချောင်းကြည့်နေသော မင်းသား၏ ရင်မှာလည်း 'ဆတ်' ခနဲ ခုန်သည်။ ထိုနတ်သမီးသည်လည်း အသာအယာပင် ရေအိုးကို ခေါင်းပေါ်ပင့်ကာ ပထမအကြီးဆုံး နတ်သမီးနောက်သို့ လိုက်သည်။

မင်းသား၏ ရင်တို့သည် တဒိတ်ဒိတ် တလှပ်လှပ်ဖြင့် မျက်တောင်ခတ်တမ်း နတ်သမီးတို့ကို အစဉ်လိုက် ရင်ခုန်စွာ ကြည့်နေသည်။

တတိယ နတ်သမီး။

ရေအိုးကို 'စွပ်' ခနဲ မကာ ခေါင်းပေါ် ပေါ့ပေါ့ပါးပါး ပင့်တင်ပြီး ရွက်ကာ ဒုတိယနတ်သမီးနောက်သို့ ခပ်သုတ်သုတ် လိုက်သွားလေသည်။

မင်းသားမှာ ချွေးစေးများပင် ထွက်ကာနေသည်။

စတုတ္ထ နတ်သမီး။



www.burmeseclassic.com

www.burmeseclassic.com



ရေကန်တွင်းနှစ်ထားသော ရေအိုးကို ရှေ့ နတ်သမီးနည်းတူ ပေါ့ပေါ့ပါးပါးပင် မတာ ခေါင်းပေါ် ရွက်ရင်း တတိယ နတ်သမီးနောက်သို့ ခပ်သွက်သွက် လိုက်သွား၏။ မင်းသားရင်မှာ ဟာခနဲ။ နဖူးမှ ချွေးစေးတို့ကို သုတ်ရင်း သတ်ပြင်းကို 'ဟင်း' ခနဲချသည်။

ပဥ္စမနတ်သမီး။

မင်းသားသည် အသက်ရှူရန်ကိုပင် မေ့လျော့နေသည်။ ပဥ္စမနတ်သမီး နှင့် ဆဋ္ဌမနတ်သမီးနှစ်ယောက်သာ ကျန်တော့သည်မို့ 'မ,၍ မရပါစေနဲ့' ဟုမင်းသား ကြိတ်၍ ဆုတောင်းနေမိသည်။

မ,သည်။ ပဥ္စမနတ်သမီး၏ လက်တို့က ရေကန်အတွင်းမှအိုးကို ပင့်ရာ၌ တော်တော်နှင့် မြောက်တက်မလာ။ မ,သည်။ တော်တော်နှင့်မရ မင်းသားရင် တို့မှာ တလှပ်လှပ်။

'ဗွမ်း'

နောက်ဆုံးတော့ ပဥ္စမမြောက် နတ်သမီးသည်လည်း ရေအိုးကို 'ကွပ်' ခနဲ နေအောင် ရေထဲမှ ပင့်မကာ ပေါ့ပေါ့ပါးပါးပင် မလျက် ရွက်ကာဖြင့် စတုတ္ထ နတ်သမီးနောက်သို့ ခပ်သွက်သွက်ပင် လိုက်သွား၏။ မင်းသား၏ ရင်မှာ ဟာ ခနဲ။ နောက်ဆုံး။

နောက်ဆုံး ဆဋ္ဌမမြောက် နတ်သမီး။

ဆ. . . ဋ. . . မ. . . မြောက်. . . နတ်သမီးသည် ရေအိုးကို ကန်အတွင်း၌နှစ်ကာ စိမ်ပြေနပြေ လှည့်ပတ်ရင်း အိုးကို ပွတ်တိုက်ကာ ဆေး လိုက်သေးသည်။ 'ဆတ်'ခနဲ ဆွဲမယောင်ပြုသည်။

မင်းသား၏ ရင်ထဲမှာ 'ဇက်' ခနဲ။

မ မ,သေး။ ရေအိုးအတွင်း အမှိုက်ပါသည်ထင့်။ အသာဖယ်နေ သည်။ မ တော့မည်။ မင်းသားရင်ခုန်ရလွန်း၍ မျက်လုံးကို မှိတ်လိုက်သည်။ နောက်ဆုံးနတ်သမီး. . . နောက်. . . ဆုံးသော. . မျှော်. . . လင့်. . . ချက် . . 'ဗွမ်း' ခနဲ ရေထဲမှ ရေအိုးဆွဲမလိုက်သံကို ကြားရသည်။ ထို 'ဗွမ်း'ဆိုသော အသံသည် ကြားရရုံဟု ဆိုသော်လည်း မင်းသား၏ နား၌ မိုးကြိုးအစင်းပေါင်း ဆက်တိုက်ပစ်ခွင်းသလိုမျိုး ကျယ်လောင်စွာ ကြားလိုက်ရသည်။ သွားလေပြီ တကား. . . ဟု မင်းသား တွေးလိုက်သည်။ နဂို မှိတ်ထားပြီးသား မျက်လုံးတို



www.burmeseclassic.com

www.burmeseclassic.com



ထပ်၍ မှိတ်မိလိုက်ပြန်သည်။ ရင်၌ တလှပ်လှပ်ဖြင့် အထပ်ထပ် နာကျင်လာသည်။

'နှမတော်ရယ် . . . ဖူးစာမင်ရည်ကျဲလို့လေလား'

မင်းသား၏ အစွမ်းကုန်မှိတ်ထားသော မျက်ဝန်းထဲမှ မျက်ရည်ပူတို့က တစ်လိမ့်ချင်းလိမ့်ကာ ကျလာသည်။ 'လှည့်ပြန်ရမလား' ဟု သူ အားယုတ်စွာ တွေးမိသည်။ 'ဒီအထိ ရောက်လာပြီး လေမှတော့ ငါမပြန်' ဟူသော မာန်ပြည့်သည့် အတွေးကလည်း ဝင်လာပြန်သည်။ 'ပြန်မည်' နှင့် 'မပြန်' ဟူသော စိတ်ကူး၏ အတွေးနှစ်ခု လွန်ဆွဲပွဲမှာ မင်းသားသည် မောပန်း၍လာလေသည်။

'အို လုလင်'

ရှေ့တည့်တည့်မှ ခေါ်သံကြောင့် မင်းသား ယောင်ယမ်းပြီး မျက်လုံးကို 'ဆတ်' ခနဲ ဖွင့်၍ ကြည့်သည်။

'ဟင်'

ဆဋ္ဌမမြောက် နတ်သမီး၊ ရေအိုးက အပေါ်ကို မရောက် အောက်မရောက် ကိုင်လျက်။ မင်းသမီးမှာ ကိုင်းကိုင်းကြီး မ ထားသည်။ မင်းသားလှိုက်လှဲ ဝမ်းသာသွားရသည်။

'အို . . . လုလင်'

ကြောင်နေသေးသော မင်းသားကို ဆဋ္ဌမမြောက် နတ်သမီးက ထပ်၍ခေါ်သည်။ ခရီးကြမ်းတို့ကို အပြင်းနှင်လာရသော မင်းသား၏ ရုပ်ရည်မှာမှတ်မိနိုင်စရာမရှိ။ ထို့ကြောင့်လည်း သူညီမထွေး၏ လင်တော်မောင်မှန်းမမှတ်မိ။ ဤသည်က မင်းသာအတွက် အခွင့်ကောင်းဖြစ်သည်။

'ကျွန်ုပ်အား ဤရေအိုးကို ကျေးဇူးပြု၍ ပင့်ပေးပါလား'

မင်းသားသည် ဝမ်းသာအားရဖြင့် ဘယ်ဘက်လက်သန်း၌ ဝတ်ဆင်ထားသော လက်စွပ်ကို မသိမသာ ဖွက်၍ကိုင်ကာ ရေအိုးကိုပင့်ပေးရင်းတသင်း ရေအိုးတွင်းသို့ ဇင်းလက်စွပ်ကို ထည့်ပေးလိုက်လေသည်။

'ကျေးဇူးပဲ လုလင်'

'အို ကိစ္စမရှိပါဘူး'

ဆဋ္ဌမမြောက် နတ်သမီးသည် အတော် အလှမ်းဝေးသွားပြီ ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



အစ်မတော်များနောက်သို့ ခပ်သွက်သွက် လိုက်ကာ သွားသည်။ မည်သို့ ဆက်လှုပ်ရှားရမည်ဆိုသည်ကို မင်းသားတွေးသည်။ ထို့နောက် သူ့ပါးပြင်ကို ပွတ်သပ်မိသည်။

ခမည်းတော် ခိုင်းစေသော ပုန်ကန်မှုအတုဆီသို့ စစ်ချီစဉ်ကပင် မရိုက်ဝယ်ဖြစ်ခဲ့သော မုတ်ဆိတ်နှင့် ပါးမြိုင်းမွေးများကို ကြမ်းရှစွာ စမ်းမိသည်။ ဝတ်ဆင်ခဲ့သော အဝတ်တန်ဆာတို့သည်လည်း ပေရေကာ ညစ်ပတ်၍ နေလေပြီ။ ရေတန်ကို အမှတ်တမဲ့ကြည့်ရင်းက တစ်ကိုယ်ရေ သန့်ရှင်းမှုကို သတိရကာ ရေချိုးချင်စိတ်တို့ ပေါ်လာသည်။

နတ်သမီးတို့ ခပ်ခဲ့ရာ ရေဆိပ်လေးသို့ မင်းသား လျှောက်ကာ သွားသည်။ ရေတန်ထဲသို့ ငုံ့ကာကြည့်သည်။ ရုပ်ရည်အသစ်ဖြင့် သားလိုက် မုဆိုးတစ်ဦးဝဓာဖြစ်နေသော သူ၏ ရုပ်ရည်ကို ရေထဲ၌ ရှင်းလင်းစွာမြင်နေရသည်။ ခါးမှ ဆောင်ဓားကို ဖြုတ်ကာ မုတ်ဆိပ်မွေးနှင့် ပါးမြိုင်းမွေးတို့ကို သပ်ရပ်စွာ ရိတ်သင်လိုက်သည်။

ချောမောသော ခံ့ညားစွဲမက်ဖွယ်ဖြစ်သော မင်းသား၏ နဂိုမူလ ရုပ်ရည်က တန်အတွင်းရေပြင်ပေါ်၌ ပေါ်နေသည်။ အပေါ်ဝတ်ရုံကို ချွတ်ကာ ရေတွင်နှစ်၍ လျှော်သည်။ အိမ်ရှေ့စံမင်းသားဖြစ်၍ အဆင်ပြေအောင် မလျှော်ဖွပ်တတ်သော်လည်း နဂို ညစ်ပတ်မှုနှင့်စာလျှင် ဖြူစင်သွားသည်။ ထိုဝတ်ရုံကို လှမ်းထားစဉ်အတွင်း ရေကို စိမ်ကာ ချိုးမိသည်။

နန်းတော်မှာ ရေချိုးရာ၌ အမွှေးနံ့သာဖြင့် ချိုးပေးကြမည့်ငယ်ကျွန်ကြီးကို သတိရလိုက်မိသည်။ နတ်ရေကန် အတွင်း၌ ရေချိုးပြီးသောအခါ မင်းသားသည် လွန်စွာ လန်းဆန်း၍ သွားလေသည်။

ခြောက်သွေ့သွားပြီဖြစ်သော အဝတ်တန်ဆာတို့ကို သေသပ်စွာဝတ်ဆင်လိုက်သည်။ နဂိုကဲ့သို့ ခံ့ညားချောမောသော မင်းညီမင်းသား၏ ဟန်ဖြင့် သုမနမင်းသားသည် တောက်ပသွားလေသည်။

'အဘယ်သို့သောနည်းဖြင့် နှမတော်ထံ သွားရပါမည်နည်း'

ထိုအတွေးက ဝင်ရောက်လာသောအခါ. မင်းသား၏ ရှင်သည် အတိုင်း မသိ လေးလံသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညီမတော် ဒွေးမယ်နော် မင်းသမီးအား အစ်မတော် နတ်သမီးများထ[ံ]တ်ရေကန်မှ ခပ်ယူလာသော ရေစင်ဖြင့်လောင်းတာ . . . လောင်းတာ . . . [ချ]ပေးကြလေသည်။ ဒွေးမယ်နော်ကား တောင်တွေးမြောက်တွေး တွေးလျက်။

'မောင်တော် မောင်တော်တို့ လူပြည်မှ ပါလာသော လူတို့၏ အနံ့အ[ပ]တ်တွေကို ဆေးကြောသန့်စင်ပစ်ရသော်လည်း၊ နှမတော်၏ ရင်၌ စွဲမြဲစွာ [ရ]စ်နေရပါသော မောင်တော်အား အဘယ်သို့ ဆေးကြော မေ့ဖျောက်ရနိုင်ပါ[မ]ည်နည်း'

ပထမနတ်သမီး၏ ရေအိုးဖြင့် သွန်းလောင်းတာ ရေစင်ဖြင့် ချိ[ုး]ပေးကြ၏။ ထို့နောက် ဒုတိယမြောက် နတ်သမီး၏ ရေစင်းအိုး၊ ဒွေးမယ်နော်[မ]င်းသမီးသည် မျက်လွှာကိုချလျက် လင်တော်မောင် အိမ်ရှေ့စံမင်းသားသူ့[ကို]အတိုင်းမသိ လွမ်းဆွတ်သတိရတာနေ၏။

တတိယမြောက် နတ်သမီး၏ ရေစင်အိုး။

စတုတ္ထမြောက် . . . . . . . . . . .။

ပဉ္စမမြောက် . . . . . . . . . . .။

ဒွေးမယ်နော်မှာ မျက်လွှာကို ချထားဆဲ။



www.burmeseclassic.com

www.burmeseclassic.com



ဆ. . . ၌. . . မ . . . မြောက်နတ်သမီး၏ ရေစင်အိုး၊ ဆ၌မ မြောက်နတ်သမီးသည် ရေစင်အိုးထဲမှ ရေစင်ဖြင့် ရှင်မိယာခေါ် ဒွေးမယ်နော် နတ်သမီး၏ ကိုယ်ပေါ်သို့ သွန်းလောင်းလိုက်သည်။

'တင်'

ဒွေးမယ်နော် မင်းသမီးသည် ဘယ်ဘက်လက်သူကြွယ်၌ လာရောက်စွပ်မိသော အရာကြောင့် မျက်လုံးကို အသာဖွင့်အကြည့် ရင်၌ တဒိတ်ဒိတ် မြည်အောင်ခုန်သွားရလေသည်။ လက်စွပ်ကလေး . . . . . . . ။

၎င်းလက်စွပ်လေးကို မောင်တော် သုမနမင်းသား လိုက်လာခဲ့ပါမှ ပေးပေးပါရန် ရှင်ရသေ့ထံတောင်းပန်ကာ ပေးခဲ့သည်။ ယခု ၎င်းလက်စွပ်ကလေး သည် အုံ့ဩသောက်အောင်ပင် တိုက်တိုက်ဆိုင်ဆိုင် သူမ၏ နဂိုမူလ ဝတ်ဆင်ခဲ့သော ဘယ်ဘက်လက် သူကြွယ်တွင် အလိုလို လာစွပ်နေလေပြီ။

သို့ဆိုလျှင် မောင်တော်သည် ၎င်းငွေတောင်ပြည်သို့ ရောက်နေလေပြီ။ ဒွေးမယ်နော် မင်းသမီးသည် အံ့သြမှု ဝမ်းသာမှုတို့နှင့်အတူ သွက်လက်လာသည်၊ ပြုံးရွှင်၍လာသည်။ အစ်မတော်များကလည်း လူ့ပြည်မှ အငွေ့အသက်သည် ရေစင်နှင့် ဆေးကြော သွန်းလောင်း၍ ချိုးပေးပြီးသည်နှင့် သိသိသာသာ ရွှင်လန်းလာသည်တူ ထင်မှတ်သဖြင့် ဝမ်းမြောက်ဝမ်းသာ ရှိနေကြလေသည်။

ကြောမိမှာပင် ဖခမည်းတော် ငွေတောင် နတ်မင်းကြီးသည် သူမတို့ ထံကြွချီတော်မူလာလေသည်။ ဒွေးမယ်နော်သည် လက်အုပ်ကိုချီလိုက်သည်။ ထို့နောက် ရွှင်လန်းစွာပင်

'ဖခမည်းတော် ဘုရား. . . . . . . . .'

လျှောက်တင်မှု မစသေး ငွေတောင်ပြည် နတ်မင်းကြီးက လက်ဝါး အသာကာပြသည်။

'ဖခမည်းတော် သိတော်မူတယ် သမီးတော်၊ လူ့ပြည်မှ သမီးတော် လင်တော်မောင် ရောက်လာမှန်း ရှေးဦးကပင် သိပေသည်'

ဒွေးမယ်နော်သည် ဝမ်းလည်းဝမ်းသာ ဖခမည်းတော် ပြန်ပေးမ မည်ကိုလည်းစိုးဖြင့် ဝမ်းသာဝမ်းနည်း ဖြစ်၍ နေလေသည်။

'သမီးတော်အနေနှင့် သမက်တော်အား မခွဲနိုင်ကြောင်းကိုလည်း ဖခမည်းတော် သိတော်မူသည်။ သို့သော်လည်း နောက်နေ့ ငါ၏သမီးတော်



www.burmeseclassic.com

www.burmeseclassic.com



အားမည်သူကမျှ စော်ကားအနိုင်မကျင့်ရအောင် သမက်တော်အနေနှင့် မည်မျှသောဘုန်းတန်ခိုးဖြင့် ကာကွယ်နိုင်သည်ကို သိလို၍ စမ်းသပ်၍ ကြည့်ဦးမည်။ အကယ်၍ သမက်တော်၌ ဘုန်းတန်ခိုး တစ်စုံတစ်ရာ မရှိခဲ့ပြားက သမီးတော်အား လူ့ပြည်သို့ ပြန်မထည့်နိုင်'

ဖခမည်းတော်၏ တိကျသော တည်ငြိမ်သော အဓိပ္ပာယ်ရှိသော စကားကြောင့် ဒွေးမယ်နော်သည် ကြက်သီးမွေးညင်းပင် ထလေသည်။ မည်သို့သော ပုံသဏ္ဍာန်ဖြင့် မောင်တော်အား စမ်းသပ်ပါမည်နည်း။

'မှန်လှပါ ဒွေးမယ်နော်၏ မောင်တော်သည် ဒွေးမယ်နော် မင်းသမီးအားတွေ့ဆုံရန် ခွင့်တောင်းနေကြောင်းပါ ဘုရား'

အစောင့် နတ်သားတစ်ဦး၏ လျှောက်တင်မှုကြောင့် ဖခမည်းတော် ငွေတောင်ပြည် နတ်မင်းက ဦးခေါင်းကို မတ်သည်။

နတ်သမီး ခြောက်ဖော်တို့မှာကား ညီမထွေးဖြစ်ရသော ဒွေးမယ်နော်ကို တစ်လှည့် ဖခမည်းတော်ကို တစ်လှည့် ကြည့်ကြ၏။

ဒွေးမယ်နော် မင်းသမီးမှာမူ ရင်ဘတ်ကို လက်ဖဝါးဖြင့် အသာဖိမိလေသည်။ 'မောင်တော်အား ပြေးကာ ဆီးကြိုချင်စိတ်အားထိန်းကာ ထားရခြင်းသည်ပင်လျှင် သူမအတွက် ပင်ပန်းလွန်းလှသည်။

'အိမ်း ရှေ့တော်မှောက်သို့ ဝင်ခွင့်ပြုလိုက်သည်'

ဒွေးမယ်နော်သည် အံ့ဩ ဝမ်းသာခြင်းဖြင့် 'မောင်တော် အစစအရာရာ အဆင်ပြေပါစေသား'ဟု ကြိတ်ဆုတောင်းမိသည်။ ဖခမည်းတော်က ဒွေးမယ်နော်အပါအဝင် နတ်သမီးအားလုံးကို တန်းစီကာ သောင်းပြောင်းရပ်စေသည်။ ထို့နောက် တန်ခိုးဖြင့် ခန်းဆီးလိုက်တာ ခုနစ်ထပ် ကာရံလိုက်ပြီး ထိုခန်းဆီး လိုက်ကာတို့တွင် အပေါက်ဖောက်လျက် လက်ညှိုးတစ်ချောင်းစီကို ထိုအပေါက်မှ ထုတ်ကာ ထားလေသည်။

ထိုအချိန်မှာပင် သုမနေမင်းသားသည် ထိုနေရာသို့ ရောက်ရှိ၍လာလေသည်။ မင်းသားဝင်လာချိန်တွင် ငွေတောင်ပြည် နတ်မင်းကြီးသာလျှင် ထိုနေရာ၌ရှိလေသည်။

'အမောင်လုလင်၊ မည်သည့်ကိစ္စဖြင့် မည်သည်ကို အလိုရှိပါ၍ ဤနေရာ၊ ငါ၏ ဗိုင်နက်သို့ ရောက်ရှိလာသနည်း'



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ညားလှသောအသံနှင့် နတ်ဝတ်တန်ဆာတို့ကို ကြည့်လျှင် ဒွေးမယ်နော်မင်းသမီးတို့၏ ခမည်းတော် ငွေတောင်ပြည် နတ်မင်းကြီးမှန်း မင်းသားသိလိုက်သည်။ ခပ်မှန်မှန် ဆတ်ဆတ်ကာ မေးလာသော အမေးခပ်စိမ်းစိမ်းကြောင့် မင်းသား ရင်ထိတ်သွားရ၏။

'မှန်လှပါ အရှင်မင်းကြီး၊ ကျွန်ုပ်ကား ကျွန်ုပ်၏မယား ဒွေးမယ်နော်အား တွေ့ဆုံလိုပါ၍ တာရာပြည်မှ ဝေးကွာလှသော ခရီးကို ခက်ခက်ခဲခဲဖြတ်ကာ လာခဲ့ရကြောင်းပါ'

'အင်း သို့ဆိုလျှင်တော့ သင်သည် သင်၏မယားအား လွန်စွာမှ မြတ်နိုးပါ၏လော'

ငွေတောင်ပြည် နတ်မင်းကြီးဖြစ်သော ယောက္ခမတော်၏ အမေးကြောင့် မင်းသားမှာ အောင့်သက်သက် ဖြစ်ရရှာသည်။

'မှန်လှပါ အသက်ထက်ပင် မြတ်နိုးလွန်းပါ၍ ဤမျှ ကြမ်းတမ်းသော ခရီးကို အသက်စွန့်၍ လိုက်လာခဲ့ပါသည် ဘုရား'

ခပ်ရွံ့ရွံ့ မင်းသား၏ လျှောက်တင်မှုကြောင့် ငွေတောင်ပြည်နတ်မင်းကြီးက ပြုံးတော်မူသည်။

'သို့ဆိုလျှင် သင်သည် သင့်မယား၏ လက်ညိုးကို သိပေလိမ့်မည်။ ထို့ကြောင့် သင်၏ ဘေး၌ရှိသော လိုက်ကာ တင်းတိမ်တွင် ထုတ်ထားသော လက်ညိုးခုနစ်ချောင်းအနက်မှ သင့်မယား၏ လက်ညိုးကို ငါ့အား ရွေးချယ်ပြလော့'

နတ်မင်းကြီး မိန့်တော်မူမှပင် မင်းသားသည် ဘေးမှ လိုက်ကာများကို သတိထားမိလေသည်။ လိုက်ကာမှ ထုတ်ထားသော လက်ညိုးများမှာ အရွယ်တူ အဆင်းတူများ ဖြစ်သဖြင့် မင်းသားသည် လွန်စွာမှ စိတ်ညစ်သွားရလေသည်။

'အို ခက်လေပြီတကား၊ အကယ်၍ ငါရွေးချယ်လိုက်သော လက်ညိုးတား ငါ၏မယား ဒွေးမယ်နော်၏ လက်ညိုး မဟုတ်ခဲ့ပါမူ ပရိသတ် ဗိုလ်ခြေအလယ်၌ အရှက်တကွဲ ဖြစ်ရပေတော့မည်။ ငါသည် ဒွေးမယ်နော် ချစ်မယားအားဆုံးရှုံးရပေတော့မည် တကား'

မင်းသားသည် ပူပင်သောတများကြောင့် စိတ်ဒုက္ခကြီးစွာဖြစ်လျက်



www.burmeseclassic.com

www.burmeseclassic.com



ချွေးများပင် ထွက်ကာနေလေသည်။ တွေဝေနေသော မင်းသား၏ ရင်မှာ အသက်ရှူရန်ကိုပင် မေ့လျော့၍ နေလေသည်။

ဤသို့ မင်းသားတွေဝေနေသော အချိန်မှာ ဒွေးမယ်နော် မင်းသမီးသည်လည်း ကန့်လန့်ကာ တင်းတိမ် ခုနစ်ထပ် အတွင်းမှနေ၍ စိုးရိမ်ပူပန်စိတ်များ ဖြစ်ပေါ်၍ နေလေသည်။ အတယ်၍ မောင်တော်သည် သူမ၏ လက်ညှိုးကို မဟုတ်ဘဲ အစ်မတော် တစ်ယောက်ယောက်၏ လက်ညှိုးကိုသာ ညွှန်ပြခဲ့ပါမူ ဖခမည်းတော်သည် မည်သည့်နည်းနှင့်မျှ သူမနှင့် မောင်တော်အားတွေ့ခွင့်ပေးမည်မဟုတ်။ လိုက်ပါသွားခွင့်ဆိုတာ အဝေးကြီးမှာဖြစ်သည်။

'ငါ၏ လက်ညှိုးအား လှုပ်ပြပြန်လျှင်လည်း ဖခမည်းတော် သိရှိသွားပါက လွန်စွာစိတ်ဆိုး ဒေါသ ဖြစ်ချေမည်၊ မည်ကဲ့သို့ ပြုလုပ်ရပါအံ့' ဟု မင်းသမီးသည် စိုးရိမ်ပူပန်စွာ တွေးမိလေသည်။

ဤကဲ့သို့ မင်းသားနှင့် ဒွေးမယ်နော် မင်းသမီးတို့ စိုးရိမ်ပူပန်မှုဖြစ်ပေါ်ချိန်တွင် တာဝတိံသာမှ သိကြားမင်းက ယင်းအဖြစ်အပျက်တို့ကို သိမြင်တော်မူလေသည်။

'အင်း ဒီတစ်ကြိမ်လည်း ငါတို့ညီမှ ရတော့မကိုး၊ ဟဲ့ မာတလိ နတ်သား'

'မှန်လှပါ အရှင်သိကြား ခစားလျှတ် ရှိကြောင်းပါ'

'ဟဲ့ သင်လူ့ပြည်သို့သွား၊ သုဓနုမင်းသားအား ကူညီစေ'

'အမိန့်တော်မြတ် အတိုင်းပါဘုရား'

မာတလိ နတ်သားသည် သိကြားမင်း၏ အမိန့်အတိုင်း လူ့ပြည်သို့ ဆင်းသက်ကာ အဖြစ်အပျက်ကို လေ့လာပြီး သူ၏ နတ်သားသဏ္ဌာန်တို ဖျောက်ကာ ဝါဝင်း၍ ရွှေရောင်တောက်သော ပိုးတောင်ငယ်အသွင် ဖန်ဆင်းလိုက်လေသည်။ ထို့နောက် မင်းသား၏ လက်ညှိုးပေါ်သို့ ထင်ရှားစွာ နားလေသည်။

'ဟင်'

သုဓနုမင်းသားမှာ ရုတ်တရက်လာနားသော ရွှေပိုးတောင်လေးကို ကြည့်ကာ မှင်သက်မိနေစဉ်မှာပင် ထိုရွှေပိုးကောင်ငယ်လေးက ကန့်လန့်ကာ တင်းတိမ် ခုနစ်ထပ်ကို ဖောက်ကာ ထွက်ထားသော လက်ညှိုး ခုနစ်ထပ်



www.burmeseclassic.com

www.burmeseclassic.com



အနုတ်မှ တစ်ချောင်းပေါ်၌ နားလေသည်။

မင်းသားသည် လှပ်ခနဲ ဝမ်းသာသွားသည်။ ဤရွှေပိုးကောင်သည် သာမန်ပိုးကောင် တစ်ကောင် မဟုတ်မှန်းကိုလည်း သိရှိလိုက်သည်။

မင်းသားသည် ထိုပိုးကောင် နားနေသော လက်ညှိုးဆီသို့ တည့်တည့် ချောက်သွားတာ ၎င်းလက်ညှိုးကို ညွှန်ပြလိုက်လေသည်။

ရွှေပိုးကောင် တစ်ဖြစ်လဲ မာတိလ နတ်သားလည်း ရွှေပိုးကောင် အသွင်နှင့်ဝင် ချောက်တွယ်တာ တာဝတိံသာ နတ်ပြည်သို့ ပြန်လေသည်။

လက်ညှိုးကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ကာ ပြလိုက်သော မင်းသား၏ တိုင်တွယ်မှုကြောင့် လက်ညှိုးပိုင်ရှင် မင်းသမီး ဒွေးမယ်နှော်မှာ ရင်၌ အေးခနဲ ခံစားရတာ လှိုက်ခနဲ ဝမ်းသာသွားလေသည်။

ငွေတောင်ပြည် နတ်မင်းကြီးလည်း တန်ခိုးဖြင့် ကာရံထားသည်တို့ကို ပျောက်ကွယ်စေလိုက်သည်။ ကန့်လန့်ကာများ ပျောက်ကွယ်သွားသောအခါ မင်းသားသည် ဒွေးမယ်နှော်၏ လက်ညှိုးကို ဆုပ်ကိုင်ထားလျက်ပင် ရှိသေး၏။ ဒွေးမယ်နှော် မင်းသမီးတား ဝမ်းသာလွန်း၍ မျက်ရည်များပင် ဝဲကာ နေလေသည်။

'မောင်တော်'

'နှမတော်'

မင်းသားနှင့် မင်းသမီးမှာ တစ်ဦးကိုတစ်ဦး တင်းကျပ်စွာ ပွေ့ဖက်မိကြလေသည်။ ရက်အနည်းငယ်မျှ ခွဲနေရသော်လည်း စိတ်တွင် နှစ်ပေါင်းများစွာ ခွဲခွာရသလိုမျိုး။

ငွေတောင်ပြည်နတ်မင်းကြီးလည်း သမက်တော်၏ဘုန်းတန်ခိုးကြီးမှုကို ဝမ်းမြောက်ဝမ်းသာ ချီးမွမ်းလေသည်။

'အိမ်း . . . ငါ၏သမက်တော်ကား ဘုန်းကံကြီးမားသူပါတကား။ ထို့ကြောင့် ငါ၏သမီးတော်နှင့် ပေါင်းဖက်ခွင့်ကို ပေးတော်မူသည်။

မင်းသားနှင့်မင်းသမီးမှာအထူးပင်ပျော်ရွှင်နေကြလေသည်၊ မင်းသားလည်း လူ့ပြည်၌ မင်းသမီးအား ဒုက္ခပေးရန်ကြံခဲ့သော ပုရောဟိတ်ပုဏ္ဏားကြီးတား သေဆုံးသွားပြီဖြစ်ကြောင်း၊ လာဘ်ပေး လာဘ်ယူ လုပ်သော သမားတော် အချို့ကိုလည်း ဒဏ်ခတ်လိုက်ပြီ ဖြစ်ကြောင်း ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမနှမင်းသား၏ ခေါ်ယူမှုကြောင့် မင်းသမီးသည်လည်းမောင်တော်ဖြစ်သူနှင့်အတူ လိုက်ပါလာလေတော့သည်။

ဖခမည်းတော်၊ မယ်တော်နှင့် အစ်မတော်တို့အား နှုတ်ဆက်ပြီး မင်းသားနှင့် မင်းသမီးလည်း ဗာရာပြည်သို့ ပြန်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟော့ . . အိမ်ရှေ့စံ မင်းသားနဲ့ အိမ်ရှေ့စံ မိဖုရား ပြန်လာကြပြီ မြို့တံခါးကို အမြန်ဖွင့်ကြ'

မြို့စောင့် တံခါးမှူးသည် အဝေးမှလာနေသော မင်းသားနှင့် မင်းသမီး တို့ကို မြင်သည်နှင့် ရဲမက်များအား တံခါးဖွင့်ရန် အမိန့်ပေးလိုက်လေသည်။

တံခါးဖွင့်ပေးသော ရဲမက်များ၏ မျက်နှာမှာ သိပ်မကောင်းကြမှန်း မင်းသား အတဲခတ်မိလေသည်။

'ဟဲ့ တံခါးစောင့်တပ်မှူး မည်သည့်အရေးကြောင့် သင်တို့၏ မျက်နှာ မှာ မရွှင်မလန်း ရှိနေဘိသနည်း'

သုမနမင်းသား၏ အမေးကြောင့် မြို့စောင့်တပ်မှူးသည် လန့်ဖြန့်တော သွားလေသည်။

'မှန် မှန်လှပါ၊ အရှင့်သား၊ ဘုရင်မင်းတရားကြီး နာမကျန်း ဖြစ်နေ ကြောင်းပါ ဘုရား'

'အို'

'ဟင်'

အိမ်ရှေ့စံ သုမနမင်းသားနှင့် အိမ်ရှေ့စံ မိဖုရား ဒွေးမယ်နှော



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးတို့လည်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြလေသည်။

ထို့နောက် မြို့စောင့်တပ်မှူးကိုပင် နှုတ်မဆက်နိုင်အားတော့ဘဲ နှစ်ဦး သားနန်းတော်တွင်းသို့ အမြန်သွားလေသည်။

မင်းသားနှင့် မိဖုရားတို့ ဖခမည်းတော် ဘုရင်ကြီး၏ အိပ်ခန်းဆောင် သို့ ရောက်ချိန်၌ မယ်တော် မိဖုရားကြီးက မရွှင်ပျသော မျက်နှာဖြင့် ဆီး၍ကြို သည်။

'မယ်တော်'

'သားတော် သင်၏ ဖခမည်းတော်ကာ သင့်အား စောင့်၍သာနေနေ ပါ သည်။ သားတော် ယခုမှ သက်သာစပြုလာရုံသာ ရှိပေသေးသည်'

မယ်တော်က ဒွေးမယ်နော်၏ ပခုံးအား ညင်သာစွာ သိုင်းဖက်လိုက် ရင်းက မင်းသားကို ဆိုသည်။

'ဖခမည်းတော် ဘုရား'

မင်းသား၏ ခပ်တိုးတိုးခေါ်သံကြောင့် ဘုရင်မင်းကြီးက အသာ အယာ မျက်လုံး ဖွင့်ကာကြည့်သည်။

'သားတော်'

ဘုရင်ကြီးခေါ်သော အသံမှာ လွန်စွာ တိုးညင်းလွန်းလှသည်။

'မှန်လှပါ ခစားလျက်ရှိကြောင်းပါ ဖခမည်းတော်ဘုရား'

'ငါ၏ ချွေးမတော်ကော ပါလာပါရဲ့လား'

'မှန်ပါ ပါလာကြောင်းပါ ဘုရား'

ဒွေးမယ်နော် မင်းသမီးသည်လည်း ဖခမည်းတော် သလွန်သို့ လက်အုပ် ချီလျက် ကပ်လေသည်။

'သမီးတော်'

'မှန်လှပါ'

'ဖခမည်းတော်အား ခွင့်လွှတ်ပါ၏လော'

'အို ဖခမည်းတော် . . . သမီးတော်ကား ဖခမည်းတော်အပေါ် တွင် ခဲသို့မျှ မပစ်မှားကြောင်းပါ ဘုရား'

'အိမ်း သာဓု သာဓု သာဓု သားတော် ငါသည်ကား အိုမင်းမစွမ်း တော့ပြီ၊ ထို့ကြောင့် တိုင်းရေးပြည်ရာများကိုလည်း မဆောင်ရွက်လိုတော့ သင်



www.burmeseclassic.com

www.burmeseclassic.com



သာသွင် ထီးနန်း အရိုက်အရာကို ခံယူကာ မင်းပြုပါလော့'

'အခြည်း. . . .'

'ငါ့အား ချစ်ခင်ပါလျှင် လက်ခံလော့'

ဤြင်းဆို၍ မရနိုင်သဖြင့် မင်းသားလည်း လက်ခံရလေတော့သည်။

'ခွန့်လှုပါ . . . ဖခမည်းတော်'

ဤသို့နှင့် မင်းသားသည် ဗာရာဏသီပြည်ကြီး၏ ထီးနန်း အရိုက်အရာ ကိုဆက်ခံကာ မင်းကျင့်တရား ၁၀ ပါးနှင့်အညီ အုပ်ချုပ်တော်မူလေသည်။

ဗာရာဏသီပြည်ကြီးသည်လည်း တစ်စထက် တစ်စ ပိုမိုစည်ပင်ဝပြော သာတာ ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်လျက် တိုင်းသူပြည်သားများသည်လည်း မင်းသား တစ်ဖြစ်လဲ မင်းကြီး၏ ကျေးဇူးဂုဏ်ကို ချီးမွမ်းပြောဆိုကြလေသည်။

ဘုရင်မင်းကြီး သုမနနှင့် မိဖုရားခေါင်ကြီး ဒွေးမယ်နော် မိဖုရားတို့ သည်လည်း ချစ်ခင်မြတ်နိုးစွာဖြင့် အိုမင်းသည်အထိ ပေါင်းဖက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



‘ကဲ ပုံပြင်လေးကတော့ အဲဒါပါပဲ ကလေးတို့’

ပုံမြင်၏ အဆုံးမှာ စသလိုပြောသော မိုးကျော်မော်၏ အပြော ကြောင့် သူမက မျက်စောင်းကို ‘ဒိုင်း’ခနဲနေအောင်ထိုးသည်။

‘ဘာ ကလေးတို့လဲ၊ လူကြီးရှင့် လူကြီး’

‘အဟမ်း အသက် ဘယ်လောက်ရှိပြီမို့ လူကြီးလို့ ပြောသလဲ’

‘အသက်လား . . အောင်မာမာ ဘာလို့ပြောရမှာလဲ’

သူမက မျက်စောင်းထိုးရင်း ချစ်စနိုးဖြင့်ဆိုသည်။ အင်မတန် ညက် ာင်းသော ချစ်စရာ ကောင်မလေးပါကလားဟု ကြည်နူးစွာ သူတွေးမိသည်။

‘ပုံပြင်လေးက ဇာတ်သိမ်း အရမ်းကောင်းတယ်နော်’

‘အမ် ဘာဖြစ်လို့လဲ’

‘မင်းသားနဲ့ မင်းသမီးပေါင်းလို့လေ၊ သက်ဖူးက အဲဒီလို မင်းသားနဲ့ သမီး ပေါင်းမှကြိုက်တာ၊ အဟီး ဟိုလေ ဝတ္ထုတွေဘာတွေတောင် နောက် ဖုံးလှန်ကြည့်လို့ မင်းသားနဲ့ မင်းသမီး မညားရင် မဖတ်ဘူး’

‘ယုံပါတယ်’

‘ဘာပြောတယ်’

www.burmeseclassic.com

www.burmeseclassic.com



'ယုံပါတယ်လို့'

'တွန်း'

ယုံတယ်ပြောတာတောင် မျက်စောင်းထိုးသော ကောင်မလေးပါပေ။ ယတ်ဆတ်သော သေညင်းတ ညောင်ပင်ကြီးများမှ ကြွေသော ညောင်ရွက်ကြွေတို့ကို တိုဒီ သယ်ဆောင်နေကြသည်။

'မင်းသားလေးက ဒီပုံပြင်မှာ တော်တော်ညံ့တယ်'

'ဘာဖြစ်လို့လဲ'

မင်းသားကိုညံ့သည်ဟု ပြောတော့ သူမ 'မ'သဘာဝ မင်းသားကိုထိလျှင် မခံတတ်သော ဗီဇအလျောက် 'ဘာဖြစ်လို့လဲ' ဆိုတာကို ခပ်ဆောင့်ဆောင့်မေးသည်။

'ဩော် တတယ်ဆို အကြီးဆုံး နတ်သမီးကို ယူရမှာလေ'

'ဘာဖြစ်လို့'

'ခေါင်ထိ အကုန်ရလေ'

'ဘယ်လို . . . အာ. . . ကိုမျိုးကျော် အရမ်းညစ်ပတ်တယ်'

ပထမတြောင်နေပြီးမှ သူမက မျိုးကျော်အား လက်မောင်းအုံကို လှမ်းတာထုသည်။ အချိန်လေးတစ်ရက် နှစ်ရက်အတွင်းမှာပင် သူတို့နှစ်ဦးသည် ငယ်ပေါင်း ကြီးဖော်များလို ရင်းနှီးနေကြသည်။

'အင်း မမတို့ ပြန်ရောက်ပြီလား မသိဘူး'

'ပြန်ရောက်ရင်တော့ ဒုက္ခပဲ'

'ဘာပြောတယ်'

သူမ၏ တစ်ကိုယ်တည်း ညည်းတွားမှုကို မျိုးကျော်မော် ဝင်ကာပြောလိုက်သောကြောင့် သူမက ရယ်ချင်ပက်ကျိ ဟန်ကို ထိန်းရင်းက အသံတိုးနှိမ့်ရင်းဆိုသည်။

'ဩော် ညီမလေးတော့ ပျောက်နေပြီ သုမနမင်းသားနောက်များ ပါသွား လေသလားဆိုပြီး သောကရောက်နေမှာစိုးလို့ပါ'

'အောင်မာ. . . မာ'

သူမ၏ လက်သီးဆုပ်လေးက သူ့ပခုံးပေါ် ကျ ရောက်လာပြန်သည်။ ထို့နောက် ရှက်ဝဲဝဲဖြင့် ခေါင်းကိုငုံ့သည်။ သူမခေါင်းအငုံ့မှာ ဆံနွယ်တို့ဘ



www.burmeseclassic.com

www.burmeseclassic.com



ဝဲကာကျလျက် မျက်နှာကို ဖုံးလွှမ်းသွားသည်။ ဘေးတိုက်ကြည့်နေရသော သူ့အဖို့ မြင်ကွင်းပိတ်ဆို့မှု အသေးစား ဖြစ်ပေါ်သည်။

သက်ဖူးကတော့ မည်သို့ရှိမည်မသိ။ သူကတော့ ရင်ခုန်သံ မြန်တာ အာခေါင်များ ခြောက်လျက်ရှိသည်။ မနေ့ကမှ တွေ့ရသော ကောင်မလေးတစ်ယောက်ကို ဒီနေ့ 'ချစ်တယ်'ဟု ပြောလျှင် သူ့အနေနှင့် လွန်ရာများ ကျသွားမလားဟုလည်း တွေးဖြစ်သည်။

'ဘာဖြစ်လဲ၊ ဒီခေတ်က အင်တာနက်ခေတ်ပဲ ငါ့အမှန်အကန် ချစ်လို့ ချစ်တယ်လို့ ပြောမယ့်ကိစ္စ၊ ပြောလိုက်ရင်ကောင်းမယ်'

'အို တော်ကြာ ခင်မင်မှုကို အခွင့်ကောင်းယူတယ်ထင်ပြီး စိတ်ဆိုးသွားမှ ဒုက္ခ၊ ဒီကိစ္စမျိုးဆိုတာ အချိန်နည်းနည်းယူမှ ကောင်းမယ်'

အတွေးနှစ်ခု၏ လွန်ဆွဲပွဲ၌ သူတော်တော်ကြီး မောပန်းသွားရ၏။

'ကိုမျိုးကျော်'

ဘေးမှ သက်ဖူးခေါ်နေသည်ကို မကြား၊ မကြားဆို သူ့အတွေးနှင့်သူကိုး။ ယခုထိ ပြောမယ်နှင့် မပြောဖူးကို တွေးကောင်းတုန်း။

'ကိုမျိုးကျော်'

'ဗျာ. . . ဘာလဲ'

သူမ အကျယ်ကြီးအော်လိုက်တော့မှ အလန့်တကြားဖြင့် သူ ထူး၏။ သူမက မျက်မှောင်ကုတ်ရင်း ကြည့်သည်။

'ဘာလဲ တောင်ကြီးသူကို သတိရနေတယ်ဆိုပါတော့၊ ဒီလောက်ထိ ခေါ်တာတောင် ခေါ်မကြား အော်မကြား ဖြစ်နေတာ'

သူမက ထုံးစံအတိုင်း ကပ်၍ စ ဖြစ်အောင် စလိုက်သေးသည်။

'မဟုတ်ပြီ . . အခု ကိုယ်တွေးမိနေတာက လှိုင်ကော်သား ဟားဟား တို့ပါ'

သူ၏ ရှုတ်နောက်နောက် အဖြေကြောင့်သူမက မျက်စောင်းထိုးသည်၊ သူမ မျက်စောင်းက လွန်စွာ ချစ်ဖို့ကောင်းလွန်းပါသည်၊ မိုနာလီဇာ၏ အပြုံးကို သူမ၏ မျက်စောင်းနှင့်များ မဆီမဆိုင် ယှဉ်ကြည့်မည်ဆိုပါက မိုနာလီဇာ၏ အပြုံးသည် မှဲ့တဲ့တဲ့ကြီးနှင့် အကျည်းတန်သွားနိုင်သည်။

'ပြောလေ ခေါ်တုန်းက ခေါ်ပြီးတော့ ဘာပြောမလို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'ပြန်ရအောင်လို့ ပြောမလို့'

'ပြန်ရအောင်တဲ့ သူ မပြန်ချင်သေးပါ၊ တကယ်ဆို သူမနှင့် ထိုင်နေရသည်မှာ ဘာဆိုဘာမှ ကြာသေးတာ မဟုတ်။

'စောပါသေးတယ်'

နာရီကို တန်ပါပါဖြင့် ကြည့်ရင်း သူမဘက်ကို လှည့်ကာ ပြောဖြစ်သည်၊ တကယ်တော့ သူနာရီကို ကြည့်သော်လည်း နာရီ ဘယ်နှနာရီဆိုတာတို မကြည့်မိ၊ အသိစိတ်၌ ကြီးစိုးနေသည်က 'မပြန်ချင်သေး' ဆိုတာပဲ ဖြစ်သည်၊ သူမကတော့ ညောင်ကိုင်းပေါ် ထိုင်နေရာမှ လျှောကာ မြေကြီးပေါ် မတ်တတ်ရပ်သည်၊

'ပြန်ရအောင်ပါ၊ စောသေးပေမယ့်လည်း တော်ကြာ မမကြီးတို့ ပြန်ရောက်လာရင် သတ်ဖူးကို ဆူနေမှာ စိုးလို့'

သူမက အဆူခံထိမှာကို ကြောက်သော ကလေးတစ်ယောက်လို ဆိုသည်၊ ဒီလိုတချပြန်တော့လည်း သူမက . . . ကလေးတစ်ယောက်နှယ်၊

'ထ. . . လေ. .'

ဝေတာ ထိုင်နေဆဲဖြစ်သော မိုးကျော်မော်ကို သူမက ခြေကိုဆောင့်ရင်း ခပ်ဆွဲဆွဲဆိုသည်၊ ထိုအပြော၌ပင် သူသည် အလိုလို ရပ်ပြီးသား ဖြစ်၍သွားသည်၊

သစ်ရွက်ခြောက်များပေါ် နင်းလျှောက်ကာ နှစ်ယောက်သား ဟိုတယ် ဘက်သို့ပြန်ခဲ့ကြသည်။

'ပုံပြင်ထဲက ပုရောဟိတ်ကြီးက အရမ်းမုန်းဖို့ကောင်းတယ်နော်၊ လုံးဝ စိတ်ကောင်းမရှိဘူး'

'အင်း'

သူ 'အင်း'ဆိုတာနှင့် သူမ၏ စကားကို ထောက်ခံလိုက်သည်၊ တကယ် တမ်းကျတော့ 'မင်းတို့ရဲ့ ကိုလင်းဆောင်ကြီးလိုပေါ့'ဟု စိတ်ထဲမှ ခပ်ရွဲ့ရွဲ့ဖြေ ဖြစ်သည်၊ တော်တော် စုတ်ပုံ့တဲ့လူ။

ဟိုတယ်ကို လှမ်းမြင်နေရသည်အထိ နီးကပ်လာချိန်တွင် သူရော သတ် ဖူးပါ ကားပါကင်နေရာကို တစ်ပြိုင်တည်း ကြည့်မိကြသည်။

ကားပါကင်၌ မိုးကျော်မော်၏ ကားမှတစ်ပါး ကခြားကားတို့



www.burmeseclassic.com

www.burmeseclassic.com



မတွေ့မိ။ သူမကတော့ သက်ပြင်းကို 'ဟင်း' ခနဲ နေအောင်ချသည်။ သူတတော့ ထခုန်လုမတတ် ဝမ်းသာသွားမိသည်။

ဟိုတယ်သို့ ပြန်ရောက်သောအခါ ညို့ကြီးခန်း၌ဝင်ကာ အပ်ထားသော သော့တို့ကို ယူကြသည်။

'ညီမလေးရဲ့ ဖုန်းလာသေးတယ်'

'ကျွန်မကို'

'ဟုတ်တယ်'

ညို့ကြီးရှိ ဝန်ထမ်း၏ အပြောကြောင့် သက်ဖူးက သူမကိုယ်တိုင် သူမ ပုတ်ပြရင်း ပြန်အမေး။ ဟုတ်ကြောင်းကို ညို့ကြီးဝန်ထမ်းက ဖြေသည်။

'ဘယ်သူလဲ၊ ဘယ်ကလဲ မသိဘူးနော်'

'ဪ ညီမလေးရဲ့ အစ်မတွေပါ။ တားဘီးလေ နှစ်ဘီးဖောင် ပေါက်သွားလို့တဲ့ အပြန်နည်းနည်းလေး နောက်ကျမယ်တဲ့ ရှာင်ကနေလှမ်းပြီး ဖုန်းဆက်တာလေ'

'ဪ ကျေးဇူးပဲနော် အစ်မ'

သူမက ခေါင်းကို ခပ်ဖွဖွ ကုတ်လိုက်ရင်းက မျိုးကျော်မော်ဘက်သို့ လှည့်ကာ နှာခေါင်းကို ရှုံ့ပြသည်။ သဘောတ 'စိတ်ညစ်တယ်' ဟူသော သဘော။ မျိုးကျော်မော်ကတော့ လက်မကို ထောင်ပြလိုက်သည်။ သဘောတတော့ 'ကောင်းမှကောင်း' ဆိုသည့်သဘော။

ဒါကိုပင် သူမက မျက်စောင်းထိုးသည်။ အားလုံးကို မြင်သော ညို့ကြီး ဝန်ထမ်းနှစ်ဦးကပြုံးစိစိဖြစ်နေသည်မို့ မျိုးကျော်မော် ရှက်သွားမိသည်။ သူမကတော့ စိတ်ညစ်ဟန်ဖြင့် မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်သည်။ ထို့နောက် မျိုးကျော်မော်ကို စိုက်ကာ ကြည့်သည်။

သူမ၏ ဟန်ကို ရယ်ချင်နေသောမျိုးကျော်မော်မှာ နဂို သူ့အစ်မတွေ ပြန်မလာဖြစ်၍ ဝမ်းသာသည်နှင့်ပေါင်းပြီး 'ဟက်' ဟု အောင့်ထားသည့်ကြား ရယ်မိသည်။

တော်သေးသည်။ သူမ နံရံမှ တိုင်ကပ်နာရီကြီးကို မော့ကြည့်နေပြီး မဟုတ်လို့ကတော့ အခြေအနေမကောင်း။

'ဆက်တာကြာပြီလား'



www.burmeseclassic.com

www.burmeseclassic.com

● မြနှင်းနီ

မိုးကျော်မော်က လှမ်း၍ မေးသောကြောင့် သက်ဖူးရော ဖုန်းကိုင်ထည့် ညွှန့်ကြာဝန်ထမ်းပါ သူ့ကို ကြည့်သည်။

'ဘာတဲ့ သိပ်မကြာသေးဘူးရှင့်'

ညွှန့်ကြာဝန်ထမ်း အငယ်တစ်ယောက်က ဒေသသံ ဝဲဝဲဖြင့် ခပ်သွက်သွက် ဝင်ဖြေသည်။

'အင်း ဒါဆို ကိုလင်းဆောင်ကားမောင်းမြန်ရင်တော့ မိုးချုပ်စမှာ မြန် ရောက်မှာပါ။ အဲ နောက်ထပ်လည်း ဘီးမပေါက်ရင်ပေါ့'

သူ၏အပြောကြောင့် သူမက မျက်နှာကို သူ့ဘက်မလှည့်ဘဲ မျက်လုံး ထိုးသာထောင့်ကပ်၍ ကြည့်သည်။

'ဝါးစပ်ပုတ်ကြီးနဲ့ ဘယ်ကလာ နောက်ထပ် ဘီးပေါက်ရမှာလဲ'

'ဩော် သခ်ီရဆိုတာ ရှိသေးတယ်လေ၊ အနိစ္စကို အနိစ္စလို့ မြင်ပါ တလေးရ တဲ ဟဲ ဟဲ'

သူမ စိတ်ဆိုးဆိုးဖြင့် လှမ်းပက်သည်ကို ပြန်ပြောလိုက်သောသူ၏ စကားကြောင့် သူမက 'တော်ပါ' ဟု ခပ်ဆောင့်ဆောင့် ပြန်ကာ ဖြေသည်။

'စိတ်ကောင်းမှ မရှိတာဘီးပေါက်တာတောင်နည်းသေး၊ ကွဲကို ကွဲသွားသင့်နေတာ'

မိုးကျော်မော် စိတ်ထဲမှာ ညစ်ကျယ်ကျယ် တွေးမိသည်။ ထောင့်မကျိုးသော ကိုလင်းဆောင်၏ အဆိပြန်နေသော မျက်နှာ နီစပ်စပ်ကိုလည်း ပြန်လည်တာ မြင်ယောင်နေမိသည်။ ချွေးတလုံးလုံးဖြင့် ကားဘီးများထိ ဖြုတ်ကာ တာဘီးဖာပြီးသားတို့ကို ပြန်တပ်မည် ဖြစ်သော ကိုလင်းဆောင်၏ ပုံစံကိုလည်း မြင်ယောင်နေမိသည်။ ချွေးများ ရွှဲနစ်ကာ မောပန်းနေသော ဟန်ကို တွေးကြည့်လိုက်ရင်းက သူ့ကျေနပ်သွားမိသည်။

'ဒါဆို အကြာကြီး စောင့်ရဦးမှာပေါ့နော်'

'ဒါပေါ့ဗျာ . . . ဒါ . . . ပေါ့ . . .'

စိတ်ညစ်ညစ်ဖြင့် မေးသော သူမ၏ အမေးကို သူ အှုမြူးစွာ ပြန်ဖြေ တော့ သူမက မကြည်ကြည့် တစ်ချက်ကြည့်သည်။

'အဟဲ'

မိုးကျော်မော်ကလည်း မျက်နှာချိုသွေးကာ ပြောင်ရယ်ရယ်ပြလိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ သက်ဖူးနော်ရယ်ချင်သွားသည်။ သို့သော် သူမ၏ ရယ်ချင်စိတ်ကို အတင်းကြီး မျိုသိပ်ကာထားသည်။ သိပ်ပီပီပြင်ပြင်ကြီးတော့ မဟုတ်။

'ဒီလို လုပ်ပါလား၊ ရေတန်ပေါင်မှာ သွား လမ်းလျှောက်ရအောင်'

မျိုးကျော်မော်၏ အဆိုကို သူမက မည်သို့မျှ မတုံ့ပြန်ဘဲ ခပ်တွေတွေ ဖြစ်နေသည်။

'ဘာလဲ သွေးပေါင်တအားကျသွားမှာ စိုးလို့လား၊ ဪ ဒါနဲ့ ညီမလေး နေ့လယ်က ဝယ်ခိုင်းထားတဲ့ ငှက်သိုက်ရည်ကော'

'ဪ ယူတော့မလားအစ်ကို၊ အစ်ကို မှာထားတဲ့အတိုင်း ရေခဲသေတ္တာထဲ ထည့်ထားပေးတယ်လေ၊ သွားယူပေးမယ်နော်'

ဒေါ်ကြိုဝန်ထမ်းငယ်နှင့် မျိုးကျော်မော်တို့ ပြောသော စကားကြောင့် သက်ဖူး ကြောင်တောင်တောင် ဖြစ်၍သွားသည်။

ထမင်းစားခန်းမှာ ထားထားသော ငှက်သိုက်ရည် ပုလင်းကို ထိုဒေါ်ကြိုဝန်ထမ်းက ယူလာပေးသည်။ မျိုးကျော်မော်က လှမ်း၍ ယူလိုက်သည်။

'ရော့'

အဖုံးကို သေသေချာချာ ဖွင့်ပြီးနောက် တမ်းပေးလာသော ငှက်သိုက်ရည် ပုလင်းလေးကို ကြည့်ရင်းက သက်ဖူး ကြက်သီးထလုမတတ် ကျေနပ်သွားသည်။ လှမ်းမယူဖြစ်ဘဲ ငေးကြောင်ရင်း ကြည့်နေမိသည်။

'ရော့ လေ ဒါသောက်ပြီးရင် အားအရမ်းပြည့်သွားမှာ'

'မသောက်ချင်ပါဘူး'

ညာလက်ကို ရှန်းကာ တောင့်ပြရင်း ပြောသော မျိုးကျော်မော်၏ စကားကို သက်ဖူးက တန့်လန့်တိုက်ရင်း ပြန်ဖြေလိုက်သည်။

မျိုးကျော်မော်၏ မျက်နှာ ရုတ်တရက် ပျက်ကာ ဆီးရွတ်ခန့်သာ ကျန် တော့သည်။ သူ၏ စေတနာကို သက်ဖူးက မည်သို့များ ယူဆနေသည် မသိ။

'သောက်လိုက်ပါ သက်ဖူးရာ၊ ဒီကောင်က တကယ်ကို အားရှိတယ် လိမ္မာတယ် သောက်လိုက်နော်'

မျက်နှာငယ်လေးနှင့် စဖြစ်အောင်ကို စမိသော သူ့ကို သက်ဖူး နည်းနည်းတော့ အားနာသွားသည်။ သို့သော် သူစိမ်းယောကျ်ားလေးရှေ့မှာ သူ



www.burmeseclassic.com

www.burmeseclassic.com



ထင်ပေးသောအရာကို သောက်ရမည်ဆိုတော့ ရှက်သည်ပေါ့။

'ရှေ့အနံ့ဘတ် ယမ်းလျှောက်သွားမယ် မဟုတ်လား'

'သွားမှာပေါ့'

'အဲဒါဆိုသောက် ရော့'

နောက်ဆုံးတော့ သက်ဖူးလဲ အားနာပါးနာဖြင့် ယူလိုက်ရသည်။ ပီတိဖြာရင်းက ကြည့်နေသော မျိုးကျော်မော်ကြောင့် ဘယ်လိုသောက်လိုက်ရမှန်း မသိအောင် ဖြစ်နေရသည်။

တကယ်တော့ မျိုးကျော်မော်ကလည်း ဖြစ်နိုင်လျှင် ကိုယ်တိုင် တယုတယဖြင့် သူမကို တိုက်ချင်ပါသည်။ သို့သော် သူနှင့်က ဘယ်လိုမှ ပတ်သက်သေး မတော်။

ငှက်သိုက်ရည် ပုလင်းငယ်လေးကို ကိုင်ကာ ရှက်သွေးဖြာနေသော သူမကို ကြည့်လျက်က သူ သတိထားမိသည်။

ဟုတ်ပေသားပဲ။ ရှက်ရှာမည်ပေါ့။ ဒီတစ်ချက်ကို သူကောင်းကောင်း သတိ လက်လွတ် ဖြစ်သွားခဲ့သည်။

'ကိုယ် အခန်းထဲ ခဏသွားလိုက်ဦးမယ်နော်'

ပြောရင်း သူ ထထွက်ခဲ့သည်။ 'ငါတော်တော်ညံ့တဲ့ကောင်ပဲ' ဟု ကိုယ့်ကိုယ်ကိုလည်း တွေးမိသည်။ သူကတော့ တကယ့် တကယ်ကြီးကို ချစ်မိသွား ပြီ ဖြစ်သည်။

ညောင်ပင်အောက်မှာတုန်းက မပြီးပြတ်ခဲ့သော ချစ်စကား ပြောသင့် မပြောသင့်၊ ပြောရန် မပြောရန်ကို ပြန်လည် တွေးဖြစ်ပြန်သည်။ အခန်းတံခါးကို ဖွင့်ကာဝင်ရင်း ခုတင်ပေါ်၌ စိတ်လိုလက်ရ ပစ်လှဲချလိုက်ရင်း ၎င်းအတွေးကိုပင် ဆက်တွေးမိသည်။

ပုံပြင်ထဲက သုခနေမင်းသားနှင့် ဒွေးမယ်နော် မင်းသမီး မြင်မြင်ချင်းပင် တစ်ဦးကိုတစ်ဦးစုံမက်သွားခဲ့ကြသည် မဟုတ်လား။

ထားပါတော့ သူတို့က ရေစက်ရှိလို့။ သူနှင့် သက်ဖူးကျတော့ရော ရေစက် မရှိဘူးဟု မပြောနိုင်။ အဲ . . ရှိတယ်ဟုလည်း မပြောနိုင် . . ရှိတယ်ပဲထားဟု သူ့ဘက်သူယက်ကာ တွေးပစ်လိုက်သည်။

ရှိတယ်ဆိုမှတော့ အိုကေပြီပေါ့၊ မည်သည်က စ၍ မည်သို့ပြောရ



www.burmeseclassic.com

www.burmeseclassic.com



မည်နည်း။ သူစိတ်ကူးထဲကနေ သက်ဖူးကို ရည်စားစကားပြောဖြစ်သည်။

'သက်ဖူး'

ထိုကဲ့သို့သော ကရုဏာသံပြည့်သော အသံဖြင့် မြတ်နိုးစွာ သူခေါ်မည်။ သက်ဖူးက 'ဘာလဲ' သို့မဟုတ် 'ဟင်' ဟု ထူးချင်ထူးမည်။ မည်တဲ့သို့ ထူးထူးကိစ္စမရှိ၊ အဓိကက ထူးဖို့ပဲ ဖြစ်သည်။ အဲ . . မထူးလည်း ကိစ္စမရှိ။

ကဲ ထူးလာပါပြီတဲ့ မည်သို့ ဆက်ပြောရမည်နည်း။ အတွေးနဲ့တင် သူ့ရင်က တဒုတ်ဒုတ်ခုန်သည်။ ခေါင်းအုံးတစ်လုံးကို စိတ်ရှိလက်ရှိ ဖက်လိုက်ရင်းကျန်တစ်လုံးကို ပေါင်ကြားထဲ ပစ်ထည့်ကာ ညှပ်ထားလိုက်သည်။

'အရမ်းချစ်တယ်၊ သက်ဖူးရယ်'ပေါ့။ တကယ်တော့ အရိုးဆုံးတာ အဆန်းဆုံးပဲ မဟုတ်ပါလား၊ ထိုအခါ သက်ဖူးက ရှက်ရှက်ဖြင့် ရုပ်ရှင်တွေထဲကလို 'အို' ဟုရှက်ရှက်ဖြင့် ခေါင်းငုံ့သွားမည်လား၊ ကဲ. . . ခေါင်းငုံ့သွားပြီထား၊ ထိုအချိန်မှာ သက်ဖူး တစ်ကိုယ်လုံးကို သိမ်းကျုံးဖက်ရင်း 'ချစ်တယ် သက်ဖူးရာ အရမ်းချစ်တယ်' ဟု ထပ်ခါပြောလိုက်မည်။ ဒါဆို အိုကေပြီပေါ့။ 'အဟေး ဟေး ဟေး. . . ' ဟု အတွေးထဲမှာပင် ပျစ်ပျစ်နှစ်နှစ် ရယ်ဝစ်လိုက်သည်။ ပြီးတော့ရော . . . ဪ၊ ပြီးတော့ ညားကြလေသတည်း ပေါ့ ဟု အားရပါးရ ဇွတ်တွေးပစ်လိုက်သည်။ ကဲ မင်းဘယ်ပြေးမလဲ မရွှေသက်ဖူး။

မျိုးကျော်မော် သူ့အတွေးနှင့်သူ ပီတိတွေ အတင်းကြီးကို ဖြာဝစ်နေသည်။ အဲ. . . မတော်နဲ့တဆ သက်ဖူးက ချစ်တယ်ပြောလိုက်လို့ ရှုတ်သွေးမဖြာဘဲ လက်ကလေးပါကာ ပါးကို 'ဖြန်း . . ဝှမ်း. . . ဝှမ်း'ဟု အားရ. . ပါးရ. . ပယ်ပယ် နယ်နယ်ကြီး ရိုက်ခဲ့ပါလျှင်တော့။ အတွေးထဲမှာပင် သူ၏ ဘယ်ဘက်ပါး ကျဉ်တက်သွားသည်။ ယောင်ယမ်းပြီးတော့ပင် ညာဘက်ပါးကို ပင် ခပ်ဖွဖွ စမ်းမိသည်။

ဒါဆိုရင်တော ဘယ်လို လုပ်မလဲ။

'ရိုက်ပါ သက်ဖူးရယ် ရိုက်ပါ' ဆိုပြီး ရုပ်ရှင်ထဲက မင်းသားတွေလိုပဲ ကျန်ပါးတစ်ဖက်ကို ထိုးပေးလိုက်ရမလား။

မဖြစ်နိုင်။

တော်ကြာ တကယ် အဟုတ်. . . . လုပ်သွားပြန်ရင် ဒုက္ခ။

'ဒီက ရိုးရိုးသားသား ခင်တာကို အခွင့်အရေး ယူချင်ဦး တဲ . .

www.burmeseclassic.com

www.burmeseclassic.com



တာ'

'ခြွန်း . . ဝှမ်း . . . ဝှမ်း . . '

စိတ်ကူးထဲမှာ အရိုက်ခံရသည်တပင် လိုဏ်သံပါနေသည်။ 'အောင် . . မြတ် . . . လေး' သတ်ဖူးသော တကယ်ကို လက်သံပြောင်တဲ့သူသာဆိုရင် ညနေစာတို့ထမင်းမစားနိုင်ဘဲ ဆန်ပြုတ်ကို ဟန်လုပ်စားနေရမှ ဒုက္ခကောင်းကောင်းတွေ့သွားနိုင်သည်လေ။

'ဆရာကြီး ဘာလုပ်နေတာလဲ သွားမယ်လေ'

တော . . . ။ သက်ဖူး . . . သက်ဖူး စိတ်မရှည်သည်ထင့်၊ အခန်းတံခါးခေါက်တာ လာခေါ်နေလေပြီ။

'လာပြီ . . လာပြီ . . '

ပြောပြောဆိုဆို ဒန်းလော့ပေါ်မှ ကမန်းကတန်း ကုန်းရုန်းရင်း ထရသည်။ ဝေါင်ကြားမှ ခေါင်းအုံးကို သူနေရာသူ ပြန်ထားလိုက်သည်။ ရင်ဘတ်ထဲ နှစ်လုမတတ် ထွေးဖက်ထားခဲ့သော ခေါင်းအုံးကိုတော့ သူ အနမ်းတစ်ခု ခပ်သုတ်သုတ်ပေးလိုက်သည်။ 'ဒါ သက်ဖူးရဲ့ ကိုယ်စားပေါ့'

ဟု တွေးနှပ်စွာ တွေးဖြစ်လိုက်သေးသည်။

'ကြာတယ်ကွာ'

'လာပြီ'

အပြင်မှာ ဂျစ်တူးမလေး သက်ဖူးက အာခေါင်ခြစ်ရင်း အော်သည်။ ငှက်သိုက်ရည်သောက်ပြီး အားတွေ ဇွတ်တိုးလာသည်ထင့်။

မှန်ထဲမှာ ပြောင်စပ်စပ် ပေါတောတော ဖြစ်နေသော သူ့ကိုယ်သူ မှန်ထဲမှာပင် ခပ်တည်တည်ဖြစ်အောင် ပြုပြင်လိုက်သည်။

ဟုတ်ပြီ။ အင်မတန် ခံ့ညား၍ သွားလေပြီ။ ထို အတိုင်းမပျက်အောင်ပင် မှန်ရှေ့က ခွာကာ အခန်းတံခါးကို ဖွင့်လိုက်သည်။

မရှေ့ဖူး၊ အခန်းတံခါးရှေ့မှာ ဆရာမကြီးတစ်ယောက်လို လက်ကလေးပိုက်ကာ နှုတ်ခမ်းကို ကိုက်ကာဖြင့် စောင့်နေသည်။

'ကြာလိုက်တာ ဘာလုပ်နေတာလဲ'

'ချစ်ကြည့်နေတာ'

'ဘာ'



www.burmeseclassic.com

www.burmeseclassic.com



'အဲ ဟိုလော မာမီးက ကံစမ်းမဲ သိတယ်မဟုတ်လား၊ ခဲခြစ်လေ ခဲခြစ် အဲဒီ ခဲခြစ်ကို ခြစ်ကြည့်နေတာ'

'ပေါက်လား ဘာတဲ့လဲ'

'ချစ်တယ်တဲ့'

'ဘာ ဘယ်လို'

သူမက 'ဘာ'ဆိုသည့်နေရာမှာ ခါးကို လက်ဖမိုးဖြင့် စုံထောက်လိုက်ပြီး 'ဘယ်လို' ဆိုသော နေရာမှာ ရှေ့ကို အနည်းငယ် ကိုင်းသည်။

'ဩော် ယောင်လို့. . . ခြစ်တုန်း ခြစ်တုန်း ဘာမှ မသဲကွဲသေးဘူး အဟဲ'

သူမက မျက်စောင်းကို ထိုးသည်။

မျက်စောင်း သိပ်မထိုးပါနဲ့လား ချစ်ဖူး၊ တော်ကြာ ထိုမျက်စောင်းတို့ဆို မမြင်ရလျှင် အရမ်းကြီး လွမ်းနေမိမှာ စိုးရသေးသည်လေ။

'သွားမယ်လေ ဘာရပ်နေတာလဲ'

'ဩော် သွားမယ်လေ'

ကြောင်တောင်တောင်ဖြင့် အပေါက်ဝမှာ စတိုင်ကျကျ ရပ်နေသောသူ့ကို သူမက စိတ်မရှည်သလို ဆိုသည်။ သူလည်း ယောင်နနဖြင့် လော့(Lock) ကို ချလိုက်သည်။

'ဟိုက် သွားပြီ'

သူ့ အလန့်တကြားအော်သံကြောင့် သူမပင် တွန့်ခနဲ နေအောင်လန့် သွားသည်။ မျိုးကျော်မော် စောစောက ရှယ်ဖီးထားသော ခေါင်းကို ကုတ်မိသည်။

'ဘာသွားတာလဲ၊ ဘာဖြစ်လို့လဲ'

'ဟို . . . ဟို အခန်းသော့ အခန်းထဲမှာကျန်ခဲ့ပြီ'

သူ့အဖြေကြောင့် သက်ဖူးလည်း ခေါင်းကို ကုတ်သည်။

'ဒါဆို ဘယ်လိုလုပ်မလဲ၊ အာ ယုတ်ပြီ စပယ်ယာ Key,(အပိုသော့)ငမရှိ မေးကြည့်ရအောင်လေ များသောအားဖြင့် ရှိတတ်ပါတယ် လာ'

သူမက စိတ်ကူးရကာ ဝမ်းသာအားရဖြင့် သူ့လက်မောင်းကို အတွတ်အမဲ့ ဆွဲခေါ်သည်။ သူမနှင့် ပတ်သက်လျှင် အမြဲ သတိရှိနေတတ်သောသူက



www.burmeseclassic.com

www.burmeseclassic.com



နှင့်အတူမှာ သွင်းခနဲ၊ သူတတောင့်ခနဲ၊ တကယ်ဆို သူမဆွဲခေါ်ရာကို အလိုက် အဆုံးပါသွားခင်းသည်ပေါ့။ အခုတော့ တောင့်တောင့်ကြီးရပ်ကာ ဆွဲ၍ မပါလာသော သူကြောင့် သူမတာ ဆွဲရင်းက သတိထားမိကာ ရှက်ရှက်ဖြင့် သူမလက်ကို ရုပ်သည်။

'Sorry'

'ရပါတယ် အဟဲ'

ရှက်ရှက်ဖြင့် ဆိုသော သူမ၏ 'sorry'ကို သူက ရင်ဘတ်ထဲက ထားသည့် အတိုင်း 'ရပါတယ်' ဟု ဆိုဖြစ်သည်။ နောက် 'အဟဲ' ဆိုတာကတော့ ခံနိုင် မခံနိုင် ထွက်သွားသော ပီတိရယ်သံဖြစ်သည်။ သူမကတော့ ထုံးစံ အတိုင်း မျက်စောင်းကို ထိုးသည်။

ညည့်ကြိုကောင်တာကို ဘယ်လို ရောက်သွားကြမှန်းမသိ။

'အစ်မ ဟိုလေ သူ့ အခန်းထဲမှာ ကျန်ခဲ့လို့'

သူမတာ ညည့်ကြိုမှ အစ်မကြီးကို မျက်နှာချိုသွေးရင်း အဆီအငေါ် မတည့်သော စကားကို ဆိုတော့ ညည့်ကြိုအစ်မကြီးက မျက်လုံးပြူးလျက် ကြည့်နေသည်။

'သော့ သော့ သော့ကျန်ခဲ့တာလေ၊ သော့ကျန်ခဲ့လို့၊ အဲ အဲဒါ စပယ်ယာကီး Key များ ရှိမလားလို့ ရှိတယ်မဟုတ်လားဟင်'

မျိုးကျော်မောင်၏ သော့ဆိုတာကို လေးကြိမ်တိတိ ပါအောင် ပြောပြသောစကား အဆုံးမှာ သူမက ဖွတ် စပယ်ယာကီး key ကို 'ရှိတယ်မဟုတ်လားဟင်' ဟု တလေးတစ်ယောက် မှန့်ပူဆာသလို ဆိုသည်။

'ဪ ရှိပါတယ် ခဏလေးနော်'

ညည့်ကြိုမှ အစ်မက သော့ကို ကောင်တာအံဆွဲထဲမှ ရှာရင်းပေးသည်။ သော့မှာ အသစ်စက်စက်ဖြစ်သည်။

'ကျေးဇူးပဲဗျာ၊ ခဏလေးနော်'

မျိုးကျော်မောင် သော့ကိုယူကာ အခန်းဆီ တက်ရပြန်၏။ အခန်းထဲ ရောက်တော့ မှန်တင်ခုံရှေ့မှာ ကိုရွှေသော့က ချိတ်လျက်သား။ သော့ကို လွင်း အဖြုတ် သက်ဖူးအမှတ်ဖြင့် အားပါးတရ ဖက်ကာ နမ်းခဲ့သော ခေါင်းအုံးက သူ့ကို ပေစောင်းစောင်းကြည့်နေသည်။

လေချွန်ရင်း အောက်ထပ်သို့ဆင်းကာ ညည့်ကြိုကောင်တာဘက်ဆီ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူမက ဆက်တီမှာ မိန့်မိန့် ခြေကလိမ်ချိတ်ရင်းက ထိုင်နေသည်။

'ရော့အစ်မ နှစ်ချောင်းလုံးနော် ဒီမှာ'

တစ်ဖက်လှည့်နေသေးသော ထိုအစ်မကို ပြောရင်း 'ပင်းတယ'ဟု သောသော့နှစ်ချောင်းကို ကောင်တာပေါ်တင်လိုက်သည်။

' ဩော် ရတယ် မောင်လေး'

ထိုစဉ်မှာပင် သက်ဖူးက ထရပ်သည်။ သွားကြမည်ဆိုသည့်သဘော။ နှစ်ယောက်သား သိပ်မဝေးလှသော ရေတန်ဘက် ထွက်ခဲ့ကြသည်။

'ကျေးဇူးပဲ'

'အမ်'

အစမရှိ အဆုံးမရှိ ဘေးတိုက်လျှောက်ရင်းက သူမက ထိုသို့ အထက် ပါအတိုင်းဆိုသဖြင့် သူကြောင်သွားရသည်။

'ငှက်သိုက်ရည်အတွက် ကျေးဇူးပဲလို့'

သူမက စိတ်မရှည်သလို ခပ်ဆောင့်ဆောင့် ထပ်ပြောသည်။ ဘယ်လို ပဲပြောပြော ချစ်စရာကောင်းသော သူမပါပေ။

'ဩော်'

နောက်တောက်တောက် သူ့အပြောကြောင့် သူမက ရယ်ချင်သွား သောသူမ နှုတ်ခမ်းကို သူမ ကိုက်လို့ထားသည်။

ရေကန်ပတ်လည်လမ်းသွယ်လေးဆီသို့ရောက်လာကြသည်။ကျောက် စရစ်များခင်းသော လမ်းပေါ်လျှောက်ချိန် လေညင်းက ခပ်ဖြည်းဖြည်းလေး တိုက်သည်။

ရပြန်ပြီ . . .။ သူမထံမှ သင်းပျံ့လှသော ခေါင်းလျှော်ရည်ရနံ့၊ ဆံနွယ် များကို ကိုင်ကာ နမ်းချင်သွားလောက်အောင်ကို ကလျာ၏သို့ မြူ၏သို့ သုပ်နေ ပါသောထိုရနံ့။

သူမက ခေါင်းလေးကို မော့ကာ လေနုအေးကို အားပါးတရ ရှူသည်။ မျိုးကျော်မော်လည်း သူမလိုပင် ခေါင်းကိုမော့ကာ လေနုအေးကို လိုက်ရှူမိ သည်။

'ဟား သက်ဖူးကတော့ ဒီပင်းတယကို အရမ်းချစ်သွားပြီ သိလား ပြန် တောင် မပြန်ချင်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



သူမက တစ်သောက်တည်းပဲ ရေရွှတ်သလိုလိုဖြင့် အထက်ပါ စကားကိုဆိုသည်။ 'အရမ်းချစ်သွားပြီ' ဆိုသော သူမ၏ စကား၏ လေယူလေသိမ်းက မျိုးကျော့်မော်၏ ခုန်စရင်ကို တတုန်ကယင်ကြီး ဖြစ်သွားစေသည်။ အရမ်းချစ်သွားပြီတဲ့လား။ သူ့မ အရမ်းချစ်သော ပင်းတယ၏ နေရာကို သူခဏ ဝင်ကြည့်မိသည်။

'တက်တယ် ကိုယ်လည်း အရမ်း. . . ကို ချစ်သွားတယ်'

အနှောင့်အသွား မလွတ်သော သူ့စကားကြောင့် သူမက သူ့ကိုရှု တည်တည်ဖြင့် ကြည့်သည်။ ထို ရှုတည်တည်ဆိုသော အနေအထား၌ ပြုံးချင် ချင်သူမ၏ မျက်နှာက အပြစ်ကင်းစင်လွန်းလှသည်။ မျိုးကျော်မော် စိတ်ထဲ၌ အခန်းထဲ၌ ကျန်ခဲ့သော ခေါင်းအုံးတို့ကို မဆီမဆိုင် သတိရနေမိသည်။

'ပြောလိုက်ရတော့ မလား' ဟူသော အတွေးကြောင့် သူ၏ ရင်တို့ ခုန်သည်။ တဲ ပြောတာတော့ ဟုတ်ပါပြီ။ ဘယ်က စ၍ ဘယ်လို အင်ထရို (Intro) ဝင်ရမည်မသိ။ အစကောင်းမှ အနှောင်းသေချာ မဟုတ်ပါလား။ လောလောဆယ်တော့ ရင်ခုန်ရှိမက ဒူးပါ တဆတ်ဆတ်တုန်နေလေသည်။ ဟုတ်ပြီ. သက်ဖူး. . . ဟု ခေါ်ရင်းက စရမည်။ ထိုခေါ်သံသည် စွဲမက်ဖွယ် ဖြစ်သော တရှုအာသံဖြင့် အတိပြီးနေရမည်။ သူမသာ အခေါ်ခံလိုက်ရလို့က တော့ ထိုအသံကို ကြားရသည်နှင့် ကြက်သီးတွေ ဘာတွေဖြန်းဖြန်းထကာ ရင်တွေ ဘာတွေဖိုသွားစမ်းပါစေ။

ခေါ်မည်။ ခေါ်မည်ဆိုပြန်တော့ 'သက်ဖူး' ဆိုတာကြီးကလည်း ချောင်းဝက အပေါ်သို့ တက်မလာ။ နင်တင်တင်ကြီး ဖြစ်လို့နေသည်။

မဖြစ်သေးပါဘူး။ ဒီလိုသာ ကြောက်နေလို့ကတော့ ရေကန် တစ်ပတ် ပြည့်သည်အထိ ပြောဖြစ်မည် မဟုတ်။

မျိုးကျော်မော် ကိုယ့်ကိုယ်ကို အားပေးလိုက်သည်။ (ဘာတဲ့ကွ ယောကျ်ားဘသား) ခေါ်မည်ဆိုပြီး အားတင်းလိုက်ကာ လမ်းကို ဟန်ပါပါ အလှမ်း။

'သောက်. . . ဖူး. . . ဟူး. . . ဟူး. . . အာ'

ခလုတ်တိုက်ကာ ပြောခေါ်မည်ပြင်သော 'သက်ဖူး' ၏ အထက် အတိုင်း သောက်ဖူးကိုတောင် ယောင်ပြီး အနောက်က ဟူးဟူးပင် ပါသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူမကတော့ ခလုတ်တိုက်မိသော ခြေထောက်ကိုသာ ငုံ့ကြည့်လို့နေသည်။ သူ သက်ပြင်းကို 'ဟင်း' ခနဲနေအောင်ချသည်။

'ဟား တော်ပါသေးရဲ့' ဘာဖြစ်လို့များ သူ ဒီလောက်ထိ အနေအထားတွေ ပျက်ယွင်းနေရပါလိမ့်။ တကယ်ဆို ဒီကိစ္စက ဒီလောက်ထိ ဂဏှာမငြိမ်ဖြစ်ရမှာလား ဟု ကိုယ့်ကိုယ်ကို တွေးဖြစ်သည်။

နဖူး၌ ဇောချွေးများ ပျံ့နေသဖြင့် အသာသပ်ချလိုက်သည်။ ဒီလောက် လေနုအေးလေး တိုက်နေသည့်ကြားက ဒီချွေးက ထွက်နေသေးသည်။ ပြော.. ကို ပြောမှ ဖြစ်မှ။ မနက်ဖြန်၌ သူလည်း သူ့မြို့သူပြန် ကိုယ်လည်း ကိုယ့်မြို့ ကိုယ်ပြန် နောင်ဆုံရဖို့ဆိုတာ မသေချာ။

'ဒုက္ခပါပဲ' ဟု ခွဲရမည့် အရေးကို ကြိုတွေးရင်းက သက်ပြင်းမောကို ချ မိပြန်သည်။ 'ဟုတ်ပြီ'.. လိပ်စာ... လိပ်စာနှင့် ဖုန်းနံပါတ်ကို တောင်းထားရမည်။ ဖုန်းဆက်မည်။ လိုအပ်လျှင် လိုက်သွားမည်။ ပုံပြင်ထဲက သုဓနုမင်းသားတောင်မှ သက်စွန့်ဆံဖျား ခြေကျင် တုန်းကြောင်း လျှောက်တာ ဒွေးမယ်နော် မင်းသမီးရဲ့ ငွေတောင်ပြည်ဆီ အရောက်သွားခဲ့သေးပါက သူ ဘာကြောင့် မလိုက်သွားနိုင်ရမည်တဲ့လဲ။

ဒီခေတ်ကြီးမှာ ကားတွေ၊ ရထားတွေ၊ လေယာဉ်တွေ ဒီလောက်တောင် ပေါများနေတာ၊ ဘော်ဒါတွေကလည်း ဒီမျိုးကိစ္စကို ကူညီချင်ကြသွန်းလို့၊ အဲဒါက ကိစ္စမရှိ။ ကဲ... လိပ်စာတောင်းဖို့နှင့် ရည်းစားစကားပြောဖို့ မည်သည်ကအရင် ပြောရမည်နည်း၊ ရည်းစားစကားပြောပါပြီတဲ့ အိုကေ သွားလို့ စဉ်းစားဦးမည်တို့ ဘာတို့ ဖြစ်လာလျှင်တော့ ကိစ္စမရှိ၊ မိတ်ဆိုးသွားတာတို့ ဘာတို့ဖြစ်ခဲ့သည်ရှိသော် လိပ်စာတောင်းဖို့ မဖြစ်နိုင်တော့၊ အကျိုး နည်းရ ပေလိမ့်မည်။ ဒီတော့ လိပ်စာကိုသာအရင်တောင်းရမည်၊ ပြီးတော့မှ မျိုးကျော်မော် သူ့အတွေးနှင့်သူ ရည်းစားစကားပြောဖို့ အရေးကိုတောင် 'အဟိ.. ဟိ' တွေ 'ဂွိ.. ဂွိ'တွေနှင့် အတွေးထဲမှာပင် ရှက်နေသေးတော့သည်။ တောင်းမည်၊ လိပ်စာတောင်းဖို့ကျတော့ ဘာကြောင့်မှ မျက်နှာပူရန် သိပ်မလို၊ ထို့ ကြောင့် ရင်ခုန်သံကလည်း အနည်းငယ် ငြိမ်သက်သွားသည်။ ဒီလိုပဲ ဖြစ်ရမည် လေ။ သွေးအေးအေးနှင့် လုပ်သော ကိစ္စကသာလျှင် အောင်မြင်ဖို့ ရာနှုန်းများ သည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



'သက်ဖူး'

အညာဝင်းမှ တစ်ဆို့ဆို့ ထွက်လာသည့် အသံက ခပ်တိုးတိုး. . .။ ဒါကြောင့် မသိမသာ အဖျားခတ် တုန်ယင်နေသေးသည်။ ဒီတော့ သူမက မကြားဘူး။

'သက်. . . ဖူး'

'ဟာ ဟိုမှာကြည့် ရေပွက်သွားတယ်၊ ငါး. . . ငါး . . ငါးပွက်တာလေ'

'လိုး'ခနဲ'ဇက်'ခနဲ ထအော်လိုက်သော သူမကြောင့် မျိုးကျော်မော် တုန်အောင်ပင် လန့်သွားရသည်။ ဒီကကောင်က ဖီး(လ်) အပြည့်ဖြင့် အချစ်ဇာတ်နိဒါန်းကို ဖိုးမည်ကြံရုံရှိသေး ငါးပွက်တာကို အထူးအဆန်းလုပ်ကာ အလန့်တကြား ထအော်နေသေးသည်။

'တွေ့လိုက်လား၊ ကိုမျိုးကျော်၊ ငါးပွက်တာလေ. . . ဟယ် ငါးတွေ အများကြီးများရှိနေမလား မသိဘူးနော်'

'အင်း'

'အင်း ဟုသာ ဖော်လို လိုက်လိုက်ရသည်။ စိတ်ထဲမှာတော့ အနည်းငယ်တင်းသွားရသည်။ 'လျှာရှည်ပါ' ဟု နားရင်းကို စိတ်ထဲမှာ နှစ်ချက်ခန့် ဆင့်အုပ်ထည့်လိုက်သည်။ ထိုစိတ်ကူးထဲမှာပင် သူမက ခေါင်းကို နာကျင်သွားသဖြင့် ပွတ်နေသည်ကိုတော့ သူ နည်းနည်း ကျေနပ်သွားသည်။

'ဘာ ငါး . . တွေလဲ မသိဘူးနော်'

လုပ်ပြန်ပြီ။ အရေးထဲ။ သတ္တဗေဒ ယောင်ယောင်၊ အဏ္ဏဝါဗေဒ ယောင်ယောင်လုပ်နေပြန်သည်။

'ဆင်းဖမ်းကြည့်ပါလား' ဟု ခပ်ရွဲ့ရွဲ့အတွေးမှ ပြောမိသည်။ မဖြစ်သေး. . . . ပြောလို့ရတာမဟုတ်. . .။ တော်ကြာ အဟုတ်ကြီးများ ထဘိထ တောင်းကျိုက်ပြီး ဆင်းချင်ဆင်းနေမှ ဒုက္ခ။

'သက်ဖူးက ငါးတွေဆို အရမ်းချစ်တာ. . .'

' ဟား တိုက်ဆိုင်လိုက်တာကွာ . .'

'ဘာဖြစ်လို့လဲ၊ ကို . . . မျိုး ကျော်ကရော ငါး ချစ်လို့လား'

'ဟုတ်တယ်၊ ကိုယ်က ငါးကြော်ဆို အရမ်းကြိုက်တာ'



www.burmeseclassic.com

www.burmeseclassic.com



'အာ ဒီက အကောင်းမှတ်လို့ ကဲ သူများငါးတွေကို ကြော်ဦး'

ပြောပြောဆိုဆို သူမက မျိုးကျော်မော် လက်မောင်းအုံကို 'ကဲ' ဟု ဆိုရင်း ထုသည်။ ခြင်ရိုက်သလောက်မှတောင် . . မနာ၊ ငါးကိုများ။ သူငါး တဲ့၊ တော်တော် တရားကျဖို့ကောင်းသည်၊ တစ်ကမ္ဘာလုံးက ငါးတွေကို သူ့အား အမွေပေးထားသည့်အတိုင်း။ သူမကို မကျေနပ်စွာ ငါးတွေကို သဘော်နှစ်စီး စာလောက်ကို ကြော်ပြီး စားပစ်လိုက်သည်၊ ကဲ. . . . . . . . . 'ဘာတတ်နိုင် သေးလဲ'။ သူ့အတွေးနှင့် သူ လွန်စွာကျေနပ်သွားသည်၊ အလို ဗိုက်များပင် တယ်၍သွားသည်။

'ကဲ. . . အဲတာဆို ကိုမျိုးကျော်က ဘယ်သတ္တဝါကို ချစ်လဲ'

'ခွေး'

'အင်'

မျိုးကျော်မော်၏ အဖြေကြောင့် သက်ဖူး စိတ်ညစ်သွားသည်၊ ကြည့်ပါ ဦး။ သူ့အချစ်ဆုံး သတ္တဝါက 'ခွေး' တဲ့၊ လုပ်ပုံ၊ တကယ်တမ်းကျတော့ သက်ဖူး ကလည်း သူချစ်သော သတ္တဝါကို ကြော်စားပစ်မလို့ဟာ။ ခွေးဆိုတော့ ဖြစ်သေး။ ကြော်ဖို့ မပြောနဲ့ ခွေးဆိုလျှင် ခွေးရုပ်တောင် သက်ဖူးတို့က မကိုင်။ ယ်စဉ်က ခွေးအကိုက်ခံရပြီးကတည်းက ခွေးဆိုလျှင် ကြီးငယ်မဟူ အတုန် တုန်နေအောင်ကို အသေကြောက်တာ မဟုတ်လား။

'ကိုယ့် အိမ်က မွေးထားတဲ့ ကိုယ့်ရဲ့ အယ်လ်ဇေးရှင်း ခွေးဆိုရင် အရမ်း ချစ်ဖို့ ကောင်းတာ'

သူ့အပြောကြောင့် သူမ ညစ်သထက်ညစ်ကာ နှာခေါင်းဝင် ရှုံ့မိသည်၊ ကြက်သီးပင် ထ၍သွားသည်၊ အယ်(လ်)ဇေးရှင်းဆိုသော ခွေးမျိုးတ ည်းနည်း နောနောမဟုတ်၊ ခွေးကြောက်သော သူမက ကြောက်ကြောက် နှင့်ပင် ခွေးမျိုး တော်တော်များများကို သိလေသည်။

'ပြီးတော့ ကိုယ့်ခွေးက အရမ်းလိမ္မာတာ. . သက်ဖူးရ'

'တော်ပါတော့ ကိုမျိုးကျော်ရယ်. . ။ သက်ဖူး ခွေးဆိုရင်ကြောက်လွန်း လို့ ကြက်သီးတောင်ထတယ်၊ သက်ဖူးကတော့ ငါးမှ ငါး. . . ပဲ၊ သက်ဖူးတို့ အိမ်မှာဆို သက်ဖူးရဲ့ ငါးအလှမွေးကန်နဲ့ပဲ ပြည့်နေတာ'

'ဒါဆို ငါးညီနဲ့ကြီး တော်တော်ကို နံနေမှာပဲနော်'



www.burmeseclassic.com

www.burmeseclassic.com



'အောင်ခယ် မယ် မနပ်ါဘူး၊ သက်ဖူးတို့က ရေအမြဲ လဲပေးတာပါ
နော်'

နှာခေါင်းရှုံ့ရင်းပြောသော မျိုးကျော်မော်၏ စကားကို သက်ဖူးက
အတော် တတ်လန်အောင် ပြန်ရန်တွေ့သည်။

'ဒါဆို ငါးတွေ တော်တော်လေး သန့်မှာပေါ့'

'ဒါပေါ့ . . . ဒါပေါ့'

'ကောင်းတယ်၊ ငါးသန့်တော့ ပိုအရသာရှိတာပေါ့'

'ဘာ!'

'ခင်ဗျာ'

မျိုးကျော်မော်၏ အပြောကြောင့် သက်ဖူးက ခါးကို အသာထောက်
လိုက်ရင်း 'ဘာ!'ဟု အာခေါင်ခြစ်ကာ အော်သည်။ ဒါကိုပင် သူကလည်း
အရွဲ့တိုက် သည့်အနေဖြင့် 'ခင်ဗျာ' ဟု သံယောင်လိုက်သည်။

'မပြောင်နဲ့နော်၊ ဘာ သူများငါးကို အရသာရှိတာလဲ'

'ဒါဆို မရှိဘူးပေါ့'

ဒီတစ်ခါတော့ မချွေချောက ဘာဆိုဘာမှ ပြန်မဖြေတော့။ ခြေ
ဆောင့်ကာ ရှေ့နှစ်လှမ်းစာမျှ ခပ်သွက်သွက်သွားနှင့်သည်။ စိတ်ဆိုးနေသော
သူမကို မျိုးကျော်မော်က အမီလိုက်ရသည်။ ဘေးချင်းယှဉ်မိသောအခါ သူမ
မျိုးကျော်မော်နှင့် ဆန့်ကျင်ဘက်သို့ မျက်နှာကို လွှဲသည်။

'ဒါနဲ့ သက်ဖူးရဲ့ ငါးစာတွေကျတော့ ဘယ်ကဝယ်လဲ'

'. . . . . . . . . . .'

စအွဲ့ရော ဖွဲ့ရော လုပ်သော သူ့စကားကို သက်ဖူးက မဖြေ။ သူ
နည်းတော့ ရယ်ချင်နေသည်။ ကြည့်ပါဦး စိတ်ဆိုးသော သူမ၏ နှုတ်ခမ်း
ထူပုံက. . . ။ ထိုနှုတ်ခမ်းစူစူတူတူကို စိုက်ကြည့်မိရင်းက ရယ်ချင်စိတ်ပျောက်
ကာ ရင်၌ တစ်မျိုးကြီး ဖြစ်သည်။ ဒီအတိုင်း ဆက်သွားနေလို့မဖြစ်။ ချစ်ကြောင်း
ပြောဖို့ အားတင်းထားသမျှ ဘာဆို. . . ဘာမှ. . . မပြောဖြစ်သေး။ အဲ
ဆင့်လျှော့ပြီး လိပ်စာတောင်းမည်ကြံကာတော့လည်း အားလုံးက
ကမတွေကြီး ဖြစ်လို့နေသည်။

'ကိုယ့် သူငယ်ချင်းက အလှမွေးငါးနဲ့ ငါးစာဘာညာ၊ ငါးနဲ့ ပတ်သ

www.burmeseclassic.com



တဲ့ အသုံးအဆောင်ကန်တွေ စက်တွေ ရောင်းတယ်လေ၊ သူ့ရဲ့ ငါးစာက အရမ်းကောင်းတယ်လို့ နာမည်ကြီးနေတာသိလား၊ တောင်ကြီးမှာတော့အလှမွေးငါးနဲ့ ပတ်သက်ရင် သူက Star ပဲ'

ငါးချစ်သော သူမအား ငါးသူငယ်ချင်း ပုံပြင်တစ်ပုဒ်ကို သူ အစိအပြင် ဖြီးနေရင်းက သူမကို အသာကြည့်ဖြစ်သည်။ မျက်နှာလွှဲထားသော်လည်း သက်ဖူး စိတ်ဝင်တစား နားထောင်နေမှန်း သူသိသည်။

'ဒီရက်အတွင်းမှာ ဩစတြေးလျက ငါးမျိုးစိတ် အသစ်ရောက်မယ် ပြောတယ်၊ ငါးက အရမ်းလှပြီး အရမ်းရှားတယ် ဆိုပဲ'

သူမက ရုတ်တရက် မျိုးကျော့်မော်ကို ငဲ့စောင်း၍ ကြည့်သည်။ ဇဝေဇဝါ မယုံရဲ ယုံရဲဟန်ဖြင့်။

'ဘာ ငါးတဲ့လဲ'

စိတ်ကောက်ပြေစ သူမက မပွင့်တပွင့်ဖြင့် စပ်စုသည်။

'ဘာလဲ အဲဒီငါးနာမည်ကို လျှာဖျားမှာပဲ မေ့နေတာ. . ဘာတဲ့. . . ဟို. . . ဘာဆိုလားပဲ. . . နေပါဦး'

ခေါင်းကုတ်ကာ စဉ်းစားဟန်ပြုနေသော သူ့ကို သက်ဖူးက စိတ်ဝင်တစားကြည့်လို့နေသည်။

'နှယ်နှယ်ရရတော့ မဟုတ်ဘူးနော်၊ ဩစတြေးလျ ရှားပါးမျိုးစိတ်သိလား'

'ငါး နာမည် ပြောပါဆို'

သူမ၏ သိချင်စိတ်က အမြင့်ဆုံးအနေအထားမှာ ရှိ၏။ နေပါဦး ဘာ. . တဲ့၊ ဩ. . . ဩော်. . . မှတ်မိပြီ. . . တုတ်ပြီ. . . မှတ်မိပြီ'

'ပြော ဘာငါးလဲ'

'ငါးဖောင်ရိုး'

'ဘာ . . ကဲဟာ'

'အား လား လား လား'

မျိုးကျော့်မော်၏ အဖြေကြောင့် သူမက မျိုးကျော့်မော်၏ သက်မောင်းကို အားပါးတရ ဆွဲဆိတ်သည်။ မျက်နှာလည်း ပန်းရောင်ရဲရဲဖြင့် ရှုတ်လို့သွားသည်။ ရေကန်ဘေးမှာပင် ဆတ်ခနဲ ထိုင်ချသည်။ နှုတ်ခမ်းက စောစော



www.burmeseclassic.com

www.burmeseclassic.com



ထထောင် နှစ်ဆောင်းစရာအားသည်။ ထိုနှုတ်ခမ်းကို ကြည့်ကာ သူက စောစောကထက် နှစ်ခေ ထင်မိရုံကြီး ဖြစ်သွားရသည်။

'အလကားစကာပါ၊ အဲဒီ ငါး. . နာမည်က. . '

'ငါးအာလူး မဟုတ်လား'

'မဟုတ်ဘူး၊ ငါးအာလူးရဲ့အစ်ကို ငါးနှာဘူးတဲ့. . '

'ကြည့်'

ရွဲ့ပြောပြောသော သူမ၏ 'ငါးအာလူး'ကို မျိုးကျော်မော်က ကာရံဖြင့် ငါးနှာဘူးလိုက်သောအခါ 'ကြည့်'ဟု ရွတ်ရင်း သူမ တစ်ဖက်သို့ လှည့်ကာ ခိုးရယ်သည်။ ဒါတို သူသိသည်ပေါ့၊ မြိုင်ထနှင့် ပို့ဖို့လိုမည်။ အခြေအနေနှင့် အချိန်အခါ ဟူသည်ကား ရွေးတတ်မှရသည် မဟုတ်ပါလား။ ဒီတော့ သူမပြော သော ငါးအာလူး ပုံပြင်ဖြင့် ထိုငါးကို သူမ မက်မောလာသည်အထိ ရှိုးဖို့ လိုသည်။ သူမလိုချင်ပြီဆိုမှဖြင့် တောင်ကြီး လွိုင်ကော် ကားနှင့် ထည့်ပေး မည်။ ဖုန်းနံပါတ် (သို့) လိပ်စာပေး၊ ထိုသို့တောင်းမည်။ ယုတ္တိလည်း ရှိသွား မည်။ မျိုးကျော်မော် သူ့အတွေးနှင့် သူ ဟုတ်ပြီဟု ဝမ်းသာအားရ ရွှင်ပျသွားမိ သည်။

'ဪ ပြောဖို့ မေ့နေတယ်၊ အဲဒီငါးက သိပ်လည်း ဂရုစိုက်စရာ မလိုဘူး တဲ့။ လှတာကတော့ တော်တော်ကြီးကို လှတာ၊ အရင်တစ်ခေါက်က နမ့်နာ ပို့လိုက်တဲ့ ငါးအကောင် ခုနစ်ဆယ်က ခဏလေးနဲ့ ကုန်သွားတာဆိုပဲ၊ အဲဒါ မရလိုက်တဲ့လူတွေက ကျိုကြနေကြလို့ တစ်ခေါက် ထပ်မှာပေးရတာလေ။ ဒီ တစ်ခေါက်လည်း သိပ်များများတော့ ပါမယ် မထင်ဘူး'

ရှည်လျားသော စကားစကို ဖြတ်ကာ သူမကို ကြည့်တော့ သူမက စိတ် ဝင်တစားဖြင့် အသာငြိမ်လျက် နားထောင်နေသည်။

'ဒီကောင်က ကိုယ့်ငယ်နိုင်လိုဖြစ်နေတော့ အခုတစ်ပတ်ရောက်မယ့် အဲဒီငါးကို ကိုယ်ရအောင် ဝယ်ထားပေးမယ်လေ၊ ဟို သက်ဖူးရဲ့ ဖုန်းနံပါတ် နဲ့ လိပ်စာတော့ ပေးခဲ့ပေါ့၊ ကိုယ်လိုင်းကားနဲ့ သို့မဟုတ် အဆင်ပြေသလိုပေါ့ ထည့်ပေးလိုက်မယ်လေ'

သူမက ဇဝေဇဝါဖြင့် မျိုးကျော်မော်ကို ကြည့်သည်။ ထို့နောက် ဘာမှ မပြောသေးဘဲ ခဏကြာ ငြိမ်သက်လျက် စဉ်းစားလို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကတ်က ဟိုတယ်မှာကျန်ခဲ့တယ်၊ သက်ဖူးရဲ့လိပ်စာကတ် ပေးခဲ့မယ်လေ၊ ကိုမျိုးကျော် ပို့မယ်ဆို ဖုန်းဆက်ပေါ့၊ အဲဒီငါးက ဘယ်လောက်တဲ့လဲ၊ သက်ဖူး ပေးခဲ့မယ်လေ'

'ဟာ မဟုတ်တာ၊ သက်ဖူးတလဲ ကိုယ်ဝယ်ပေးမှာပေါ့'

ကပျာကယာ သူငြင်းသည်။ တကယ်တမ်းကျတော့ သူငါးနဲ့ ပတ်သက်တာဆိုလို့ ဘာမှ သိသူမဟုတ်။ ကြာကြာ စကားဆက်ပြောပါက အလိမ်ပေါ်သွားနိုင်သည်။ ဒီတစ်ခေါက် တောင်ကြီး ပြန်ရောက်လျှင်တော့ အရှေ့မြို့ပတ်လမ်းက ငါးဆိုင်တွေဆီ ခြေဦးလှည့်ရမည်။

'ဟို.. ကိုမျိုးကျော်ရဲ့ လိပ်စာတောပေးထားလေ၊ သက်ဖူးလည်း ဆက် သွယ်လို့ ရတာပေါ့'

'နိပ်ဟ'ဟု မျိုးကျော်မော် စိတ်မှ ရေရွတ်သည်၊ ဒီလောက် ချောချောမောမော ဖြစ်လိမ့်မည်ဟု သူ တွက်မထားရဲခဲ့။ ဘောင်းဘီ အိတ်ကတ်ထဲမှ ပိုက်ဆံအိတ်ကို ဆယ်ကာ သူ့လိပ်စာတဒ်တို ရှာသည်၊ မရှိ၊ 'ဟိုက်' ဟု စိတ်ထဲမှ ရေရွတ်မိသည်။ သူ ပင်းတယ လာခါနီးမှ တော်တော်များများယူလာခဲ့သေးသည်လေ။ ဟိုတယ်ရောက်မှ ပြန်ရှာရမည်။

ပိုက်ဆံအိတ်ကို ကိုင်ရင်းက တွေတွေကြီး ဖြစ်နေသော သူ့ကို သက်ဖူးက အူကြောင်ကြောင်ပင် ကြည့်လို့နေသည်။

'ဟိုဒင်း ဟိုတယ်မှာ ကျန်ခဲ့တယ် ထင်တယ်၊ ပြန်ရောက်တာ့မှ ရှာပေးမယ်နော်'

သူမက အသာတကြည်ပင်ခေါင်းညိတ်ပြသည်။ သူမခေါင်းအညိတ်မှာ ဆံပင်များက ဝဲခနဲ ရှေ့သို့ ကျကာ ထိုဆံနွယ်တို့မှ shampoo အနံ့တမျိုးကျော်မော်၏ နှာဝကို လာ၍ ကျီစယ်၏။ ရန့်များတို့၏ ဖြားယောင်းမှုတို့ကြောင့် သူ့ရင်တို့က မဟားတရား ခုန်ပြန်သည်။ သူမကတော့ ဖုန်းထယ်စ်ထန်ကို ငေးလို့ ကြည့်နေသည်။

'မိန်းမလှလှ ပင်းတယ'လို့ ဆိုရိုးရှိတယ်'

မျိုးကျော်မော်၏ အဆိုကြောင့် သူမက သူ့ကို ကြည့်သည်။

'ဒီရေကန်မှာ ရေချိုးရင် ဟိုတုန်းက နတ်သမီးခုနစ်ဖော်လိုပဲ လှလာဖို့ချစ်ကြတယ်လို့ ဒေသခံတချို့က ယုံကြည်ကြတယ်လေ၊ ဒီကန်က နတ်ရေ



www.burmeseclassic.com

www.burmeseclassic.com

# ● မြန်မာ့ ရိုးရာ နီခ

တမ်းဆုံးတော့ . . .

သူ့တေးအဆုံးမှာ သူမက ခေါင်းကို အသာညိတ်သည်။

'သတ်တယ်နော်၊ ဒီက ကောင်မလေးတွေက အသားအရမ်းလှတယ်၊ ခါးကြောင်သည်း တချို့တချို့တွေက မကြာမကြာ လာတာကိုး'

ခဆိမဆိုင် သူမက သူ့ကိုရိုသည်။ ရှက်ရှက်ဖြင့် ရယ်ဖြစ်သည်။ ရှက်ရယ်ရယ်တာ ခေါင်းငုံ့နေသော သူ့ကို သက်ဖူးကြည့်နေမှန်း သူအလိုလို သိနေသည်။ ရင်ထဲ၌ ခံစားမှုတစ်မျိုးက လာလာပုတ်နေသဖြင့် တစ်မျိုးကြီး ဖြစ်လို့နေသည်။

'ပြန်ကြမလား'

တိတ်ဆိတ်နေသော ထိုခဏကို သူမက ဖြိုခွဲလိုက်သည်။ မပြန်ချင်သေး ပါ. . .။ မနက်ဖြန် မနက်ဆိုလျှင် ခွဲခွာရတော့မည့် သူမကို တစ်ဝကြီး ကြည့် ချင်နေသေးသည်။ ဘာလိုလိုဖြင့် မှောင်စပျိုးနေလေပြီ။

'ပြန်ကြမလားလို့'

'စော . . . . စောပါသေးတယ်'

အထစ်ထစ်အငေါ့ငေါ့ ဖြစ်သော သူ့ကိုယ်သူ အားမလို အားမရ ဖြစ်သွားမိသည်။ ဘယ့်နှယ်. . . . ဒီရင်ဘတ်က အလိုက်ကန်းဆိုးမသိ၊ ခုန်လွန်းသည်။ သူတသာ ခွဲခွာရမည့်အချိန်ကို တွေးကာ ရင်လေးနေသလောက် သူမက မည်သို့မျှ မခံစားရဘူးတဲ့လား။ ရင်တွင်း၌ အောင့်သက်သက် နာကျင်မှုက လာရောက် တိုးဝှေ့ပြန်သည်။ သူမ၏ အစ်မတို့လည်း ရွာငံမှ ပြန်ရောက်ခါနီးလေပြီ။

တကယ်တော့ သက်ဖူးလည်း ဟိုတယ်အမြန်ပြန်ချင်နေသည်။ အမှီးအမည်မသိ ခွဲခွာပြရန် ခက်သော ဝေဒနာက သူမကို အလိုလို မွန်းကျပ်နေစေသည်လေ။ အမှုအရာမပျက်အောင်ထိန်းသိမ်းနေရသော မိန်းကလေး တစ်ယောက်၏ ရှက်ရှုံ့ရှုံ့အမူအယာကို သူ မသိလေရော့သလား။ မသိတာဘဲ ကောင်းမည် ထင်သည်။ တကယ်ဆို မနက်ဖြန် မနက်ခွဲပြီးသည်နှင့် သူမဘက်က မည်ကဲ့သို့သော အကြောင်းပြချက်မျိုးဖြင့် ဆက်သွယ်ရနိုင်ပါမည်နည်း။

နှစ်ဦးစလုံး၏ ခြေလှမ်းတို့က အပြန်လမ်းကို ဦးတည်လှည့်ကြသည်။ တစ်ဦး၏ သက်ပြင်းချသံကို တစ်ဦးက ကြားနေကြသော်လည်း စားချင်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စီဖြင့် အတွေးနယ် ကိုယ်စီချဲ့နေကြသည်။

'မနက်ဖြန် ည. . ကိုယ် ဖုန်းဆက်မယ်နော်'

ဝေးကွာလွန်းလှသော ဒေသမှ ထွက်ပေါ်လာသောအသံမျိုး မျိုးကျော်မော်၏ ခွင့်တောင်းသည့်အသံက သူမ၏ရင်ဘတ်ကို လာ၍ ထိမှန်သည်၊ သူမ ခေါင်းညိတ်ပြသည် ထင်၏၊

ကန်ပတ်လမ်းလေးအတိုင်း လျှောက်လာကြစဉ် နောက်ဘက်မှ ကားသံကြောင့် နှစ်ယောက်သား လှည့်မကြည့်ဘဲ လမ်းဘေးကို ကပ်ပေးလိုက်ကြသည်။ ကားက သူတို့နှစ်ဦးကို ကျော်တက်သွားသည်။

'ကျွီ'

ကားက 'ကျွီ' ခနဲ နေအောင် ထိုးရပ်သည်။

'ဟင်'

သူမရော သူပါ ကားတံခါးဖွင့် ဆင်းလာသူတို့ကို ကြည့်ကာ အာမေဋိတ်သံ ထွက်သွားကြသည်။ ကိုလင်းဆောင်နှင့် သူမ၏ အစ်မနှစ်ယောက်၊ သူတို့ သုံးဦးစလုံးက တရုတ်သိုင်းကားထဲက မြေအောက် အမှောင်လောက သိုင်းသမားများလို မှောင်ကုတ်ကုတ် အလိုမကျသော မျက်နှာဖြင့် မျိုးကျော်မော်တို့နှစ်ယောက်ကို ကြည့်သည်။ ကိုလင်းဆောင်က မျိုးကျော်မော်ကို ဓား ဖြင့်နုတ်နုတ်စဉ်းချင်နေသော ပုံစံဖြင့် ခပ်စိမ်းစိမ်းကြည့်သည်။

'မနက်တုန်းကတော့ သွေးပေါင်ကျလို့ဆို၊ ခရီးမသွားနိုင်ဘူးဆို၊ အခုကျတော့ လမ်းတွေတောင် လျှောက်လို့ပါလား'

'လာ ကားပေါ်တက်'

သုံးယောက်သား တစ်ယောက်တစ်ပေါက်စီ ဆီမန်းမန်းသလို ဝိုင်း၍ ရွတ်ဖတ်ကြသည်။ သူမက သူ့ကို တစ်ချက်မော့ကြည့်ပြီး ကားဆီ လျှောက်သွားသည်။

ကိုလင်းဆောင်နှင့် အပေါင်းအပါတို့ကတော့ မျိုးကျော်မော်ကို ဝဲစားတော့မလို ကြည့်နေကြဆဲ။ ရွံ့ချင်သော ဂျစ်ကန်ကန်စိတ်က 'ဝုန်း'ခနဲ ပေါ်လာသည်။

မျိုးကျော်မော် ဘောင်းဘီအိတ်ကတ်ထဲ လက်နှိုက်ရင်း ဘေဒ်ပါဝါ လေချွန်လိုက်ရင်းက တစ်ကမ္ဘာလုံးကို သူလုပ်ကျွေးထားသလိုမျိုး ဆောင့်

www.burmeseclassic.com

www.burmeseclassic.com

ကြားကြားချင်း သူတို့အားမှ ဖြတ်လျှောက်သွားလိုက်သည်။ ကိုလင်းဆောင် ထံမှသူ ယူဆရသော 'တောတ်' ခက်သံ ခပ်ပြင်းပြင်းကို သူ ပျော်ရွှင်စွာ ကြားထိုင်နေရသည်။ တစ်ခါတစ်ရံ ဤသို့ ခနဲ့လိုက်ရခြင်းက လူကို နေသာ ထိုင်သာ ရှိစေသည်လေ။

ကားတံခါးပိတ်သံ တဝုန်းဝုန်းကို ကြားရသည်။ သူ ကားကို ကျော် ဆော်ပြီး ငါးလှမ်းစာမျှ ကျော၍နေပြီဖြစ်သည်။ ကားက သူ့ကိုပင် ဝင်တိုက် တူမတတ် တပ်၍မောင်းသွားသည်။ မျိုးကျော်မော် နှစ်နှစ်ခြိုက်ခြိုက်ကြီးကို မြူးမြစ်သည်။

တော်တော်ကို အောက်တန်းကျတဲ့လူ၊ ဟန်မဆောင်နိုင်လောက် အောင်များ လူကို ရန်ရှာနေသေးသည်။ ဘယ်ဘဝက ရေစက်မှန်းမသိ။ မြင် ပါပြီ ဆိုကတည်းက ရန်စောင်သည်မှာ အခုထိ။ မဆီမဆိုင် ရာဇဝင်ထဲက ဝင့်တူကြီးကို ဖျတ်ခနဲ မြင်ယောင်မိသည်။

ဟိုတယ်ကို သူပြန်ရောက်တော့ ညည့်ကြိုကောင်တာမှ သော့ယူဖြစ် သည်။ အခန်းဆီအသွားလှေကားထိပ်မှာ သူမနှင့် ဆုံသည်။ သူမက နောက် တို မလုံမလဲ လှည့်ကြည့်ရင်း သူ့လက်ထဲကို အရာတစ်ခု ထည့်ပေးသည်။ သူဖြန့်ကြည့်တော့ လိပ်စာကတ် ဖြူဖြူလေး၊ ဒါ. . . သူမ၏ ဖုန်းနံပါတ်ပေါ့။

'သွားမယ်နော် သူတို့ရေချိုးနေကြတယ်'

သူမ အမြန်ပြောရင်း သူမတို့ အခန်းဘက်ကို ခြေဦးလှည့်သည်။

'သက်ဖူး'

ရုတ်တရက် ခေါ်မိလိုက်သော ကိုယ့်ကိုယ်ကို အံ့ဩသွားမိသည်၊ သူမက ခြေလှမ်းတန့်ခနဲ ရပ်လို့သွားသည်။ ချာခနဲ လှည့်ကြည့်သည်။ သူမ၏ အစ်မများ သိသွားမည်ကို အင်မတန် ကြောက်နေပုံရသည်၊ မျက်နှာက ခပ်ပျက်ပျက်။

'ဝုန်း'

နောက်ကျောဘက်မှ တံခါးပိတ်သံက မလိုအပ်ဘဲ ကျယ်လောင်နေ သည်။ သူရော သက်ဖူးပါ ချာခနဲ လှည့်ကြည့်တော့ ကိုလင်းဆောင်။ သူ့ နှစ်ယောက်ကို ကြည့်နေပုံက စိတ်ပျက်စရာကောင်းလောက်အောင် ဆိုးရွား လွန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



‘သက်ဖူး နှင့် ရေမချိုးဘူး မဟုတ်လား။ သွား . . . ဝန်ထမ်းတစ်ယောက် သွားခေါ်ခဲ့၊ ရေပူရတယ်ပြောပြီးတော့ ရေလည်း မပူဘူး’

ခပ်တည်တည်ဖြင့် အမိန့်ပေးသလို ခပ်ဆောင့်ဆောင့်ဆိုသည်။

‘ခုဖွင့် ခုရေပူ ဘယ်ရမှာလဲ ကိုလင်းဆောင်ရဲ့’

ပိုက်ထဲက လက်ကျန် ရေကုန်မှ Heater (ဟီတာ) က ရေ ပူလာမှာပေါ့၊ ရေပူမချိုးဖူးမှန်း သိသာလိုက်တာ’

‘ဪ ဒီလိုလား’

ဆိုးဆိုးဆတ်ဆတ် ပြောထည့်လိုက်သော သက်ဖူး၏ စကားအဆုံး ကိုလင်း ဆောင် အရှက်ကြီးရှက်သွားသည်။ ပိုဆိုးသည်က မျိုးကျော်မော်၏ ရှေ့မှာ မဟုတ်လား။

မျိုးကျော်မော် ‘ဟက်’ခနဲ တမင် ရယ်ပစ်လိုက်သည်။ သေချာတာကတော့ ဒီလူ ရေပူကို အဆင့်ရှိရှိ မချိုးဖူးတာ သေချာသည်။ မျိုးကျော်မော် ၏ လှောင်ရယ်သံကို ကိုလင်းဆောင် မကြည်ကြည့် ကြည့်ရင်းက အခန်းတို ‘ဝုန်း’ခနဲ ပိတ်ရင်း ဝင်သွားသည်။ မျိုးကျော်မော် သူမကို ကြည့်ဖြစ်သည်။ သူမက ‘လှစ်’ခနဲ ပြုံးပြရင်းက သူမတို့ အခန်းဆီ အမြန်လျှောက်သွားသည်။ မျိုးကျော်မော် ထိုနေရာမှ မခွာဖြစ်သေး။ သူမကို မျက်စိ မမှိတ်တမ်း လိုက်ကြည့်ဖြစ်သည်။ သက်ဖူးက အခန်းတံခါး အဖွင့် တစ်ချက် ပြန်လှည့်ကြည့်သည်။ သူနှင့် အကြည့်ချင်းဆုံတော့ ဆတ်ခနဲ ရှက်ရှက်ဖြင့် သူမ ခေါင်းကို ငုံ့သည်။ အခန်းထဲကိုလည်း ခပ်သုတ်သုတ် ဝင်သွားသည်။ မျိုးကျော်မော် ရင်ထဲမှာ ‘ဟာ’ခနဲ ကျန်ရစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးကို ပိတ်ပြီးသည်နှင့် သက်ဖူး ခုတင်ပေါ် အသာလှဲချသည်၊ သူမ၏ ရင် တလှပ်လှပ် ခုန်နေသည်လေ။ စိတ်လှုပ်ရှားစွာဖြင့် မွေ့ရာကို အားတုန် ဆုပ်ထားမိသည်။ အို . . . . ဘယ်လိုကြီးပါလိမ့်၊ အခန်းထဲဝင်ခါနီး သူမတလည်း လှည့်ကြည့်မိသည်။ ကိုမျိုးကျော်နှင့် အကြည့်ချင်းဆုံလိုက်သော ထိုခဏ။ ဝုန်း. . . . ခနဲ။ သူမ ရင်မှာ 'ဝုန်း'ခနဲ။ စူးရှသော သူ့ အကြည့်၊ သူမ၏ရင်ကို ဖောက်ထွင်းသွားတော့မည့်အတိုင်း ခေါင်းအုံးတစ်လုံးကို ဆွဲယူကာ သူမ၏ ကိုယ်ထဲနစ်ဝင်သွားလုမတတ် ဖက်ထားမိသည်၊ သူမ . . မကြာခဲ့လိုက်သော အချိန်ခဏအတွင်းမှာ သူ့ကို . . . ချစ်မျှား ချစ်မိခဲ့ပြီလား၊ ထိုခေါင်းအုံးကိုပင် ဆတ်ခံနဲ မွေ့ရာနှင့် 'အုန်း' ခနဲနေအောင် ရိုက်ပစ်လိုက်သည်။ မှန်တင်ခုံမှာ Hair Dryer ဖြင့် ဆံပင်ခြောက်အောင် လုပ်နေသော မမငယ်က သူမကို မျက်မှောင်ကုတ်၍ ကြည့်သည်၊

'အငယ်မ နင် ဂနာမငြိမ် ဖြစ်နေပါလား'

'မမငယ်'

'. . . . . .'



www.burmeseclassic.com

www.burmeseclassic.com



'မမငယ်'

'ဘာလဲ'

ပထမတစ်ကြိမ်မှာ ပြန်မထူးသော 'မမငယ်' က ဒုတိယတစ်ကြိမ်မှာ 'ဘာလဲ'ဟု စိတ်မရှည်စွာ ခပ်ဆောင့်ဆောင့် ထူးသည်။ အလိုမကျဟန်ဖြင့် လှည့်ကာ ကြည့်လိုက်သေးသည်။

'ဟိုလေ မမကြီးရော၊ မမငယ်ရောဘာလို့ ရည်းစားမထားတာလဲဟင်'

'ဘာ'

'မထားချင်လို့လား၊ အကြိုက်မတွေ့ကြလို့လား'

'ဘာအေ့'

သက်ဖူး မေးသမျှကို မမငယ်က မျက်လုံးပြူးကြီးဖြင့် အဆီအငေါ်မတည့် တုံ့ပြန်သည်။ ရေချိုးခန်းထဲက ထွက်လာသော မမကြီးက 'ဘာတွေ အော်နေကြတာလဲ' ဟု ဆံပင်ကို တဘက်ဖြင့် သုတ်ရင်းက မေးသည်။

'မမ ဒီအငယ်မတော့ မရိုးတော့ဘူး'

'ဘာ မရိုးတာလဲ'

'မေး လေ ခုနက ငါ့ကိုမေးတဲ့အတိုင်းနင့်မမကြီးကို မေး လေ'

မမငယ်က သက်ဖူးကို အံကြိတ်ကာ မာန်သည်။ သက်ဖူးဇက်ကို ပု လိုက်သည်။ ဒီအစ်မနှစ်ယောက်နှင့်တော့ တကယ့်ကို မလွယ်ကြော။

'ဒီလိုပါ မမကြီးရဲ့၊ မမကြီးရယ် . . . ၊ မမငယ်ရယ် . . . ဘာဖြစ်လို့ ရည်းစားမထားကြသေးတာလဲလို့'

'အင်း ပြောပါဦး'

'မထားချင်လို့လား၊ အကြိုက်မတွေ့သေးလို့လား၊ အပျိုကြီး လုပ်မှာမို့ လို့လား၊ ဒါမှမဟုတ် စွံကို မစွံလို့လား ဆိုတာပါ၊ အဲဒါမေးတာ'

'အောင်မာ မာ . . . စွံလွန်းလို့ ခါကို ထုတ်နေရတယ်၊ နင်သိလား ငါတို့ကိုများ . . . ဂေါ်မစွံ အောက်မေ့လို့လား၊ ဒီမှာ ဂုဏ်ရည်တူတာ မတွေ့သေးလို့ပေါ့။ တော်တန်ရုံလောက်တော့ ဝင့်မာနော်နဲ့ သစ္စာနော်တို့က ဝရုတို မစိုက်တာ ရှင်းလား'

မမကြီးက ခေါင်းကိုမော့ရင်း ဆောင့်ကြွားကြွားဆိုသည်။ ဟုတ်သည် ပဲလေ။ သူမတို့လို မြို့မျက်နှာဖုံးက တော်တန်ရုံ လူလောက်နဲ့သာဆို တဲ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ရော ဆေးဆိုးရော ဖြစ်ညော်လေ။

'ဒါဆို ရွှေလွန်းရင်မရ ဆိုသလို စိတ်ကြိုက် မတွေ့ရင်ကော'

သက်ဖူး၏ ဒိုးဒိုးဒေါက်ဒေါက် အမေးကြောင့် မမကြီးနှင့် မမငယ်က တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ကြသည်။

'မတွေ့တော့လည်း မယူရုံပေါ့ ဟဲ့'

မမကြီးက အောင့်သက်သက်ဖြင့် ခပ်ဆောင့်ဆောင့် ဖြေသည်။

မမငယ်ကတော့ သက်ဖူးကို 'ဒိုင်း'ခနဲနေအောင် မျက်စောင်းထိုးသည်၊

'နေပါဦး ငါတို့ကို မေးနေတာ နင်က ဘာလုပ်မှာ မို့လို့လဲ'

'ရည်းစားထားကြည့်ရင် ကောင်းမလားလို့'

'ဘာ'

'ဘယ်လို'

သက်ဖူး၏ အဖြေကြောင့် မမကြီးရော မမငယ်ပါ အာမေဍိတ်အသံကိုအကျယ်ကြီးထွက်သည်။ မျက်လုံးပြူးကြီးတွေနှင့် ကြည့်နေကြသော အစ်မနှစ်ယောက်ကို သက်ဖူးရယ်ချင် ပက်ကျိဖြစ်သွားရသည်။ မမကြီးကို Hair Dryer ဖြင့် ဆံပင်မှုတ်ပေးနေသော မမငယ်က တစ်နေရာထဲမှာ အကြာကြီး မှုတ်ကာ မှင်တတ်မိနေသဖြင့် မမကြီးက ခေါင်းကို ဆတ်ခနဲ ခါသည်။

'ငါ သဘောပေါက်ပြီ၊ နင် ဟိုဘက် အခန်းကအကောင်နဲ့'

'မဟုတ်ပါဘူး'

မမကြီး၏ လက်ညှိုးထိုးရင်း ပြောသောစကားကို သက်ဖူးက ဗျာဗျာ သလဲ ငြင်းလိုက်သည်။ နေရင်းထိုင်ရင်းဖြင့် ရှက်နေသော သူမကို အစ်မနှစ်ယောက်က တရားခံတစ်ယောက်လို စေ့စေ့စပ်စပ် ကြည့်နေကြသည်။

'ဟုတ်ပါတယ်၊ ငါတို့ ပြန်လာတုန်းကလည်း လမ်းမှာ နှစ်ယောက်တည်း'

' အာ မဟုတ်ပါဘူးလို့ဆို'

သက်ဖူးက မမငယ်၏ စွဲချက်ကို ရှက်ရှက်ဖြင့် ထပ်မံ ငြင်းမိသည်။ ကိုမျိုးကျော်၏ မျက်နှာကို ဖျတ်ခနဲ သတိအရ၊ ရင်က ဖွတ်ခနဲနေအောင် ခုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



'တိုင်မယ်၊ အငယ်မ၊ နင့်ကို ဟိုရောက်လို့ကတော့ ရောက်ရောက်ချင်း ကိုတိုင်မှာ'

'ဟုတ်တယ်မမ၊ ကိုလင်းဆောင်လည်း သက်သေရှိတယ်၊ ဖေဖေတို့က သူ့ သမီးဆို အရမ်းယုံကြတာ၊ သက်သေနဲ့ကို ပြောမှရမှာ'

နှစ်ယောက်သား ချောက်တွန်းရေး အစီအစဉ်ကို တိုင်ပင်နေကြ သည်။ တစ်ယောက်ကို တစ်ယောက် ထောက်ခံလိုက်ကြသေးသည်။

'အငယ်မနေ၁်၊ ဘယ်ကမှန်းမသိ၊ ဘယ်လိုလူမှန်းမသိဘဲနဲ့၊ နင် တော့နေ၁်၊ ငါမပြောလိုက်ချင်ဘူး'

'တောင်ကြီးကတဲ့၊ လူကလည်း မဆိုးပါဘူး၊ အဟဲ'

'အငယ်မ. . .'

မမငယ်က အံကြိတ်သံဖြင့် လှမ်းဟန့်သည်။ မမကြီးကတော့ နှုတ် ဖြင့်တစ်လုံးတစ်ပါဒမျှမဆို သက်ဖူးနားရွက်ကို ဆိုးဆိုးဆတ်ဆတ်ဆွဲလိမ်သည်။

'အား လားလား မောင်ရေ ကယ်ပါဦး'

'ဘာ! ဘယ်က မောင်လဲ ကဲ'

'ချ. . . ချပစ် . . . ဒီလောက်တောင် ဖြစ်နေတာ'

အဖြစ်သည်းနေသော အစ်မနှစ်ယောက်တို့ စချင်သည်နှင့် သူမ ဗိုမိ လွှန်ကဲစွာ သည်းပြလိုက်ကာမှ မမကြီးက ခေါင်းတို 'ဒေါက်' ခနဲ နေအောင် ခေါက်သည်။ မမငယ်က ဗိုက်ခေါက်ကြောကို ဆွဲလိမ်သည်နှင့် 'မုန့်ဆီကြော် တ ဘယ်မှာမှန်းမသိ၊ နှုတ်ခမ်းနာက တတယ်. . . . တကယ်ကို နာပါ သည်၊ သူမ မုန့်ဆီကြော်ကို ဖျတ်ခနဲ သတိရလိုက်မိသည့်ခဏ ရင်၌ နွေးသွား ရသည်။

မနက်ဆို ခွဲရတော့မှာပါလားဆိုသော အသိကြောင့် ရင်၌ နာကျင် သည်။ တကယ်တမ်းတျတော့လည်း သူမအတွက် မိုးကျော်မော်သည့် တတယ့် မုန့်ဆီကြော်ဖြစ်သည်။ သူ့ဘက်က ဘယ်လိုဆိုတာ သေသေချာချာ မပြောနိုင်။ သူမကတော့။

'ဘာတွေ တွေးပြီး ငိုင်နေပြန်ပြီလဲ'

'ပြောစမ်း'

အရိပ်တကြည့်ကြည့်လုပ်နေသော အစ်မနှစ်ယောက်က သူမတို့ အရား ခံတစ်ယောက် စစ်သလို စစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'အခုန်အတိုင်း ပြောရမှာလား ?'

ခေါ်ချည်ဖြင့် တုံ့ပြန်သော သူမ၏ တန်ပြန်အမေးကြောင့် အစ်မနှစ်ယောက်လုံး ငေါတန်သွားကြသည်။

'အေး ဘယ်တ အုတ်ကြားမြက်ပေါက်မှန်း မသိတဲ့လူကိုပဲ စဉ်းစားအမင်းသွားစားမလို့ မလိုက်ခဲ့နဲ့'

'ဟုတ်'

ဟန်အပြည့်ဖြင့် စိတ်ဆိုးဟန် လုပ်နေသော မမကြီးကို 'ဟုတ်' ဟုတစ်လုံးထဲ ပြန်ဖြေရင်းက သိလိုက်သည်။ မမကြီး မျက်စောင်းက 'ဒိုင်း' ခနဲသူမဆီ ကျရောက်လာသည်။ မမငယ်ကတော့ သူမနှင့် အနေနီးသူမို့ လက်ထနားရင်းဝေါ် တစ်ချက်ကျသည်။

'လာ သွားမယ် လိုက်ခဲ့'

'လာ သွားမယ်' ဟူသော စကားအဆုံး မှန်တင်ခုံရှေ့ သွားသောသူမ ကြောင့် စိတ်မရှည်စွာ 'လိုက်ခဲ့' ဟု ပြင်ဆင်ချက်ထုတ်ကာ အစ်မဖြစ်သူနှစ်ယောက် သွားနှင့်သည်။

ဆံပင်ကို အမြန်ဖြီးသင်ပြီး အခန်းသော့ကို လှမ်းအယူ သူမ၏'မှုန်ဆီတြော်' ကို သတိရမိပြန်သည်။ အခန်းတံခါးကို ဖွင့်ကာအထွက် ထို 'မှုန်ဆီတြော်' ၏ အခန်းဘက်ဆီ ကြည့်မိပြန်သည်။

'တင်'

မိုးတျော်မော်။ သူသည်လည်း သူမ၏အခန်းဘက်ဆီ ကြည့်နေပါလား။ သူမ ပြုံးပြမိလေသလား မသိ၊ သူကတော့ 'လှစ်'ခနဲ ပြုံးပြသည်။ သူ၏ သွား တန်းဖြူများက ဖွေးခနဲ၊ နှုတ်ခမ်းထူ နှစ်ခုက ထိုသွားတန်းတို့ယောကျ်ား ပီသစွာ ဝိုင်းရံထားသည်။ ထိုနှုတ်ခမ်းနှစ်ခုကို နှုတ်ခမ်းမွေးစစ်ကဝန်းရံထား ပြန်တော့. . . ။

မိုးတျော်မော်ကရော . . . ဘာထူးမည်နည်း။ သူမ၏ အစ်မဝဲဖြစ်သည်နှစ်ယောက်နှင့် ကိုလင်းဆောင်တို့၏ အသံကျယ်ကိုကြားရသည်မို့ သူမအခန်းထဲမှာ ကျန်ခဲ့လိမ့်ဟု တွေးမိပြီး စောင့်ကြည့်နေမိခြင်းဖြစ်သည်။ အခန်းတံခါး ဖျတ်ခနဲဖွင့်ပြီး လမင်းလေးလို သူမထွက်လာသည်နှင့် သူ့ရင်တို့ ဒိုင်းဒိုင်း လှုပ်ရှားသွားခဲ့ရသည်လေ။ ခေတ်ရှေ့မပြေးသော၊ ခေတ်နောက်ပြန်

www.burmeseclassic.com



လည်း မရောက်သော အဝတ်အစားတို့၏ အောက်မှာ သူမ၏ ချစ်စရာ စွဲမက်ဖွယ် ကိုယ်လုံးအလှ၊ သူ့ကို ပြုံးကြောင်ကြောင်ဖြင့် ကြည့်နေသော မျက်ဝန်း၏ တောက်ပမှု၊ ခပ်ဟဟ နှင်းဆီးဖူးလို နှုတ်ခမ်းငုံဖူးလေး...။ သူ့အာခေါင်တွေ ခြောက်ကပ်လို့လာသည်၊ လက်ထဲမှ ချွေးစေးများစဲ့ဝင် ထွက်လျက်။ သူမအတွက် ပေးရန် ပြင်ထားသော လိပ်စာတတ်ပြားနှစ်ခုတိုဝင် ခပ်တင်းတင်း ဆုပ်မိသဖြင့် အနည်းငယ် တွန့်ကြေသွားသည်။

'ရော့'

သူမဆီ လျှောက်သွားပြီး တုန်ယင်နေသော လက်ဖြင့် လှမ်းအပေး သူမ ကလည်း လက်တုန်တုန်ဖြင့် လှမ်းယူသည်။ 'ဖျတ်'ခနဲ လက်ချင်းထိမိသည့် ခဏ။ နှစ်ဦးစလုံး၏ ရင်မှာ 'ရှိန်း'ခနဲ၊ 'ဒိန်း'ခနဲ။

'ညနေစာ စားပြီး ပြီလား'

'ဟင့်အင်း'

မျက်နှာလွှဲရင်းမေးသော မိုးကျော်မော်၏ အမေးကို သူမက ခေါင်းငုံ့ လျက်ဖြေသည်။ လေ့ကားပေါ်မှ တစ်စုံတစ်ယောက်တက်လာသံကြောင့် နှစ်ယောက်စလုံး လှည့်ကြည့်မိကြသည်၊ တိုလင်းဆောင်။ ပထမတော့ အံ့အား သင့်သွားသလို ကြောင်ရင်း ကြည့်နေသည်၊ နောက်တော့ လူကြမ်းတစ် ယောက် မုဒိ သွင်းလိုက်သလိုမျိုး မျက်လုံးတ စူးရှ၍လာသည်။

'အငယ်မ ထမင်းမစားတော့ဘူးလား၊ သွားတော့'

သူ့ကိုယ်သူ ဆရာကြီးပုံစံဖြင့် သတ်ဖူးကို လေသံမာမာဖြင့်ဆိုသည်။ သက်ဖူးက မိုးကျော်မော်ကို အားနာနာဖြင့် တစ်ချက်ကြည့်သည်။

'သွားမယ်လေ ကိုယ်လည်း ထမင်းစားခန်းထဲ သွားမှာဝဲ'

မိုးကျော်မော်က အချဉ်မှ မဟုတ်၊ တိုလင်းဆောင်ကို တမင်ရိုသည့် အနေဖြင့် သက်ဖူးကို ပြောရင်း လေ့ကားထစ်မှ တစ်ထစ်ချင်း ဆောင့်ကြွာကြွား ဆင်းသည်။ သက်ဖူးက ဘေးမှ ကပ်ပါလာသည်၊ တိုလင်းဆောင် ဒေါသ တော်တော်ကြီးထွက်ကာ ကျန်ရစ်ခဲ့မှာ သေချာသည်၊ သူပြန်ငဲ့၍ဝင် လှည့် ကြည့်ခဲ့။

'Dining Hall' ကို ဝင်တော့ သူမက 'သွားမယ်နော်' တဲ့ပြောရင်း နှုတ်ဆက်ကာ သူမ၏ အစ်မနှစ်ယောက်ရှိရာ စားပွဲဆီသွားသည့် နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

## ● မြင့် ခိုင် ဦး နိမ်

အား အတူတာသည်ဖို့ ဖဲပြုတ်သည်ဟု မျိုးကျော်မော် မှတ်ချက်ပေးထားသော အစ်မနှစ်ယောက်စလုံးက ငါးစိမ်းသည်တို့၏ ဘွားအေ ပုံစံဖြင့် မျိုးကျော်မော်ကို ကြည့်သည်။ သူမတို့၏ ရှေ့မှာရှိသော ပန်းအိုးဖြင့် ဆွဲကာ သူ့ကို ရိုက်ခွဲတော့ မည့်ပုံစံမျိုး၊ မျိုးကျော်မော် . . . ပခုံးနှစ်ဖက်ကို ဟန်ပါပါ တွန့်ပြလိုက်သည်။ ဒါတို မြင်တော့ နှစ်ယောက်စလုံး ရှုံ့ရှုံ့ ရွဲ့ရွဲ့တွေ ဖြစ်ကုန်ကြသည်။ သူမတို့အားလုံးကို ကျောပေးကာ ထိုင်လိုက်သည်။ သူမ. . . သူမကိုတော့ သူ ခိုး၍ တစ်မျိုး၊ တမင်ကြည့်၍တစ်ဖုံ ကြည့်ချင်သေးသည်။ သို့သော် သူမ၏ အစ်မနှစ်ယောက်တ မျက်နှာချင်းဆိုင် အနေအထား၊ သူမကလည်း ကျောအပေးလိုက် ဖြစ်နေမည့်အတူတူ မထူးဇာတ်ခင်းကာ စိတ်မကောင်းခြင်း ကြီးစွာဖြင့် ကျောပေးကာ ထိုင်လိုက်ရတော့သည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပြီးသည်နှင့် သူညည့်ကြိုတောင်တာမှ သတင်းစာယူရင်း ဖတ်နေ မိသည်။ ကျွက်စီ ကျွက်စီဖြင့် သူမတို့ ညီအစ်မတစ်စု ဝင်လာကြ သည်။ သက်ဖူး၏ မျက်နှာက ထူးထူးခြားခြား ဖျက်လို့နေသည်။ မကြီး ဆိုသူက သူ့ထံ တည့်တည့်ကြီး လျှောက်လာသဖြင့် သူ အံ့ဩသွားရသည်။

'ရော့'

လူရှေ့ သတင်းစာပေါ် ပစ်ချလာသော ခပ်ဖြူဖြူအရာ။

'ဟင်'

သက်ဖူးကို သူပေးထားသောလိပ်စာကတ်နှစ်ခု၊ အံ့ဩစွာ၊ နားမလည် စွာမော့ကြည့်မိသည်။

'တစ်ခုက 'စိန်ချယ်ရီ' စိန်ဆိုင်၊ တစ်ခုက 'စိန်ချယ်ရီ' တိုတယ်။ ဟုတ်လား၊ ဘာလဲ အဲဒါ နင့်အလုပ်ရှင်ရဲ့ လိပ်စာကတ်တွေလား။ ဒါမှမဟုတ် သူများဆီက တောင်းလာတာလား'

'မမကြီး'

မမကြီးဆိုသူ၏ စကားစိမ်းများအဆုံး 'မမကြီး' ဟု လှမ်းသံနှံ့သံ လေးကကပ်၍ပါလာသည်။ သူ့မျက်နှာကတော့ ငရဲမီးဖြင့် လူးအဝတ်ခံ



www.burmeseclassic.com

www.burmeseclassic.com

## ● မြန့် ရိုင် ရှ ခိမ်

ထိုက်ရာတို ချီ 'ခူ' ခနဲ ရင်၌ 'တင်း'ခနဲ။

'ကိုထွဋ်စိတ်နဲ့ နှိုင်းရင် ရိုင်းတာပေါ့ဗျာ'

'အောင် မာမာ ဒီတတ်မျိုးက ပိုက်ဆံပေး လုပ်ခိုင်းလို့ရတယ်ဟဲ့။ ထိတို့ညီမလေးတို ဘာသဘောနဲ့ သွေးဆောင်ချင်နေတာလဲ၊ ဒါမျိုးက ရှိုးနေပြီ'

မေငယ် ဆိုသူက ဝင်၍ နှိပ်ကွပ်ပြန်သည်။ ညှေ့ကြိုမှ ဝန်ထမ်း အချို့ တတော့ ဖြူးကြောင်ကြောင်ဖြင့် ကြည့်နေကြသည်။

မျိုးကျော်မော် လိပ်စာကတ်နှစ်ခုကို ကောက်ယူကာ အိတ်ကတ်ထဲ ထည့်လိုက်သည်။ မတ်တပ်ရပ်လိုက်သည်။

'ကျွန်တော်က ခင်ဗျားတို့ကို စာတတ်မယ် ထင်ထားတာ၊ 'စိန်ချယ်ရီ' ထိုထယ်ဆိုတာရဲ့အောက်က MD နေရာမှာ ကျွန်တော့်နာမည် ပါတာ မဖတ်တတ်လေသလားဗျာ၊ ထားလိုက်ပါတော့၊ သွားလိုက်ပါဦးမယ်'

'အောင်မာ. . . လူပါးဝလို့. . . တွေ့လား အငယ်မ ဒီလောက် ရိုင်းစိုင်းတာ'

'တောက်!'

အသံဝေါင်းစုံ တပ်ပါလာကြသည်။ ညှေ့ကြိုခန်းမှအထွက် ကိုလင်း ဆောင်နှင့် တိုက်မိမလို ဖြစ်သွားရသေးသည်။ မျက်နှာငယ်လေးဖြင့် ကုပ်ကုပ် လေး ရပ်နေရှာသော သက်ဖူးကို မြင်ယောင်မိရင်းက သနားနေမိသည်။

တိစ္စတော့မရှိ။ သူ့ဆီမှာ သက်ဖူး၏ လိပ်စာကတ်ရှိသည်။ ဖုန်းနံပါတ် ရှိသည်၊ မနက်ဖြန်ည ဖုန်းဆက်မည်ဆိုတာလည်း သက်ဖူးကို ပြောထားပြီး သား။

'ဟူး'

သူ့ သက်ပြင်းတို မသက်မသာ ချဖြစ်သည်။ မဥ္စသက နတ်ပန်းကို ယတ္တနဲ့ တည္ဆက် ဝိုင်းနေနေသည့် အဖြစ်။

ဒီတတ်မျိုးက ပိုက်ဆံပေး လုပ်ခိုင်းလို့ ရပါသတဲ့၊ မျိုးကျော်မော် ရယ်ချင်သွားသည်။ ဘာတဲ့. . . အလုပ်ရှင်ဆီက လိပ်စာကတ်တဲ့လား၊ သူ့ရှားဆီက တောင်းလာတာလားတဲ့။ တော်တော်လည်း ကျဖို့ကောင်းတဲ့ 'ဝဲဖြုတ်သည် ကြီး' ဟု သူတွေးဖြစ်သည်။ ကောက်ရိုးပုံစောင့် ခွေးဝင်းက တစ်မျိုး၊ ကျီးတို့ အလယ်၌ နေရရှာသော ဒေါင်းမလေးကို သူ သနားကြီး



www.burmeseclassic.com

www.burmeseclassic.com



သနားနေမိသည်။

အခန်းတံခါးဖွင့်ပြီးနောက် ဒန်းလော့ပေါ် ပစ်ချကာ လှဲလိုက်မိသည်။

မျက်နှာငယ်လေးဖြင့် (လက်ဝါးနှစ်ဖက်ကို ပွတ်ရင်းက) ကြည့်နေရှာသော သက်ဖူး။

မီးဝင်းဝင်းတောက်တာ ခါးထောက်လျက် လူကို နှစ်ပြားမတန်အောင် ညီညီ. . . ညာညာ . . . ဝိုင်းပြောထားကြသော သူမ၏ အစ်မနှစ်ယောက်။

လူကိုမြင်လျှင် ရန်သူကို ရင်ဆိုင်ရသည့်အတိုင်း၊ ရန်ဆောင် ကြည့်ကြည့်တတ်သော ကိုလင်းဆောင်ဆိုသောသူ။

မနက်ဖြန် မနက် ဘယ်အချိန်များ သူမတို့ Check Out လုပ်ရမည်မသိ။ သူမတို့ ပြန်သွားတာကို သူ ကြည့်ရင်းက ကျန်ခဲ့ရမလား၊ ဒါမှမဟုတ် သူပဲ အရင်ပြန်သွားရမလား။ သူအခု ခံစားနေရသလိုမျိုး သူမကရော ခံစားနေရပါ့မလား။ တစ်ဖက်သတ်. . . သာဆိုလျှင်တော့ . . . တော်တော်ကို အခြေအနေ ဆိုးရွားသော အနေအထားတို့ ဖြစ်လာနိုင်သည်။

'သက်ဖူးကို ကိုယ်အရမ်းချစ်တယ်'

တစ်နေ့လုံး မပြောဖြစ်သော မပြောရဲခဲ့သော စကားကို တစ်ဦးတည်း ရေရွတ်မိသည်။ ဤကဲ့သို့ တိုတောင်းသော အချိန်အတွင်းမှာ ဖြစ်ပေါ်ခဲ့သော စိတ်ခံစားမှုသည် ဆယ်ကျော်သက်ဖြစ်သောသူအတွက် တစ်သက်စာ ဖြစ်မည်တဲ့လား။

ခေသချာတာကတော့ တစ်ဘဝစာ ရှိခဲ့ဖူးသော ရင်ခုန်မှုမျိုးကို သူ ကြုံတွေ့ နေရခြင်းဖြစ်သည်။

သက်ဖူး၏ ပုံရိပ်များက ခန်းလုံးပြည့် ဖျံ့ဝဲနေကြသည်။

အချစ်ဆိုတာကြီးက မလွယ်လှပါလား။

www.burmeseclassic.com

www.burmeseclassic.com

## ● ပြန့်. ဆိုင် နှ စိမ်

ညက တော်တော်နှင့် အိပ်မပျော်ခဲ့။ ဆယ်တန်းအောင်စာရင်းကို ကြည့်ရမည့် ဆယ်တန်းကျောင်းသားတစ်ယောက်လိုမျိုး။

ညဆိုတာကြီးကို ခဲယဉ်းစွာ မောဟိုက် ပင်ပန်းစွာ ဖြတ်သန်းနေရသည်။ မနက်ဆိုတာကို အမြန်ပြေးတွေ့ချင်နေသလို စိုးရိမ်ကြောင့်ကြမှု အချို့ကလည်း မနက်ဆိုတာကြီး ရောက်လာမှာကို ကြောက်ရွံ့လို့ နေသည်။

ကားလည်း မြန်မြန်လာစေချင်၊ ကားလာလျှင်လည်း လူချောင်ချောင်လေးဖြစ်စေချင်သောကားမှတ်တိုင်မှ လူတစ်ယောက်၏ ဆန္ဒထက်တော့ သူ့ဆန္ဒက အများကြီးပိုသည်။

ခု နိုးနိုးချင်း မထချင်၊ အိပ်ရာထဲက ထပြီး ဘာအရင် လုပ်ရမည်ဆိုတာကို သူ တွေးကြည့်လို့မရ။

သက်ဖူး. . . .။ မိုးလင်းလင်းချင်း၊ မျက်စိနှစ်လုံး ဖွင့်ဖွင့်ချင်း တမ်းတမိပါသည်။ ချစ်သူ. . . ချစ်သူဟု ခေါ်ခွင့်ရှိမလားတော့ မသိ။ ဘာပဲဖြစ်ဖြစ် သေချာတာကတော့ ပြင်းပြစွာ ငတ်မွတ်စွာ သက်ဖူးကို သူတွေ့ချင်နေသည်။

ဒီအချိန်ဆို သူမတို့ ပြန်သွားကြပြီလား။ ဒါမှမဟုတ် Breakfast စားနေကြသလား။ သို့တည်းမဟုတ် သူလိုပဲ အိပ်ရာထဲမှာ ရှိနေသေးသလား။

မနေ့ညက သူ့ လိပ်စာကတ်နဲ့ ပတ်သက်၍ အငြင်းပွားမှုကို ပြန်လည်သတိရချိန် ရင်မှာ နာကျင်လာသည်။ မနေ့က ကိစ္စမှာ သူ သည်းခံပေးလိုက်

www.burmeseclassic.com



သင့္သလားဟု သူ႔ကိုယ္သူ ဆင္ျခင္ၾကည့္သည္။

ေသခ်ာတာကေတာ့ ဒီလိုမ်ိဳး အစေဝ်ကားခံရျခင္းသည္ ဒါ . . ပထမဆံုးပဲ ျဖစ္သည္။ သူ႔အေနနွင့္လည္း ဘယ္သူ႔အေပၚမွာမွေမာက္ေမာက္ မာမာ မရွိခဲ့ဖူး။

လက္မွနာရီကို ၾကည့္ေတာ့ ေျခာက္နာရီခြဲတိတိ။ အိပ္ရာထဲမွာ ၾကာ ၾကာ မနွပ္တတ္ေသာ သူ႔ဥာဥ္အတိုင္း အိပ္ရာမွ အလူးအလဲထသည္။ မ်က္ နွာသစ္၊ သြားတိုက္ စသည္တို႔ကိုစိတ္မပါ လက္မပါ။ ေရခ်ိဳးခန္း ျမန္ျမန္ဝင္ ၿပီး အဝတ္သစ္တစ္စံုကို လဲလိုက္သည္။

သူမ ဝယ္ေပးထားေသာ 'ဝင္းတယေရာက္ အမွတ္တရ' အက်ႌေလး ကို သူ ခ်ိတ္ျဖင့္ ေသေသခ်ာခ်ာ ခ်ိတ္သည္။ သူမနွင့္ ဆင္တူဝယ္ခဲ့ေသာ အက်ႌ ေလး။

သက္ဖူးရယ္. . . . ခ်စ္တယ္ဆိုတာကိုေတာင္ မေျပာရဲခဲ့တဲ့ေကာင္. . . ရင္နာေနေအာင္ကို တမ္းတမိပါရဲ႕ကြာ. . ။

အခန္းေသာ့ကို ေကာက္ကိုင္ျပန္ေတာ့လည္း အခန္းေသာ့ တျခဲ စဥ္က သူ႔ကို အေလာတႀကီး အမွတ္တမဲ့ ဆြဲခဲ့တာကို သတိရမိျပန္သည္။

အခန္းထဲမွထြက္ေတာ့ သူမတို႔အခန္းရွိရာ ဘက္ကို အမွတ္တမဲ့ ၾကည့္ျဖစ္သည္။ လက္မွ နာရီကို ၾကည့္ေတာ့ ခုနစ္နာရီေက်ာ္ေက်ာ္။

ဧည့္ႀကိဳခန္း ေရွ႕မွ ျဖတ္ကာ ထမင္းစားခန္းဆီအသြား ဧည့္ႀကိဳ ဝန္ထမ္း ကေလးမနွစ္ေယာက္က ၿပံဳးျပရင္း နႈတ္ဆက္သည္။

'အစ္ကို . . . ဟို မေန႔က အစ္ကိုနဲ႔ ဘုရားအတူသြားတဲ့ အစ္မေလး မသက္ဖူးေနာ္ေလ. . . သူတို႔ အေစာႀကီးတတည္းက Check Out လုပ္ၿပီး ျပန္သြားၾကၿပီ။ ဒီေန႔ည ဖုန္းဆက္ျဖစ္ေအာင္ ဆက္ဖို႔ မွာသြားတယ္'

'ေၾသာ္. . . .'

မ်ိဳးေက်ာ္ေမာ္ ရင္ထဲ၌ 'ေၾသာ္. . ' ဆိုတာႀကီးကို မခ်ိမဆံ့ ေရရြတ္ ရင္း တစ္ကိုယ္လံုးမွ အားအင္တို႔ ဆုတ္ယုတ္သြားသလို ခံစားလိုက္ရသည္။

'ေက်းဇူးပဲေနာ္'

'ရတယ္ အစ္ကို'

ရင္၌ ဆို႔နင့္မႈက မ်က္ဝန္း၌ မ်က္ရည္ေငြ႕ကို ေဝ့ေစသည္။ မ်က္ဝန္း



www.burmeseclassic.com

www.burmeseclassic.com



[illegible] သက်ဖူး၏ ပုံရိပ်တ လာထင်သည်။

[illegible]ခန်းဆီဝင်တော့ အငဲ၏ သီချင်းသံက အခန်းထဲမှာ ဝေ့ဝဲ [illegible]။

'ကိုယ့်ရဲ့ ချစ်သူ ငွေတောင်ပြည်ပြန်သွား ဇာတ်ထဲမှာတော့ အို. . . [illegible]လေးငို. . . ဒီအခန်းဟာ . . အလွမ်းဆုံးပေါ့. . . . လွမ်း. . . [illegible] . . လိုက်တာ အချစ်လေး. . . . မင်းနောက်. . . . လိုက်ခဲ့မယ် ချက် ချင်း. . . မင်းလေးရှိတဲ့ ယူဇနာ တစ်သောင်း. . . . ဒွေးမယ်နော် အချစ်လေး အဆွေးကြီး ဆွေးမိပြီ မင်း. . မရှိတော့. .'

တိုက်ဆိုင်လိုက်ပုံများ . . . ဟု ရင်နာနာဖြင့် တွေးမိသည်။ ဒွေးမယ် နော် အချစ်လေး မဟုတ်။ သက်ဖူးနော် အချစ်လေး. . . မနေ့ညက သူမတို့ ထိုင်ခဲ့ရာ ထိုင်ခုံလေးကို အမှတ်မထင် ကြည့်ဖြစ်သည်။

ဒီအချိန်ဆို သူမတို့ အောင်ပန်းမြို့ကို ဖြတ်သန်းနေကြပြီလား။ ဤ မနတ်စာတတော့ မနက်စာတကော့ မနက်စာတို့တွင် မဝင်ဆုံးဖြစ်သည်။ သူလည်း မြန်မြန် ပြန်တာပဲ ကောင်းမည်။

သူအခန်းကို အမြန်ပြန်ပြီး အဝတ်အစားတို့ကို အမြန်သိမ်းသည်။ 'ဝင်း တလရောက် အမှတ်တရ' အင်္ကျီကို ခေါက်ချိန်မှာ သူ့လက်တို့ မသိမသာ တုန်ယင်လို့နေသည်။

တစ်ယောက်နှင့် တစ်ယောက် ဖွင့်မပြောဖြစ်လို့သာ။ ဖွင့်ပြောဖြစ်ခဲ့ လျှင်တော့ သူတို့နှစ်ယောက် ချစ်သူဖြစ်သွားကြဖို့ ရာခိုင်နှုန်းများသည်။ ပြော သာပြောမိလိုက်ပါတော့ . . . ဟု ကိုယ့်ကိုယ်ကို မချင့်မရဲ။

'ချစ်သော သူနှင့် ကွေကွင်းရခြင်းသည်လည်း ဒုက္ခ' တဲ့။ မှန်ပါပေ သည် ဒုက္ခ။ ရင်ပူရပါသော ဒုက္ခ။ စိတ်မောရပါသော ဒုက္ခ။

အခန်းသော့ ပြန်အပ်ပြီးသည်နှင့် ကားကို ဖြည်းညင်းစွာ မောင်း ထွက်ခဲ့သည်။ တောင်ကြီး. . .။ တောင်ကြီးပြန်ရောက်လျှင်တော့ ဘော်ဒါ များကို ပြောပြကာ အကြံဉာဏ်များရယူရပေလိမ့်မည်။

'သက်ဖူးရေ' ဟု ရင်မှ လှိုက်လှိုက်လှဲလှဲ တမ်းတလျက်။ ပြောမပြ တတ်လောက်အောင်ကို ချစ်ရပါသည် သက်ဖူး။



www.burmeseclassic.com

www.burmeseclassic.com



'ဟား တော်တော် ချစ်စရာကောင်းတာပဲတွ. . . မင်းမပြောနဲ့ ငါတောင် ချစ်ချင်လာပြီ'

'ပြစမ်းပါဦး အဲဒီခါတ်ပုံ one kiss လောက် ပေးရအောင်'

'ဟာ ဟော့ကောင်တွေ ပြန်ပေး၊ ငါ့ဓာတ်ပုံ'

'မင်း ဓာတ်ပုံမှ မဟုတ်တာ၊ ဒွေးမယ်နော်၊ အဲလေ. . . ခက်ဖူးနော် ဩော် မှားပြန်ပြီ တက်ဖူးနော်'

'သက်ဖူးနော်ပါကွာ'

တစ်ယောက်တစ်ပေါက် စီညံနေကြသော မျိုးကျော်မော်၏ အခန်း၊ သကောင့်သား မျိုးကျော်မော်ကတော့ သူ့ သူငယ်ချင်းများကို ဘာမှ မပြောချင်တော့သလိုမျိုး အိပ်ရာထက်မှ မှောက်လျှက်ကြီး၊ လင်းတမှိုင် မှိုင်တာနေလေသည်။ ညီသစ်နှင့် အယ်နိုင်တို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် မျက်စ ပစ်သည်။ မင့်ကောင်ကတော့ Heart ထိနေပြီဆိုသည့်သဘော၊

ညောင်ကိုင်းလေးပေါ်မှာ အမှတ်တရအဖြစ်သူက ရိုက်ယူခဲ့သော သူမ၊ အလှကြီး လှနေသည်၊ သူမရိုက်ပေးခဲ့သော သူ့ပုံတ ရုပ်ဆိုး ရွက်ကန်းပုံ။



www.burmeseclassic.com

www.burmeseclassic.com



'ဒီကောင်တွေ ငါ .. ငါညအထိ မစောင့်ချင်တော့ဘူးကွာ၊ အခုပဲ ဖုန်းဆက်လိုက်တော့မယ်'

'အာ မင်းတလဲ၊ သူတို့က လှိုင်ကျော်ကို ဒါရိုက်မပြန်ဘဲ ဖယ်ခုံတွေ ဆင်ဆောင်းတွေဝင်လည်ချင် လည်နေမှာ၊ ဒါကြောင့် မင်းကို ညမှ ဆက်လို့ မှာထားတာနေမှာပေါ့ကွ'

ညီသစ်၏ အဆိုကြောင့် မျိုးကျော်မော် ငြိမ်ကျသွားသည်။ ဟုတ်သည်၊ သူမတို မမေးမိလိုက်။ လှိုင်ကော်ကို ပြန်မရောက်သေးလျှင် ... သူဆက်လဲ အလကားပဲ ဖြစ်မည်။

'ဒီလို လုပ်ပါလား၊ မျိုးကျော် ငါတို့နဲ့ စတိတ်တုန်းက အရမ်းခင်တဲ့ ကောင်းလှိုင်သေ.. ဟို ပညာရေး ကော်လိပ်တက်တဲ့ကောင်. . .၊ သူ အခု လှိုင်ကော်မှာ တာဝန်ကျနေတယ်။ ဒီကောင့် လိပ်စာ ငါတို့ဆီမှာ၊ စာလောတ ဒီကောင် ပေးသွားတာရှိတယ်။ ငါတို့ လိုက်သွားကြမလား'

အယ်နိုင်၏ စကားအဆုံး မျိုးကျော်မော် 'ဆတ်' ခနဲ ထထိုင်သည်။ ထိုင်နေလို့တော့ ဘာမှ ဖြစ်လာမည် မဟုတ်။ သွားမည်။

'အေး မနက်ဖြန် လိုက်သွားရအောင်'

စိတ်တူ ကိုယ်တူ ဘော်ဒါများမို့ ဆုံးဖြတ်ချက်၌ တားမြစ်ငြင်းခုံမည့်သူ မရှိ။

'မင်း အမေတို့ကို ငါအဆင်ပြေအောင် ကြည့်ပြောလိုက်မယ်'

ညီသစ်က အားတက်သရော ဆိုသည်။ မေမေကလည်း ညီသစ်တို့ အယ်နိုင်တို့ကိုဆို စိတ်ချပြီးသား။

'နေဦး မျိုးကျော် မင်းကားကိုတော့ ယူခဲ့လို့ မဖြစ်ဘူး၊ မင်းပြောသလို ဆို ကိုလင်းဆောင်ဆိုတဲ့ လူက တော်တော်ကြီးကို လည်ပုံပေါက်တယ်။ ဒီတော့ ငါ့ Van နဲ့ပဲ သွားကြရအောင်၊ ဒါဆို သူ မရိပ်မိနိုင်ဘူး'

'အေး ကောင်းတယ်'

ညီသစ်၏ အကြံကို မျိုးကျော်မော် ဝမ်းသာအားရ လက်ခံသည်။ ပင်းတယကို သွားတုန်းကသာ ဒီကောင်တွေပါလျှင် မည်မျှ ကောင်းမည်နည်းဟု သူတွေးမိသည်။

လှိုင်ကော်ကို လိုက်သွားမည်ဟု တွေးမိသည့်ခဏ ရင်ခွင်က ဝုန်းဒိုင်း



www.burmeseclassic.com

www.burmeseclassic.com





တြကာ ခုန်သည်။

အငဲ၏ 'မင်းနောက်လိုက်ခဲ့မယ် ချက်ချင်း'ဆိုသော သီချင်းစာသားကို နားဝယ် ကြားယောင်မိနေသည်။ တကယ့်ကို ချက်ချင်း (ဖြစ်နိုင်လျှင်) လိုက်သွားချင်သည်လေ။

'ဟဲလို'

'ဟဲလို သက်ဖူးလား'

'ဘယ်သူလဲ'

တစ်ဖက်မှ ခပ်မာမာအသံကြောင့် ဗဲပြုတ်သည် အကြီးမ မဟုတ်လျှင်၊ အငယ်မပဲ ဟု အောင့်သက်သက် သိလိုက်သည်။ ဘယ်လို ပြန်ဖြေရပါ့ဟု သူ အသည်းအသန် တွေးသည်။

'ဟဲလို ဟဲလို ဘယ်သူလဲ'

မေးပြန်ပြီ နောက်တစ်ကြိမ်၊ 'ခင်ဗျားရဲ့ ခဲအိုဗျ' ဟု ဖြေပစ်လိုက်ချင်သည်။ 'ရော့ နင့်ဖုန်း ဘယ်သူလဲ မေးတာ မဖြေဘူး'ဟု ဖုန်းထဲမှ ကြားလိုက်ရသည်။ 'နင့်ဖုန်းတဲ့' ဒါဆို ဒါ သက်ဖူးပေါ့။

'ဟဲလို'

'သက်ဖူး'

'. . . . . . . . . . .'

'သက်ဖူးလား'

'ကိုမျိုးကျော်လား'

သူမ အသံက ခပ်အုပ်အုပ်လေး။ ကေန္တ သူ့အစ်မ ဘေးမှာ သူမတို့ စောင့်ကြည့်နေဟန် တူသည်။

'ဟုတ်တယ် သက်ဖူး. . . ကိုယ်ပါ'

'. . . . . . . . . . . . . .'

'. . . . . . . . . . . . . .'

'. . . . . . . . . . . . . .'

တစ်ယောက်အသက်ရှူသံကို တစ်ယောက် ကြားနေရသည်။ စိတ်သူပ်ရှားစွာ နှစ်ဦးစလုံး တိတ်ဆိတ်နေကြသည်။

'သက်ဖူး. . . . . . . .'



www.burmeseclassic.com

www.burmeseclassic.com



'. . . . . . . . . . . . .'

'သက်ဖူး. . . . . . .'

'ပြော. . . ဘာ. . . ဘာလဲ'

'. . . . . . . . . . . . .'

သက်ဖူးရင်၌ လျှောင်ကြီးတစ်ခု ဖြတ်၍ လှုပ်သွားသည်။ 'အရမ်းချစ်တယ်' . . . . . တဲ့။ ဖုန်း၌ ကပ်ကာ ကြားလိုက်ရသော အသံညြသြ။ သက်ဖူးကိုယ်တိုင် ကြားချင်ခဲ့သော ချစ်စကား။

'သက်ဖူး'

'. . . . . . . . . . . . .'

'စိတ်ဆိုးသွားပြီလား. . . ၊ သက်ဖူး . . .'

'မ. . . မဆိုးပါဘူး. . . . .'

'အရမ်းချစ်တယ် . . . သက်ဖူးရာ. . . ကိုယ်မနက်ဖြန် လှိုင်ကော်ကို လိုက်လာခဲ့မယ်. . .'

'ရှင်'

'မနက်ဖြန် လှိုင်ကော်ကို လိုက်လာခဲ့မယ်'

သက်ဖူး ကိုမျိုးကျော်၏ အသက်ရှူသံ ခပ်ပြင်းပြင်းကို ကြားနေရသည်။ လိုက်ခဲ့ မယ်. . . . တဲ့။ မနက်ဖြန်။ သူမတစ်ကိုယ်လုံး ကြက်သီးများထသွားရသည်။ ချက်ချင်း လိုက်လာချင်လောက်အောင်ကို . . ချစ်သတဲ့လား။ သူမတရော။

'သက်ဖူး. . . ကိုယ်မနက်ဖြန် လိုက်လာခဲ့မယ်နော်'

'ဟို . . . ဟို ပင်ပန်းပါတယ်. . . ဟိုဒင်း. . . ဖုန်းဆက်လဲ ရနေတာပဲ ဥစ္စာ'

သက်ဖူး၏ အထစ်ထစ်အငေါ့ငေါ့ အသံကြောင့် မျိုးကျော်မော် အားမလို အားမရ ပိုမိုဖြစ်လာသည်။ 'ဖုန်းဆက်လည်း ရနေတာပဲ'တဲ့။ ဘယ်ကလာ . . ရမှာလဲ။ သူ မနေနိုင်ပါ။

'အာ သက်ဖူးကလဲ . . . . ဖုန်းနဲ့ ပြောရုံနဲ့ အားမရဘူး။ သက်ဖူးကို မြင်ချင်တယ်၊. . အရမ်းတွေ့ချင်တယ်၊ ပြီးတော့ ဟို အရမ်းချစ်တယ် သက်ဖူးရာ . . ဖြစ်နိုင်ရင် ကိုယ်အခုတောင် လာချင်တာ သိလား. .'



www.burmeseclassic.com

www.burmeseclassic.com

သ တ္တ မ ေ ျမာက္ ႏ ွ တ္ သ မ္း

အစီအစဥ္မက်ေသာ မ်ိဳးေက်ာ္ေမာ္၏ စကားအဆုံး . . သက္ဖူး ရယ္ခ်င္သြားမိသည္။ ပီတိကေတာ့ တစ္ကိုယ္လုံးမွာ စီးဆင္းေနသည္။

'သက္ဖူး . . ကိုယ့္ကို မလာေစခ်င္ဘူးလား'

'. . . . . . . . . . . .'

'ဟင္ သက္ဖူး . . မလာေစခ်င္ရင္လည္း ကိုယ္. . . . .'

'မဟုတ္ပါဘူး။ သက္ဖူးက ကိုမ်ိဳးေက်ာ္ ပင္ပန္းမွာစိုးလို႔'

သက္ဖူး၏ ခ်ိဳျမေသာ အသံက ဖုန္းထဲမွာ သူ႔ရင္ဘက္ထဲသို႔ စီးဝင္သည္။ 'ပင္ပန္းမွာစိုးလို႔' တဲ့။ ေစတနာစကား. . .၊ ရင္၌ ေႏြးေထြးရသည္။

'အခုလို ေဝးေနတာက ပိုပင္ပန္းတယ္ သက္ဖူး၊ ကိုယ္ . . မေနတတ္ မထိုင္တတ္ေအာင္ကို ျဖစ္ေနတယ္၊ သက္ဖူး . . . ၾကားလား. . သက္ဖူး. . ဟဲလို. . . ဟဲလို'

သြားၿပီ ဖုန္းလိုင္းက်သြားေလၿပီ။ မ်ိဳးေက်ာ္ေမာ္ ဖီး(လ္) ငုပ္သြားရသည္။ ဖုန္းကို ေနာက္တစ္ႀကိမ္ေခၚသည္။ မရ။ သူ႔အထင္ တစ္ဖက္မွ ဖုန္းပလပ္ျဖဳတ္လိုက္ဟန္တူသည္။

ကိုလင္းေဆာင္ဆိုေသာ သူ သိသြားလို႔လား၊ ဒါမွမဟုတ္ ပဲျဖဳတ္သည္ အႀကီးတစ္ေယာက္လား၊ အငယ္တစ္ေယာက္ေလလား။ ဖုန္းပလပ္ျဖဳတ္လိုက္တာ မွန္လွ်င္ေတာ့ သူ လႈိင္ေကာ္ လာမည့္ကိစၥ သိသြားေလာက္ေပၿပီ။

'ဘယ္လိုလဲ မ်ိဳးေက်ာ္'

'ဖုန္း ဖုန္းလိုင္း က်သြားတာလား၊ သူတို႔ဘက္က ဖုန္းပလပ္ ျဖဳတ္လိုက္သလား၊ တစ္ခုခုပဲကြ'

ဖုန္းကိုကိုင္ရင္း ငိုင္ေနေသာ သူ႔ကို ၾကည့္ကာ ညီသစ္ႏွင့္ အယ္နိုင္တို႔က သက္ျပင္းခ်သည္။

'ေကာင္မ ငါလႈိင္ေကာ္လာမွာကို သိမ်ား သိသြားၿပီလား မသိဘူး'

'သိ . . သိေပါ့ကြာ၊ ဘာဝရုစိုက္စရာ လိုလဲ'

ညီသစ္က အားေပးသည္။ အယ္နိုင္ကလည္း ေခါင္းညိတ္ျပသည္။

'ဟူး'

သူ သက္ျပင္းကို မသက္မသာ ခ်မိသည္။





www.burmeseclassic.com

www.burmeseclassic.com



သက်ဖူး ခေါင်းတွင်တွင်ငုံ့ရင်းက အခွေးပေါင်းများစွာဖြင့် ရင်၌ ဝှလောင်နေသည်။

'အငယ်မ ဖေဖေပြောတာကြားလား သမီး'

'ရှင်'

'တော ကြည့် . . ကျွတ်'

ဖေဖေက သူမကို ကြည့်ကာ စုတ်သပ်လိုက်ရင်းက သက်ပြင်းကို လေးတွဲ့စွာချသည်။

'အသက်နှစ်ဆယ်ကျော်ဆိုတာ တကယ်တော့ ငယ်သေးတယ် သမီးရဲ့၊ ဖေဖေကတော့ သမီးကို ကလေးလိုပဲ မြင်နေတာ၊ သမီးက ရည်းစားတောင် ထားနေပြီဆိုတော့'

'အာ ဖေဖေကလည်း ဘယ်သူပြောလဲ။ သမီးရည်းစား ထားတယ်လို့'

'သမီးရဲ့ မမကြီးနဲ့ မမငယ်က ပြောတာပဲလေ'

မေမေကပါ ဝင်၍ထောင်းပြန်သည်၊ သက်ဖူး စိတ်ညစ်စွာဖြင့် ခေါင်းကို ခပ်ကြမ်းကြမ်းကုတ်မိသည်။

'သမီးတို့က သူငယ်ချင်းတွေပါ ဖေဖေ၊ ရည်းစားမှ မဟုတ်တာ။ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ချ သမီးက ရည်းစားထားရင် မေမေ့ကို အရင်ဆုံးပြောပြမှာ'

သက်ဖူး၏ ခပ်ချွဲချွဲစကားကြောင့် မေမေက မိန့်မိန့်ကြီးပြုံးသည်။ ဖေဖေ က ကိုယ်ကိုမတ်သည်။ မမကြီးနှင့် မမငယ်ကတော့ 'အလကားမေမေ' ဟုချွန်သည်။

တော်ပါသေးရဲ့။ ကိုလင်းဆောင်သာ ရှိလို့ကတော့ ဝင်နွှဲမှာ မြင်ယောင် မိသေးသည်။

'ယုံပါလို့တော့ သမီးက မတိုက်တွန်းဘူး ဒါပေမယ့် သမီးမှာ ရည်းစား မရှိသေးတာတော့ အမှန်ပဲ'

'မရှိသေးဘူးဆိုတော့ ရှိလာမယ့် သဘောလား'

'အာ မေမေကလည်း'

သက်ဖူးရှက်ရှက်ဖြင့် ငြင်းလိုက်သည်။ ဒါ ဘယ်သူ့စနက်ဆိုတာ သက် ဖူးမသိ။ မနေ့ညက ဖုန်းကိုင်တာက မမငယ်။ ဒါဆို မမငယ်က သူမအား ဖုန်းပေးရင်း အိမ်ပေါ်မှ လိုင်းခွဲက တစ်ဆင့်နားထောင်နေခဲ့သည်ပေါ့။ အပေါ် ဖုန်းကတစ်ဆင့် အောက်ထပ်ဖုန်းကို လိုင်းခွဲထားခြင်းမို့ အပေါ်ထပ်မှ ဝလစ် ဖြုတ်လိုက်သည်နှင့် အောက်ထပ်မှ ဖုန်းမှာ အလိုလို ဖြတ်တောက်သွားလေ သည်။ မမငယ်ကပဲ ဒီကိစ္စတွေ သူမနှင့် ကိုမျိုးကျော်မော်ပြောသမျှကို ဖေဖေ နှင့် မေမေဆီကို ခရေစေ့တွင်းကျ တိုင်ခဲ့တာပဲ ဖြစ်မည်။

သက်ဖူး မမငယ်ကို တစ်ချက်လှမ်းအကြည့် မမငယ်က သူမတုတ် သလို ခပ်တည်တည်ဖြင့် ဆံပင်ကို ဟန်ပါပါသပ်တင်လိုက်သေးသည်။

မမငယ် အကုန်ပြောထားပြီးလောက်ပြီ ဆိုမှတော့ ကိုမျိုးကျော်မော် ဒီနေ့ ရောက်မှာကိုလည်း ဖေဖေတို့ သိပြီး ဖြစ်လိမ့်မည်။ ဒီတော့ မထူးတော့ ဖေဖေရော မေမေပါ ရှိနေခိုက် အကြောင်းစုံ ရှင်းပြလိုက်တာပဲ ကောင်းမည်။

'ဖေဖေနဲ့မေမေကို သမီးတစ်ခုတော့ ပြောပြထားချင်တယ်'

မရဲတရဲပြောသော သူမကို ဖေဖေက 'ပြော' ဟုသောသဘောဖြင့် မေးဆတ်သည်။ မမကြီးနှင့် မမငယ်ကတော့ နှုတ်ခမ်းမဲ့တာ တစ်ယောက်တို့ တစ်ယောက် မေးငေါ့ကြသည်။

'သူက သမီးကို ဟို. . . ဟိုဒင်းတော့ ပြောထားတယ်၊ သမီးကတော့ . . အဖြေမပေးသေးဘူး'



www.burmeseclassic.com

www.burmeseclassic.com



'မေမေသိတယ်. . . .'

မေမေက ခေါင်းကို ညိတ်ရင်းဆိုသည်။ သမီးရှင်တိုင်း ခံစားရသော ခံစားမှုမျိုးကို မေမေခံစားနေရမည်မှန်း သူမသိသည်။

'ဒီနေ့ ရောက်လာမယ်ဆိုတာကိုလည်း ဖေဖေသိတယ်'

ဖေဖေ့စကားအဆုံး သက်ဖူးကြောက်ရွံ့စွာ၊ ရှက်ရွံ့စွာဖြင့် ခေါင်းကို ငုံ့ထားသည်။ မေငယ်တို့လည်း 'ဖျတ်'ခနဲ ကြည့်မိသည်။ မမငယ်ကတော့ မှင်သေသောဖြင့် သူ မတုတ်သလို ခပ်တည်တည်ဖြင့် စောစောကလို ဆံပင် တို့ကို အကြောင်းမရှိ အကြောင်းရှာကာ သပ်တင်နေသည်။

'သူရောက်လာရင် သမီး အဲဒီကလေးကို ဖေဖေ့ဆီ ခေါ်ခဲ့နိုင်မလား သမီး'

ဖေဖေ့အသံက တိုးညင်းလျက် တုန်ခါနေသည်။ မေမေ၊ မမကြီးနှင့် မေငယ်တို့က ခေါင်းကို ဆတ်ခနဲ ထောင်လာကြသည်။

'ဟို သမီးတို့က ဘာမှမှ မဖြစ်ကြသေးတာ. . .'

ဖေဖေ့ သက်ဖူးကို လက်ကာပြသည်။

'သမီးက ဖေဖေ့သမီးပါကွယ် ငယ်ငယ်ကတည်းက ထိန်းသိမ်းစောင့်ရှောက်လာခဲ့တဲ့ တို့ယ့်သမီး၊ ဘယ်လို ခြေလှမ်းတော့မယ်ဆိုတာ ဖေဖေ သိတယ်'

ဖေဖေ့စကားကြောင့် သက်ဖူးခေါင်းကို တွင်တွင်ငုံ့ဖြစ်သည်။ ဖေဖေသည် သူ၏သမီးက မျိုးကျော်မော်ဆိုသည့် ကောင်လေးကို ချစ်နေပြီမှန်း ရိပ်မိသိရှိပြီးဖြစ်သည်။ သူ့အနေဖြင့် ရုပ်ရှင်တွေထဲကလို အရမ်းကြီး တင်းကျပ်ရမည်တို မထိုလားသောကြောင့် သက်ဖူးကို လေပြည်ဖြင့် ပြောဆိုနေခြင်းသာ။ ဒါပေမယ့် တည်ငြိမ်နေသော ဖေဖေ့ရင်ထဲ၌ အပူလုံးတွေကြွနေမည် ဆိုတာကို သက်ဖူးနားလည်ပါသည်။

'ဒီတော့ သမီး လုပ်ရော နှစ်ခုရှိတယ်'

ဖေဖေ စကားကို တစ်ဝက်ဖြတ်ကာ နားသည်။

'ပထမတစ်ခုက သမီးသူ့ကို လုံးဝမတွေ့ဖို့၊ ဒုတိယတစ်ခုက သမီးသူ့ကို တွေ့ပြီး ဖေဖေဆီ ခေါ်ခဲ့ဖို့၊ ဖေဖေက သူ့ကို အကဲခတ် ကြည့်ချင်တယ် သမီး ဒီလောက်ပါပဲ။ ဖေဖေက ဘယ်ကိစ္စကိုမှ အတင်းအကျပ်မလုပ်လာတာ သမီး သိပါတယ်။ သမီးရဲ့ ကောင်လေးကို ဖေဖေ ဘာကြောင့်မှ ပြဿနာရှာမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး'

'မ . . မ ဟုတ်ပါဘူးဖေဖေ သမီးက'

'ဖေဖေ နားလည်ပါတယ်၊ ဒီလိုပါ သမီးအနေနဲ့ သူငယ်ချင်းပုံစံမျိုးနဲ့ အိမ်ကို အလည်ခေါ်ပေါ့'

'ဟုတ် . . . ဟုတ်ကဲ့ပါ ဖေဖေ'

နားလည်ပေးနိုင်လွန်းသော ကိုင်တွယ်တတ်သော ဖေဖေ့ကို သက်ဖူး အလေးစားကြီး လေးစားကာပိုချစ်သွားမိသည်။

မမကြီးနှင့် မမငယ်တတော့ ဘောက်ဆတ်၊ ဘောက်ဆတ်ဖြင့် အခန်းထဲမှ ထထွက်သွားကြသည်။

နောက်ဖေဖေနှင့် မေမေ။ အပေါ်ထပ်ကို တက်သွားကြသည်။

သက်ဖူး ငါးကန်ငယ်လေးဆီသို့ လျှောက်လာမိသည်။ ရွှေငါးလေးများက ပျော်ရွှင်စွာ ကူးခတ်နေကြသည်၊ သူမကရော၊ သေချာတာကတော့ သက်ဖူးရင်၌ လုံးလုံး မငြိမ်းအေးနိုင်သေး။ ကိုမျိုးကျော် ချောချောမောမောနှင့် လှိုင်တော်ကို ရောက်လာပါစေဟု သူမ ဆုတောင်းမိသည်။

ရှင်မောရပါဘိ . . .။

သေချာတာကတော့ ဖေဖေသည် ကိုမျိုးကျော်ထံ၌ တစ်စုံတစ်ရာ မနှစ်မြို့ဖွယ် (သို့) အပြစ်တစ်ခုခု တွေ့ရှိခဲ့သည်နှင့် သက်ဖူးကို တင်းကျပ်စွာ ကိုင်တွယ်တော့မည် ဆိုတာပင်။

သက်ဖူးရင်၌အမျိုးအမည်ခွဲရခက်သောခံစားမှုတို့ဖြင့် ရှုပ်ထွေးလို့ နေသည်။

ဖေဖေသည် လိုက်လျောစရာရှိက သူမတူအောင် လိုက်လျောတတ်တာ၊ တားမြစ်စရာရှိက ဘယ်လိုနည်းနှင့်မျှ တစ်ပတ်မျှပင် လျှော့ပေးမည် ထုံးစံ မရှိခဲ့ဖူး။

ကိုမျိုးကျော်ကရော အသာတကြည်နဲ့ ဖေဖေနဲ့ လိုက်တွေ့ပါ့မလား၊

ရည်းစားပင် မထားရသေး။ ပြေးတွေ့ရသော ပြဿနာပေါင်းစုံတ များလွန်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်စီစဉ် မြောက်စီစဉ်ဖြင့် တောင်ကြီးမှထွက်တော့ နံနက် ၈း၀၀ နာရီတိတိ။

'တဲ ဒွေးမယ်နော် မင်းသမီးရေ၊ သုမနမင်းသားတော့ လိုက်လာပြီဗျို့'

ညီသစ်က ကားမောင်းရင်းက အာဖြဲအာလန်ဖြင့် အော်သည်။ ကားထဲတွင်မတော့ အငဲ၏ 'ဇာတ်တော်ထဲမှာ အလွမ်းဆုံး' သီချင်းကို အထပ်ထပ်ရစ်ကာ ဖွင့်ရင်း မျိုးကျော့်မော်၏ ရင်တိုဆွသည်။

'သတ်ဖူးရေ မင်းအစ်မနှစ်ယောက်အတွက်လည်း ခင်ပွန်းလောင်းတွေခေါ်ခဲ့တယ်'

'ဟော့တောင်၊ ဟော့ကောင် မကောင်းကျောင်းပို့ မလုပ်နဲ့လေ ဘာကောင် လဲကွ'

မျိုးကျော့်မော်၏ အပြောကြောင့် အယ်နိုင်က မျိုးကျော့်မော်ကို တွန်းရင်း မကျေနပ်စကား ဆိုသည်။

'မဆိုးဘူးနော်၊ ဟိုရောက်တော့ မင်းတို့ ကြည့်ကြည့်ပေါ့'

'မဆိုးဘူး ဟုတ်လား၊ မျိုးကျော့်'



www.burmeseclassic.com

www.burmeseclassic.com



'အေး မဆိုးဘူး'

'ဒါဆို မင်းယူလိုက်လေ၊ ခေါင်ထိ အကုန်ရတာပေါ့'

'အာ. . . ..'

ညီသစ်၏ လှည့်ကွက်ဝယ် ဆင်းမိသော သူ့အမှား။ နှစ်ကောင်သား ကတော့ တဟားဟားရယ်ရင်းက သူ့ကို သဘောတကျ ကြည့်သည်။

အောင်ပန်း။

အောင်ပန်းကို ရောက်တော့ ၁၀း၀၀။ ပင်းတယသို့ဟူသော လမ်းခွဲကို ရောက်တော့ သူ့ရင်၌ သက်ဖူးကို ပြင်းပြင်းပြပြ သတိရမိပြန်သည်။

ကလောနှင့် ပင်လောင်း လမ်းခွဲ။ ပင်လောင်းနှင့် လွိုင်ကော်က တစ်လမ်းတည်း။ ညီသစ်နှင့် အယ်နိုင်က နေရာချင်းလဲသည်။ အယ်နိုင်က တစ်လှည့်မောင်းသည်။

'ဟ ကောင်တွေ ငါလည်း ကားမောင်းတတ်ပါတယ်ကွ'

မျိုးကျော်မော်၏ အပြောကြောင့် နှစ်ယောက်သား မျိုးကျော်မော်ကို ပြုံးစိစိဖြင့် ကြည့်သည်။

'မင်းက အိပ်လိုက်စမ်းပါ၊ အားမွေးထား၊ ဟိုရောက်ရင် မင်းလိုက်လာလို့ဆိုပြီးတော့ ဒွေးမယ်နော်လေးက'

'ရင်ဝကို ဆီးကန် ဂုဏ်ပြုလိမ့်မယ်'

'ဟား ဟား ဟား ဟား '

နှစ်ယောက်သား အတိုင်အဖောက်ညီညီဖြင့် မျိုးကျော်မော်ကို ဝိုင်းစတာ တဟားဟားဖြင့် ရယ်နေကြပြန်သည်။

တစ်ခါမှ မရောက်ဖူးသော အရပ်ဒေသကို သွားရန်အတွက် တစ်ကြိမ် မှ မရောက်ဖူးသော သူငယ်ချင်းနှစ်ယောက်ကို သူခေါ်ခဲ့သည်။ တကယ်ဆို လေယာဉ်နဲ့ သွားကြလျှင် ကောင်းသားဟု သူတွေးသည်။ သို့သော် သူ့ရော ညီသစ်တို့ပါ ကားဖြင့် သွားတာကို သဘောကျကြသည်။ တောတောင် ရှုခင်း တွေကို ဓာတ်ပုံရိုက်ရသည်ကိုး။

ပင်လောင်းကို ရောက်တော့ ၁၂း၃၀။ နေ့လယ်စာ စားကြသည်။ ပင် လောင်းမြို့အဝင်မှ ရေကန်နှင့် ပန်ရလှသော စေတီကို ဝင်ဖူးကြသေးသည်။

'ဟာ ငါးတွေ လှလိုက်တာကွာ ကြည့်စမ်း'



www.burmeseclassic.com

www.burmeseclassic.com



ညီသစ်၏ ချတ်တရက် တအံ့တသြအော်သံကြောင့် သူရော အယ်နိုင်ပါ ညီသစ်သတ်ညွှန်ထိုးရာကို ကြည့်မိကြသည်။

ငါးများက လှပစွာ ကန်တွင်း၌ ကူးခတ်နေကြသည်။ ငါးကြင်းရွှေဝါဆိုတာသားမသိ၊

ငါးချစ်သော သူမကို သတိရမိပြန်သည်။ သူမသာဆို ကလေးတစ်ယောက်လို ခုန်ပေါက်နေမည်မှာ မလွဲ။

ပင်လောင်းမှ ထွက်ခဲ့ကြတော့။ ၁ နာရီကျော်ကျော်။ လမ်းမကျွမ်းကျင်သဖြင့် ကားကို အရှိန်လျှော့ကာ မောင်းသည်။

ဖယ်ခုံ၊

ဖယ်ခုံမြို့ကို ဖြတ်သန်းမောင်းစဉ် အယ်နိုင်ကတော့၊ မြင်မြင်သမျှ အပျိုလှ တို့ကို ကားမောင်းရင်းက ငမ်းပြန်သေးသည်။

မိုးဖြူ နာမည်ကျော် မိုးဖြူဆည်ကြီးမှာ သူတို့ အမှတ်တရ ဓာတ်ပုံရိုက်ကြပြန်သည်။ လှပါဘိ။

'အင်း နောက်ဆိုရင် ဒီလမ်းတွေကတော့ ခြေရာထပ်ရချည်သေးရဲ့'

'ဘာဖြစ်လို့လဲ အယ်နိုင်ရ'

'ငါလည်း ကယားသူတစ်ယောက် ရှာမယ်လေ'

'ရနေဦးမယ် မင်းရုပ်ကြီးနဲ့'

ညီသစ်က အယ်နိုင်ကို ကောင်းကောင်းကြီးနှိပ်ကွပ်သည်။

'ဟ ဖူးစာဆိုတာ ပြောလို့ မရဘူးလေ'

အယ်နိုင်ကလည်း ခေသူမဟုတ် . . အတွန့်တက်ဖြစ်အောင်တတ်သည်၊

'အေးလေ ပြောလို့ မရလို့လေ၊ မပြောနဲ့ပေါ့ မင်းကို ဘယ်ကယားသူကမှ ကြိုက်မှာ မဟုတ်ဘူး'

'ဘာဖြစ်လို့'

'ငါပါနေလို့ပေါ့ကွ၊ မင်းက လမင်းကြီးဘေးက အရံကြယ်သဖွယ် မှိန်ပျောက်ကွယ်နေတာကိုးကွ'

'ခွေးကောင်'

ညီသစ်နှင့် အယ်နိုင်က တစ်ယောက်ကို တစ်ယောက် ပျော်ပျော်ရွှင်



www.burmeseclassic.com

www.burmeseclassic.com



ရှင်စနေသလောက် မျိုးကျော်မော် တစ်ယောက်ကတော့ ရင်၌ ဗလောင်ဆူနေသည်။ အဆင်မှ ပြေပါ့မလားဟူသော အတွေးက ဝင်ဝင်လာနေသည်တိုး။

သူငယ်ချင်းဆီကိုတော့ ဖုန်းကြိုဆက်ထားသည်။ လာမည်ဆိုသည့်အကြောင်း၊ မြန်းဒိုင်းကြီးမို့ သူငယ်ချင်းကတောင် အံ့ဩနေသေးသည်။ သို့သော် လူအေးတစ်ယောက်မို့ ဘာကိစ္စ လာမှာလဲ ဘာ. . ညာ. . မမေး 'အေး. . လာခဲ့' ဟုသာ လိုက်လိုက်လွဲလွဲ ဆိုခဲ့သည်။

ကဲ. . . လှိုင်ကော် ရောက်ပါပြီတဲ့။ သူမကို သွားတွေ့ဖို့ရာ . . မည်ကဲ့သို့ စီစဉ်ရပါမည်လဲ။ မနေ့ညက ဖုန်းဆက်နေတုန်း ဖုန်းပလပ်ဆွဲဖြုတ်တာသာ မှန်ခဲ့ပါမူ ပယောဂတစ်စုံတစ်ရာကတော့ စောင့်ကြိုနေမှာမလွဲ။ သူလာမှာကို ကိုလင်းဆောင်ဆိုသော ငတိကြီးက သိနှင့်နေနိုင်သည်။ နောက် သူမ၏ အစ်မ နှစ်ယောက်။ ဘာတွေက ဘယ်လို ရှိနေမယ်မှန်းမသိ။

မတတ်နိုင်။ လာမည့်ဘေး ပြေးတွေ့လိုက်တာပဲ ကောင်းသည်။ သူကိုယ်သူလည်း အံ့ဩလို့ မဆုံးနိုင်။ ဒီလောက် မြန်မြန်ဆန်ဆန်ကြီး လိုက်မိလိမ့်မည်ဟု ဘယ်တုန်းကမှ တွေးမကြည့်ခဲ့ဖူး။ အချစ်၏ ဆွဲအားက ရှိရှိသမျှ ဆွဲအားတို့တွင် အားအကြီးဆုံး ဖြစ်မည် ထင်သည်။

လယ်ကွင်းပြင်ကျယ်ကြီးက ရှုမဆုံးနိုင်၊ ရှုမဝနိုင်လောက်အောင် လှပလွန်းသည်။ ကယားပြည်ထဲကို သူရောက်နေလေပြီ။ ရင်ခုန်နှုန်းက တစ်စထက်တစ်စ မြန်လို့လာသည်။

လှိုင်ကော်။ ကယားပြည်နယ်၏ မြို့တော်။ နာမည်ကျော် ကယားခေါင်ရည်နှင့် ကယားဝက်အူချောင်းအကြောင်းကို ညီသစ်နှင့် အယ်နိုင်တို့က အားပါးတရ ဆိုနေကြသည်။

'ကယားခေါင်ရည်ရယ် ကယားဝက်အူချောင်းရယ်၊ မတွေ့ရတာကြာပြီ. . ဟိုး'

'ငတ်နေတာ ကြာပြီပြောပါ အယ်နိုင်ရာ'

နှစ်ကောင်သား ပျော်နေသလောက် မျိုးကျော်မော် ရင်ထဲမှာ အပူကြီး ဝှလို့နေသည်။

ဝင်လာပါပြီ။ လှိုင်ကော်မြို့ကြီးထဲကို။ တစ်နေရာအရောက် ဘောင်းစိမ်းဖြင့် ဆရာတစ်ယောက်ကို သူ မြင်လိုက်သည်။ ရင်းနှီးနေသော တန်

www.burmeseclassic.com



ကောင်းလှိုင်။

'ဟေ့ကောင် ညီသစ် ရပ်.. ရပ်...'

'အာ ဘာလဲကွ အလန့်တကြားနဲ့'

'ဟိုမှာ တောင်းလှိုင် စောင့်နေတယ်'

'ဘယ်မှာလဲ...'

'ဟိုမှာလေကွာ.. အဖြူ အစိမ်းနဲ့'

ငါးလှမ်းစာမျှ ကျော်သွားပြီးတော့မှ ကားကို 'ကျွိ'ခနဲ ရပ်သည်။ ကားရပ်သွားရာကို ကောင်းလှိုင်က ဇဝေဇဝါကြည့်သည်။ သူတို့ သုံးယောက် ပြောင်စပ်စပ်ဖြင့် ဆင်းလာကြတော့မှ သကောင့်သားက ဝမ်းသာအားရ လက်ကို မြှောက်သည်။

'ငါ စောင့်နေတာ ကြာပြီကွ...'

ဝမ်းသာအားရဖြင့် ထိုသို့ဆိုသည်။ တစ်ယောက်လက်မောင်းအုံကို တစ်ယောက် ခပ်ဖွဖွထိုးရင်းဖြင့် နှုတ်ဆက်ကြသည်။

'ဘာလဲ မင်းတို့ ငါ့ကို မနှိပ်စက်ရတာ ကြာပြီမို့ လိုက်လာကြတာလား'

'ဘယ်တလာ ...ဟိုကောင် အယ်နိုင်ကို လာပို့တာ မင်းဆီမှာ တစ်နှစ်လောက် ခေါ်ထားပေးစမ်းပါ'

'ဘာလို့လဲ ညီသစ်'

'ဒီကောင်လေ တောင်ကြီးမှာ ကလေးတစ်ယောက်အမေနဲ့တစ်ခုလပ်ဖြစ်နေလို့၊ အဲဒါတားလို့ မရဘူးကိုယ့်ဆရာရေ၊ ဒါနဲ့ပဲ ငါနဲ့ မျိုးကျော်မော်ဇွတ်ခေါ်ပြီး မင်းဆီကို ဆိုင်းမဆင့် ဗုံမဆင့် လာခဲ့တာ'

ညီသစ်စကားကြောင့် ကောင်းလှိုင်က မျက်လုံးကြီးပြူးကာ အယ်နိုင်ကို ကြည့်သည်။ အယ်နိုင်ကတော့ တဟားဟား ရယ်နေသော ညီသစ်ကို လှမ်းကန်သည်။

ဒီတော့မှ ကောင်းလှိုင်သဘောပေါက်တော့သည်။ မပျော်နိုင် မရယ်နိုင် ဖြစ်သော မျိုးကျော်မော်ကတော့ တောင်ကြည့်မြောက်ကြည့်နှင့် ဂနာမငြိမ် ဖြစ်လို့နေသည်။

'ကဲ လာ တက် မင်းနေတဲ့နေရာကို မောင်း'

www.burmeseclassic.com

www.burmeseclassic.com



ညီသစ်က ကောင်းလှိုင်ကို ကားသော့ပေးရင်းက ဆိုသည်။ အားလုံး ကားပေါ်တက်ကြသည်။ ကောင်းလှိုင်က ကားကို ဖြည်းညင်းစွာ မောင်းရင်း 'အဲဒါ ဘီလူးချောင်းလေ' ဟု ချောင်းတစ်ခုကို လှမ်းပြသည်။

'မင်းက အိမ်ငှားနေတာလား'

'မဟုတ်ဘူး၊ ငါ့အဒေါ်လေ၊ တောင်ကြီးက အန်တီဝင်းလေ မင်းတို့ သိပါတယ်'

'ဩော် အေး အေး သိတယ်၊ သိတယ်'

'အေး သူ့အိမ်ပေါ့၊ သူက တောင်ကြီးမှာဆိုတော့ ဒီအိမ်အားနေတာနဲ့ ဒီမှာပဲ ငါနေတာ ငါတစ်ယောက်တည်း'

မုန့်ဖိုးပြတ်ရင် သူတို့အားလုံး သွားနှိပ်စက်နေကျ အန်တီဝင်း၏အိမ် လှိုင်ကော်မှာ ရှိနေတာကို သူတို့ မေ့နေကြသည်။

အုန်းပင်များ စီရီစွာ ပေါက်နေသော ရပ်ကွက်တစ်ခု၏ တစ်ထပ် တိုက်အိမ်ရှေ့မှာ ကောင်းလှိုင်က ကားကိုရပ်သည်။

'ဒီအိမ်ပဲ ခဏလေး ငါ ဝင်းတံခါးဖွင့်လိုက်ဦးမယ်'

ပြောလည်းပြော ဆင်းလည်းဆင်းဖြင့် ကောင်းလှိုင်က ကားပေါ်မှ ဆင်းကာ အိမ်ဝင်းတံခါးကို ဖွင့်သည်။ ပြီးနောက် ကားပေါ်ပြန်ထိုင်ကာ ကားကို အိမ်ရှေ့သို့ မောင်းကာ စက်သတ်လိုက်သည်။

'ကဲ မင်းတို့ အထုပ်အပိုးတွေချ'

ကောင်းလှိုင်က အိမ်တံခါးကို ဖွင့်သည်။ ကျောင်းဆရာ ပီပီ စည်းစနစ်ကောင်းသဖြင့် အိမ်တွင်းအိမ်ပြင် သန့်ရှင်းလျက်။

'ကောင်းလှိုင် မင်းတစ်ယောက်တည်း မပျင်းဘူးလား'

အယ်နိုင်က အိမ်တွင်းကို ကြည့်ရင်းက ဆိုသည်။

'ဒီလိုပဲပေါ့ကွာ. . .'

'ဒီလိုပဲ လုပ်မနေနဲ့ အဖော်လေး ဘာလေးရှာလေ၊ ဆရာမလေးပဲ ဖြစ်ဖြစ် . . ဘာပဲဖြစ်ဖြစ် ရတာလေး ချစ်ပြီးတော့ နေမှပေါ့၊ တော်ကြာ တစ်ယောက်တည်းနေတာများလို့ ဇောက်နေဦးမယ်'

ညီသစ်က ဆရာကြီးလေသံဖြင့် ဆိုသည်။ ကောင်းလှိုင်ကတော့ တဟဲဟဲဖြင့် ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ထဲ ဒီအခန်းမှာပဲ ခုတင်ထပ်ထည့်ပြီး ငါတို့လေးယောက် အတူတူ အိပ်ရအောင်'

'အေး ကောင်းတယ်'

တောင်းလှိုင်၏ အဆိုကို အယ်နိုင်က ထောက်ခံသည်။

'တောင်းလှိုင် မင်း ဒီလိပ်စာသိလား'

မျိုးကျော်မော်က အပူတို မအောင့်နိုင်သူမို့ လိပ်စာကတ်လေးကို တောင်း လှိုင်ဆီ ထိုးပေးသည်။

တောင်းလှိုင်က လိပ်စာကတ်ကို သေချာစွာ ကြည့်သည်။ ထို့နောက် ခေါင်းစားယမ်းပြသည်၊

'အေး သွားရင်တော့ ရမှာပါ'

'ဟာ ဖုန်းရှိတာ မမြင်မိဘူး'

မျိုးကျော်မော်က ညည့်ခန်းထောင့်မှ ဖုန်းကိုမြင်တော့ ဝမ်းသာအားရဖြင့် ထအော်သည်၊ ထို့နောက် ဖုန်းဆီ ခပ်သွက်သွက် လျှောက်သွားသည်၊ လိပ်စာကတ်လေးကို ထုတ်ယူကာ ထိုကတ်မှ ဖုန်းနံပါတ်ကို နှိပ်သည်။

'တူ . . တူ '

'ဟဲလို'

မျိုးကျော်မောင် တောင့်တောင့်ကြီး ဖြစ်သွားရသည်။ တစ်ဖက်မှ ဖုန်းကိုင်သူက ယောကျ်ားကြီးတစ်ယောက် ။

'ဟဲလို ဘယ်သူနဲ့ ပြောချင်လို့ပါလဲ'

တစ်ဖက်မှလူက အလိုက်တသိဖြင့် မေးသည်။

'ဩော်ဟုတ်ကဲ့ ကျွန်တော် သက်ဖူးနော်နဲ့ တွေ့ချင်လို့ပါခင်ဗျာ'

'ခဏလေး'

ခဏလေး ဆိုပေမယ့် တော်တော်လေး ကြာသည်။ မျိုးကျော်မောင်၏ စိတ်ထဲမှာ နှစ်သန်းပေါင်းများစွာကို ထိုင်စောင့်ရသလိုဖြစ်လို့နေသည်။

'ဟဲလို. . .'

မျိုးကျော်မော် ရင်ခုန်နှုန်းက အမြင့်မားဆုံး အနေအထားသို့ ရောက်ရှိသွားသည့်တိုင် တိုးညင်းလှသော သူမ၏ အသံ။

'သက်ဖူး . . ကိုယ်လှိုင်ကော် ရောက်နေပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်လား. . .'

မျိုးကျော်မောင် အောင့်သက်သက်ကြီး ဖြစ်လို့သွားသည်။ ဘယ့်နှယ် ကိုယ်က အလောတကြီး အားပါးတရ ဝမ်းသာအားရ ပြောသည်ကို သူ့ခေတာ 'ဟုတ်လား' တဲ့။

သူ့ရင်ဘတ်၌ တစ်မျိုးကြီး ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်လား. . .'

သူမ ဒီစကားလေးနှစ်လုံးကို ပင်ပန်းခဲယဉ်းစွာ ပြောလိုက်ရသည်။ ကိုမျိုးကျော်သည် သူမတို့ဘက်မှ ဖုန်း Speaker ဖွင့်ထားတာကို သိမှ သိပါလေစ၊ ထို့ပြင် ထိုဖုန်းကို နားထောင်နေသူ ငါးဦးတိတိရှိနေတာကိုရော။ သူမ ငိုချင်သလိုလိုကြီး ဖြစ်လို့နေသည်။ သူမကို ဖေဖေ၊ မေမေနှင့် အစ်မနှစ်ယောက်စလုံး မျက်လုံးဒေါက်ထောက်ကြည့်နေသည်လေ။

အစပိုင်းတုန်းကတော့ ဖေဖေက သူမကို အချိုသတ်ကာ 'ကိုမျိုးကျော်ကို အိမ်ခေါ်လည်ပေါ့'ဟု ပေါ့ပေါ့ပါးပါးဆိုခဲ့ပြီး အခုတော့ ဖုန်းဆက်သည်ကိုဝင်ဘေးမှ စောင့်ကြည့်လို့နေသည်။ ဒီလောက်ဆို ရှေ့ကိုကြုံတွေး၍ ရနေပေပြီ။

'သက်ဖူး နေမကောင်းဘူးလား ဟင်'

သူ့ဘက်မှ စိုးရိမ်တကြီးမေးသံ။ သက်ဖူးရှိုက်ချင်စိတ်ကို အောင့်လို့ထားရသည်။

'သက်ဖူး. . . ဟဲလို'

'ကောင်းပါတယ်. . . .'



www.burmeseclassic.com

www.burmeseclassic.com



အသံကို ထိန်းရင်း သက်ဖူး ဖြေလိုက်သည်။

'အရမ်းချစ်တာပဲ သက်ဖူးရာ. . . .'

ခံစားချက်အပြည့်ဖြင့် ပြောသော ကိုမျိုးကျော်၏ အသံသြထ Speaker ထဲမှ ထွက်ပေါ်လာသည်။ သက်ဖူးမျက်နှာကို မီးတပ်ခံရသလို ဝူခနဲ ဖြစ်သွားရသည်။

ဘေးမှာထိုင်ကာ ဖုန်းထဲမှ အသံကို အာရုံစိုက်နားထောင်နေသော ဖေဖေ့မျက်နှာက နီခနဲ ဖြစ်လို့သွားသည်။ မေမေကတော့ မကြားလိုက်သလို။ ဒါပေမယ့် မေ့မေ့မျက်နှာလည်း ပန်းရောင် ခပ်သန်းသန်း။ မကြီးနှင့် မငယ်ကတော့ တစ်ယောက်ကို တစ်ယောက်ကြည့်ကြသည်။ သက်ဖူး သူ့ကို စကားဆက်ပြောခွင့်ပေးလို့ မသင့်။ စကားလုံးတွေက ဒီထက်. . . .

'ကို . . ကိုမျိုးကျော်. . .'

'ပြော သက်ဖူး. . .'

'ဟို မနက်ဖြန် အိမ်ကို လာလည်ပါလား။ ဟိုဒင်း. . . . ရှစ်နာရီလောက်ပေါ့'

ဖေဖေ လက်ရှစ်ချောင်း ထောင်ပြတာကို ကြည့်ရင်းက သက်ဖူးပြောလိုက်ခြင်းဖြစ်သည်။

'ဟာ . . . ကိုယ်မျက်နှာပူတယ် သက်ဖူးရ. . ဟို သက်ဖူးရဲ့ ဖေဖေနဲ့မေမေက ရှိနေမှာ မဟုတ်လား. . ပြီးတော့ ဟို. . သက်ဖူးရဲ့ အစ်မနှစ်ယောက်၊ နောက်ပြီး ကိုလင်းဆောင်. . အာ . . ဖြစ်မယ် မထင်ဘူးနော်။ သက်ဖူး အပြင်ထွက်ခဲ့ပါလား'

သက်ဖူး အသက်ရှူရန်ကိုပင် မေ့လို့သွားသည်။ ဒုတ္ခ ထထော့ ဒုက္ခ။ ဖေဖေက 'စုန်း'ခနဲ ထသည်။ မေမေက နောက်က ဆွဲထားသည်။

'သက်ဖူး ဘာသံတွေလဲ. . .'

'ဟို ဘာမှ မဟုတ်ပါဘူး'

'ဩော် . . . ဘာမှမဟုတ်ဘူးလား၊ ဒါဆို သက်ဖူးကို အရမ်းချစ်တယ်တွ'

သက်ဖူး သေချင်သွားမိသည်။ မဆီမဆိုင် ပြောလိုက်မိ၍ ကြည့်ရှုနောက်၌ ကြောက်လန့်စိတ်က ကြီးစိုးနေသည်။ တော်ပါတော့ တိုတြတ်တူရွှေ



www.burmeseclassic.com

www.burmeseclassic.com



[illegible] ...တိုက်တော့တူ မျက်စပစ်ပြသည်။

'ဟီး.. တိုရှိုးတော့်. . . ဒါပဲနော်'

'နေဦး သက်ဖူး. . .'

'ရှင်'

သက်ဖူး ဖုန်းတို ချရင်း သက်ပြင်းကိုပါ ရှောချမိသည်။

'အမကြီး မင်းသမီးကို ကြည့်ထား၊ ဘယ်မှ ပေးမထွက်နဲ့'

ဖေဖေ့အသံ တ ညှော်ခန်းထဲမှ ဟိန်းထွက်လို့လာသည်။ မေမေက ဆောင်နနစွင့် ခေါင်းတို ညိတ်သည်။

'အကြီးမနဲ့ အငယ်မလည်း ကြည့်ထားကြ၊ ကြားလား'

မမကြီးနှင့် မမငယ်ကခေါင်းကို သွက်သွက်ညိတ်ကြသည်။

'တူ. . . တူ. . .'

ဖုန်းက မြည်လာသည်။

'သမီးကြီး သွား အပေါ်ထပ်က ဖုန်းပလပ်ကို ဆွဲဖြုတ်လိုက်'

'ဟုတ်ကဲ့'

မမကြီးက တမ္ဘာ့ချန်ပီယံ အပြေးမယ်တစ်ယောက်လို သွက်လက်စွာ အိမ်အပေါ်ထပ်တို ပြေးတက်သွားသည်။

ဖုန်းက မြည်နေဆဲ။

'တူ. . . တူ. . .'

'. . . . . . . . . . . .'

အသံပျောက်သွားသည်။ သက်ဖူးနော် ထိုင်နေရာမှ မထဖြစ်သေး။ ပြောင်းလဲမြန်လွန်းသော ဖေဖေ့ကို အံ့ဩနေမိသည်။ တစ်ယောက်ယောက်က အစီအပြင် ချောက်ချထားပြီဆိုတာကို သက်ဖူး သိပါသည်။ သို့သော် ဘယ်သူ တို့မှလည်း အပြစ်မတင်ချင်တော့။ သက်ပြင်းကိုသာ. . .



www.burmeseclassic.com

www.burmeseclassic.com



သက်ဖူးက ချစ်ပါသည်ဟု အတိအလင်း မပြောသေးသော်လည်း သူတို့နှစ်ဦး တစ်ယောက်ကိုတစ်ယောက် ချစ်သူတို့၏ ဘာသာစကားဖြင့် တစ်ဦးအပေါ်တစ်ဦး နားလည်ပြီးဖြစ်သည်။

'ဒါဆို မင်း မနက်ဖြန် သက်ဖူးနော်တို့ အိမ်ကို သွားမယ်ဆိုပါတော့'

'ဒါပေါ့'

'ငါတို့ လိုက်ခဲ့ရဦးမလား'

'ရတယ် ငါတစ်ယောက်တည်းပဲ သွားမယ်၊ ကောင်းလှိုင်တ ငါ့တို့ သူတို့ အိမ် လမ်းထိပ်အထိ လိုက်ပို့ပေး။ ငါ့အထင် အခြေအနေ သိပ်မကောင်းလောက်ဘူး၊ ဒါပေမယ့် ငါဖြစ်အောင်ကို သွားမယ်'

'ဒါပဲပေါ့ကွ'

မျိုးကျော်မော်၏ စကားအဆုံး အားလုံးက ထောက်ခံကြသည်၊ မနက်ဖြန်။

နံနက် ၈း၀၀ နာရီတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီကနေသွား သုံးအိမ်မြောက် အိမ်အစိမ်းနုရောင်လေးတွေ့လား၊ အဲဒီ [illegible]

'မင်းတို့ တိုလတ်ဖက်ရည်ဆိုင်ကပဲ စောင့်ကွာ'

'အေး အိုကေပါစေကွာ'

ညီသစ်၊ အယ်နိုင်နှင့် ကောင်းလှိုင်တို့က ကားပေါ်က ဆင်းကြသည်။ သူက ကားကို ဖြည်းညင်းစွာ မောင်းထွက်သည်။ ကားစက်သံ ညင်သာနေသလောက် သူ့ရင်ခုန်သံကတော့ မီးတောင်ပေါက်ကွဲသလိုမျိုး ပူပြင်းကျယ်လောင်လို့နေသည်။

ဝင်းတံခါးက ကြိုတင်ဖွင့်လို့ထားသည်။ အိမ်ထဲ၌ မည်သည့် အရိပ်အယောင်ကိုမျှမမြင်ရ။ အိမ်ရှေ့ကားကိုရပ်လိုက်ရင်း ကားပေါ်မှသူဆင်းသည်။

'လာ လာ သား. . .'

သူ့အထင် သက်ဖူးတို့အမေ ဖြစ်မည်ထင်သည်။ သက်ဖူးနှင့် မျက်နှာဆင်သော ချောမောသည့် အဒေါ်ကြီးတစ်ယောက်က သူ့ကို တိုးညင်းစွာ ခေါ်သည်။

ဧည့်ခန်းထဲကို ရောက်တော့ မျက်မှန်တပ်ဆင်ထားသော ခပ်ခန့်ခန့်လူတစ်ဦးတည်းသာ ရှိသည်။

'ထိုင် . . သား'

အမျိုးသမီးကြီးက ရပ်နေသေးသော သူ့ကို ထိုင်ရန်ဆိုသည်။

မျိုးကျော်မော်၏စိတ်တို့ ရှုပ်ထွေးသွားရသည်။ သက်ဖူးရော။ သက်ဖူးက အိမ်အလည်ခေါ်ပြီးကာမှ ဘယ်သို့ သွားပါသနည်း။ သို့တည်းမဟုတ် . . မလာဟု ထင်နေသလော။ သူလာတာကို မသိသေး၍လော။ သူ အပေါ်ထပ်ရှိရာဘက်နှင့် ပတ်ဝန်းကျင်ကို အကဲခတ်မိသည်။

'အဟမ်း မင်းက မျိုးကျော်မော်ပေါ့'

ရှေ့တည့်တည့်မှ မျက်လုံးတို့ကို မေးစင်းလျက် မေးခွန်းထုတ်သော သူ့ကို နည်းနည်းတော့ တင်းသွားမိသည်။ သို့သော် သူ မရိုင်းတတ်ပါ။

'ဟုတ်ကဲ့ပါ အန်ကယ်'

သက်ဖူးနေ၏ ဖခင်ဆိုတာကို သူသိလိုက်သည်။

'မင်း တော်တော် ငယ်သေးတာပဲ အသက်ဘယ်လောက်ရှိပြီလဲ'



www.burmeseclassic.com

www.burmeseclassic.com



‘နှစ်ဆယ့်တစ်နှစ်ကျော်ပါပြီ ဦး’

‘ငယ်သေးတာပဲ’

‘ခင်ဗျာ’

‘မင်း တော်တော်ငယ်သေးတာပေါ့လို့ ပြောတာ’

မျိုးကျော်မော်ကတော့ ‘လာမိတာမှားပြီ’ ဟု စိတ်မှာတွေးမိသည်။ သက်ဖူးကလည်း အိမ်အလည်ခေါ်စဉ်က နာရီဖြင့် အတိအကျခေါ်ပြီး ညှိ့သည် လာတော့မရှိ။ ဘယ်ကို သဝေထိုးနေသည် မသိ။

‘ဦးကတော့ စကားကို တိုတိုနဲ့ ရှင်းရှင်းပဲ ပြောတတ်တယ်။ ဒီတော့ မင်းကို ရှင်းရှင်းပဲ ပြောလိုက်မယ်။ မင်း သက်ဖူးဆီ တကူးတကလာတယ်ဆိုရင်တော့ မင်းပြန်ပါ’

‘ခင်ဗျာ’

‘သူ့အစ်မတွေတောင် ရည်းစားမထားသေးဘဲနဲ့ သက်ဖူးရည်းစားထားမှာကို ဦး မလိုချင်ဘူး’

မျိုးကျော်မော် သက်ဖူးတို့ အဖေကို နည်းနည်းတော့ ချဉ်သွားမိသည်။ ဘယ့်နှယ် သက်ဖူးရဲ့ ရည်းစားထားဖို့ရာအတွက် သူ့သမီးကြီး (ဂေါ်မစွံ) နှစ်ယောက်ကို စွံအောင်လုပ်ပေးရမည့်အတိုင်း။

‘မင်းနဲ့ ငါ့သမီးနဲ့လည်း ရည်းစားမှ မဖြစ်ကြသေးတာ၊ ဒီလို နောက်ဆုတ်သာသေးတဲ့အချိန်မှာ နောက်ဆုတ်လိုက်တာပဲ ကောင်းပါတယ်။ စိတ်ထားတတ်တဲ့အရွယ်လွန်ရင် မင်းတို့ ဦးရဲ့ စေတနာကို သဘောပေါက်လာကြမှာပါ’

‘စေတနာ’ တဲ့။ ‘ဘာစေတနာလဲ’ ဟု မျိုးကျော်မော် ပြန်အော်ဝစ်ချင်နေသည်။ သို့သော် သူသည် မိကောင်းဖခင် သားသမီးဖြစ်သည်။ သူ ဒီမှာထိုင်ပြီး ဘာဆက်လုပ်နေရမည်နည်း။ သက်ဖူးတို့၏ ဖေဖေဆိုသော ခွတ္တုတ္တုလူနှင့် ဤသို့ စိတ်ပျက်ဖွယ် စကားမျိုးတို့ကို ပြောနေ နားထောင်နေရပါမည်လော။

‘ကျွန်တော် ပြန်လိုက်ပါဦးမယ်’

မျိုးကျော်မော် ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာ ချလိုက်ရင်းထရပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အေး ငါ့သမီးတို့တော့ ဒီလို နှစ်ဆယ်ကျော်လေးပဲ ရှိသေးချိန်မှာ [illegible] ပေးထားချင်တဲ့ ငါ့အတ္တကတော့ ပြောင်းမှာ မဟုတ်ဘူး၊ [illegible]ဆိုတာတို့တော့ မင်းခေါင်းထဲမှာ ထည့်သွားပေါ့'

မိုးကျော်မော် တစ်ကိုယ်လုံး တောင့်တင်းသွားရသည်။ လိုတာထက်ပိုတာ ပြောသော လူကြီး။

'ဟုတ်ကဲ့ပါ အန်ကယ်၊ ကျွန်တော့်အနေနဲ့ လိုချင်တယ်ဆိုရင် ဦးသမီးထက်သာတာတွေ ကျွန်တော့်ဘေးမှာ ဝိုင်းနေတာပါ'

'ဘာ တွ '

'တော်တန်ရုံ ချစ်တာလောက်ဆိုရင် ဒီလွှိုင်ကော်ထိ ကျွန်တော်လိုက်မလာပါဘူး၊ ပြီးတော့ ကျွန်တော်က ငယ်ငယ်လေးကတည်းက လိုချင်တာဆို ရအောင်ကို ယူတတ်တယ်။ သွားခွင့်ပြုပါဦး'

အမြန်ပြောပြီး ချာခနဲ လှည့်ထွက်ခဲ့သည်။ နောက်မှ တောက်ခက်သံကို သူကြားလိုက်ရသည်။ 'ဝုန်း' ခနဲ တစ်ခုခုကို ကန်လိုက်သံကိုလည်း သူကြားသည်။ မတတ်နိုင်။ အတတ်နိုင်ဆုံး ခေါင်းငုံ့ထားပါလျက်နှင့် သူ့ကို လိုတာထက် ပိုပြောသည်။ ဒါမျိုးတော့ သူ့ရာဇဝင်မှာမရ။

သက်ဖူးကိုတော့ အားနာပါသည်။ သို့သော် အရာရာက သူမျှော်လင့်ထားသလို ဖြစ်မလာခဲ့။

ကားပေါ်ကို တက်ကာ ကားကို ခပ်ကြမ်းကြမ်းမောင်းထွက်ခဲ့သည်။

' ဟင် . . . '

ဒရိုင်ဘာ ဘေးလွတ်နေသော နေရာမှ စာအိတ်ဖြူလေးကြောင့် သူ့အာမေဋိတ်သံ ထွက်သွားရသည်။ သူလာစဉ်က ထိုစာအိတ်လေးမပါ။

စာအိတ်ပေါ်မှာ ကိုမျိုးကျော်ဟု သပ်ရပ်သော လက်ရေးလေး။ ကိုမျိုးကျော်ဟု ခေါ်တာ ကမ္ဘာပေါ်မှာ သက်ဖူးတစ်ယောက်တည်းသာ ရှိသည်။

သူ ကားကို လမ်းဘေးသို့ ချကာရပ်လိုက်သည်။ စာအိတ်ကို ဖောက်ကာအတွင်းမှစာကို အမြန်ဖတ်သည်။ သူ့ရင်တို့က အထိန်းအကွပ်မဲ့ခုန်သည်။

*ကိုမျိုးကျော်*

*သက်ဖူးလည်း ကိုမျိုးကျော်ကို ချစ်ပါတယ်။ လောလောဆယ် အဖေတို့တွေ[illegible]*



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ ဒီတော့ ကိုမျိုးကျော် တောင်ကြီးကိုအေးအေးဆေးဆေးပဲ ပြန်ပါ။ ဒီနေ့ကစပြီး ဆယ့်ငါးရက် တိတိ ပြည့်တဲ့နေ့ ညနေကျရင် ဖုန်းဆက်လိုက်ပါ။ မိန်းကလေးတစ်ယောက်ယောက်နဲ့ ခေါ်ခိုင်းဖို့လည်း မမေ့နဲ့ဦး။ အဲဒီအချိန်ကျရင် ထေထေတို့ မေ့လောက်ပြီဆိုပေမယ့် ပေါ့ လို့မရဘူးလေ။

ဘယ်ဘဝရေစက်လဲ မသိဘူး…သက်ဖူး ကိုမျိုးကျော်ကို အရမ်းချစ်တယ် … သိလား။

ကျေးနပ်တော့နော်

သက်ဖူးနော်

စာကိုအထပ်ထပ်အခါခါဖတ်ရင်း သူအနည်းငယ်တော့ နှစ်သိမ့်ဖြေသာလို့ရသွားသည်။

ဒါပဲပေါ့။ အခုလို သွေးပူချိန်မှာဘာပဲလုပ်လုပ် အဆင်ပြေမည်မဟုတ်။ ဒီတော့ မေ့မေ့ပျောက်ပျောက် ရှိလောက်မှ ပြန်ဆက်သွယ်တာပဲ ကောင်းမည်။ သက်ဖူး၏ အကြံက အဓိပ္ပာယ်ရှိသည်လေ။

လက်ဖက်ရည်ဆိုင်မှာ ထိုင်နေသော သကောင့်သား သုံးယောက်က တားထိုးရပ်သော သူ့ကို 'ဘယ်လိုလဲ' ဟူသော သဘောဖြင့် မေးဆတ်သည်။

သူ လက်မထောင်ပြရမည်လား။ အောက်စိုက်ပြလိုက်ရမည်လား မသိ။ ထို့ကြောင့် ဘယ်ဘက်လက်မကို အောက်ဆိုက်ပြကာ၊ ညာဘက်လက်မ ကိုထောင်ပြလိုက်သည်။

သကောင့်သား သုံးယောက်ကတော့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ ခေါင်းကိုကုတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ နှစ်ညအိပ်ပြီး နှိပ်စက်လိုက်ရတဲ့အတွက် Thank You ဝဲ သူငယ်ချင်း'

'ရပါတယ်ကွာ'

'ဟေ့ကောင် ကောင်းလှိုင် တောင်ကြီးတန်ဆောင်တိုင် ကျောင်းပိတ်ရင် ပြန်လာခဲ့နော်'

'အေးပါကွ'

'ငါ့အတွက် ဆရာမ ငယ်ငယ် ချောချောလေး ရှာထားပေးဖို့လည်း မမေ့နဲ့ဦး'

'အေး . . အာ . . ခွေးကောင်'

'ကဲ သွားပြီဟေ့'

မျိုးကျော်မော်၊ ညီသစ် အယ်နိုင်တို့ပြန်သွားသော ကားလေးကို ကြည့်ကာ ကောင်းလှိုင် လက်ပြကျန်ရစ်သည်။

အဲ. . . ကောင်းလှိုင်၏ နောက်မှာတော့ သူတို့အားလုံးတို့ ချောင်းကာကြည့်နေသော လူတစ်ယောက်ရှိသည်။ ထိုလူကား . . . . . တိုလင်းဆောင်. . . .



www.burmeseclassic.com

www.burmeseclassic.com



'သေချာရဲ့လား မောင်လင်းဆောင်'

'ကျွန်တော့်မျက်စိနဲ့လည်း သေသေချာချာကို မြင်လိုက်တယ်။ ပျော်ပျော်ပါးပါးပဲ ပြန်သွားကြတယ်။ သေချာအောင် ကျွန်တော်မြို့အထွက်အထိ လိုက်ကြည့်တယ်'

ကိုလင်းဆောင်က သက်ဖူးကို တစ်ချက်ကြည့်ရင်းဆိုသည်။ မမကြီးနှင့် မမငယ်ကတော့ ဖေဖေဘာပြောဦးမည်နည်းဟု ကြည့်လို့နေသည်။

မေမေကတော့ သက်ဖူးကို ခပ်ဖွဖွဖက်လို့ထားသည်။ သက်ဖူးတာ တော့အိမ်မှ ထမင်းချက်၊ အဝတ်လျှော်ပေးသော မမြအေးကို ပြုးပြုံနေသည်။

မနေ့က ကိုမျိုးကျော်ကားထဲသို့ သူမ၏စာကို ကြောက်ကြောက်ဖြင့် အားလုံးအလစ်မှာ သွားပစ်ထည့်ခဲ့ပေးသော ကျေးဇူးရှင်။ နောက်ရက်များမှ ထဘီလေး ဘာလေး ပေးလိုက်ဦးမည်။

'ကြားလား အငယ်မ'

'ရှင်'

'ဟိုကောင်တွေ ဘာကူလီကူမာ လုပ်ဦးမယ် မသိဘူး၊ ဒီရက်ပိုင်း အတွင်းမှာ ဘယ်ကိုမှ ဖုန်းမဆက်ရဘူး၊ ဘယ်မှ မသွားရဘူး'

'ဟုတ်'



www.burmeseclassic.com

www.burmeseclassic.com



ဘတ်ဘူး ရှုတ်နှာငယ်လေးဖြင့် ခေါင်းညိတ်ပြလိုက်သည်။ စိတ်ထဲတွင် [illegible]ကြီး ပျော်လျက်။ ကိုယ့်ပီတိနှင့် ကိုယ်။

ခေခေသည် စီးပွားရေးသမားမို့ ဖုန်းပလပ်ကို ရက်ကြာကြာ မြှုပ်ထား မည်မတုတ်။ ပြန်တပ်မည်သာ။ အဲ သက်ဖူးဘက်က မှင်သေသေဖြင့် ထိမှာ ပြဖို့သာ လိုသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီရက်ပိုင်းများမှာ အစပိုင်း သက်ဖူးကို သေသေချာချာ စောင့်ကြည့်နေသေးသည်။ နောက်တော့ မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြသည်။

1st Feb: သက်ဖူးရင်တို့ အ့တိုင်းအဆမရှိ ခုန်လို့နေသည်။ ညနေပိုင်း. . . . ကိုမျိုးကျော်နှင့် ဖုန်းချိန်းထားပါသော ညနေပိုင်း။

ဒီတစ်ခါတော့ သက်ဖူးအရင်ကလို မအတော့။ အတွေ့အကြုံထသင် သွားပြီမို့ အပေါ်ထပ်မှာ ယောင်လည်လည် လုပ်နေသည်။ အောက်ထပ်မှ ဖုန်းကြိုးကိုလည်း သူမ အသာဖြုတ်ထားပြီးသား၊ ဖုန်းမြည်လျှင် အပေါ်ထပ်မှ ဖုန်းသာ မြည်ပေလိမ့်မည်။

'တူ. . . တူ. . . .'

မြည်လေပြီ။ သူမ ဖုန်းကို ရင်ခုန်စွာ ကိုင်လိုက်သည်။

'ဟဲလို'

'ဟဲလို သမီးကြီးလား'

ဖေဖေ့အသံ၊ သက်ဖူး တစ်ကိုယ်လုံး ကျဉ်သွားရအောင် လန့်သွားမိသည်။

'မ. . မဟုတ်ဘူး ဖေဖေ သမီးငယ်ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဩော်အေး သမီးရေ ဖေဖေအိမ်အပြန် မိုးနည်းနည်းချုပ်မယ်လို့ သမီး အမေတို့ ပြောလိုက်ဦး ကြားလား'

'ဟုတ်ကဲ့'

'ဝှပ်'

ဖေဖေ့ဘက်မှ ဖုန်းချသွားသည်။ ဒီလိုဆို အိမ်မှာ ဖေဖေမရှိ။ မေမေ ကလည်း စောစောကတင်မှ ခွေသွားငှားသည်။ မေမေခွေငှားလျှင် ကြာတတ်သည်။ မမကြီးနှင့် မမငယ်က မီးဖိုချောင်မှာ ချက်ပြုတ်နေ၍ မအားကြ။ အဆင်ကတော့ ပြေရင်း ပြေပြီးရင်းပါလားဟု တွေးဖြစ်သည်။

'တူ. . . တူ. . . .'

ဟော ဖုန်း. . . သူမ ဖုန်းကို အမြန်ကောက်ကိုင်လိုက်သည်။

'ဟဲလို'

'. . . . . . . . . . . .'

'ဩော် ဟုတ်ကဲ့ ဖုန်းမှားနေပါတယ်ရှင့် ဩော် ဟုတ်ကဲ့ ရပါတယ်'

'ဂွပ်'

သက်ဖူး ဖုန်းကို ခပ်ဆောင့်ဆောင့် ချလိုက်ရင်းက ပွစိပွစိ ရွတ်မိသည်။

'တူ. . . တူ. . . .'

ဒီတစ်ခါတော့ သက်ဖူး ဖုန်းကို မရဲတရဲကိုင်သည်။

'ဟဲလို'

'ဟဲလို သစ္စာနော်တို့ အိမ်ကပါလား'

'ဟုတ်ပါတယ်'

'ဩော် သူရှိလား မသိဘူးနော်'

'ဟို. . . အဲ အပြင်သွားတယ်၊ ကြာမယ်ရှင့် ဘာပြောပေးရမလဲ မသိဘူး'

သက်ဖူး တမင်ညစ်လိုက်သည်။ မှတ်ကရော ဒီအချိန်ကျမှ ဆက်ချင် ဦး။

'အာ ရပါတယ် မနက်ဖြန်မှပဲ ဆက်တော့မယ်'

'ဟုတ်ကဲ့ ကျေးဇူးပဲနော်'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်'

'ဩော် ကျေးဇူးပဲလို့'

သက်ဖူး ရွဲ့ပြော ပြောတာကို တစ်ဖက်က ကြောင်နေသေးသည်။ ဖုန်း ချသွားသည်။

'တူ. . . . တူ. . . .'

'ဟဲ . . . လို. . .'

ဒီတစ်ခါတော့ သက်ဖူး စိတ်ရှည်စွာ ဆောင့်ဆောင့် အောင့်အောင့် ထူးဖြစ်သည်။

'ဟို'

'ဘာလဲ ပြော'

သက်ဖူးနော် အ,ထစ် အ,ထစ်ဖြစ်နေသော တစ်ဖက်ကို အော်ထည့် လိုက်သည်။ အရေးထဲ ဖုန်းပြောဖို့ တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေသေးသည်။

'မသက်ဖူးနော် ရှိပါသလားရှင်'

တစ်ဖက်မှ အမေးကြောင့် သက်ဖူး အသက်ရှူရန် မေ့သွားသည်။ သူ မှားလား။ သူမက မိန်းကလေးဖြင့် ခေါ်ခိုင်းခဲ့သည်လေ။

'ဟုတ်တဲ့ ကျွန်မ သက်ဖူးနော်ပါ'

'ခဏလေးနော်'

တစ်ဖက်မှ ဖုန်းလက်ပြောင်းနေသံကို သူမကြားသည်။ ထိုခဏအည် သူမရင်ခုန်သံကို သူမ ကြားနေရသည်။

'သက်ဖူး'

ကသောကမျောဖြင့် ခေါ်သော အသံကြ. . . အ. . သံ. . . ကြ. . . သူမ မမှတ်မိဘဲ နေမတဲ့လား။

'တို . . . တိုမျိုးကျော်'

'လွမ်းလိုက်ရတာ သက်ဖူးရာ။ မောင်လေ ရင်ထောင်တွဲတော့မထ် သိလား?'

အောင်မယ်. . . မယ်. . ။ ကြည့် ပြောင်ချော်ချော်နဲ့ သက်ဖူးတို လာ ချွဲနေသေးသည်။ သူ့တိုယ်သူများ မောင်တဲ့'

တစ်ဖက်မှ မျိုးကျော်မော်တလည်း ဖျစ်ဖျစ်နှစ်နှစ်ကြီးတို့ 'မောင်'

www.burmeseclassic.com



ထည့်လိုက်ရသဖြင့် သကြားအိတ် ငုံထားရသလို ချို. . . လို့နေသည်။

'သိလား'

'No'

'သတ်တလည်း တွာ'

အလဲ့။ မိုးတော့်မော် သူ့ကိုယ်သူ သဘောအကျကြီး ကျသွားရသည်။ အထွန်းမာတတ်ခံနှင့် နွဲ့လိုက်ရပုံများ. . . .။ သူ့ကိုယ်သူတောင် ကြွေချင်ချင် ဖြစ် သွားသည်။ သိပ်ဆွဲနေလို့လည်း မဖြစ်။ တော်ကြာမေ့ပြီး မေးစရာရှိတာ တွေ မေးနေမှအခတ်။

'သတ်ရာ မောင့်ကို မလွမ်းဘူးလား'

'သတိရပါတယ်'

'တာတွာ တဗျာ မဆန်. . . တာ။ လွမ်းလားလို့'

'. . . . . . . . . .'

'ဒီတတောင်တတော့ လွမ်းလိုက်ရတာတွာ. . ၊ ဟဲလို သက်. . . ကြား လား'

'ကြားပါတယ်'

'ကြားရင် စကားလေး ဘာလေး ပြောဦးမှပေါ့'

'ဘာပြောရမှာလဲ'

'ပြော် ချစ်တယ်တို့ . . . သိပ်လွမ်းတာပဲ မောင်ရယ်တို့၊ လက်ထပ် ကြရအောင်တို့'

'တော်ပါတော့ ဆရာလိပ်ကြီး. . . အရမ်း ယက်တာပဲ'

'ခင် . . ညာ. . တျွန်တော်တ'

'သွား ဘာမှန်းလဲ မသိဘူး'

'ချစ်လို့ပါ'

'သွားပါ'

'ချစ်တယ်တုတ်'

'သိဘူး'

'ချစ်တယ်တွာ'

● ● ●



www.burmeseclassic.com

www.burmeseclassic.com



ခြောက်လခန့်ကြာသောအခါ ....................

လှိုင်ကော်သို့ ရှုပ်ဖျက်ပြီး ခဏခဏလာသော မျိုးကျော်မော်နှင့် အိမ်ထဲ၌ မခုတ်တတ်သော ကြောင်လိုနေသော သက်ဖူးနော်တို့ 'ပင်းတယ' သမိုင်းထဲမှ သုမနမင်းသားနှင့် ဒွေးမယ်နော် မင်းသမီး. . . ကဲ့သို့ ညားကြလေသတည်း။

*(မှတ်ချက်။ ။ လေယာဉ်ဖြင့် ခိုးပြေးကြခြင်းဖြစ်၍ နောင်တွင် ရုပ်ရှင်များထဲက အတိုင်း ယောက္ခမနှင့်သမက် အဆင်ပြေသွားကြလေသတည်း။)*

## ကြိုးစားလျက်

**မြသန်း ဝိုင်းမှုး နီစ**

ကျမ်းကိုး၊ ၁၊ ပင်းတယ ရွှေဥမင်စေတီနှင့် ပင်းတယဂူသမိုင်း ဒေါက်တာသန်းထွန်း M.A., B.L.,Ph.D ( London)
၂၊ ပင်းတယသမိုင်းပုံပြင်၊ သီလာဝ၊



www.burmeseclassic.com